၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၄၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၁၃ ၊ ၂၀၁၂)



TRI

MEN'S AND LADIES' WEARS


စီးပွားရေးဆန်

# မြန်မာ့ဆန် နှစ်စဉ်တန်ချိန်ငါးသိန်း အင်ဒိုနီးရှား ဝယ်ယူမည်

**မောင်တာ**

**မန္တလေး၊ ဒီဇင်ဘာ - ၁၀**

အင်ဒိုနီးရှားနိုင်ငံသည်မြန်မာနိုင်ငံမှ နှစ်စဉ်ဆန်တန်ချိန် ငါးသိန်းဝယ်ယူရန် ကမ်းလှမ်းထားပြီး နှစ်ဖက်သဘောတူညီမှု စာချွန်လွှာမကြာမီရေးထိုးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးက ပြောကြားသည်။

ယခုဘဏ္ဍာနှစ်မှ စတင်၍ ၂၀၁၅ ခုနှစ်အထိ နှစ်စဉ်ဆန်တန်ချိန်ငါးသိန်း ဝယ်ယူရန် နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဝင်းမြင့်က နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့ခံ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။


၂၀၁၃ ဇန်နဝါရီလတွင် နှစ်ဖက်အစိုးရချင်း MOU ရေးထိုးဖွယ်ရှိကြောင်း၊ အင်ဒိုနီးရှားအနေဖြင့် ယခင်ကလည်း မြန်မာဆန်ဝယ်ယူမှုရှိပြီး ယခုနှစ်တွင် ဆန်တန်ချိန် နှစ်သိန်းဝယ်ယူရန် လက်မှတ်ထိုးထားသော်လည်း လက်ရှိတွင် ဆန်တန်ချိန် ငါးထောင်သာ တင်ပို့ရောင်းချနိုင်သေးကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒေါက်တာစိုးထွန်းက ပြောသည်။

"ရောင်းတာက ပုဂ္ဂလိက ကရောင်းမှာ။ MOU က နားလည်မှုပဲ။ ဈေးနှုန်းတို့၊ အသေးစိတ်အချက်အလက်တို့က တကယ်တမ်းရောင်းတဲ့အခါမှ ထပ်ညှိနှိုင်းစာချုပ်ရမှာ"ဟု ဒေါက်တာစိုးထွန်းကပြောသည်။

စာ(၁၂)သို့



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတစ်ရုံးကို ဒီဇင်ဘာ၁၀ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



## အစိုးရထံ ကြိုတင်စိစစ်အတည်ပြုချက်ယူရ၍ သီချင်းအသစ်များ ဂျေဆင်မရက်ဇ် ဆိုမည်မဟုတ်

**အေးမြကျော် နယူးယောက်၊ ဒီဇင်ဘာ-၉**

မြန်မာနိုင်ငံတွင်ပထမဆုံးအနေနှင့် သမိုင်းဝင်နိုင်ငံတကာဖျော်ဖြေပွဲအဖြစ် ဖျော်ဖြေမည့် ဂရမ်မီဆုရအမေရိကန်အဆိုတော် ဂျေဆင်မရက်ဇ်သည် မြန်မာအစိုးရထံသို့ သီချင်းများ ကြိုတင်စစ်ဆေးပြီး အတည်ပြုချက်ရယူရသည့်အတွက် သီချင်းအသစ်များ သီဆိုသွားရန်မရှိကြောင်း ဟောလိဝုဒ်ရီပိုတာ သတင်းဌာနသို့ ပြောကြားသည်။

အချပ်ပို(B)သို့

# အုပ်ချုပ်ရေးမှူးသစ်ရွေးပွဲများ အလုပ်ဖြစ်ပါ့မလား

**သတင်းအဖွဲ့**

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးသစ်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ အများပြည်သူများအကြား စိတ်ဝင်စားမှု အလွန်နည်းပါးနေသော်လည်း အုပ်ချုပ်ရေးမှူးဟောင်းနှင့် ရပ်မိရပ်ဖအသိုင်းအဝိုင်းအတွင်း အငြင်းပွားမှုများဖြစ်ပေါ်နေကြောင်း နိုင်ငံအနှံ့ရှိ မြို့နယ် ရပ်ကွက်များသို့ ကြုံရာကျပန်း မေးမြန်းချက်များအရ သိရသည်။

အစိုးရသစ်လက်ထက်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေ၊ နည်းဥပဒေထုတ်ပြီး ပထမဆုံးအကြိမ် ရွေးချယ်ရန် စီစဉ်ခြင်းဖြစ်ပြီး ယခုနှစ်ဒီဇင်ဘာလအတွင်း အပြီးသတ်ရွေးချယ်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

စာ(၂၇)သို့

ဖွံ့ဖြိုးရေး ရေအရင်းအမြစ်

# ဧရာဝတီမြစ်လယ်ပိုင်းတွင် ရေထိန်းတံခါးများ တည်ဆောက်ရေးပြည်ထောင်စုအဆင့် ဆွေးနွေးမည်

**ခန့်ထက်၊ အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

မြန်မာနိုင်ငံ အလယ်ပိုင်း၌ ဧရာဝတီမြစ်ရေထိန်းတံခါးများဆောက်လုပ်နိုင်ရန် ဘယ်လ်ဂျီယံနိုင်ငံမှ ပညာရှင်များ လာရောက်လေ့လာရေးအတွက် ပြည်ထောင်စုအဆင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါ ရေထိန်းတံခါးများကို ဧရာဝတီမြစ်၏ စဉ့်ကူး၊ အင်းဝ၊ ပခုက္ကူ၊ မြင်းမူနှင့်ချောက် စသည့် အလယ်ပိုင်းဒေသများတွင်ဆောက်လုပ်ရန် လျာထားသည်ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က "ဒါလုပ်သင့်တဲ့ အမျိုးသားရေးတာဝန်ဆိုပြီးတော့ လုပ်ခြင်းဖြစ်ပါတယ်။ သို့သော်လည်း EIA, SIA က ထွက်လာမယ်။ ဒေသခံတွေက မလုပ်ဘူးဆိုရင်လည်း ကျွန်တော်တို့က မလုပ်ဘူး။ ဒါကရိုးသားစွာပြောတာပါ"ဟု ဆိုသည်။

စာ(၁၂)သို့




7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဗိုလ်ချုပ်ဇာတိ နတ်မောက်တွင် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအောင်ပွဲနေ့ မိန့်ခွန်းပြောကြား

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များအနေဖြင့် နေရာမမက်မောရန်၊ ကုလားထိုင် မလုကြရန်နှင့် ပါတီဝင်များ မြောက်ကြွမြောက်ကြွ လုပ်နေပါက ပြည်သူများက တိုင်ကြားကြရန် ယင်းပါတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်ကျောင်း ဘောလုံးကွင်းတွင် ပြုလုပ်သော အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လူထုဟောပြောပွဲ၌ ပြောကြားခဲ့သည်။

"ကျွန်မပြောမယ်နော်။ အင်န်အယ်လ်ဒီတွေ မြောက်ကြွမြောက်ကြွ လုပ်နေလို့ကတော့ ကျွန်မကို သာတိုင်။ ကျွန်မ လုံးဝမကြိုက်ဘူး။ ကျွန်မတို့အဖွဲ့ဟာ ပြည်သူတွေရဲ့မျက်စိမှာ အမြင်မတော်ဘူးဆိုရင် ဘာမှမလုပ်ဘူး။ အဲဒီတော့ လုပ်လို့ရှိရင် ပြည်သူတွေအနေနဲ့ ကျွန်မကိုပြောနိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ ပြောလည်း ပြောပါ။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို ကျွန်မ ခဏခဏပြောတယ်။ နေရာသိပ်မမက်ကြပါနဲ့။ ကျွန်မခဏခဏ သတိပေးတယ်။ မရှိတဲ့ကုလားထိုင်နေရာတောင်မှ လုနေတဲ့လူတွေဟာ ကုလားထိုင်ရှိရင် ဒုက္ခရောက်ရလိမ့်မယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က လူထုသို့ ပြောကြားခဲ့သည်။

နိုင်ငံရေး ပါတီဝင်များမှာ ပုထုဇဉ်များ ဖြစ်သောကြောင့် အတိုင်းအတာ တစ်ခုအထိ နားလည်ပေးကြရန်နှင့် ပြည်သူများက စေတနာဂရုဏာဖြင့် ထောက်ပြ ပြင်ဆင်ပေးကြပါရန် ဒီချုပ်ဥက္ကဋ္ဌက ဆက်လက်တိုက်တွန်းခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းဇာတိ နတ်မောက်မြို့အပါအဝင် မြို့နယ်ဒေသအချို့သို့ ဒီဇင်ဘာလ ၈ နှင့် ၉ ရက်တို့တွင် သွားရောက်ခဲ့သည်။

သူမသည် ဒီဇင်ဘာ ၈ ရက်နံနက်တွင် တောင်တွင်းကြီးမြို့နယ်ရှိ ဆတ်သွားဘောလုံးကွင်းတွင် လူထုဟောပြောပွဲ တစ်ခုပြုလုပ်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် အင်န်အယ်လ်ဒီရုံးခန်း ဖွင့်လှစ်ပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နတ်မောက်မြို့သို့ ဆက်လက်ထွက်ခွာလာကာ ဗိုလ်ချုပ်ကျောင်းရပ် အားကစားကွင်းတွင်ပြုလုပ်သည့်၉၂နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခမ်းအနား လူထုဟောပြောပွဲ ပြုလုပ်ခဲ့ရာ၌ -

"ဒီအချိန်ဟာ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားအားလုံး မြင့်မြင့်ကြံရမယ့်အချိန်။ အခုအချိန်ဟာကျွန်မတို့လိုချင်တဲ့နိုင်ငံ ထူထောင်ဖို့ အခွင့်အရေး ရလာတဲ့အချိန်။ ဒီအခွင့်အရေးကို မှန်မှန်ကန်ကန်သုံးမှ ကျွန်မတို့ ဆန္ဒတွေပြည့်မြောက်မှာ။ ကျွန်မတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့အားလုံးဟာ ကိုယ့်အားနည်းချက်နဲ့ ကိုယ်ရှိတယ်။ ကိုယ့်ရဲ့ ပြဿနာတွေနဲ့ ကိုယ်ရှိတယ်။ ဒါပေမဲ့ ဒါတွေကိုမှန်မှန်ကန်ကန် သတ္တိရှိရှိနဲ့ ရင်ဆိုင်ဖို့ ကျော်လွှားဖို့၊ ဖြေရှင်းဖို့ ကြိုးစားမယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါတယ် "ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းပြည်၏ ပညာရေးကဏ္ဍနှင့် ပတ်သက်၍ "မကောင်းတဲ့ ပညာရေး စနစ်ကို ကျွန်မတို့ပြုပြင်ယူရမယ်။ ကျွန်မတို့ရဲ့ ပညာရေးစနစ်က ဘွဲ့သာပေးပြီးတော့ အလုပ်မပေးနိုင်တဲ့ ပညာရေးစနစ် ဖြစ်နေတယ်။ အလုပ်မဲ့ ဘွဲ့ရဆိုတာဟာ နိုင်ငံရဲ့ ပညာရေးစနစ် မကောင်းတာကိုလည်း ပြတယ်။ နိုင်ငံရဲ့ စီးပွားရေး အခြေအနေ မကောင်းတာကိုလည်း ပြတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ စီးပွားရေးဘက်မှာပဲ ဇောင်းပေးနေလို့မရဘူး။ တချို့တွေက ဘယ်လိုထင်လဲဆိုတော့ ဒီနိုင်ငံမှာ စီးပွားရေးကောင်းသွားလို့ရှိရင်၊ ရင်းနှီးမြှုပ်နှံမှုတွေ ရသွားလို့ရှိရင် အားလုံးအဆင်ပြေသွားမယ်လို့ ထင်နေကြတယ်။ အဲဒီလို မဟုတ်ပါဘူး။ တကယ်နိုင်ငံအတွက် အရေးကြီးတာဟာ ပညာရေးပါ"ဟု သူမက ဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင်၊ မကွေးမြို့ မြသလွန်ဘုရားအနီး၌ လူထုသို့ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သေးပြီး ရေနံချောင်းမြို့သို့ ဆက်လက်ထွက်ခွာလာကာ နံနက် ၁၀ နာရီကျော်တွင် ရေနံချောင်းမြို့ခံ လူထုအား မိန့်ခွန်းပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး ခရီးစဉ်သည် ကြားဖြတ်ရွေးကောက်ပွဲကာလက ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေကြောင့် အစီအစဉ် ပျက်သွားခဲ့သဖြင့် ယခု ဒီဇင်ဘာလမှ သွားရောက်ရခြင်းဖြစ်သည်။ ဒီဇင်ဘာ တတိယပတ်တွင် ကော့သောင်းမြို့သို့ သွားရောက်ဦးမည်ဖြစ်ပြီး လာမည့် ၂၀၁၃ ဇန်နဝါရီလတွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဟု သိရသည်။



ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုနေကြသော ဗိုလ်ချုပ်ဇာတိ နတ်မောက်မြို့ဒေသခံများ

Photo-7Day News

## ကြေးနီစီမံကိန်း စုံစမ်းမှုရလဒ်က လူတိုင်းကို ကျေနပ်မှုပေးနိုင်မည်မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၆**

ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်သည် အမှန်တရားကို ဖော်ထုတ်ရန်ဖြစ်ကြောင်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

"ကော်မရှင်ရဲ့ အဖြေဟာ ပြည်သူအားလုံး ကျေနပ်မယ့် အဖြေမျိုးထွက်နိုင်မှာမဟုတ်ပါဘူး။ ဒီလိုစုံစမ်းရေးမှာဆိုရင် ဘယ်တော့မှ အားလုံးကျေနပ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ လူတိုင်းကို ကျေနပ်အောင် လုပ်ဖို့ဟာ ကော်မရှင်တစ်ခုရဲ့ တာဝန်မဟုတ်ပါဘူး။ ကော်မရှင်ရဲ့ တာဝန်ဟာ အမှန်တရားကို ဖော်ထုတ်ဖို့ပဲဖြစ်ပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

မိမိတို့ကော်မရှင်တွင် ရည်ရွယ်ချက်တစ်ခုသာရှိပြီး အဆိုပါရည်ရွယ်ချက်သည် အမှန်တရားကိုဖော်ထုတ်ရန်သာဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်၏ အကြံပြုချက်သည် နိုင်ငံ၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ကြည့်၍ အကြံပြုချက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌက ပြောသည်။

"ကျွန်မတို့ကတော့ မြင်ရင်မြင်တဲ့အတိုင်း၊ ဖြစ်ရင်ဖြစ်တဲ့အတိုင်း အဖြေကိုတင်ပြပါမယ်။ အဲဒါကို ကျေနပ်တဲ့သူလည်းရှိမယ်။ မကျေနပ်တဲ့သူလည်းရှိမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ ဒီလိုကိစ္စတွေပေါ်လာရင် ကိုယ့်ဘက်ပဲနိုင်စေချင်တာပဲ။ ဒါကတော့ သဘာဝကျပါတယ်။ လူတိုင်းကို ကျေနပ်အောင်ဆိုတာ လုပ်လို့မရပါဘူး" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ကော်မရှင်တွင် ဆန္ဒဖော်ထုတ်မှုအပေါ် ထိန်းသိမ်းဆောင်ရွက်မှုနှင့် သံဃာတော်များအား ထိခိုက်ဒဏ်ရာရရသည့်အပေါ် သုံးသပ်ချက်ဆိုသည့်အပိုဒ် မပါဝင်ခြင်းသည် အဆိုပါကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုမပြုလုပ်ရန် ဆိုလိုခြင်းမဟုတ်ဘဲ ကော်မရှင်အနေဖြင့် ၎င်းဖြစ်စဉ်များကို စုံစမ်းဖော်ထုတ်မည်ဖြစ်ပြီးပြည်သူ့လွှတ်တော်မှ အတည်ပြုထားသောအဆိုပြုချက်နှင့် ကိုက်ညီစေရန်အတွက်သာ ပြင်ဆင်ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆို သည်။

နိုင်ငံတစ်ဝန်းဆန္ဒပြမှုများ ဖြစ်ပေါ်နေရခြင်းအပေါ် မည်သည့်အတွက် ဆန္ဒပြသည်ကို မိမိအနေဖြင့် သိလိုကြောင်း၊ အကြောင်းရင်းကို သိရှိပါက ဆန္ဒပြသူတို့၏ လိုအပ်ချက်များ၊ သဘောထားများ ကို သိရှိပါကပိုမိုအဆင်ပြေအောင် ဖြေရှင်းနိုင်မည်ဖြစ်ပြီး မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားပြီး နားလည်မှုဖြင့် အားလုံးအဆင်ပြေစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတွင်း ပြုလုပ်ခဲ့ပြီး မိမိတို့ ကော်မရှင်အနေဖြင့် အခါအားလျော်စွာ သတင်းထုတ်ပြန်မှုများနှင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

## တိုင်းရင်းသားရေးရာ ကော်မတီများ ကချင်ပြည်နယ်အရေး အဓိကဆွေးနွေးမည်

**ရန်မျိုးနိုင်၊ အောင်ခိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

လာမည့်လွှတ်တော်တွင် တိုင်းရင်းသားရေးရာ ကော်မတီများ ကချင်ပြည်နယ်အရေး အဓိကထား ဆွေးနွေးရန်ရှိကြောင်း ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူကပြောသည်။

ကချင်ပြည်နယ် ငြိမ်းချမ်းရေး လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ကချင်ပြည်နယ်အတွင်းရှိဒုက္ခသည်စခန်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ အပါအဝင်ဒေသခံပြည်သူများကို တွေ့ဆုံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါ်ဒွဲဘူဆိုသည်။

" KIA ဘက်ခြမ်းကိုတော့ လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့မှ သွားရပါမယ်" ဟု ဒေါ်ဒွဲဘူက ဆက်ပြောသည်။

ပထမအကြိမ် လွှတ်တော်ဆဋ္ဌမ ပုံမှန်အစည်းအဝေးများ မစတင်မီကာလ လွှတ်တော်နှစ်ရပ်၏ တိုင်းရင်းသားရေးရာ ကော်မတီများ ကချင်ပြည်နယ်သို့ သွားရောက်ရန် စီစဉ်နေကြောင်း အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်ကပြောသည်။

ကချင်ပြည်နယ်တွင် အပစ်အခတ်ရပ်စဲရေးမှ ငြိမ်းချမ်းရေးရရှိစေရန်အတွက် ပြည်ထောင်စုအစိုးရ၊ KIA/ KIO မှ တာဝန်ရှိသူများနှင့် ပြည်သူကို ကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုမျိုး လိုအပ်ကြောင်း ကချင်နှစ်ခြင်းအသင်းတော် KBC ဖွံ့ဖြိုးရေးတာဝန်ခံနှင့် စစ်ရှောင်စခန်းများ စောင့်ရှောက်ရေး ဒုတိယတာဝန်ခံဦးကွမ်းရှောင်က ပြောသည်။

KIA အနေဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများကို ဆွေးနွေးမှု မပြုလုပ်ဘဲ နိုင်ငံရေးအရ ဆွေးနွေးပြီးမှသာ အပစ်အခတ်ရပ်စဲမည်ဆိုသော အချက်အား ကိုင်စွဲထားခြင်းကြောင့် ပစ်ခတ်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးမေးခွန်းနှင့်ပတ်သက်၍ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဖြေကြားသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့၌ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် KIO ငြိမ်းချမ်းရေးဖော်ဆောင်မှု အဖွဲ့တို့သည် နိုင်ငံရေးနည်းလမ်းအရ ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

၁၉၆၁ ခုနှစ်မှစတင်၍ လက်နက်ကိုင်ခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) သည် ၁၉၉၄ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ် ဇွန်လမှစတင်ပြီး အစိုးရနှင့် KIA တို့ကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ရာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

# ပုဂ္ဂလိကစိုက်ခင်းလုပ်ငန်းရှင်များ မြေနေရာသာယူထားပြီး ကေအပြည့်မစိုက်

**ပြည်သိမ်း**

**ရန်ကုန်၊ဒီဇင်ဘာ-၁၀**

ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခွင့်ပြုခဲ့သော်လည်း ရယူထားသည့် မြေဧက၏ ထက်ဝက်နီးပါးသာ အကောင်အထည်ဖော်နိုင်ကြကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက အသိပေး ကြေညာချက်ထုတ်ပြန်သည်။

ယင်းကဲ့သို့ အကောင်အထည်ဖော်မှု အားနည်းရခြင်းမှာ ပုဂ္ဂလိကကဏ္ဍ၌ မြေယာလက်ဦးရယူလိုသူများ ရှိနိုင်သလိုငွေကြေး၊ နည်းပညာ၊ လုပ်သားအခက်အခဲများကြောင့်လည်းဖြစ်နိုင်ကြောင်း သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် (FREDA) ဖရီဒါမှ သစ်တောပညာရှင် ဒေါက်တာမောင်မောင်သန်းကရှင်းပြသည်။

လက်ရှိနိုင်ငံတော်က ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်ထုတ်လုပ်ရန် လုပ်ငန်းရှင်ပေါင်း ၃,၀၀၀ ကျော်ကို ခွင့်ပြုပေးခဲ့သည်။

လက်ရှိတွင် ကျွန်းနှင့်သစ်မာမျိုးစုံပါဝင်သော သစ်တောစိုက်ခင်းဧက သုံးသိန်းကျော် ခွင့်ပြုထားပြီး ဧကတစ်သိန်းကျော်သာ အကောင်အထည်ဖော်နိုင်သည်။

"မလုပ်ကြတာက တဲ့တိုးပြောရရင်အခွင့်အရေးယူတာပဲ။ အခြားတစ်နေရာက မြေနေရာတွေ လာဦးထားတာများတယ်"ဟု ဧရာဝတီတိုင်း ဖျာပုံမြို့နယ်မှ ပုဂ္ဂလိကသစ်တောစိုက်ခင်း ထူထောင်ထားသူတစ်ဦးက ဆိုသည်။

ပုဂ္ဂလိကကဏ္ဍမှ သစ်တောစိုက်ခင်းများ ထူထောင်မည်ဟု အကြောင်းပြ၍ မြေနေရာရယူမှုများမှာ ရန်ကုန်၊ နေပြည်တော် အမြန်လမ်းမဘေးတစ်လျှောက်တွင် များစွာရှိနေကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ဝေဖန်ပြောဆိုမှုများလည်း မကြာသေးမီအချိန်က ထွက်ပေါ်လာခဲ့သည်။ သစ်တောစိုက်ခင်းများအဖြစ်ရှေ့မျက်နှာစာတွင် စိုက်ပျိုးပြီး နောက်ပိုင်းတွင် ကွက်လပ်အတိုင်းထားရှိကြောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

"စီးပွားရေးအမြင်နဲ့ ကြည့်ရင်တော့ပုဂ္ဂလိကစိုက်ခင်းတွေကလုပ်ဖို့ ခက်တယ်။ အကျိုးအမြတ်ကနှစ်နဲ့ချီပြီး စောင့်ရတာကိုး" ဟု ဧရာဝတီတိုင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။



ဓာတ်ပုံ-အေးမြကျော်

**ညောင်ရွှေမြို့နယ်၊ လွယ်ငြိမ့်ကျေးရွာတွင် ကျေးရွာသားများ ပြုစုပျိုးထောင်ထားသော အစုအဖွဲ့ပိုင်သစ်တော**

ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်ခြင်းသည် နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်၊ ကျေးလက်ဒေသအစုပိုင် သစ်တောများဖြစ်လာပြီး တန်ဖိုးကိုလည်း အများပြည်သူကပို၍ အလေးထားနိုင်ကြောင်း ဒေါက်တာမောင်မောင်သန်းကရှင်းပြသည်။

ထို့အပြင် ပုဂ္ဂလိကပိုင်သစ်တောများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရက နည်းပညာအပြင် နိုင်ငံတော်ဘဏ်များမှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများမှဖြစ်စေ၊ ပုဂ္ဂလိကဘဏ်များမှဖြစ်စေ နှစ်တို၊ နှစ်ရှည်အတိုးသက်သာသည့် ချေးငွေများ ပံ့ပိုးပေးသင့်ကြောင်း ဒေါက်တာမောင်မောင်သန်းက အကြံပြုသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို နိုင်ငံတော်မှ ၂၀၀၉ ခုနှစ်ကစတင်ခွင့်ပြုပေးခဲ့ပြီး သစ်တောမြေငှားရမ်းမှုကို နှစ် ၃၀၊ ၁၅ နှစ်နှစ်ကြိမ်နှင့် အနှစ် ၆၀ ငှားရမ်းခွင့်ပြုထားသည်။ သစ်တောစိုက်ခင်းများအတွက် ငှားရမ်းခတန်ဖိုးမှာလည်း လွန်စွာနည်းပါးသည့် အတွက် မြေပိုင်ဆိုင်ခွင့်မရသည့်တိုင် လက်ထဲတွင် ကိုင်ထားလိုသူများ ပါဝင်နိုင်ကြောင်း သိရသည်။

## ရခိုင်ကိစ္စသည် မျိုးတုံးသတ်ဖြတ်မှုပြဿနာ မဟုတ်ကြောင်း ဘင်္ဂါလီလူဦးရေတိုးနှုန်း ဥပမာပေး၍ အစိုးရတုံ့ပြန်

**အောင်နိုင်**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၉**

လူဦးရေတိုးနှုန်းကိုကြည့်ခြင်းအားဖြင့် လူမျိုးတုံးသတ်ဖြတ်မှု ဟုတ်၊ မဟုတ် သိရှိနိုင်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

ဒီဇင်ဘာ ၈ ရက်တွင် ရခိုင်ပြည်နယ်အခြေအနေများနှင့် စပ်လျဉ်း၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အယ်လ်ဂျာဇီးရား သတင်းဌာနမှ ထုတ်လွှင့်မည့် သတင်းအစီအစဉ်နှင့် ပတ်သက်၍ ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးက အယ်လ်ဂျာဇီးရားမှ ထုတ်လွှင့်မည့် သတင်းအစီအစဉ်ကို Genocide (လူမျိုးတုံးသတ်ဖြတ်မှု) ဟု ခေါင်းစဉ်တပ်ထားပြီး ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများသည် ၁၉၈၀ ဝန်းကျင်က လူဦးရေ နှစ်သိန်းခွဲရှိပြီး ယခု ၂၀၁၂ ခုနှစ်တွင် တစ်သန်းခန့်ရှိကြောင်း၊ မျိုးတုံးသတ်ဖြတ်မှုရှိ၊ မရှိကို ဦးနှောက်သုံး၍ သိနိုင်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

ကာတာအခြေစိုက် အယ်လ်ဂျာဇီးရားသတင်းဌာနက မြန်မာနိုင်ငံရှိ ၎င်းတို့အခေါ် ရိုဟင်ဂျာများအား လူမျိုးတုံးအောင် သတ်ဖြတ် လုပ်ဆောင်နေမှုများအား ထည့်သွင်းဖော်ပြသည့် သတင်းအစီအစဉ်ကို ဒီဇင်ဘာ ၈ ရက်တွင် စတင်ထုတ်လွှင့်ခဲ့သည်။

ရခိုင်ပြည်နယ် ပဋိပက္ခကို မဟုတ်မမှန်လုပ်ကြံပုံကြီးချဲ့ထားသော အဆိုပါ သတင်းမှတ်တမ်းထုတ်လွှင့်ပြသရန် လုပ်ဆောင်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၆ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ "လူဦးရေ ပေါက်ဖွားနှုန်းဆိုတာ အကြောင်းပြချက်တစ်ခု မဖြစ်သင့်ပါဘူး။ ၁၈၂၆ ကနေ အခုထိ ၁၈၆ နှစ်မှာ ပျမ်းမျှမွေးနှုန်း ၂ဒသမ ၄ ရာခိုင်နှုန်းနဲ့ တွက်ကြည့်ပါ။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

## CRIME CORNER



## လမ်းလယ်ကျွန်းတွင် ရပ်နေသူအား တိုက်ပြီး မောင်းပြေးသူကို ဖမ်းမိ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

လှည်းတန်းမီးပွိုင့်အနီး နယ်မြေ (၃) ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးရှေ့ လမ်းလယ်ကျွန်းတွင် ဒီဇင်ဘာ ၆ရက် နံနက်က ၄၈ မီနီဘတ်စ်ယာဉ်တစ်စီးသည် အမျိုးသားတစ်ဦးအား တိုက်၍ မောင်းပြေးသွားကာဂိတ်ရောက်မှအဖမ်းခံကြောင်းသတင်းရရှိသည်။

"သူက လူတွေအများကြီးရှေ့မှာ တိုက်မိတာဆိုတော့ ဂိတ်ရောက်တဲ့အခါ အဖမ်းခံပါတယ်" ဟု အဆိုပါ အမှုကို တာဝန်ယူထားသော ယာဉ်မှုစစ်အရာရှိ ဒုရဲအုပ်စောဇော်မင်းဦးကပြောသည်။

ယာဉ်တိုက်ခံရသူ အမျိုးသားကြီးမှာ အသက်(၆၀) ခန့်ရှိပြီး ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိထားကာ သွေးထွက်နေသော်လည်း သတိမလစ်ဘဲ မျက်လုံးပွင့် လျက်ရှိနေသည်ကို ယာဉ်တိုက်မှု ဖြစ်ပြီးပြီးချင်းတွေ့ရသည်။ ယာဉ်တိုက်ခံရသူအမျိုးသားကြီးသည်လှည်းတန်းလမ်းမကြီး အရှေ့ဘက် ယာဉ်ထိန်းရုံးရှေ့မှ လမ်းတစ်ဖက်သို့ကူးရန် လမ်းလယ်ကျွန်း၌ ရပ်နေစဉ် အရှိန်ဖြင့် ကျော်တက်လာသည့် (၄၈)မီနီဘတ်စ်တစ်စီးက တိုက်မိသွားခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများကပြောသည်။

မောင်းပြေးသွားသော (၄၈)မီနီဘတ်စ်အား ယာဉ်မှုစစ်ရုံးမှ တာဝန်ရှိသူများကပြုတ်ကျ ကျန်ခဲ့သည့် နောက်ကြည့်မှန်ကိုယူပြီး ကားဂိတ်သို့ ချက်ချင်းလိုက်သွားကြသောကြောင့် ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း နယ်မြေ ၃ ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ကျ ယာဉ်ထိန်းရဲဝန်ထမ်းတစ်ဦးက ပြောသည်။

## ချင်းလူ့အခွင့်ရေးကော်မတီဖွဲ့စည်းရန် ပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး သဘောတူ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

ချင်းပြည်နယ်အတွင်း လွတ်လပ်သော ချင်းလူ့အခွင့်အရေး ကော်မတီဖွဲ့စည်းရန် ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦး (CNF)တို့ သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းရရှိသည်။

ထိုသဘောတူညီချက်ကို ဒီဇင်ဘာလ ၉ ရက်၌ ကျင်းပခဲ့သောငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး (CNF)တို့ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ သဘောတူညီခဲ့ခြင်းဖြစ်သည်။



**ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် CNF အထွေထွေအတွင်းရေးမှူးချုပ်တို့ကို အတူတွေ့ရစဉ်** ဓာတ်ပုံ-ကျော်ဇင်သန်း

"လွတ်လပ်တဲ့ ကော်မတီဖွဲ့မှာဆိုတော့ ပြည်နယ်အစိုးရရော ကျွန်တော်တို့ CNF ရော မပါဘဲ ဖွဲ့ဖို့ရှိပါတယ်" ဟု ချင်းအမျိုးသားတပ်ဦးကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ဦးဆောင်လာသူ အထွေထွေအတွင်းရေးမှူးချုပ် Pu Zing Cung က ပြောသည်။

ချင်းပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို စုံစမ်းနိုင်ရန်အတွက် ချင်းအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ အပါအဝင် တတ်သိပညာရှင်များနှင့် ဖွဲ့စည်းသွားရန်ရှိကြောင်း ၎င်းက ဆိုသည်။

ယင်းကော်မတီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မတီ၊ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့သို့ အစီရင်ခံစာ တင်သွင်းရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ၊ နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေများကို အခြေခံတင်ပြရမည်ဖြစ်ကြောင်း သဘောတူညီချက်တွင် ပါရှိသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး (CNF)တို့သည် ဒုတိယအကြိမ် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပခဲ့ရာ ချင်းအမျိုးသားတပ်ဦးဘက်မှ အဆိုပြုသည့်အချက် ၃၁ ချက်အနက် ၂၇ ချက်ကို သဘောတူညီမှု ရရှိခဲ့ကာ ကျန် ၄ ချက်ကို မှတ်တမ်းတင်၍ ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

## ကျားဖြူပါတီ ညီလာခံ တာချီလိတ်တွင် ကျင်းပမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

လွှတ်တော်တွင်း တတိယအင်အားကြီး နိုင်ငံရေးပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူ)၏ ညီလာခံကို ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ပြောသည်။

"ညီလာခံကို ဇန်နဝါရီ ၂ ရက် နဲ့ ၃ ရက်မှာ တာချီလိတ်မှာ ကျင်းပမှာပါ" ဟု ဦးစိုင်းအိုက်ပေါင်းကဆိုသည်။

အဆိုပါ ညီလာခံတွင် ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်များကို ပါတီ၏ လိုအပ်ချက်အရ တိုးချဲ့သွားမည်ဖြစ်ပြီး ပါတီထိပ်ပိုင်းခေါင်းဆောင်တာဝန်ယူဆောင်ရွက်သွားမည့်သူများကိုပြန်လည်ရွေးချယ်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်သွားမည်ဖြစ်သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ ပထမအကြိမ် ညီလာခံကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်များ၌ လွှတ်တော်ကိုယ်စားလှယ် ၅၇ဦး အနိုင်ရရှိခဲ့သည်။



# သတင်းအထွက်ဆုံးဖြစ်နေသော ရန်ကုန်တိုင်းဒေသကြီးမှ တရားရုံးများကို ရှောင်တခင်စစ်ဆေးမည်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

တရားစီရင်ရေးတွင် သတင်းအထွက်ဆုံးဖြစ်နေသော ရန်ကုန်တိုင်းဒေသကြီးရှိ အချို့မြို့နယ်များမှတရားရုံးများအားယခုလအတွင်း ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ကြောင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

ယင်းကော်မတီသည် မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ သဃ်န်းကျွန်းမြို့နယ်တရားရုံးနှင့် တာမွေမြို့နယ် တရားရုံးတို့ကို စစ်ဆေးခဲ့ပြီးဖြစ်သော်လည်း ယခုအခါ တရားစီရင်ရေးတွင် မမျှတမှုများဖြစ်ပေါ်နေသည်ဟု သတင်းရရှိသော ရန်ကုန်တိုင်းဒေသကြီးရှိအချို့မြို့နယ်များသို့ပြန်လည်စစ်ဆေးရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"လာဘ်ပေးလာဘ်ယူအရမ်းများတဲ့ ကိစ္စတွေ၊ တရားဥပဒေနဲ့အညီ မဆုံးဖြတ်တဲ့ကိစ္စတွေ၊ အမိကက အဂတိတရားနဲ့ လုပ်တဲ့ တရားစီရင်မှု သတင်းတွေ အထွက်များတဲ့ မြို့နယ်တွေကို ပြန်စစ်တော့မှာပါ" ဟုဦးဝင်းမြင့်က ပြောသည်။

ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းအပြင် မကွေးတိုင်းဒေသကြီးရှိတရားခွင်များကိုလည်း တစ်ပြိုင်နက်တည်း လေ့လာစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အဆိုပါ ကော်မတီသည် ဒီဇင်ဘာလ ၄ ရက်က ဖျာပုံမြို့နယ် တရားရုံးနှင့် ခရိုင်တရားရုံး၊ ဒေးဒရဲမြို့နယ် တရားရုံးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး စစ်ဆေးခဲ့သမျှ တရားခွင်တိုင်း နီးပါးတွင် လာဘ်ပေးလာဘ်ယူနှင့် အာဏာပိုင်များ၏ စွက်ဖက်မှုများ တွေ့ရှိခဲ့ရကြောင်း ဦးဝင်းမြင့်က ပြောသည်။

"ဒီရုံးတွေလည်း အရင်စစ်ခဲ့တဲ့ ရုံးတွေလိုပါပဲ။ အာဏာပိုင်က ဝင်စွက်ဖက်တယ်။ လာဘ်ယူနေတာတွေလည်းရှိတယ်။ လာဘ်မပေးရင်အမှုတွေမှာ အဟာန့်အတား၊ အနှောင့်အယှက်တွေဖြစ်တယ်။ အမှုသည်တွေ အပြောအရတော့ ငွေပေးရင် အမိန့်ကတစ်မျိုး၊ ငွေမပေးရင် အမိန့်က တစ်မျိုးဖြစ်နေတယ်။ ရဲတွေကလည်း အမှုတွေကို သေသေချာချာမတည်ဆောက်ဘူးဆိုတာ တွေ့ခဲ့ရတယ်" ဟု ဦးဝင်းမြင့်က ဆက်လက်ပြောကြားသည်။

ကော်မတီက ယခုနှစ်အတွင်း စစ်ဆေးတွေ့ရှိခဲ့သည့် အကြောင်းအရာများကို စုစည်းကာ လွှတ်တော်တွင် အစီရင်ခံစာတင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

# ကျိုက်ထီးရိုးဘုရားဖူးမြင့်တက်လာခြင်းကြောင့် ကင်ပွန်းစခန်းသွားရာလမ်း အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်



*ကျိုက်ထီးရိုးဘုရားသည် ပြည်တွင်းပြည်ပခရီးသွားများ အသွားများသည့်ခရီးသွားဒေသတစ်ခုဖြစ်လာသည်* ဓာတ်ပုံ-cbb

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ကျိုက်ထီးရိုးဘုရားဖူးသို့ ခရီးသွားအမြင့်ဆုံးလာရောက်သည့်ရာသီဖြစ်ရာ ယခင်နှစ်များနှင့်မတူ ကျိုက်ထိုမြို့မှ ကင်ပွန်းစခန်းအထိ ကားလမ်းပိတ်ဆို့မှုကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အချိန်ကြန့်ကြာပြီး အဆင်မပြေမှုများရှိကြောင်း သတင်းရရှိသည်။

ပြည်တွင်းမှ ခရီးသွားလာမှု ၂၀ ရာခိုင်နှုန်း မြင့်တက်လာကာ ဘုရားဖူးယာဉ်အချို့ လမ်းတစ်လျှောက် စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းအပြင် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုတို့ကြောင့် ထိုကဲ့သို့ ကားလမ်းပိတ်ရခြင်းဖြစ်ကြောင်း ခရီးသွားအချို့နှင့် ဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်းအချို့မှ သိရသည်။

"ကားလမ်းက တော်တော်ပိတ်တယ်။ ကျိုက်ထိုကနေ ကင်ပွန်းစခန်းသွားတဲ့လမ်းမှာ တောက်လျှောက်ကျပ်တာ။ အပြန်လည်း လမ်းကျပ်တယ်။ ကင်ပွန်းစခန်းကမနက် ၁၀နာရီထွက်တာ ကျိုက်ထိုကို နေ့လယ် ၂နာရီခွဲမှ ရောက်သွားတယ်။ အပြန်မှာအချိန်မမီလို့ လမ်းကဘုရားတွေ ဝင်မဖူးရဘူး" ဟု ရုံးပိတ်ရက်တွင် ဘုရားဖူးသွားခဲ့သောအမျိုးသမီးတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောသည်။

ထိုဘုရားဖူး ခရီးစဉ်တွင် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားအချို့လည်း ကားလမ်းပိတ်ဆို့၍ အချိန်ကြန့်ကြာမှုကြောင့်လေယာဉ်အချိန်အချို့လွဲခဲ့ရကြောင်း ထွန်းမြန်မာခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြတ်က ပြောသည်။

**စာ(၁၂)သို့**




Journey to
Singapore.
Experience the world.
There has never been a better time to explore the wonders of the world. Now, Singapore Airlines flies you to Singapore and beyond, adding on to SilkAir's 22 years of experience in Yangon. On the way, take a journey across the globe with a selection of international gourmet cuisine and wines, and be entertained with an array of movies, songs, and more. Complemented by the inflight service even other airlines talk about, the finest pleasures await you on every flight.
YANGON → SINGAPORE
SINGAPORE → YANGON
SINGAPORE AIRLINES
A great way to fly


NEW V.ROHTO EYE DROPS ၏ လစဉ်ကံစမ်းမဲအစီအစဉ်
ဒီဇင်ဘာလ ကံထူးရှင်ရွေးချယ်ပွဲ
စည်းကမ်းချက်
(ဒီဇင်ဘာလအတွက်)
ရွှေတစ်ကျပ်ခွဲသား (သို့မဟုတ်) SUZUKI ဆိုင်ကယ် ကို
ကံထူးသူမှ ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ပါသည်။
ကံစမ်းမဲအစီအစဉ်
အေးမြကြည်လင်စေသော မျက်စဉ်းအားဆေး
ROHTO
ဇူလိုင်လ မှ ဒီဇင်ဘာလ အထိ (၆) လတိုင်းတိုင်း လစဉ်ကံထူးရှင်များကိုရွေးချယ်သွားပါမည်။

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ကုမ္ပဏီအစီအစဉ်ဖြင့်လာသည့် နိုင်ငံခြားသားများ နေပြည်တော်သို့ တရားဝင်လည်ပတ်ခွင့်ပြုမည်

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ယခုနှစ် အောက်တိုဘာလကုန်မှစ၍ နေပြည်တော်သို့ အဖွဲ့လိုက်ခရီးသွားများ လာရောက်လည်ပတ်နိုင်ရန်ခွင့်ပြုထားပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။

“အရင်က ဝန်ကြီးဌာနအနေနဲ့ နေပြည်တော်ကို လည်ပတ်နိုင်ဖို့ တရားဝင်ခွင့်မပြုထားဘူး။ အခုက Package Tour တွေကို တရားဝင်ခွင့်ပြုလိုက်ပြီ။ သွားချင်တဲ့ နေရာတွေကို ကြိုတင်စာတင်ရမယ်။ လွှတ်တော် အဆောက်အအုံကိုတော့ အပြင်ပန်းကနေကြည့်ရှုခွင့်ရမှာပါ” ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ထွန်းက ပြောသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ရွှေကြာပင် ရတနာဈေးတို့ အပါအဝင် လွှတ်တော်အဆောက်အအုံအပြင်မြင်ကွင်းနှင့် အခြား နိုင်ငံခြားသား ဧည့်သည်များစိတ်ဝင်စားမည့်နေရာများလာရောက်လည်ပတ်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။



**နိုင်ငံခြားဧည့်သည်များ၏ စိတ်ဝင်စားမှုကိုရရှိနေသော နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က နေပြည်တော်သို့ Package Tour Group များ လာရောက်လည်ပတ်နိုင်ရန် စီစဉ်ထားပြီးဖြစ်ရာ ဟိုတယ်များအနေဖြင့် ကြော်ငြာမှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ခရီးသွားအေဂျင်စီများအနေဖြင့်လည်း နေပြည်တော်ခရီးစဉ်များ စနစ်တကျဆွဲရန် လိုအပ်ကြောင်းဖြင့် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော တွေ့ဆုံပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဌာနက ခွင့်ပြုလိုက်ပြီဆိုတာနဲ့ Package Tour အတွက် ခရီးစဉ်တွေ စဆွဲနေပါပြီ။ နိုင်ငံခြားသားဧည့်သည်တွေက လွှတ်တော် အဆောက်အအုံကို အရမ်းစိတ်ဝင်စားကြတယ်။ ဒီအဆောက်အအုံကို ကြည့်ရှုဖို့ကတော့ ခရီးစဉ်မှာ မပါမဖြစ်ပေါ့။ နေပြည်တော်ကနေ ပျဉ်းမနားကိုပါ ခရီးစဉ် ဆက်ဆွဲမှာပါ” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောကြားသည်။

# ချင်းပြည်နယ် ဖလမ်းတွင် လေယာဉ်ကွင်းတည်ဆောက်ဖွယ်ရှိ

**အိဖြူလွင်**

**ရန်ကုန်၊ဒီဇင်ဘာ-၁၀**

ချင်းအမျိုးသားတပ်ဦးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့၏ သဘောတူညီချက်အရ ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ရန် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မြေနေရာရွေးချယ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ချင်းအမျိုးသား တပ်ဦးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စုအဆင့် သဘောတူညီချက်တွင် လေယာဉ်ကွင်းတည်ဆောက်ရန် သဘောတူညီချက်ပါရှိသည်။

လေယာဉ်ကွင်းဆောက်လုပ်ရန် သဘောတူညီထားသဖြင့်ပြည်ထောင်စုအစိုးရ၏ ညွှန်ကြားချက်အတိုင်း ဖလမ်းမြို့အနီးတွင် လေယာဉ်ကွင်းတည်ဆောက်ရန် သင့်လျော်မည့်မြေနေရာလေ့လာတိုင်းတာခြင်းလုပ်ငန်းများအား အောက်တိုဘာလတွင် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူးနှင့် အဖွဲ့က စစ်ဆေးပြီးဖြစ်သည်ဟု အဆိုပါဌာနမှသိရသည်။


လက်ရှိအချိန်တွင် မြေပြင်အခြေအနေ တိုင်းတာမှုများမှာ တွက်ချက်စစ်ဆေးဆဲ အခြေအနေတွင်သာ ရှိနေသေးကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းကပြောသည်။

တွက်ချက်မှုများအရ လေယာဉ်ကွင်းဆောက်လုပ်ရန် သင့်တော်သည်ဆိုပါက ပြည်ထောင်စုအစိုးရသို့ ခွင့်ပြုချက်တင်၍ ဘတ်ဂျက်တောင်းခံမှုများကိုပါ ဆက်လက်ပြုလုပ်ရဦးမည်ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်သည် တောင်ထူထပ်သော ပြည်နယ်ဖြစ်သည့်အတွက် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်မှု လွန်စွာခက်ခဲပြီး အနီးဆုံးရှိသည့် လေယာဉ်ကွင်းမှာ စစ်ကိုင်းတိုင်းအတွင်းရှိ ကလေးလေယာဉ်ကွင်းဖြင့်သာ ချင်းပြည်နယ်နှင့် ဆက်သွယ်ကူးသန်းနေရဆဲဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012



## ၂၀၁၂ ဒီဇင်ဘာ ၁၂မှ ၁၈ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နဲ့ ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနဲ့ အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်တွင်ရှိ တိုင်ဖွန်းမုန်တိုင်း ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ရခိုင်ကမ်းရိုးတန်းတို့မှာ လှိုင်းအနည်းငယ်သာရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေ ခန့် ရှိနိုင်ပါတယ်။ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေ ခန့်ရှိနိုင်။ တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၃ ပေခန့် ရှိနိုင်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ တိမ်အနည်းငယ်ဖြစ်ထွန်းပြီး မိုးထစ်ချုန်းရွာနိုင်။ ကျန်ဒေသများမှာ သာယာနိုင်ပါတယ်။ ရွာရန် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ တနင်္သာရီတိုင်းမှာ မိုးရေချိန် ၁၀-၁၅ မီလီမီတာခန့် ရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာ လျော့နည်းနိုင်ပြီး ရာသီဥတု သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

ရောဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်းနဲ့ ရခိုင်ပြည်နယ်တောင်ပိုင်းဒေသတွေမှာ နေ့အပူချိန်များ ထူးထူးခြားခြား မြင့်တက်နိုင်။ အပူအညွှန်းကိန်း ၈ အထိ မြင့်တက်နိုင်သဖြင့် ကျန်းမာရေးဂရုစိုက်ရန်လိုအပ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် နေ့အပူအချိန်များ ပုံမှန်အောက်လျော့နည်းနိုင်ပြီး ကျန်ဒေသများတွင် နေ့အပူချိန်များ ပုံမှန်ထက်မြင့်တက်နိုင်။

**ညအပူချိန်များ**

ချင်းပြည်နယ်အတွင်း အနောက်မြောက်လေအေးများ၊ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများသို့ အရှေ့မြောက်လေအေးများ သိသိသာသာ တိုးဝင်လာနိုင်ပြီး ညအပူချိန်များ ကျဆင်းနိုင်။ အထူးသဖြင့် ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ ညအပူချိန်များ သိသိသာသာ ကျဆင်းနိုင်ပြီး ညအပူချိန်များ ၁၀ ဒီဂရီစင်တီဂရိတ်အောက် ကျဆင်းနိုင်။ ကျန်တစ်ပြည်လုံးတွင် အပူချိန်များ ပုံမှန်ခန့် ရရှိနိုင်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်အတွင်း မုန်တိုင်းများဆက်လက်ဖြစ်ပေါ်နိုင်ပါတယ်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းအတွင်း အရှေ့ဘက်မှဝင်ရောက်ရွေ့လျားလာသော လေပွေလှိုင်းဟာ ကပ္ပလီပင်လယ်ပြင်အတွင်းမှာ လေစိုင်ခဲတစ်ခု ဖြစ်လာနိုင်ပါတယ်။

ဒေါက်တာထွန်းလွင်

# နေပြည်တော်ဟိုတယ်ဇုန် အခန်း ၈,၀၀၀ အထိ တိုးချဲ့မည်

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

နေပြည်တော် ဟိုတယ်ဇုန်တွင် လာမည့်နှစ် ၂၀၁၃ နှစ်ဆန်းပိုင်းတွင် အခန်းပေါင်း ၈,၀၀၀ ခန့် အထိ တိုးချဲ့မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဆောက်လုပ်ဆဲဟိုတယ်တွေ၊ ရှိပြီးသားဟိုတယ်တွေက အခန်း ထပ်တိုးတာတွေကို ၂၀၁၃ နှစ်ဆန်းပိုင်းမှာ အပြီးသတ်ဖို့ တွန်းအားပေးနေပါတယ်။ အပြီးသတ်လုပ်ဆောင်မှလည်း ဖြစ်မှာပါ။ လာမယ့်နှစ်မှာ ကျင်းပမယ့် ပွဲတွေ အတွက် ဟိုတယ်အခန်း လုံလောက်ဖို့ လိုအပ်တယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

၂၀၁၃ ဇွန်လတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် နှစ်ကုန်တွင် အရှေ့တောင်အာရှ အားကစားပွဲတော်တို့ ကျင်းပမည်ဖြစ်ရာ ဟိုတယ်အခန်းများ ရှိရုံနှင့် မပြီးဘဲ ဝန်ဆောင်မှုအဆင့် အတန်းမီအောင် လုပ်ကိုင်ရမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

"အခု ခရီးသွားရာသီမှာ ညှိသည်အရမ်းဝင်တော့ ရန်ကုန်မှာဆို ဟိုတယ်ရဖို့ အရမ်းခက်တယ်။ ဝန်ကြီးဌာနက နေပြည်တော်ကို ခရီးသွားလာခွင့်ပြုလိုက်ပြီဆိုတော့ ဟိုတယ်အခန်း လုံလောက်ဖို့ လိုတာပေ့ါ။ ခရီးသွားလုပ်ငန်းရှင်တွေ၊ ဧည့်လမ်းညွှန်တွေအနေနဲ့က ဟိုတယ်အခန်းလုံလောက်ဖို့ကို မျှော်လင့်ပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

နေပြည်တော်ဟိုတယ်ဇုန်ကို ၂၀၀၆ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် အခန်းပေါင်း ၈၀ ခန့်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အခန်းပေါင်း ၂၁၁၇ ခန်းအထိ တိုးချဲ့နိုင်ခဲ့သည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ရန်ကုန်လေဆိပ်မှ တစ်နေ့လျှင် ပျမ်းမျှ ၂၃၀၀ဦးခန့်ရှိလာရာ ဒီဇင်ဘာလကုန်ခန့်တွင် တစ်နှစ်တာအတွင်း ခရီးသည် ခြောက်သိန်းခန့် ဝင်ရောက်မည်ဖြစ်ကြောင်း နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသည့် ပျမ်းမျှ ခရီးသည် လေးသိန်းကျော်အပါအဝင် ယခုနှစ်တွင် နိုင်ငံခြားသား ခရီးသွား စုစုပေါင်း တစ်သန်းခန့် ဝင်ရောက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏စစ်တမ်းများအရ သိရသည်။

# နိုင်ငံခြားငွေလဲလှယ်ခွင့်လိုင်စင် ထုတ်ပေးလိုက်ခြင်းကြောင့် ဘဏ်ပိတ်ရက်ငွေလဲလိုသူများအဆင်ပြေနိုင်

**ထွန်းနိုင်**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၁၀**

ဘဏ်မဟုတ်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုလည်း နိုင်ငံခြားငွေများ ဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ပေးခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးပြီး လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်သည့်အတွက် ဘဏ်ပိတ်ရက်များတွင်ငွေလဲလိုသူများပိုမိုအဆင်ပြေသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခြေစိုက်ခရီးသွားကုမ္ပဏီများက ပြောသည်။

ငွေလဲကောင်တာ လုပ်ငန်းတစ်ခု ဆောင်ရွက်ခြင်းအတွက် ကနဦးမတည်ရင်းနှီးငွေအနည်းဆုံး ကျပ်သန်း ၃၀ ထည့်ဝင်လုပ်ကိုင်ရမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ငွေလဲကောင်တာလုပ်ငန်းများ တစ်ခုထက်မက ဆောင်ရွက်လိုပါက ကောင်တာတစ်ခုချင်းစီအတွက် မတည်ငွေရင်း ကျပ် ၁၀ သန်းစီ ထပ်မံထည့်ဝင်ရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

"ခရီးသွားတွေ တကယ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ပြေလည်စေမှာမို့လို့ကြိုဆိုတယ်။ နိုင်ငံခြားကလာတဲ့ သူတွေက မှန်မှန်ကန်ကန်လဲချင်တယ်။ မှောင်ခိုတွေကြောင့်ဖြစ်တဲ့ ပြဿနာတွေ ပြေလည်သွားမယ်ထင်တယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးနောင်နောင်းဟန်က ပြောသည်။

နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ခွင့် လိုင်စင် (Money Changer Licence-M.C ) ကိုပုဂ္ဂလိကဘဏ် ၁၈ ဘဏ်အား ချထားပေးခဲ့သော်လည်း အကန့်အသတ်နှင့်သာ လဲလှယ်ခွင့်ပြုခြင်း၊ ဘဏ်ပိတ်ရက်များတွင် ငွေလဲရန် အခက်အခဲရှိခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေရပြီး ယခုကဲ့သို့ ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုလည်း လုပ်ပိုင်ခွင့်ချထားပေးခြင်းကြောင့် ငွေလဲလှယ်မည့်သူများ ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းပြည်တွင်းအခြေစိုက် ခရီးသွားလုပ်ငန်းများက ပြောသည်။

အဆိုပါအစီအစဉ်သည် တရားမဝင်လုပ်ကိုင်နေသည့် နိုင်ငံခြားငွေလဲလှယ်သည့်လုပ်ငန်းများကို လိုင်စင်ချထားပေးကာ တရားဝင်ဖြစ်အောင် လုပ်ပေးခြင်းဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအတွက် အများဆုံး လဲလှယ်ခွင့်ပြုမည့် သတ်မှတ်ချက်အတွက် ဗဟိုဘဏ်နှင့် အဆိုပါလုပ်ငန်းများအကြား မည်သည့်ပမာဏကို သတ်မှတ်မည်ဆိုသည်မှာ စိတ်ဝင်စားစရာဖြစ်ကြောင်း အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းဦးကပြောသည်။

"လုပ်ပေးတာကကောင်းတယ်။ လိုင်စင်ကိုကိုင်ပြီး အလုပ်လုပ်မယ့် ကုမ္ပဏီတွေက တကယ်စည်းကမ်းလိုက်နာဖို့တော့ လိုတယ်။ လိုင်စင်တော့ယူထားမယ်။ အရင်လိုမှောင်ခိုလိုပဲ ဆက်လုပ်နေမယ်ဆိုရင်တော့ဘာမှမထူးဘူး။ လိုင်စင်ယူလိုက်ရင်တော့ဗဟိုဘဏ်သတ်မှတ်တဲ့ဈေးကို ဘဏ်တွေလိုပဲ လိုက်နာရမယ်။ အပြင်ဈေးနဲ့ အရောင်းအဝယ်လုပ်လို့ မရဘူး" ဟု ၎င်းကပြောသည်။

အဆိုပါလိုင်စင်များကိုသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားငွေ စီမံခန့်ခွဲမှုဌာနတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

One More
၂၀၁၂ ၊ နိုဝင်ဘာလ
၁၂,၄၁၄ ဦး
၁၂,၄၁၄,၀၀၀ ကျပ်

Vacancy Announcement: Sales Representative

Responsibilities:

- Develop Sales and Marking strategy for Healthcare and Medical business
- Plan and implement branding and promotional activities
- Formulate plan to expand distribution network in retail market
- Prepare business proposals & review presentations to key customers

Requirements:

- Age:25+(Male or Female )
- Professional diploma and knowledge and experience in sales & marketing of Healthcare & Medical products
- Proficient in both oral and written in English
- Good negotiation skills, meticulous and positive attitude
- Ability to use relevant IT office applications
- Able to make business visits to other province

J-SAT General Services
Contact Tel:09-5032844,01-228155

ကော်ဘူ/ ဒူဘိုင်း / မလေးရှားနိုင်ငံများတွင်လုပ်ရန်

1.Supervisor (Mechanical Engineer) (30) SS 1500 ~ 2500
2. Signalman (30) SS800
3.Rigger (30) SS800
4.Pipe Fitter (30) SS550 ~ 700
5.Welder (30) SS550 ~ 700

ဒူဘိုင်းUAEနိုင်ငံ အဆင့်မြင့် Super Market တွင်လုပ်ရန်

* Cashier (၃၀)ဦး US 600 +
* Counterhand (၃၀)ဦး US 600 +
* Merchandisers (၃၀)ဦး US 600 +
* Porter (၂၀)ဦး US 600 +
* Baker/Confectioner (၁၀)ဦး US 600 +

Housing Allowance: Dhs 800 U.A.E Labour Law
US 600
15% Discount

၂၀၁၂ ဒီဇင်ဘာ ၁၄ ရက် မှ ၂၀ ရက် ထိ

Licence No.023/2012

ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

Inspiration
English Language Center

Young learners (Age 6-14)
✓ Sat & Sun English regular classes
✓ Summer English Program (March-May)

| Levels | Aged | Cambridge Exams |
|---|---|---|
| Beginner | (6-7) | Starters |
| foundation | (7-11) | Movers,flyers |
| Step up | (11-14) | Flyers,KET,PET |

Adult Learners( 16 n above)
✓ Basic English (4 skills)
✓ Communicative English
✓ Foundation English Program
✓ General English
✓ Business Communicative English
✓ IELTS Foundation/Preparation

One to one class နှင့် Special class များ စီစဉ်သင်ကြားပေးသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012



၁၉လမ်း၏ ညမြင်ကွင်း

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ညရဲ့မြို့

ဥက္ကာကိုကို

အောင်ဆန်းသူရိယ ဗိုလ် တိုက်ချွန်းတစ်ယောက် ဘဲပေါင်း၊ ကြက်ပေါင်းများကို မြိန်ရေယှက်ရေစားသောက်ခဲ့ဖူးသည့် ရန်ကုန်မြို့လယ်ကောင်မှ လမ်းကလေးသည် ယခုနှစ်ပိုင်းတွေမှာတော့ လူတန်းစားပေါင်းစုံ၏ ရီဝေဝေညချမ်းများကို ဖန်တီးပေးသည့် နေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိပါပြီ။

ဒီမိုကရေစီခေတ်၏ ၂၀၁၂ခုနှစ်တွင် ရန်ကုန်မြို့လယ်ရှိ တရုတ်တန်း ၁၉လမ်းမှ ညှော်နံ့နှင့် မီးခိုးများက ကမ္ဘာလှည့်ခရီးသွား လူမျိုးပေါင်းစုံတို့ကို လည်း ဆွဲဆောင်ထားခဲ့ပြီဖြစ်သည်။

*ညှော်နံ့များ*
*စီးကရက်မီးခိုးများ*
*အဖုံးတွင်း ကံစမ်းမဲများ*
*တစ်နေကုန် အသည်းအသန်*
*ရှင်သန်ခဲ့သမျှ*
*တစ်နေကုန် အပြင်းအထန်*
*သေဆုံးခဲ့သမျှ*
*သူငယ်ချင်းတစ်ယောက်ရဲ့*
*အိတ်ထောင်ထဲ*
*ငွေစကြေးစကလေးလည်း*
*ချွေးတွေစိုလို့. . . . .*
*(ကြည်ဇော်အေး-*
*၁၉ လမ်း ကဗျာမှ)*

"၁၉ လမ်းကြေးအိုးက မြန်မာပြည်မှာ ပထမဆုံးရောင်းတဲ့ ကြေးအိုးပဲ"ဟု ဦးကျော်ကျော်က ပြောသည်။ ဦးကျော်ကျော်မှာ ၁၉ လမ်းတွင် ပထမဆုံး ဘီယာ စရောင်းခဲ့သူတစ်ဦးလည်း ဖြစ်သည်။ မိခင်ရောင်းချသည့် ကြက်ပေါင်း၊ ဘဲပေါင်းများကို အောင်ဆန်းသူရိယ တိုက်ချွန်းတို့ လာရောက်စားသောက်သည့် ကာလမှာ ဦးကျော်ကျော်က ခပ်ငယ်ငယ်ပင်ရှိသေးသည်။

ကြက်ပေါင်း၊ ဘဲပေါင်းမှသည် ၇၅ ကျပ်တန် ကြေးအိုး ခေတ်သို့ ပြောင်းလဲသွားသည့် ကာလ၏ နောက်ပိုင်းမှာတော့ ဦးကျော်ကျော်ရောင်းချသည့် ဆိုင်ကလေးသို့ လာရောက်စားသောက်သူဖောက်သည်များတွင် ယခုဗိုလ်ချုပ်အငြိမ်းစား၊ လက်ရှိ အစိုးရအရာရှိကြီးများ၊ ပြည်ထောင်စု ဝန်ကြီး တချို့အထိ ပါဝင်လာကြသည်ဟု သူကဆိုသည်။ ယခုတော့ ဦးကျော်ကျော်က အသက်အရွယ်အရ ၇၄ နှစ်ရှိခဲ့ပြီဖြစ်သလို သူ့ဖောက်သည်ဟောင်းကြီးများကလည်း ကြီးမြင့်သော နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြရပြီဖြစ်သည်။

"တရုတ် အမြည်းစုံ ရတယ်။ ၁၉၉၀ ကျော်ကတည်းက။ မြည်းစုံ၊ အရက်စုံတဲ့အတွက် ယမကာသမားတွေ သဘောကျတယ်။ ဝယ်ဖို့လွယ်တယ်၊ ဈေးနှုန်းလည်း သင့်တယ်။ ပြီးတော့ အပေါင်းအသင်းတွေဝိုင်းဖွဲ့ချိန်းဆိုဖို့ ဆုံရပ်ကောင်းတစ်ခုလည်း ဖြစ်တယ်။ မဆလခေတ်နှောင်းပိုင်းမှာ လူကြီးတချို့ အမြည်းလိုရင် ၁၉ လမ်းမှာ သွားဝယ်ခိုင်းတတ်တယ်"ဟု စာရေးဆရာမင်းဒင်က လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ဝန်းကျင်၏ ၁၉ လမ်းသရုပ်ကို ပြောပြသည်။

"တိုးထွက်မယ့် မနက်နေရောင်ဖြာထွန်းရင်. . . . စစ်ကိုင်းလမ်းက စောင့်နေမယ် သူမှာလို့"

အဆိုတော်ခိုင်ထူး၏ အသံနှင့် ထပ်တူကျသည့် စစ်ကိုင်းလမ်းတေးသီချင်းကို သီဆိုသံက ယနေ့ ၁၉ လမ်း၏ ညချမ်းများမှာ ဂစ်တာသံနှင့်အတူ ကျယ်လောင်စွာ ပေါ်ထွက်လာစမြဲပင်။ ခိုင်ထူး၏ နာမည်ကျော် တေးသီချင်းများစွာကလည်း စားပွဲဝိုင်းတွေကြား လူးလာခေါက်တုံ့ အရက်ခွက်ကို ကိုင်ကာ နားဆင်နေကြသူတို့ခေါင်းတလှုပ်လှုပ်။

အများက ၁၉ လမ်းခိုင်ထူးဟု ချစ်စနိုးခေါ်ကြသည့် သူ့အမည်ရင်းက ကိုထွန်းရွှေ။ ၁၉ လမ်းဘေး ဘီယာဝိုင်းတွေကြား ဂစ်တာတစ်လက်ဖြင့် တေးသီချင်းများ သီဆိုခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကြာခဲ့ပြီဖြစ်သည်။ ၁၉ လမ်း ခိုင်ထူး၏ ဖျော်ဖြေမှုအောက်မှာ စကားသံတွေက ညှော်နံ့များနှင့် အတူ ပျံ့လွင့်နေမြဲ။ ထို့နောက် စည်းနှင့်ဝါးကို တချွင်ချွင်ခေါက်ရင်း ခေတ်ဟောင်း တေးသီချင်းကြီးများကို ပိုင်နိုင်စွာ တစ်လုမ်းချင်း သီဆိုလာမည့်အသက်၄၀ကျော်အရွယ် မသန် မစွမ်း အမျိုးသမီးတစ်ဦးကို ချိုင်း ထောက်တစ်လက်ဖြင့် တွေ့ရမည်။ ပြီးတော့ စားပွဲဝိုင်းတွေကြား ဆောင့်ကြောင့်ထိုင်ကာ ဝါးဆစ်ဘူးလေးနှစ်လုံးကို သံမံတလင်းပေါ် တတုံတုံခေါက်ရင်း "ငါ့ဘဝရဲ့ မီးအိမ်ရှင်ပါ ငါ့ဘဝရဲ့ပွဲကိုင်ရှင်လေး ငါ့ဘဝရဲ့တန်ခိုးရှင်ပါ"ဟု အသံစာစာလေးဖြင့် သီဆိုနေကြမည့် အသက် ၁၀ နှစ်ခန့်အရွယ်ရှိ ယောကျာ်းလေးငယ်နှစ်ဦး။

ညနေ ၅ နာရီခန့်မှ စတင်စည်ကားလာသော ၁၉ လမ်းသည် ည ၁၀နာရီခန့်မှာတော့ ဇာတ်ရှိန်မြင့်လာပြီဖြစ်သည်။

စာ(၁၁)သို့



## ချက်ကြရအောင်

ဝိုက်ဖီ

### ဝက်ဦးနှောက် ကြက်ဥမွှေ



ဝိုက်ဖီက ဆက်တိုက်ဆိုသလို ကြက်ဥစီးရီးစွဲချက်သလိုတောင် ဖြစ်နေပါပြီ။ ဒီတစ်ပတ် ဟင်းကလည်း ကြက်ဥပါနေတာပါပဲ။

ဝက်ဦးနှောက် ကြက်ဥမွှေချက်ဖို့ ကြက်ဥတစ်လုံးနဲ့ ဝက်ဦးနှောက်ပဲလိုပါတယ်။

ပထမဆုံး ဝက်ဦးနှောက်ကို နနွင်း၊ ဆား၊ ဟင်းခတ်မှုန့်တွေနဲ့ နယ်ထားပါတယ်။ ပြီးရင် ကြက်သွန်ဖြူနှင့်ချင်း ထောင်းထားတာကို ဆီသတ်ပါမယ်။ ဆီသတ်ပြီး ဝက်ဦးနှောက်ကို ထည့်လိုက်ရုံပါပဲ။ ကြေမသွားအောင် အိုးလေးကိုပဲ လှုပ်လှုပ်ပေးပါ။ ဆီပူနဲ့ လှိမ့်တဲ့သဘောမျိုးပါပဲ။ ရေနည်းနည်းလေး ထည့်လိုက်ပါ။ အခါးပန်းကန်တစ်ဝက်မရှိတရှိလောက်ထည့်ပါ။ ဆီပြန်ပြီး ဦးနှောက်ကောင်းကောင်း ကျက်ပြီးဆိုရင် မွှေထားတဲ့ကြက်ဥတစ်လုံးကို နေရာနှံ့ အောင်ဖြန့်လောင်းချပြီး အိုးကိုလှုပ်ပေးပါ။ ကြက်ဥလေးတွေလည်း အဖတ်လိုက်ဖြစ်သွားပြီဆိုရင် ချလို့ရပါပြီ။ ကြက်ဥကိုမွှေတဲ့အချိန်တုန်းက အရသာ နည်းနည်းထည့်ပေးထားဖို့ လိုပါတယ်။

ကဲ. . . ဒါဆိုရင် ဝိုက်ဖီရဲ့ ကြက်ဥစီးရီးထဲက ဝက်ဦးနှောက် ကြက်ဥမွှေ ကိုလည်း မြည်းစမ်းလိုက်ကြပါဦး။



7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နောက်ဆုံးအချိန်

ထွန်းခိုင်

## “သေသောသူသည် သုသာန်သို့ သက်သက်သာသာ သွားသေသည်”

မြို့ပြယဉ်ကျေးမှုတစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့တွင်နေထိုင်သောအောက်ဆုံးအဆင့်အခြေခံလူတန်းစားအဖို့မူ အဆိုပါစကားစုမှာ သူတို့အတွက် လှောင်ပြောင်နေသလိုဖြစ်နေသည်။

ကင်ဆာရောဂါကို ဖြစ်ပွားစေသည့် ဆိုးဆေးများ လွှမ်းမိုးနေသည့် အစားအစာများ၊ ခန္ဓာကိုယ်အတွင်း အလုပ်အများဆုံးဖြစ်သည့်အသည်းကိုမြန်မြန်ဆန်ဆန်ပျက်စီးစေနိုင်သည့် တန်ဖိုးနည်းအရက်သေစာများ၊ ဝင်ငွေနည်းလုပ်ငန်းခွင်နှင့် မလုံခြုံသော နေ့စဉ်ဘဝများကို ဖြတ်သန်းနေရသော အခြေခံလူတန်းစားများအဖို့ နေရေးက မသက်သာ။ သူတို့ဘဝနှင့် လက်လှမ်းမမီသော ဆေးဝါးကုသမှု စရိတ်ကို လက်လျှော့ကာ လူသားတစ်ယောက်၏ သက်တမ်းမစေ့မီပင် လူ့လောကထဲမှ ထွက်သွားရသူများအဖို့ အသက်ရှင်သန်မှု၏ နောက်ဆုံးအချိန်တွင်လည်း သက်သောင့်သက်သာ မရှိလှ။

သေသောသူအဖို့ သက်သက်သာသာ မသေရသလို ကျန်ရစ်သူများအဖို့လည်း မသက်သာ။ ရန်ကုန်တွင် ကွယ်လွန်သွားသူလူတစ်ယောက်စျာပနအတွက် ကုန်ကျစရိတ်မှာလည်း မသေး။ ရန်ကုန်မြို့နေ အောက်ဆုံးအဆင့်လူတန်းစားများ၏ စျာပနအများစုမြင်ကွင်းများတွင် နောက်ထပ်ဘယ်တော့မှ မတွေ့ရတော့မည့်သူအတွက် ပူဆွေးသောကများသာမက ထွက်သွားသူ၏ နောက်ဆုံးခရီးအတွက်လည်း ကျန်ရစ်သူများက ပူပန်ရပြန်သည်။ ဝင်ငွေနည်းအခြေခံလူတန်းစားများအဖို့ ရန်ကုန်ကဲ့သို့ လူဦးရေထူထပ်သောမြို့တွင် အသက်ရှင်သန်ရပ်တည်ရေးအတွက်မလွယ်ကူသလို သေဆုံးပြီးနောက်ပိုင်းတွင်လည်း မလွယ်ကူ။

ရန်ကုန်သည် တစ်ခြားလူဦးရေ ထူထပ်များပြားလာပြီး နိုင်ငံအနှံ့မှ ရွှေ့ပြောင်းလာရောက်သော သူများလည်း တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။ လူဦးရေတိုးပွားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း မမျှတမှုကြောင့် နေ့စဉ်နှင့်အမျှဖြစ်သလိုလုပ်ကိုင်စားသောက်ကာ အသက်ရှင်နေရသူများလည်း တစ်နေ့တစ်ခြားတိုးပွားနေသည်။ ဝင်ငွေနှင့် ထွက်ငွေ မမျှတသူများအဖို့ အသက်ရှင်သန်ရေးအတွက် ရုန်းကန်ရပ်တည်နေရင်း သေဆုံးသွားသည့်အခါတွင်လည်း မြေကျရန် ရုန်းကန်ရပြန်သည်။

ရန်ကုန်တွင်လူတစ်ယောက်စျာပနအတွက် သင်္ဂြိုဟ်စရိတ်ချည်းသက်သက်ဆိုလျှင် အနည်းဆုံး ကျပ်ငါးသောင်းဝန်းကျင်ကုန်ကျသည်ဟု နာရေးကူညီမှုအသင်းများနှင့် နာရေးရှင်များကပြောသည်။ အဆိုပါစရိတ်များထဲတွင် မီးရှို့ပစ်ရမည့် စျေးမစစ်ရဟု အယူသည်းလေ့ရှိသော ခေါင်းတလား၏တန်ဖိုးမှာ ထက်ဝက်ခန့်ပါဝင်သည်။ ယင်းစရိတ်ကိုပင် မတတ်နိုင်သဖြင့် သေဆုံးသူ၏ စျာပနအတွက် ကျန်ရစ်သူများက စိုးရိမ်သောက ရောက်ရသည့် အခြေအနေများလည်း ရှိသည်။


နယ်မြို့များတွင် သေဆုံးသူများအတွက်ဂူသွင်းမြှုပ်နှံရန် ဆင်းရဲချမ်းသာ လူတန်းစားမရွေးအတွက် အခက်အခဲသိပ်မရှိလှသော်လည်း ရန်ကုန်တွင်တော့ ငွေကြေးချမ်းသာသူများသာ လုပ်နိုင်သည့်ကိစ္စဖြစ်သည်။ တစ်နေ့လျှင် ဝင်ငွေ ကျပ်၁၀၀၀ ဝန်းကျင်သာရှိသောသူတစ်ယောက်အတွက်ဆိုလျှင် ဂူသွင်းမြှုပ်နှံရန်အတွက် သူ၏ဝင်ငွေလေးနှစ်နှင့်တစ်လခန့်စာမျှ ကုန်ကျမည်ဖြစ်သည်။ ရန်ကုန်တွင် ၄ပေ၆ပေ မြေတစ်ကွက်ပေါ်တွင် ဂူသွင်းမြှုပ်နှံရန်အတွက် လူအနည်းဆုံး ငွေကျပ် ၁၅ သိန်းမျှ ကုန်ကျနိုင်သည်ဟု နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် လေးနှစ်မျှ စေတနာ့ဝန်ထမ်းအဖြစ်လုပ်ကိုင်နေသည့် ကိုဇော်စိုင်းကပြောသည်။ တစ်ခါတစ်ရံတွင် ယခုထက် နှစ်ဆ၊သုံးဆမျှ ကုန်ကျသည့် စျာပနများလည်းရှိကြောင်း သူကပြောသည်။


“သေတာမလွယ်ဘူးဆိုတာ ရန်ကုန်မှာတော့ တကယ်မှန်တယ်”ဟု ၎င်းကပြောသည်။

ရန်ကုန်သည် အများမြင်တွေ့နေကြသလို အထပ်မြင့်အဆောက်အအုံကြီးများ၊ တစ်ရက်စာတည်းခိုခအတွက် ရာနှင့်ချီသောဒေါ်လာငွေများ ပေးရသည့် ဟိုတယ်ခန်းများ၊ ဥဒဟိုသွားလာနေကြသော နောက်ဆုံးပေါ်ကားများ၊ နေ့စဉ်နှင့်အမျှ လူစည်ကားနေသော ဘီယာဆိုင်များဖြင့်သာ ဖွဲ့စည်းထားသည်မဟုတ်။ ရန်ကုန်တွင်လူစဖြစ်သည်မှ သေသည်အထိ ယင်းအရာများနှင့် လုံးဝမပတ်သက်ခဲ့ရဖူးသည့် လူတန်းစားများလည်းရှိသည်။ လူ့ဘဝ၏ နောက်ဆုံးခရီးတွင် ခွဲစရာရေအိုးအတွက် ဝယ်ရန်ပိုက်ဆံမရှိသဖြင့် သူတစ်ပါးထံ အကူအညီတောင်းရသည့်သူများလည်းရှိသည်။

ရန်ကုန်မြို့၏ သုသာန်များသို့ သွားရောက်ကြည့်ရှုမည်ဆိုပါက အဆိုပါလူတန်းစားကွာဟမှုကို တွေ့နိုင်သည်။ သေဆုံးသူ၏ပါးစပ်ထဲ အကြွေစေ့ထည့်သွင်းလေ့ရှိသည့် ဓလေ့မှအချိန်ကာလ၏ ပြောင်းလဲမှုအရဖြစ်လာသော အိတ်ကပ်ထဲ ပိုက်ဆံထည့်ပေးလိုက်သည့် ဓလေ့သို့ ကူးပြောင်းရာတွင် ထည့်ပေးစရာ ပိုက်ဆံမရှိသည်အထိ ဆင်းရဲသူများလည်း ရှိသည်။ ထုံးဖြူဖွေးဖွေးနှင့် ကျောက်ပြားအကောင်းစားများ ကပ်ထားပြီး

စာ(၃၀)သို့

## စာ-၉၊ ညရဲ့မြို့ မှ

*ဝက်ပါမှာ သံသရာလည်ကြ*
*ဆံပင်ရှည်ထားသလို*
*စိတ်ရှည်ရှည် ထားနိုင်ရင်လည်း*
*ကောင်းမယ်*
*ရေခဲတုံးလေးများလို*
*အရည်ပျော်၊ ပျော်ဝင်သွား*
*နိုင်ရင်လည်း ကောင်းမယ်*
*ဘယ်လိုပြောမလဲ*
*ဘာမှမပြောတာဘဲ*
*ကောင်းမယ်. . .*

*(ကြည်ဇော်အေး*
*-၁၉ လမ်း ကဗျာမှ)*

၁၉ လမ်းတွင် ကြက်ပေါင်းဘဲပေါင်း၊ ဂျုံခေါက်ဆွဲ၊ ဆီချက်၊ ကြေးအိုးတို့မှသည် ၁၉၉၀ ဝန်းကျင်၌ BE ဆိုင်များ ပေါ်လာကြသည်။ ထို့နောက် ရမ်အရက်ခေတ်၊ ဝီစကီခေတ်တို့မှ ဘီယာခေတ်သို့ ရောက်ရှိလာခဲ့သည်။ ခေတ်နှင့်အလိုက် ပြောင်းလဲလာခဲ့သည့် ၁၉ လမ်းသည် ဆယ်စုနှစ်တစ်ခုကြာပြီးနောက် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှစတင်ကာ ပိုမိုကျော်ကြားလာခဲ့သည်။

၂၀၀၂ ခု နောက်ပိုင်းတွင် စားသောက်ဆိုင်များ ထပ်မံတိုးပွားလာပြီး ဆိုင်အားလုံးက အသားကင်နှင့် အသီး၊ အရွက်ကင်များကို အဓိကထားရောင်းချလာကြသည်။ ၁၉ လမ်း၏ အကင်စုံကို အဓိကထားမှာယူရင်း အရက်၊ ဘီယာတို့နှင့် တွဲဖက်သုံးဆောင်ရသည်ကို အကြိုက်တွေ့လာကြခြင်းကလည်း ၁၉လမ်းကို ကျော်ကြားစေသည့် အချက်တစ်ချက်ဖြစ်လာသည်။

"၂၀၀၀ ခုနှစ် ရှေ့ပိုင်းတုန်းက မစည်ကားသေးဘူးဗျ။ ပြီးတော့ မိန်းကလေးတွေ ဘီယာမသောက်ကြသေးဘူး။ ၂၀၀၀ ခုနှစ်ဒီဘက်ပိုင်းမှာတော့ မိန်းကလေးတွေလည်း မရှက်တော့ဘူး။ ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းပြီး ဘီယာဆိုင်ထိုင်လာကြပြီ"ဟု၁၉လမ်း "ဝင်း"စားသောက်ဆိုင်မှ မန်နေဂျာကိုထွန်းနိုင်က ပြောသည်။

အသက် ၃၆ နှစ်အရွယ် မန်နေဂျာ ကိုထွန်းနိုင်ကို ၁၉ လမ်းဖောက်သည်များက ကိုအရှည်ကြီးဟု သိကြသည်။ သူကလည်း ၁၉ လမ်းလောကမှာ ကျင်လည်လာတာ ၁၈ နှစ်တိတိရှိခဲ့ပြီဖြစ်သည်။ ဝင်းစားသောက်ဆိုင်မှာ မူလက ကြေးအိုးဆိုင်ဖြစ်ပြီး ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဘီယာဆိုင်ဖြစ်လာခဲ့သလို ဆိုင်သက်တမ်းကလည်း နှစ်ပေါင်း ၄၀ ခန့်ရှိ လာခဲ့ပြီဟုသိရသည်။ ယခုတော့ ဆိုင်ခန်း ၈ ခန်း၊ စားပွဲဝိုင်း ၅၀ ကျော်၊ စားပွဲထိုး ၅၀ ကျော်ဖြင့် လည်ပတ်နေသည့် ဝင်းစားသောက်ဆိုင်က ၁၉ လမ်းဈေးကွက်ကို ဦးဆောင်နေခဲ့သည်။

"အကင်က အဓိကရောင်းရတယ်။ သူများဆိုင်တွေ ဘာတင်ရောင်းတယ်ဆိုတာကြည့်ပြီး ကိုယ်လည်းလိုက်တင်ရတယ် "ဟု ၁၉ လမ်း ဝင်းတွင် တစ်လ ၇၅၀ ကျပ်ဖြင့် စားပွဲထိုးစလုပ်လာခဲ့သည့် ကိုထွန်းနိုင်(ခေါ်) ကိုအရှည်ကြီးက ပြောသည်။

စားသောက်ဆိုင်များမှ အကြော်အလှော်နှင့် အကင်များအပြင် လမ်းပေါ် ဘီယာဝိုင်းတွေကြား ပြေးလွှား ရောင်းချနေသည့် ဆယ်ကျော်သက်ကောင်လေးတို့ လွယ်ထားသော ခြင်းတောင်းထဲမှ မြေပဲပြုတ်၊ ငါးနီတူ၊ လက်ဖက်သားချဉ်စပ်စသည့် အလွယ်အမြည်းများကလည်း သောက်သုံးသူတို့အဖို့ သွားရည်ယိုစရာ ဖြစ်လာသည်။

လက်ရှိကာလမှာတော့ တရုတ်တန်း ၁၉ လမ်းထဲမှာ စားသောက်ဆိုင်ပေါင်း ၁၅ ခုခန့်ရှိနေပြီ ဖြစ်သည်။ ညလုံးပေါက် ဆူညံမှုနှင့်အတူ ခေတ်မိန်းကလေးများ၏ ရဲတင်းလွတ်လပ်သော အဝတ်အစားများကြောင့် မျက်စိပသာဒလည်း ရှိနေပြီဖြစ်သည်။

ဒီလမ်းအတွင်း အပေါ်ထပ်တိုက်ခန်းများမှာ နေထိုင်ကြသူတို့မှာလည်း ဆူညံမှုကို လျစ်လျူရှုသည်းခံထားကြသည်။ တရုတ်တန်း၊ ၁၉ လမ်းဆိုတာက ယခုကန်ထရိုက်တိုက်ခန်းများ မပေါ်လာမီ၊ သူတို့လာရောက် မနေထိုင်မီ ရှေးကနဦးကတည်းကပင် ပေါ်ပေါက်နေခဲ့ခြင်းကြောင့်ပင်။

"တိုက်ခန်းတွေကတော့ သူတို့ကြည့်ဝယ်ကြပေါ့။ ဒီဆိုင်တွေက ဒီတိုက်တွေဆောက်မှထရောင်းကြတာမှမဟုတ်တာ။ အရင်နှစ်ထပ်တိုက်ကလေးတွေနဲ့ ရောင်းလာခဲ့ကြတာ"ဟု ဦးကျော်ကျော်က ပြောသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ခရီးသွားများ လာရောက်လည်ပတ်မှု မြင့်မားလာသည်နှင့်အညီ ၁၉ လမ်းအတွင်း ဧည့်သည်များသံ တည်ညံဖြင့် ခြေချင်းလိမ်နေကြသည့် နိုင်ငံခြားသားများစွာကို တွေ့မြင်ရပါမည်။ ဧည့်လမ်း ညွှန်များကလည်း သူတို့၏ ဧည့်သည်များကို ခေါ်ဆောင်၍ ၁၉လမ်း ယဉ်ကျေးမှုနှင့်စရိုက်အားမလွတ်တမ်းပြသလာကြသည်။

တစ်နေကုန်ပင်ပန်းသမျှ၊ အကြောင်းကြောင်းကြောင့် စိတ်ညစ်ညူးခဲ့သမျှစသဖြင့် အကြောင်းမျိုးစုံဖြင့် ၁၉ လမ်းသို့ လူတန်းစားမျိုးစုံ ခြေချကြသည်။ များသောအားဖြင့် ကိုယ်နှင့်နီးစပ်သည့် အသိုင်းအဝိုင်းမှ မိတ်ဆွေအပေါင်းအသင်းများကို လမ်းတစ်လျှောက် စားပွဲဝိုင်းများတွင် မြင်တွေ့နှုတ်ဆက်သွားရခြင်းကလည်း အရသာတစ်ခု ဖြစ်သည်ဟု ဓာတ်ပုံဆရာတစ်ဦးက ဆိုသည်။ "ရွာပြန်ရောက်သွားသလိုပဲ"ဟု သူက ခံစားသည်။

"အနုပညာသမားတွေ၊ ဖော်ရိန်နာတွေ၊ မီဒီယာသမားတွေ၊ မိသားစုတွေ အစုံလာကြတယ်။ လူစုံတော့ မိန်းကလေးတွေလည်း စုံတာပေါ့။ အရင်တုန်းကဆို နေတိုးတို့လည်း လာတယ်။ ပြေတီဦးတို့လည်း လာဖူးတယ်"ဟု ၁၉ လမ်း ဆိုင်တစ်ဆိုင်မှ အသက် ၂၃ နှစ်အရွယ်စားပွဲထိုးတစ်ဦးက ပြောသည်။

၁၉ လမ်းတွင် သူငယ်ချင်းများနှင့် ထိုင်ဖူးသော အသက် ၂၄ နှစ်အရွယ် မအိမွန်သိမ်းကလည်း "မာဖီးယားတွေ ရှိတဲ့နေရာမှာ သောက်ရတဲ့ အထိတ်တလန့် ခံစားချက်မျိုးခံစားရတယ်။ ဘီယာက တစ်ခါတလေ ခါးနေပြီး တစ်ခါတလေမှာ ဂက်စ်သက်သက်ပဲလို့ ထင်မိတဲ့ ခံစားချက်မျိုးလည်း ရတယ်"ဟု ၁၉ လမ်းခံစားချက်ကို ပြောပြသည်။

တချို့ကလည်း ၁၉ လမ်းသည် ဘီယာသမားများ၏ Icon ဖြစ်သည်ဟု ဆိုကြသည်။ ဝိုင်းလွတ်မရှိသည်အထိ ပြည့်နှက်ဆူညံနေသော်လည်း အပေါင်းအသင်း မိတ်ဆွေတစ်ဦးမဟုတ် တစ်ဦးကို တွေ့ရှိနိုင်ခြင်း၊ တစ်လမ်းလုံးရှိ ဘီယာဆိုင်များကို ရွေးချယ်စားသောက်နိုင်ခြင်းစသည်တို့ကြောင့် ၁၉ လမ်းကို နှစ်သက်လာကြသည်ဟု ဆိုကြသည်။

"ခံစားချက်က တခြားဘီယာဆိုင်တွေ သွားထိုင်တာနဲ့မတူဘူး။ ဒီတစ်လမ်းလုံးကိုလာတဲ့ သူတိုင်းရဲ့ ရည်ရွယ်ချက်က တူကြလို့လေ။ ဒါကို လူကြီးတွေတော့ ကြိုက်ပုံမရဘူး။ ၁၉ လမ်းဆိုတဲ့ အသံကြားတာနဲ့ မကြိုက်တဲ့ ပုံပြတယ်ဗျ။ ထိုင်းမှာလည်း အရက်ဆိုင်တွေကြီးရှိတဲ့ လမ်းတွေ ရှိတယ်။ ကလပ်တွေ ချည်းပဲ ရှိတဲ့ လမ်းရှိတယ်။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ"ဟု Messenger သတင်းဂျာနယ်မှ အယ်ဒီတာကိုသန့်စင်ဦးက ဆိုသည်။

"ဒီလမ်းထဲရောက်ရင် သူလိုကိုယ်လို အသောက်သမား အစားသမားတွေချည်းမို့ ညီညွတ်ရေးနဲ့ ခင်ခင်မင်မင်၊ ကိုယ့်အုပ်စုနဲ့ ကိုယ်ဝိုင်းဖွဲ့ကြ။ တခြားဝိုင်းက လိုင်းတူတွေကို လှမ်းပြီးနှုတ်ဆက်ကြ။ ယမကာလုလင် အကောင်းကြိုက်သူတွေ ဆုံစည်းပျော်ရွှင်ရာ နေရာပေါ့"ဟု ပြည်ပတွင် နေထိုင်သည့် စာရေးဆရာမင်းဒင်က ၁၉ လမ်းအပေါ် မှတ်ချက်ပြုသည်။



ဆိုင်အတွင်းမှာသာမက ဆိုင်အပြင်ဘက် လမ်းပေါ်တွင် စားပွဲဝိုင်းများ ခင်းကျင်းထားရမှုကလည်း စားသုံးသူတို့၏ ဆန္ဒအရပင် ဖြစ်သည်။

"အရင်တုန်းက ဖောက်သည်တွေက အတွင်းမှာပဲ ထိုင်ချင်တယ်။ အခုကျတော့ လူတွေက အပြင်မှာပဲ နေချင်ကြတယ်"ဟု ဦးကျော်ကျော်က ဆိုသည်။ တစ်ရံတစ်ခါ လမ်းပိတ်ဆို့သည်ဟူ၍ တိုင်တန်းမှု တချို့ရှိလာပါက လမ်းပေါ်မှ စားပွဲများကို ခေတ္တနေရာရွှေ့ထားရခြင်းလည်း ရှိခဲ့ကြောင်း သိရသည်။

"နယူးရီးယားတို့ဘာတို့၊ လူငယ်တွေလွတ်နေတဲ့ အချိန်တွေတော့ ရန်ပွဲတချို့ဖြစ်တတ်တယ်။ ဆိုင်ထဲမှာတော့ မဖြစ်ကြပါဘူး။ အပြန်မှဒီလမ်းထိပ်မှာ ငြိကြတာများတယ်"ဟု စားသောက်ဆိုင်မန်နေဂျာတစ်ဦးက ပြောပြသည်။

လမ်းအတွင်းရှိ စားသောက်ဆိုင်များမှာ လိုင်စင်အခွန်၊ ကျန်းမာရေးအခွန်၊ ဆိုင်းဘုတ်အခွန်၊ ရေခွန်၊ မီးခွန်စသည်တို့ကို ပေးဆောင်ရသော်လည်း လမ်းပေါ်တွင် ခင်းကျင်းထားသည့် စားပွဲဝိုင်းများအတွက် အခွန်အခ ပေးဆောင်ရန် မလိုပေ။

၁၉ လမ်းသည် အရက်တန်းဟု လူသိများသည်။ ၁၉ လမ်းတွင် လူတန်းစားပေါင်းစုံ ထိုင်ကြသည်။ ၁၉ လမ်းသည် မီးခိုးများတလူလူဖြင့် အရောင်အသွေး စုံနေသည်။ ၁၉ လမ်းသည် စကတ်ကိုအတိုဆုံးဝတ်ဆင်ထားသည့် အပျိုဖြန်းမလေးတစ်ယောက်လည်း ဖြစ်သည်။ ၁၉ လမ်းသည် ပွင့်လင်းမြင်သာသည့် ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်နေသည်။ ထို့အပြင် ၁၉ လမ်းသည် လွတ်မြောက်နယ်မြေတစ်ခုလည်း ဖြစ်နေပါသည်။

"တိုင်းပြည်ပွင့်လင်းလာတာနဲ့အမျှ ဒီလမ်းက ပိုတိုးတက်လာမယ်။ လည်ပတ်မယ့်နေရာ တစ်ခုဖြစ်လာမှာပဲ။ ဒီနှစ်ဆိုရင် ခါတိုင်းနှစ်တွေထက် လူမျိုးပေါင်းစုံ လာပြီး သွားကြပြီ"ဟု ဝင်းစားသောက်ဆိုင်မန်နေဂျာ ကိုအရှည်ကြီးက မှတ်ချက်ပေးသည်။

"တွေးမိရင်တောင် လွမ်းတုန်းပဲ။ အခုနေ အသိအကျွမ်းဟောင်းတွေ ၁၉ လမ်းမှာများ ပြန်ဆုံမိရင် ရှေးကထက်တောင် ပိုချစ်ကြမယ်ထင်ပါရဲ့" ဟု ၁၉ လမ်းနှင့် နှစ်နှစ်ဆယ်ခန့် ဝေးကွာနေခဲ့ရသည့် စာရေးဆရာမင်းဒင်က ပြောပါသည်။

၁၉၄၀ပြည့်နှစ် ဩဂုတ်လ ၇ ရက်နေ့ ည၉နာရီကျော်တွင် တန်လူရှောင်ဟုခေါ်သည့် တရုတ်ကြီးတစ်ဦးသည်တန်ဆူတောင်ဟုခေါ်သည့် မိတ်ဆွေတရုတ်ကြီးတစ်ဦးနှင့်အတူ ၁၉လမ်းထဲမှနေ ကမ်းနားလမ်း စဥ့်အိုးတန်းဆိပ်ကမ်းဆီသို့ ခပ်အေးအေးပင်လမ်းလျှောက်သွားခဲ့ကြသည်။ ထိုတရုတ်ကြီးနှစ်ဦးသည် ထိုညမှာပင် တရုတ်ပြည် အမွိုင်မြို့သို့ ဟိုင်လီသင်္ဘောဖြင့် ထွက်ခွာသွားခဲ့လေသည်။ ထိုနေ့မှ နောက်ထပ် ရှစ်နှစ်ခန့်အကြာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက် နံနက်၄နာရီမိနစ် ၂၀တွင် လွတ်လပ်သောမြန်မာနိုင်ငံအလံတော်ကို လွှတ်တင်နိုင်ခဲ့သည်။

မြန်မာ့ လွတ်လပ်ရေးအတွက် အကူအညီတောင်းခံရန် တရုတ်ပြည် အမွိုင်မြို့သို့ မထွက်ခွာမီ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ဖျက်ခဲ့သည့်လမ်း၊ အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်းနှစ်သက်သည့် အစားအသောက်များ ရှိခဲ့ရာလမ်း၊ မြန်မာနိုင်ငံမှ လူတန်းစားအလွှာအသီးသီး တတန်းစားတည်း ထိုင်ခဲ့ဖူးသည့်လမ်း။

ယခုအခါတွင်မူ အရက်တန်းအဖြစ်နာမည်ကျော်ကြားနေသည့် ထိုတရုတ်တန်း၊ ၁၉ လမ်းသည် ကမ္ဘာလှည့်ခရီးသည်များအတွက် အလည်အပတ် နေရာသစ်တစ်ခုအဖြစ် ပိုမိုစည်ကားလာလိမ့်ဦးမည်လော ဆိုသည်ကိုတော့ စောင့်ကြည့်ကြရပါဦးမည်။

ညသန်းခေါင်ကျော် နံနက် ၁နာရီဝန်းကျင်တွင် ပြောလက်စ စကားမပြတ်သူတချို့၊ စားပွဲဝိုင်းသိမ်းဆည်းနေသူတချို့၊ တံမြက်စည်းလှည်းကျင်းနေသူတချို့၊ ပိုက်ဆံရေတွက်နေသူတချို့ဖြင့် တစ်နေ့တာ၏ ၁၉လမ်းကန့်လန့်ကာကို ပိတ်သိမ်းလိုက်ပါပြီ။

တစ်ယောက်ယောက်ကျန်ခဲ့ပုံရသည့် Angry Bird ပုံစံ မိုးပျံပူပေါင်းလေးတစ်လုံးသာ ဓာတ်တိုင်ထိပ်ဓာတ်ကြိုးများကြား ငြိတွယ်လျက်. . .။ ။

## အမှန်ကို လက်ခံနိုင်တဲ့ အခြေအနေမျိုးရောက်အောင်



**ဓမ္မ**

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



စိတ်ရှင်းနေတဲ့အချိန် စိတ်ငြိမ်းချမ်းနေတဲ့ အချိန်မျိုးမှာ ဘဝနဲ့ ပတ်သက်တဲ့ လေးနက်တဲ့ အသိအမြင်မျိုးကိုရတယ်။ အဲသလို စိတ်မျိုးဖြစ်တဲ့အခါမှာ စိတ်က ရှင်းရှင်းလင်းလင်းမြင်ပြီးတော့ ယူနိုင်တဲ့ လက်ခံနိုင်တဲ့ အရည်အသွေး (receptivity)လည်း တော်တော်မြင့်မားနေတယ်။ သာမန်အချိန်မှာ စိတ်က ရှုပ်နေတော့ ကိုယ့်ဘဝမှာ ဖြစ်နေတာတွေရဲ့ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ဘူး။ စိတ်အေးချမ်းနေတဲ့အချိန်မျိုးမှာ အတ္တတို့ မာနတို့လည်းမရှိဘူး။ ပူပင်သောကလည်း မရှိဘူး။ အဲသလိုအခါမျိုးမှာ စိတ်က ပိုပြီးတော့ သိနိုင်မြင်နိုင် လက်ခံ နိုင်တယ်။ ဒါကြောင့် စိတ်အေးချမ်းပြီးတော့ အမှန်ကိုတကယ်ရိုးရိုးသားသားလက်ခံနိုင်တဲ့အခြေအနေမျိုးရောက်အောင် ဒီသတိပဋ္ဌာန်ကိုအမြဲတမ်း အားထုတ်နေရတာပဲ။

ကိုယ့်စိတ်ကိုကိုယ် သေသေချာချာ ကြည့်ပြီး အမှန်ကို ရိုးရိုးသားသားသိနေတဲ့လူဟာလိုတဲ့နေရာလေးတွေကို ကြည့်ကြည့်ပြီးပြင်သွားလို့ရတယ်။ အသိဉာဏ်က သူ့ဟာသူပြင်သွားတာပဲ။ အင်မတန်စူးရှတဲ့၊ အင်မတန်ထက်မြက်တဲ့၊ အင်မတန် အင်အားကြီးတဲ့ သတိနဲ့ပညာက ချို့ယွင်းချက်လေးတွေကို သူ့ဟာသူ ပြင်ပြင်ပြီးတော့ သွားတတ်တယ်။ အဲဒီတော့ တဖြည်း ဖြည်းနဲ့ ပိုကောင်းတဲ့ လူတစ်ယောက်ဖြစ်လာတယ်။

ပိုပြီးတော့ စိတ်ထားကောင်းတဲ့သူ၊ ပိုပြီးတော့ ချစ်တတ် ခင်တတ်တဲ့သူ၊ ပိုပြီးတော့ အမှန်တရားကို လိုလားတဲ့သူ၊ ပိုပြီးတော့ ရိုးသားတဲ့သူ၊ ပိုပြီးတော့ လွတ်လပ်တဲ့သူ၊ အဲသလိုလူတစ်ယောက် ဖြစ်လာရမှာပဲ။

ရည်ညွှန်း-မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက၏ 'ဘာကိုတန်ဖိုးထား ရမလဲ'

7DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012

# မလေးရှားက မြန်မာလုပ်သား ခေါ်ယူမှုလျော့

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၉**

မြန်မာအလုပ်သမားများအား မလေးရှားနိုင်ငံမှ အလုပ်ခေါ်ယူမှုမှာ ယခင်ထက် လျော့ကျလာကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှ သတင်းရရှိသည်။

ယခင်က မြန်မာလုပ်သားများသည် Calling Visa အတုတို့နှင့် သွားရောက်ခဲ့မှုတို့ကြောင့် ယခုအခါ မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက Calling Visa မှန်ကန်ကြောင်း တံဆိပ်တုံးထုကာ မှန်ကန်မှု ရှိ၊ မရှိအချိန်ကာလကြာ စစ်ဆေးနေခြင်းကြောင့် မြန်မာလုပ်သားများအစား အခြားနိုင်ငံမှ လုပ်သားများ အစားထိုး အလုပ်ခေါ်လာလျက်ရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့ကပြောသည်။

"အခြားနိုင်ငံသားတွေကျတော့ သုံးရက်လောက်နဲ့ တံဆိပ်တုံးထုပေးတယ်။ မြန်မာလုပ်သားတွေကျတော့ နှစ်လနီးပါးလောက်ကြာတယ်။ အလုပ်ရှင်ဘက်က မြန်မာလုပ်သားခေါ်ဖို့အရမ်းကြာတော့ အခြားနိုင်ငံသားတွေပဲ အစားထိုးခေါ်ကြတော့တယ်"ဟု ကျောက်တံတားမြို့နယ် အခြေစိုက်ပြည်ပအလုပ်အကိုင်အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြောသည်။

ပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုမှ မန်နေဂျာတစ်ဦးကလည်း "မြန်မာလုပ်သားတွေကို မကောင်းတတ်လို့သာ အခုနောက်ပိုင်း ဆက်ခေါ်နေတာ။ မြန်မာတွေကိုခေါ်ဖို့ Calling Visa ကကြာတော့ အခြားနိုင်ငံက နီပေါတို့၊ ဘင်္ဂလားဒေ့ရှ်က လူတွေကို အစားထိုး ခေါ်လာကြတယ်" ဟု ဆိုသည်။

မြန်မာ အလုပ်သမားများ အလုပ်ခေါ်ရာတွင် Calling Visa စစ်ဆေးသည့် အချိန်ကာလကြာမြင့်မှုအပြင် ဘင်္ဂလားဒေ့ရှ်၊ နီပေါနိုင်ငံတို့မှ အေဂျင်စီများက ပေးသည့် ဝန်ဆောင်ခသည် မြန်မာအေဂျင်စီများထက် ပိုရရှိသောကြောင့် အလုပ်နေရာ အစားထိုးခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် အင်ဂျင်နီယာတွဲ့ရ မြန်မာလုပ်သားများကို ကျွမ်းကျင်လုပ်သားအဖြစ် အလုပ်ခေါ်ယူမှု ယခင်ထက်များလာပြီး အဆိုပါလုပ်သားများအနေဖြင့်တစ်လလျှင်လုပ်ခလစာ မြန်မာကျပ်ငွေ ခြောက်သိန်းခန့် ပေး၍ ခေါ်ဆိုကြောင်းရန်ကုန်ဝင်းစတားပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာကိုကျော်ဝင်းက ပြောသည်။

---

## မြန်မာ့ဆော့ဖ်ဝဲလုပ်ငန်း ဖွံ့ ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

**နိုင်ချို**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၁၀**

ဆော့ဖ်ဝဲလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလေးထားလုပ်ဆောင်နိုင်ရန် မြန်မာဆော့ဖ်ဝဲလုပ်ငန်း တိုးတက်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၄ရက် နေ့လည် ၃ နာရီမှ ညနေ ၅နာရီအထိ မြန်မာ အင်ဖိုတက် အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) က ကြီးမှူးကျင်းပသည့် ၎င်းဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အခမဲ့ ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်သည်။

Software Industry အနေဖြင့် နိုင်ငံတွင်းရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများ၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ပြီး လုပ်ငန်းခွင်အတွင်းမှ မန်နေဂျာရာထူးအဆင့်ရှိသူများ ပိုမိုတက်ရောက်သင့်ကြောင်း ဆွေးနွေးပွဲဖြစ်မြောက်ရေးကော်မတီမှ တိုက်တွန်းထားသည်။

## စာ-၅၊ ကျိုက်ထီးရိုးဘုရားဖူးမြင့်တက်လာခြင်းကြောင့် ကင်ပွန်းစခန်းသွားရာလမ်း အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ် မှ

"ကားလမ်းက ဒီဇင်ဘာ ၇ ရက်တည်းက လမ်းကြောစပိတ်တာ။ အသွားရော၊ အပြန်ပါကျပ်တာ။ အဓိကက ဒီနှစ်မှာ ဘုရားဖူးတဲ့လူ အရမ်းများလာတယ်။ ၂၀ ရာခိုင်နှုန်းလောက်တက်လာတယ်။ အခုလို လမ်းပိတ်တာ တစ်နှစ်မှ မကြုံဖူးဘူး။ ဒါပထမဆုံးအကြိမ်ပဲ။ ကျွန်တော်တို့ဆို အပြန်နောက်ကျလို့ ခရီးသည်တွေကို လမ်းကဘုရားတွေမပို့ပေးနိုင်ဘူး" ဟု ရွှေကြေးစည် ဘုရားဖူးပို့ဆောင်ရေးမှ တာဝန်ခံတစ်ဦးဖြစ်သူ ကိုမြင့်မြတ်က ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုနှင့် ခရီးသွားများ၏ အခက်အခဲများအား ကျိုက်ထိုရဲစခန်းသို့ တယ်လီဖုန်းမှတဆင့် ဆက်သွယ်မေးမြန်းရာတွင် ထိုသို့လမ်းပိတ်မှုမှာ တစ်ရက်တည်းသာဖြစ်ကြောင်း၊ ဘုရားဖူးဦးရေများလာ၍ဖြစ်ပြီး မည်သည့်အကြောင်းကြောင့်မှမဟုတ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

## မျက်နှာဖုံး - မြန်မာ့ဆန် နှစ်စဉ်တန်ချိန်ငါးသိန်း အင်ဒိုနီးရှား ဝယ်ယူမည် မှ

မြန်မာဆန် ပြည်ပတင်ပို့ရောင်းချရာတွင် စပါးမျိုးတစ်ခုတည်း မဟုတ်ဘဲ စပါးမျိုးကွဲများပြားခြင်းက ပြဿနာတစ်ခုဖြစ်နေသလို အရည်အသွေးပိုင်း အာမခံချက်မပေးနိုင်ခြင်းကြောင့်လည်း အခက်အခဲဖြစ်နေကြောင်း၊ လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်တွင် အိန္ဒိယဆန်နှင့် မြန်မာဆန်မှာ ဈေးနှုန်းများစွာ ကွာဟမှုမရှိသော်လည်း ဝယ်ယူသူများအနေဖြင့် အရည်အသွေးပိုမိုကောင်းမွန်သော အိန္ဒိယဆန်ကို ဝယ်ယူနေကြကြောင်း ဒေါက်တာစိုးထွန်းက ဆိုသည်။

ဆန်စပါးအသင်းအဖွဲ့များနှင့် ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ဆန်၊ ပဲ လိုအပ်ချက်အပေါ် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်ကို လိုက်၍ ပြည်တွင်းတွင် ဆန်၊ ပဲတို့ကို လိုအပ်သလို တိုးချဲ့စိုက်ပျိုးရန် အကြံပြုတွန်းအားပေးတာမျိုး လုပ်သင့်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အကြံပြုသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာကဲ့သို့ သွင်းအားစုများ၊ ငွေကြေးအရင်းအနှီးများကို နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်းမှ ပိုမိုကူညီထောက်ပံ့ပေးနိုင်ရန် လိုအပ်နေသေးကြောင်း ဒေါက်တာစိုးထွန်းက ပြောသည်။

ပြည်ပသို့ ဆန်တင်ပို့မှုတိုးလာပြီး ယခုနှစ်တွင် ဆန်တန်ချိန် တစ်သန်းတင်ပို့နိုင်ရန် အလားအလာကောင်းနေကြောင်း သတင်းရရှိသည်။

အင်ဒိုနီးရှားမှ တစ်နှစ်ဆန်တန်ချိန် ငါးသိန်းဝယ်ယူမည်ဆိုသော်လည်း ပြည်တွင်းဆန်ဈေးကွက် များစွာပြောင်းလဲဖွယ် မရှိသေးကြောင်း၊ MOU ထိုးဖို့ညှိနှိုင်းဆဲအဆင့်သာရှိသေးပြီး ရောင်းမည့်ဆန်အတွက် ထပ်မံညှိနှိုင်းရဦးမည်ဖြစ်ကြောင်း၊ ဆန်အမှန်တကယ်ရောင်းချမည်ဆိုလျှင် ကန်ထရိုက်မှ ပြည်တွင်းပြည်ပ ဆန်ဈေးကွက်ကို ရောင်းချလိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဦးအောင်သန်းဦးက ပြောသည်။




## စာ-၃၊ ရခိုင်ကိစ္စသည် မျိုးတုံးသတ်ဖြတ်မှုပြဿနာ မဟုတ်ကြောင်း ဘင်္ဂါလီလူဦးရေတိုးနှုန်း ဥပမာပေး၍ အစိုးရတုံ့ပြန် မှ

"ဒီတော့ Genocide လုပ်တယ်၊ မလုပ်ဘူးဆိုတာ ပြောမယ့်အစားဖြစ်နေတဲ့ကိစ္စကို ဖြေရှင်းသင့်တယ်။ သူတို့က တစ်ဖက်နိုင်ငံက ဝင်လာတာဆိုရင် ဘာမှကန့်ကွက်စရာမရှိပါဘူး"ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရက်တစ်ပါတီမှ နိုင်ငံရေးနှင့် သုတေသနဌာနမှူး ဦးသာအေးကပြောသည်။

**-သတင်းမှတ်တမ်းဇာတ်လမ်းအကျဉ်းတွင်**

*ယခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံအနောက်ပိုင်း၌ ဗုဒ္ဓဘာသာ ရခိုင်များနှင့် လူနည်းစုရိုဟင်ဂျာမွတ်ဆလင်များကြား ပဋိပက္ခများဖြစ်ပွားပြီးနောက် ရိုဟင်ဂျာအများအပြားမှာ ဗုဒ္ဓဘာသာအများစုပါဝင်သော အစိုးရ၏ မောင်းထုတ်မှုကြောင့် နိုင်ငံမှ ထွက်ပြေးကာ ဘင်္ဂလားဒေ့ရှ်သို့ခိုဝင်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်တွင် ရိုဟင်ဂျာဦးရေ ၄၀၀,၀၀၀ ခန့်မှာခက်ခဲပင်ပန်းစွာ နေထိုင်ကြသည်ဟု ဖန်တီးထားသည်။*

*ဆယ်စုနှစ်သုံးစုကြာအောင် ထိုဒုက္ခသည်များသည် မြန်မာမှ ထွက်ပြေးနေကြပြီး ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း ၎င်းတို့ကို တရားမဝင် ရွှေ့ပြောင်းလာသူများအဖြစ်၊ မြန်မာအစိုးရကဲ့သို့ပင် မှတ်ယူထားသည်။ ၎င်းတို့တွင် တရားဥပဒေဆိုင်ရာ ရပိုင်ခွင့်များမရှိ။ သွားစရာနေရာမရှိဟု အယ်ဂျာဇီးယား၏ ရုပ်သံတွင် တင်ဆက်ထားသည်။*

**The Hidden Genocide** *ရုပ်သံသည်၎င်းတို့မွေးဖွားရာဇာတိမြေတွင်နိုင်ငံသားဖြစ်ခွင့်ငြင်းပယ်ခံရသော၊ ထွက်ပြေးလာကြသောသူများ၏ ဇာတ်လမ်းဖြစ်ပါသည်။ မြန်မာအနောက်ပိုင်းမှ ရိုဟင်ဂျာတို့၏ ဇာတ်လမ်းဖြစ်ပြီး ၎င်းတို့၏တည်ရှိနေမှုကို ငြင်းပယ်ခံထားရသည်* ဟု အယ်ဂျာဇီးယားကဖော်ပြထားသည်။

"မျိုးတုံးသတ်ဖြတ်မှုလို့သုံးတာ မီဒီယာအနေနဲ့ တာဝန်ခံရမယ်။ ပကတိအခြေအနေကို သေသေချာချာမသိဘဲ ထုတ်လွှင့်တာ သဘာဝမကျဘူး။ မောင်တောမှာဆို အရမ်းသိသာတယ်။ ရခိုင်က ၁၀ ရာခိုင်နှုန်းပဲရှိတယ်။ လက်ရှိအခြေအနေမှန်ကိုသိရင် သူတို့ဒီလိုမသုံးသင့်ဘူး" ဟု ရခိုင်အမျိုးသားကွန်ရက်ဒုဥက္ကဋ္ဌ ဦးကျော်ဝင်းချေကဆိုသည်။

ပြည်ထောင်စုဝန်ကြီးက အယ်လ်ဂျာဇီးရား၏ ထုတ်လွှင့်မှုကို မူတည်၍ လိုအပ်ပါက ချေပသွားမည်ဖြစ်ပြီး မလိုအပ်လျှင် အချိန်ကုန်ခံပြီး ချေပသွားမည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

## မျက်နှာဖုံး-ဧရာဝတီမြစ်လယ်ပိုင်းတွင် ရေထိန်းတံခါးများ တည်ဆောက်ရေး ပြည်ထောင်စုအဆင့် ဆွေးနွေးမည် မှ

ရေထိန်းတံခါးများ တည်ဆောက်ခြင်းအားဖြင့် မြစ်ကြောင်းတစ်လျှောက်တွင် တစ်နှစ်ပတ်လုံးရေအမြင့် ပေ ၂၀ အထိ ထိန်းထားနိုင်ပြီး အဆိုပါ ရေထိန်းတံခါးများမှလည်း ရေအားလျှပ်စစ်ထုတ်ယူနိုင်ကာ ဒေသခံပြည်သူများအား ပေးဝေနိုင်မည်ဟု ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အကျိုးကျေးဇူးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရေအားလျှပ်စစ်ရရှိရေးအတွက် ရေထိန်းတံခါးများတွင် တာဘိုင် ၆ လုံးမှ ၈ လုံးအထိ တပ်ဆင်နိုင်ပြီး မဂ္ဂါဝပ် ၁၈၀ မှ ၂၄၀ အထိ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်ဟု ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးကပြောသည်။

အဆိုပါစီမံကိန်းအတွက် ဘယ်လ်ဂျီယံနိုင်ငံက ကူညီမည်ဖြစ်ပြီး ကုန်ကျစရိတ်အတွက် ယခုအချိန်အထိ မည်သည့်နိုင်ငံက ကူညီမည်ဆိုသည်ကို အတိအကျမရှိသေးကြောင်း ယင်းကပြောသည်။

ရေထိန်းတံခါးများက မြစ်ရေအမြင့်ကို ထိန်းထားပေးသောကြောင့် မြစ်ကြောင်းသွားလာရေးတွင် အဆင်ပြေစေပြီး နွေရာသီ၌ ရေချိုလျော့နည်းမှုကို သက်သာစေခြင်းနှင့် မိုးရာသီ၌ မြစ်ရေကြီးခြင်းကိုလည်း ကာကွယ်နိုင်မည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်းနိုင်တီယမ်းက ဆိုသည်။

"သတိထားရမယ့်အချက်က ရေကြီးကာလမှာ ရေလျှံရေိယာ သတ်မှတ်ပေးဖို့ဆိုတဲ့ဟာလေး လိုပါတယ်"ဟု ဒေါ်နိုင်တီယမ်းက ဖြစ်လာမည့် ဆိုးကျိုးအပေါ် ကြိုတင်၍ သုံးသပ်သတိပေးသည်။

ရေထိန်းတံခါးများ တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီး ဆိုးကျိုးအနေဖြင့် သဲနုန်းပို့ချမှုများသောကြောင့် သောင်တူးလုပ်ငန်း လိုအပ်ခြင်း၊ သစ်ဖောင်ဝါးဖောင်များ အကန့်အသတ်ဖြင့် ဖြတ်သန်းရခြင်း၊ မိုးတွင်း၌ ရေလျှံပြီးရသော နုံးတင်မြေနုများ ပျောက်ကွယ်နိုင်ခြင်း စသည်တို့ဖြစ်ပေါ်ကြောင်း ဦးထွန်းလွင်ဦး၏ ပြောပြချက်အရ သိရသည်။

Health

7 DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012



## အရွယ်စုံ၊ ကျား၊ မစုံသတိပြုရမည့်

# ကာလသားရောဂါ

ဝတ်ရည်အောင်

**လိင်မှုဆိုင်ရာကိစ္စများတွင် စောင့်စည်းထိန်းသိမ်းမှု နည်းပါးသူများအတွက် လိင်မှုဆိုင်ရာ ကူးစက်ရောဂါများလည်း တဖြည်းဖြည်း များပြားလာသည်။**

**ထိုရောဂါများအနက်မှကာလသားအရွယ်အသက် ၂၀ မှ ၃၅ နှစ်အတွင်း အမျိုးသားများတွင်ဖြစ်ပွားမှုများပြားကြသဖြင့်ကာလသားရောဂါဟုတင်စားခေါ်ကြသည့် အဆိုပါရောဂါသည် ၃၅ နှစ်အတွင်းတွင်သာမဟုတ်ဘဲ ၄၅-၅၀ကျော်အထိပါ ဖြစ်ပွားမှု များပြားနေသည့်ရောဂါလည်းဖြစ်ကြောင်း သိရသည်။**

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ခန့်က ကာလသားရောဂါ ငါးမျိုးခန့်သာ ရှိခဲ့သော်လည်း ယခုအခါ ထို ငါးမျိုးအပါအဝင် ကာလသားရောဂါပေါင်း တစ်နည်းအားဖြင့် လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်ပြန့်ပွားသော ရောဂါပေါင်း ၄၀ ကျော်လာပြီဖြစ်သည်။

အခြားရောဂါများနှင့်မတူ ရောဂါဖြစ်ပွားလျှင် ရောဂါပိုးကူးစက်ခံထားရသူ တစ်ဦးတည်းသာမက လိင်ဆက်ဆံဖက်ကိုပါ ပူးတွဲကုသရသည့် ထိုရောဂါသည် ယခုနောက်ပိုင်းရောဂါပိုးကူးစက်ခံထားရသူမှတစ်ဆင့် သူတို့၏ မိသားစု၊ အိမ်ထောင်ဖက်များဆီသို့ ကူးစက်မှုများအပေါ် ကုသ၍မရသည့် ဖြစ်ရပ်များလည်း များပြားလာကြောင်း ကာလသားရောဂါ အထူးကုဆရာဝန်အ ချို့ကပြောသည်။

"အရင်တုန်းကတော့ဖောက်သည်တွေမှာ ကာလသားရောဂါ ဖြစ်နေလို့ ဘယ်လိုငြင်းရမလဲဆိုတဲ့ ပြဿနာတွေတော့ ခဏခဏကြားခဲ့ရတယ်။ အခုနောက်ပိုင်းတော့အဲဒီလိုပြဿနာမျိုးတွေကြားတာ နည်းသွားတယ်။ ဒါပေမဲ့ အိမ်ထောင်ရှင်တွေကြား၊ သမီးရည်းစားတွေကြားမှာ ကာလသားရောဂါ ကူးစက်တာကတော့ ကြားတာများလာတယ်။ မေးမြန်းတာတွေလည်း များလာတယ်" ဟု အမျိုးသမီးလိင်လုပ်သားများ ကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရောဂါပိုးအမျိုးမျိုးရှိကြသော်လည်း ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုး၊ ကပ်ပါးမှိုပိုး၊ ပါရာဆိုက်ကပ်ပါးပိုးနှင့် ပရိုတိုဇွားပိုးကြောင့် ဟူ၍ အုပ်စုများ ခွဲခြားထားပြီး ထိုပိုးများအနက် ကြောက်စရာအကောင်းဆုံးမှာ ဗိုင်းရပ်စ်အမျိုးအစားတွင် ပါဝင်သော ပိုးများကြောင့်ဖြစ်သည့် ခုခံအားကျဆင်းမှုရောဂါ၊ လိင်အင်္ဂါရေယုန်ရောဂါ၊ လိင်အင်္ဂါကြွက်နို့ရောဂါစသည်တို့မှာ ပျောက်ကင်းအောင် ကုသ၍ မရနိုင်သည့် ရောဂါများဖြစ်ကြောင်း ခုခံအားနှင့် ကာလသားအထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က ပြောသည်။

"နေ့စဉ်လူနာကတော့ များလာတယ်။ အင်တာနက်လိုနေရာတွေကနေ လိင်စိတ်ကိုဖြစ်ပေါ်စေတဲ့ ကြည့်ရှုနိုင်တဲ့ နေရာတွေကလည်း များလာတဲ့အခါ အတုယူပြီး လိင်ပိုင်းဆိုင်ရာကို တွင်တွင်ကျယ်ကျယ်ကျင့်သုံးတာကတော့ ရောဂါကာကွယ်မှုလည်းမရှိရင် နောက်ပိုင်း ဒီ့ထက်လည်း ပိုများလာနိုင်တယ်" ဟု ဒေါက်တာ မျိုးသန့်က ပြောသည်။

**စာ(၁၄)သို့**



## မိမိစားသော ထမင်းလုတ်ကို ရေတွက်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့နိုင်

**မင်နီယာပိုးလစ်၊ ဒီဇင်ဘာ - ၅**

မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု အားနည်းသော ပုဂ္ဂိုလ်များအနေဖြင့် မိမိစားသုံးသော ထမင်းလုတ်ကို ကွန်ပျူတာအကူအညီရယူရေတွက်ခြင်းအားဖြင့် ထိန်းချုပ်နိုင်မှုမြင့်မားသူများကဲ့သို့ တင်းတိမ်မှုရနိုင်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

မိမိဆန္ဒအလျောက် သုတေသနတွင် ပါဝင်သူများအား မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုမြင့်မားသူများနှင့် ထိန်းချုပ်နိုင်မှု နည်းသူများဟူ၍ သုတေသီများက အုပ်စုနှစ်စုခွဲလိုက်သည်။

ယင်းနောက်တွင် သုတေသီများက ၎င်းတို့အစားအစာစားသုံးချိန်တွင် မျိုချသော ထမင်းလုတ်များကို အားကစားသမားများ အသုံးပြုသော အကြိမ်ရေတွက်စက်များဖြင့် ရေတွက်စေခဲ့သည်။

"မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းမြင့်မားသူတွေမှာတော့ ဘာမှမထူးခြားပါဘူး။ အကြောင်းကတော့ သူတို့စားရင်းသောက်ရင်း ဘယ်လောက်ဆိုရင်တင်းတိမ်သလဲဆိုတာ သူတို့ဟာသူတို့သိနေလို့ပဲဖြစ်ပါတယ်"ဟုသုတေသီတစ်ဦးကပြောသည်။ သို့သော် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းနည်းသူများအား အကြိမ်ရေတွက်သော ကိရိယာလေးများ အသုံးပြုခိုင်းသောအခါ အခြားမိမိကိုယ်ကို ထိန်းချုပ်နိုင်သူများကဲ့သို့ပင် အစားအသောက်အပေါ် တင်းတိမ်လာတတ်သည်ဟု Journal of Consumer Research တွင် သုတေသီများက တင်ပြခဲ့သည်။

—Ref: UPI






7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# လူကြီးများ ကလေးငယ်များရှေ့တွင် ဆေးမသောက်သင့်

**နေဘ်တင်ဟမ်၊ ဒီဇင်ဘာ – ၄**

မိဘများနှင့် ကလေးပြုစုစောင့်ရှောက်သူများအနေဖြင့် လမ်းလျှောက်တတ်ခါစ ကလေးငယ်များရှေ့တွင် ဆေးလုံးများ မသောက်သုံးသင့်ကြောင်း ဗြိတိန်နိုင်ငံမှသုတေသီများကအကြံပေးထားသည်။ အကြောင်းမှာကလေးငယ်များက ၎င်းတို့လုပ်သမျှကို အတုယူ လုပ်ဆောင်တတ်ခြင်းကြောင့်ဖြစ်သည်ဟုသုတေသီများက ပြောသည်။

အခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးသူ ဆရာဝန်များသည်သောက်ဆေးများအား လုံခြုံသောနေရာတွင် သိမ်းဆည်းထားရှိရန်နှင့် အခြားအန္တရာယ်ရှိသော အိမ်သုံးပစ္စည်းများကိုကလေးများနှင့်လွတ်ကင်းသော နေရာတွင်ထားရှိရေး မိဘများအားသတိပေးသင့်သည်ဟု နေဘ်တင်ဟမ်တက္ကသိုလ်မှဒေါက်တာအယ်လိဇဘတ်အိုတွန်ကပြောကြားသည်။ ဤသို့ ဆိုလျှင် ကျောင်းနေအရွယ်မတိုင်မီ ကလေးများ အဆိပ်သင့်ခြင်းမှ ရှောင်လွှဲနိုင်မည်ဟု ၎င်းက ဆက် လက်ပြောသည်။

ကလေးငယ်များသည်အရာဝတ္ထုပစ္စည်းများကို ၎င်းတို့ပါးစပ်ထဲထည့်တတ်သည်မှာ သဘာဝပင်ဖြစ်၍ ဆေးဝါးများနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများဖြစ်သော အလှကုန်များနှင့် ဆပ်ပြာကဲ့သို့သော သန့်ရှင်းရေး ပစ္စည်း



များကိုကလေးများ လက်လှမ်းမမီနိုင်သည့်နေရာနှင့် သော့ခတ်နိုင်သည့်ဗီရိုများအတွင်း ထားရှိသင့်သည်ဟု ဗြိတိန်သုတေသီကပြောကြားသည်။

ကလေးပေါင်း ၃ ဒသမ ၉ သန်း၏ အချက်အလက်များကို လေ့လာမှုအရ အသက် ၂ နှစ်နှင့် ၃ နှစ်ကြား ကလေးငယ်များမှာ အခြားအရွယ်များထက် လူကြီးများ၏ ဆေးလုံးများ သောက်မိ၍ အဆိပ်သင့်ခြင်း ဖြစ်နိုင်ခြေ အခြားအရွယ်များထက် ဆယ်ဆပိုများသည်ဟု British Journal of General Practice စာစောင်တွင် သုတေသီများက ရေးသားထားသည်။

—Ref: UPI

# ကောလင်းဆေးရုံကို ဂျပန်အစိုးရ ထောက်ပံ့

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဒီဇင်ဘာ – ၇**

ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရကောလင်းပြည်သူ့ဆေးရုံ၏ ခွဲစိတ်ခန်းနှင့် သားဖွားခန်းတို့အတွက် လိုအပ်သော အထောက်အကူပြု ကိရိယာများနှင့် ဆေးရုံအရေးပေါ် သုံးမီးအားပေးစက်တစ်လုံးတို့အား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လူဦးရေ တစ်သိန်း ၁၄၀,၀၀၀ ကျော်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ထားသော ဆရာဝန် ၇ ဦး၊ သူနာပြု ၁၂ ဦးနှင့် အခြားဝန်ထမ်း ၁၇ ဦးတို့သည် ဆေးကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ မလုံလောက်သော အခြေအနေနှင့် ရင်ဆိုင်နေရသည့်အတွက် အမေရိကန်ဒေါ်လာ ငါးသောင်းရှစ်ထောင်ကျော်(ကျပ်သန်း၅၀၀) နီးပါးအား ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်သံရုံးမှ ထုတ်ပြန်ကြေညာသည်။

ကောလင်းပြည်သူ့ဆေးရုံသည် ယင်းမြို့နယ်ရှိ လူနာများသာမက အနီးပတ်ဝန်းကျင်ရှိပင်လည်ဘူးမြို့နယ်နှင့် ဝန်းသိုမြို့နယ်များမှလူနာများပါလာရောက်ကုသနေခြင်းကြောင့် ဆေးရုံ၌ လူနာများနှင့် ပြည့်နှက်လျက်ရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ Mikio NUMATA နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ချိုတို့သည် ယခုလ ၆ ရက်တွင် အထောက်အပံ့ပေးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

# စာ-၁၃၊ အရွယ်စုံ၊ ကျား၊ မစုံသတိပြုရမည့် ကာလသားရောဂါ မှ

ရောဂါကူးစက်နိုင်သည့် နည်းလမ်းများဖြစ်သည့် ရောဂါရှိသူနှင့် လိင်ဆက်ဆံခြင်း၊ ရောဂါရှိသူ၏ သွေး (သို့) သွေးမှပြုလုပ်သော ပစ္စည်းများကို အခြားသူအား ထည့်သွင်းအသုံးပြုကုသခြင်း၊ ရောဂါရှိသူမိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်း၊ မသန့်ရှင်းသော ဆေးထိုးအပ်၊ ခွဲစိတ်ကိရိယာများမှ တစ်ဆင့်ကူးစက်ခြင်းနှင့် တစ်ခါတစ်ရံတွင် အချို့သော ကာလသားရောဂါများသည် ရောဂါရှိသူ၏ အရေပြားပေါ်ရှိ ရောဂါလက္ခဏာများနှင့် ထိတွေ့ရာမှလည်းကောင်း၊ ရောဂါရှိသူ၏ အဝတ်အထည်၊ အသုံးအဆောင်များကို မျှဝေသုံးစွဲရာမှလည်းကောင်းရောဂါကူးစက်သွားနိုင်သော်လည်း ကာလသားရောဂါသည် ထိုနည်းများအနက် လိင်ဆက်ဆံခြင်းမှသာ အဓိက ကူးစက်နိုင်ကြောင်း သိရသည်။

အသက်အရွယ်မရွေး၊ ကျား၊ မ မရွေးဖြစ်ပွားနိုင်သည့် အဆိုပါရောဂါသည် အချို့ကာလသားရောဂါအထူးကု ဆရာဝန်များ၏ အဆိုအရ ဆေးခန်းများသို့ လာရောက်သူများတွင် လူငယ်များထက် ငွေကြေးပြေလည်သည့် လူကြီးပိုင်းများ ပိုမိုများပြားကြောင်း သိရသည်။

ပြည့်တန်ဆာများနှင့် ယင်းတို့၏ လိင်ဆက်ဆံဖက်များ၊ အဝေးပြေးကားမောင်းသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ရွှေ့ပြောင်းလုပ်သားများ၊ မူးယစ်ဆေးထိုးသွင်းသုံးစွဲသူများ၊ အမျိုးသားချင်း လိင်တူဆက်ဆံသူများ၊ ကျောင်းပြင်ပရောက် လူငယ်များ (အထူးသဖြင့် အလုပ်လက်မဲ့လူငယ်များ)မှာရောဂါရလွယ်သူများဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်တွင် ဖော်ပြထားသည်။

ကာလသားရောဂါသည် လိင်ဆက်ဆံမှုများခြင်းကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်သည့်အတွက် ရောဂါဖြစ်ပွားလာပါက တတ်ကျွမ်းနားလည်သည့် ဆရာဝန်များထံ သွားရောက်ကုသရန် စိုးရွံ့ပြီး ကြိတ်ကုသခြင်းကြောင့်လည်းကောင်း၊ တစ်ဦးတည်းကုသခြင်းကြောင့် နောက်တစ်ဦးမှ ပြန့်ပွားကူးစက်ခြင်းတို့ဖြင့် တစ်ဦးမှ တစ်ဦးသို့ ကူးစက်ဖြစ်ပွားလျက်ရှိသည်။

ရောဂါလက္ခဏာအများစုသည် ရောဂါပိုးစတင်ဝင်ရောက်ရာ အဓိကနေရာဖြစ်သော ဆီးလမ်းကြောင်း၊ လိင်အင်္ဂါနှင့် လိင်အင်္ဂါတစ်ဝိုက်တွင်ပေါ်ထွက်နေလေ့ရှိပြီး အချို့ရောဂါများမှာ ရောဂါပိုးဝင်ရောက်ပြီးနောက် ရက်အနည်းငယ်အတွင်းရောဂါလက္ခဏာပေါ်ထွက်ပြီး အချို့မှာ အချိန်ကာလကြာပြီးမှသာ ပေါ်ထွက်တတ်သည်။

အချို့ရောဂါများသည် ပျောက်ကင်းအောင် ကုသနိုင်ပြီး အချို့ရောဂါများမှာမူ ကုသ၍ မရတော့ချေ။

ပျောက်ကင်းအောင် ကုသနိုင်သည့် ရောဂါများတွင် အချို့ရောဂါများမှာ ဆေးကုသမှုနောက်ကျသားပါက နောက်ဆက်တွဲနှလုံးရောဂါ၊ သွက်ချာပါဒရောဂါနှင့် လုံးဝရူးသွပ်သွားသော အဖြစ်များ၊ လိင်အင်္ဂါပုံပျက်သွားခြင်းမှအစ နောက်ပိုင်းတွင် ကင်ဆာရောဂါအဖြစ်သို့ ကူးပြောင်းသွားစေခြင်းများလည်း ရှိသည်။

အမျိုးသမီးများတွင် ဖြစ်ပွားပါက မွေးဖွားလာသည့် ကလေးများ၌ မွေးရာပါ ကာလသားရောဂါများလည်း ပါရှိပြီး မွေးဖွားလာနိုင်သည်။

အရေးကြီးသောကာလသားရောဂါ ၁၅ မျိုးခန့်ရှိပြီး ထိုအထဲမှ လိင်အင်္ဂါရေယုန်ရောဂါ၊ ဆီးပူညောင်းကျရောဂါနှင့် ဆစ်ဖလစ်ရောဂါများမှာ ဖြစ်ပွားမှုများပြီး ယခုနောက်ပိုင်းတွင် ဖြစ်လိုက်၊ ပျောက်သွားလိုက်ဖြစ်လေ့ရှိသည့် ရေယုန်ရောဂါမှာဖြစ်ပွားမှုအများဆုံးဖြစ်နေကြောင်း ဒေါက်တာမျိုးသန့်ကပြောသည်။

ဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်သည့် ရေယုန်ရောဂါသည် ရောဂါပိုးကူးစက်ခံရပြီး ၅ ရက်မှ ၁၀ ရက်ခန့်ကြာသောအခါ လိင်အင်္ဂါတစ်ဝိုက်တွင် ရောဂါလက္ခဏာများပေါ်ထွက်လာသည်။

လိင်အင်္ဂါအနာမထွက်ပေါ်မီ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အနည်းငယ်နုံးချည့်ခြင်းများဖြစ်ပေါ်ကာ လိင်အင်္ဂါနေရာများတွင် အရေပြားနီရဲကာ သားငံရည်အဖုလုံး အုပ်စုလိုက်ထွက်လာသည်။ ထိုအဖုလုံးလေးများ ပေါက်ထွက်အနာဖြစ်ခြင်း၊ အနာဖေး၊ အနာဖတ်များဖုံးနေခြင်း၊ အနာကျက်သွားခြင်းစသည့်အဆင့်များဆက်တိုက်ဖြစ်ပေါ်လာသည်။ ပထမအကြိမ်ဖြစ်ပွားစဉ် နာကျင်ကိုက်ခဲမှု ဝေဒနာ အထိုက်အလျောက် ခံစားရတတ်သည်။

နောက်ပိုင်းထပ်မံဖြစ်ပွားသည့် ရေယုန်ရောဂါများတွင် ခံစားရသောရောဂါလက္ခဏာများမှာ ပထမအကြိမ်ဖြစ်ပွားစဉ်ခံစားရသော ရောဂါလက္ခဏာများကဲ့သို့ ပြင်းထန်ခြင်းမရှိဘဲ လျော့ပါးသွားတတ်ပြီး ထိုရောဂါသည်တစ်ကြိမ်ဖြစ်ပွားဖူးပါက ရောဂါသက်သာသွားပြီးသည့်တိုင် နောင်တွင်လည်း ရောဂါထပ်မံကူးစက်ခံရခြင်းမရှိဘဲနှင့် ထပ်မံဖြစ်ပွားတတ်သည့် ရောဂါဖြစ်သည့်အတွက် ကူးစက်မှုများပြားခြင်းဖြစ်သည်။


လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုပေးနိုင်သည့် ဗီဒီယို၊ ရုပ်ပုံများ ကြည့်ရှုနိုင်သည့် မီဒီယာများ များပြားလာခြင်းနှင့် စောင့်ထိန်းရမည့် ယဉ်ကျေးမှုများ ပြောင်းလဲလာခြင်းတို့ကြောင့် လိင်မှတစ်ဆင့် ကူးစက်ရောဂါ ဖြစ်ပွားမှုများပြားလာနိုင်ကြောင်း ခန့်မှန်းပြောဆိုသည်များလည်းရှိသည်။

ရောဂါဖြစ်ပွားသူများတွင် ကူးစက်နိုင်သည့်အခြေအနေကို သိသော်လည်း လိုက်နာမှုမရှိခြင်းများကြောင့် ရောဂါဖြစ်ပွားနေကြပြီး ထိုကဲ့သို့လိင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသည့် ရောဂါများ လျော့နည်းလာစေရန် လူတိုင်းလူတိုင်း ကွန်ဒုံးကိုကျန်းမာရေးပစ္စည်းတစ်ခုအဖြစ် လက်ခံလာနိုင်မည်ဆိုပါက အတိုင်းအတာတစ်ခုအထိ ရောဂါဖြစ်ပွားကူးစက်မှုများ လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါကုသရေး လုပ်ငန်းဆောင်ရွက်နေသည့် ကျွမ်းကျင်သူများ ကပြောကြားသည်။

ရောဂါဖြစ်ပွားလာပါက မိမိသာမက မိမိအဖော်လည်း အတူတကွ ကုသမှုခံယူရမည့်ရောဂါများဖြစ်ခြင်းကို သိရှိလိုက်နာရန် အထူးလိုအပ်သည့် ရောဂါဖြစ်သည်။


အောင်ဇေယျာပင်း(တိုင်းရင်းအထူးကုဆေးခန်း)
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု
No.68, ၁၂လမ်း(အလယ်ဘလောက်) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

အရေပြားရောဂါကြောင့် စိတ်အားငယ်ရန်မလိုတော့ပါ။
Excimer Package
25% Off
1 – 31 December

KEMBANGAN Group Of Medical Centres
Kembangan Group of Medical Centres

Regional

7 DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012

# ကမ်းပြိုမှု၍ နေအိမ်ဆုံးရှုံးသွားသူများ ပြန်ဆောက်ရန် မြေနေရာမရှိဘဲဖြစ်နေ

မောင်တာ

**မန္တလေး၊ဒီဇင်ဘာ-၈**

ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ ဖြိုဖျက်ထားရသည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဖိုးလှကုန်းကျေးရွာအုပ်စု ညောင်ပင်သာရွာမှ ဒေသခံနေအိမ် ၈၀ မှာ ပြန်လည်ဆောက်လုပ်ရန် မြေနေရာမရှိသောကြောင့် နေထိုင်ရေးအတွက် အခက်အခဲဖြစ်နေကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

ညောင်ပင်သာ ရွာသည် ၂၀၁၀ ပြည့်နှစ်မှစ၍ မြစ်ရေတိုက်စားမှုများကြောင့် ကျေးရွာမြေနေရာများ ဆုံးရှုံးနေရကာ နေအိမ်များဖြိုဖျက်ခဲ့ရကြောင်း၊ ၂ နှစ်အတွင်း နေအိမ် ၇၈ လုံး ဖြိုဖျက်ခဲ့ရကြောင်း ညောင်ပင်သာရွာမှ ဦးမင်းအောင်ကပြောသည်။

"ရွာက ဓမ္မာရုံမှာ ၂ နှစ်နေခဲ့ရတယ်။ အခု ရွာက အလယ်တန်းကျောင်းထဲမှာ ယာယီအိမ်ဆောက်ပြီး နေနေရတယ်။ မြစ်ရေက တိုက်စားတော့ ကမ်းပါးပြိုတာက တစ်နှစ်ပြီးတစ်နှစ် ပိုဆိုးလာတယ်" ဟု နေအိမ်ဖြိုထားရသူ ညောင်ပင်သာရွာသား ဦးစိုးမြင့်က ပြောသည်။

နေအိမ်ဆောက်ရန် မြေနေရာမရှိသော ရွာသူ၊ ရွာသားများအား ကျေးရွာမှ မြေနေရာ လှူသူရှိသော်လည်း စိုက်ပျိုးမြေနေရာဖြစ်သည်ဟုဆိုကာ လှူသောမြေနေရာ၏ ဘေးချင်းဆက်ယာကွက်ပိုင်ရှင်များက ကန့်ကွက်နေ၍ နေအိမ်မဆောက်လုပ်နိုင်ဘဲ ဖြစ်နေရကြောင်း ဒေသခံရွာသားများက ပြောသည်။

"ကျွန်တော်တို့ရွာက အချင်းချင်းမို့ မြေနေရာလှူတာ။ တခြားရွာက ကန့်ကွက်နေတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အဲဒါကို ညှိနှိုင်းပေးစေလိုပါတယ်" ဟု ဦးမင်းအောင်က ပြောသည်။

ဒီဇင်ဘာ ၅ ရက်တွင် နေအိမ်ပြန်ဆောက်ရန် မြေနေရာမရှိသော ညောင်ပင်သာရွာသားများအား ပုသိမ်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ကာ နေအိမ်ဆောက်ရန် မြေနေရာများ သတ်မှတ်ပေးခဲ့သော်လည်း အဆိုပါ မြေနေရာမှာ ရေနက်ကွင်းဖြစ်နေ၍ မိုးရွာသီတွင် နေထိုင်၍မရနိုင်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဇွန်လအတွင်းက ဧရာဝတီမြစ်ရေမြင့်တက်ကာ မြစ်ရေတိုက်စားမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မတ္တရာ၊ စဉ့်ကူး၊ အမရပူရ၊ တံတားဦး၊ ငါန်းဇွန်၊ မြင်းခြံ၊ တောင်သာ၊ ညောင်ဦးခရိုင်မြို့နယ်များတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ် ၂၉၆ လုံး၊ လူဦးရေ ၁,၃၅၇ ဦးနှင့် တဲငယ်များ ရွှေ့ပြောင်းပေးခဲ့ရပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က နေအိမ်များပြောင်းရွှေ့ရေးအတွက် ထောက်ပံ့ကြေးငွေ ကျပ် ၃၄၃ ဒသမ ၅၇ သိန်းအားပေးအပ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စာရင်းဇယားများအရ သိရသည်။

လတ်တလောတွင် ဧရာဝတီမြစ်ရေ ကျဆင်းနေပြီး ကမ်းပါးတိုက်စားမှုမရှိကြောင်း ညောင်ပင်သာ ရွာသားများက ပြောကြားသည်။

## PHOTO NEWS



လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သပိတ်စခန်းများအား အကြမ်းဖက်ဖြိုခွင်းမှုကြောင့် ဒဏ်ရာရရှိခဲ့သော သံဃာများကို နိုင်ငံတော်သမ္မတအပါအဝင် အစိုးရအဖွဲ့က ဝန်ချတောင်းပန်ရေးအတွက် မန္တလေးမြို့ရှိ သံဃာတော်အပါး ၅၀၀ ခန့်သည် မန္တလေးအိမ်တော်ရာဘုရားမှ သကျသီဟဘုရားအထိ ဒီဇင်ဘာ ၈ ရက် နေ့လယ် ၂ နာရီခန့်မှ ၂ နာရီ ၄၅ မိနစ်ခန့်အထိ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ဒဏ်ရာရသံဃာများအား ကျေနပ်အောင်မတောင်းပန်ပါက ဒီဇင်ဘာ ၁၂ ရက်တွင် ဆန္ဒဖော်ထုတ်မှု ဆက်လက်ပြုလုပ်သွားမည်ဟု ဆန္ဒပြသံဃာများက မိန့်ကြားသည်။ **ဓာတ်ပုံ၊ သတင်း– မောင်တာ**

# မန္တလေးတိုင်း လွှတ်တော် အစည်းအဝေးများ ဒီဇင်ဘာ ၂၆တွင်ပြန်လည်ကျင်းပမည်

မောင်တာ

**မန္တလေး၊ဒီဇင်ဘာ-၈**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးများကို ဒီဇင်ဘာ ၂၆ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီဇင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ လွှတ်တော်သို့သတင်းပေးပို့ရန် အကြောင်းကြားစာများပေးပို့ထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ယခုကျင်းပမည့်လွှတ်တော်အစည်းအဝေးတွင် ဖြည့်စွက်ဘတ်ဂျက်အတွက် အဓိကထားခေါ်ယူခြင်းဖြစ်သဖြင့် အဆို၊ မေးခွန်း၊ ဥပဒေကြမ်းများ တင်သွင်းမေးမြန်းမှုနည်းပါးနိုင်ပြီး လွှတ်တော်ကျင်းပရက်လည်း ကြာမြင့်ဖွယ်မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

"အဆိုတင်ဖို့ စီစဉ်ထားတာမရှိသေးဘူး။ ဆည်မြောင်းကိစ္စနဲ့ သက်ဆိုင်တာလေးတွေတော့ မေးခွန်းမေးဖို့ရှိတယ်။ ဖြည့်စွက်ဘတ်ဂျက်အတွက်အဓိကခေါ်တာဆိုတော့ အဆိုတင်တာတို့၊ ဥပဒေကြမ်းပြုတာတို့တော့နည်းမယ်ထင်တယ်"ဟု ပျော်ဘွယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦးက ပြောသည်။

အဆို၊ မေးခွန်းများအပေါ် မူတည်၍ ယခုကျင်းပမည့်လွှတ်တော်အစည်းအဝေးမှာ ၅ ရက်မှ ၇ ရက်ခန့်အထိသာ ကြာမြင့်နိုင်ဖွယ်ရှိကြောင်း ချမ်းအေးသာစံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာက ပြောသည်။ ၎င်းအနေဖြင့် အဆိုတစ်ခု၊ မေးခွန်းနှစ်ခုခန့် မေးမြန်းမည်ဖြစ်ကြောင်း ပြောသည်။

"ကျန်းမာရေးနှင့်ဆိုင်တဲ့ အဆိုတစ်ခုတော့ တင်မယ်။ မပြည့်မစုံနဲ့ ဆေးရုံရောက်လာတဲ့ လူနာတွေအတွက် မပြည့်စုံမှန်းသိရက်နဲ့ ဆေးဖိုးအတင်းတောင်းရတာမျိုး မဖြစ်အောင်ပါ။ ဆေးရုံအတွက် သီးခြားရန်ပုံငွေထားပေးဖို့ တိုက်တွန်းတဲ့အဆိုတင်ဖို့ စီစဉ်ထားတယ်"ဟု ဒေါ်တင်တင်မာက ပြောသည်။

စက်တင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို ၁၂ ခု တင်သွင်း၍ ဆွေးနွေးဆုံးဖြတ်ခြင်း၊ မေးခွန်း ၂၀၀ ကျော် မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့် နည်းဥပဒေတစ်ခုတို့ကို အကြံပြုဆွေးနွေးအတည်ပြု ဆုံးဖြတ်နိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမောင်က ပြောသည်။




# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဆိုင်းဘုတ် ဖျက်ဆီးသူများအားတိုင်ကြား

ရန်နိုင်ကျော်

**မုံရွာ၊ဒီဇင်ဘာ-၈**

စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဆိုင်းဘုတ်အား ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက် တန်ဆောင်မုန်းလပြည့်ညက လူတစ်စုက ဖျက်ဆီးခဲ့သည့်အတွက် စစ်ကိုင်းမြို့ အမှတ်(၁) ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့ပြီး စစ်ကိုင်းမြို့နယ်တရားရုံးသို့ နိုဝင်ဘာ ၃၀ ရက်တွင် ဦးတိုက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းမြို့နယ် တရားရုံးက ရဲတပ်ဖွဲ့စခန်းအား စုံစမ်းစစ်ဆေးပေးရန်နှင့် အဆိုပါအမှုကို ဒီဇင်ဘာ ၁၄ ရက်တွင် ကြားနာစစ်ဆေးရန် ချိန်းဆိုဆင့်ခေါ်ထားကြောင်း သိရသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဆီ သွားတိုင်ပါတယ်။ အုပ်ချုပ်ရေးမှူးကိုယ်တိုင် လိုက်လာပြီး သက်သေတွေ၊ သက်သေခံပစ္စည်းတွေ ခိုင်လုံစွာပြုလုပ်ထားဖို့နဲ့ လွယ်အိတ်၊ ဓား၊ လေးခွတွေကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားဖို့ ပြောခဲ့ပါတယ်။ အခု ပြဿနာတွေကို နောက်နေ့မှ အရေးယူဆောင်ရွက်ပေးမယ်။ နောက်ထပ် ဘာတွေလုပ်သလဲ။ ဘာတွေ ဆက်လုပ်နေတယ်ဆိုတာ စောင့်ကြည့်ပေးပါဆိုပြီး ပြန်သွားတယ်"ဟု ဒေါင်းမကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်စိုက်ထူထားသည့် နေအိမ်ပိုင်ရှင်ဦးခင်မှတ်က ပြောသည်။

စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက တန်ဆောင်မုန်းလပြည့်ညများတွင် ယခင်နှစ်များကဲ့သို့ ဆူညံစွာအော်ဟစ်ခြင်း၊ ညစ်ညမ်းရိုင်းပျစွာပြောဆိုဆက်ဆံခြင်းများ မပြုလုပ်ရန် တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် စည်းဝေးဆုံးဖြတ်ချက်များ ချမှတ်၍ ကျေးရွာသားများ လိုက်နာကြရန် အသံချဲ့စက်များဖြင့် နှိုးဆော်ခဲ့သည့်နောက်ပိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဆိုင်းဘုတ် ဖျက်ဆီးခြင်းခံခဲ့ရကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဖရဲစိုက်ခင်းများ ပြည်တွင်းဈေးကွက်သာ ဦးစားပေးရောင်း

**ရန်နိုင်ကျော်**

**မုံရွာ၊ဒီဇင်ဘာ-၈**

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် ရည်ရွယ်စိုက်ပျိုးထုတ်လုပ်ခဲ့သော ဖရဲစိုက်ခင်းများမှာနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဈေးကစားမှုများကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချလျက်ရှိကြောင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာဒေသခံ ဖရဲစိုက်တောင်သူများက ပြောကြားသည်။

"ဖရဲမျိုးစေ့က တရုတ်ကုန်သည်တွေဆီကဝယ်တယ်။ အရင်နှစ်တုန်းက မျိုးစေ့ဝယ်စိုက်ရင် ကုန်သည်ကလယ်ကွင်းအရောက်ဆင်းဝယ်တာ။ အခုနှစ်မှာ ဖရဲသီးသာထွက်ရော ကုန်သည်တွေလာမဝယ်ဘူး။ တောင်သူတွေကိုယ်တိုင် နယ်စပ်ကုန်သွယ်ရေးစခန်းကို သွားရောင်းတော့ သွားတုန်းက တစ်ဈေး၊ ရောက်တော့တစ်ဈေးနဲ့ ဈေးကစားတော့တောင်သူတွေအရှုံးနဲ့ ရင်ဆိုင်ခဲ့ရတယ်"ဟု ငါးယုန်ကျေးရွာ ဖရဲစိုက်တောင်သူ ကိုမိုးဝင်းကပြောသည်။

"ဒီနှစ် ဖရဲစိုက်ခင်းဧက နှစ်ရာဝန်းကျင်တော့ရှိတယ်။ ဒီနှစ်တရုတ်ဖရဲဖြူ အစိုက်များတယ်။ ပြည်ပကဝယ်တာက အစေ့လွတ်ဖရဲကြားကို ကုမ္ပဏီစိုက်ခင်းတွေက ဝယ်တယ်။ တောင်သူတွေရဲ့ ဖရဲသီးတွေက အရည်အသွေး မမီလို့ဆိုပြီး ဈေးနှိမ်သလို ဈေးကစားတာတွေလည်း များတယ်။ ဒါကြောင့်ပြည်တွင်း ဖရဲဈေးကွက်မှာတစ်လုံးနှစ်ရာဆိုလည်းရောင်းနေရတာပဲ" ဟု ငါးယုန်ကျေးရွာ ဖရဲစိုက်တောင်သူ ဦးစံလင်းက ပြောသည်။



ဓာတ်ပုံ - ရန်နိုင်ကျော်

ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာတွင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချသော ဖရဲစိုက်ခင်းများ ဆယ်စုနှစ်တစ်စုနီးပါး စိုက်ပျိုးထုတ်လုပ်ရောင်းချခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ပြည်ပဈေးကွက်မျှော် ဖရဲစိုက်ခင်းများ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရဖူးကြောင်း သိရှိရသည်။

ဖရဲစိုက်ခင်းများကြောင့် ငါးယုန်ကျေးရွာအနီးတစ်ဝိုက် လယ်ယာမြေတစ်ဧကလျှင် မြေငှားရမ်းခ ကျပ်တစ်သိန်းနီးပါးအထိ ရရှိခဲ့သည်။ ငါးယုန်ကျေးရွာ အနီးတစ်ဝိုက်ရှိ မင်းတည်၊ မင်းခေါင်၊ ဇရပ်ကုန်းစသည့် ကျေးရွာများအပြင် ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်၊ မြင်းမူမြို့နယ်တို့တွင် ဖရဲစိုက်ပျိုးသော တောင်သူများ ပိုမိုများပြားပြီး ဖရဲနှင့်အတူ သခွားမွှေးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း သိရသည်။




## ကြက်ပျောက်သည့်ကိစ္စ စကားများရာမှ မိသားစုဝင် သုံးဦးဓားဖြင့် အထိုးခံရ

**ကျော်ဇေယျ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

ကြက်မတစ်ကောင် ပျောက်ဆုံးသည့်ကိစ္စစွပ်စွဲပြောဆိုစကားများရာမှ ရန်ဖြစ်ပြီး ဓားဖြင့်ထိုးရာ မိသားဝင်သုံးဦးစလုံးအထိုးခံရပြီး မိခင်ဖြစ်သူသေဆုံးခဲ့ရသော မှုခင်းတစ်ခု နေပြည်တော် ပျဉ်းမနားတွင် ဒီဇင်ဘာ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်ကောင်စီနယ်မြေဖြစ်သော ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ တပ်ပိုးရွာအရှေ့ဘက်တွင် ဒီဇင်ဘာ ၆ ရက် ည ၈ နာရီခွဲ အချိန်ခန့်က ကြက်မပျောက်ဆုံးမှုနှင့်ပတ်သက်၍ စွပ်စွဲခံရသူအမျိုးသားက မိခင်နှင့်အစ်မဖြစ်သူတို့နှင့် အတူဖြေရှင်းရန် စွပ်စွဲသူမောင်လွင်နှင့် တွေ့ဆုံခဲ့သည်။

ထိုအခါ စွပ်စွဲခံရသူ၏ အစ်မနှင့် အမေတို့က ယင်းကဲ့သို့ မစွပ်စွဲရန် ပြောဆိုစဉ်မောင်လွင်က ၎င်း၏အနွေးထည်အိပ်ကပ်အတွင်း ပါလာသော ချွန်ထက်သည့် အရာဝတ္ထုအားထုတ်ယူကာ ထိုသားအမိသုံးယောက်စလုံးအား ထိုးနှက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ထိုးခြင်းကြောင့် စွပ်စွဲခံရသူ၏ မိခင်ဖြစ်သူမှာ လည်ပင်းဓားထိကာ သေဆုံးခဲ့ပြီးမောင်နှမနှစ်ယောက်စလုံးမှာလည်း ဓားဒဏ်ရာများရှိခဲ့သည်။

သို့ဖြစ်၍ ချွန်ထက်သောအရာဖြင့် ထိုးသွင်းစေကာ ဒဏ်ရာရရှိ၊ သေဆုံးအောင်ပြုလုပ်သူ မောင်လွင်အား အရေးယူပေးပါရန် တိုင်တန်းမှုကြောင့်နေပြည်တော်ပျဉ်းမနားရဲစခန်းက ဥပဒေပုဒ်မ ၃၂၆/၃၀၂ အရ မောင်လွင်အား အမှုဖွင့်အရေးယူဖမ်းဆီးထားကြောင်း သိရသည်။

## စစ်ကိုင်းမြို့နယ်အတွင်းရှိ ချို့တဲ့သူများအတွက် မြွေဆိပ်ဖြေဆေး အခမဲ့လှူဒါန်း

**ရန်နိုင်ကျော်**

**မုံရွာ၊ဒီဇင်ဘာ-၈**

စစ်ကိုင်းမြို့နယ်အတွင်း မြွေကိုက်ခံရသော လူနာများအတွက် ငွေကြေးချို့တဲ့သူများကို အခမဲ့ဆေးဝါးကူညီပေးနိုင်ရန်အတွက် စစ်ကိုင်းမြို့ သုခကာရီလူမှုကူညီရေးအသင်းမှ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ မြွေဆိပ်ဖြေဆေးအလုံး ၄၀ အား နိုဝင်ဘာလအတွင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

"စစ်ကိုင်းဆေးရုံကြီးမှာ မြွေဆိပ်ဖြေဆေးက အခက်အခဲရှိတယ်။ ငွေကြေးချို့တဲ့သူတွေ မြွေဆိပ်ဖြေဆေးအခက်အခဲကြောင့် အသက်ဆုံးရှုံးရတာရှိတယ်။ အခုလောလောဆယ်မြွေဆိပ်ဖြေဆေးအလုံး ၄၀ ထောက်ပံ့လှူဒါန်းပေးထားတယ်။ ငွေကြေးချို့တဲ့သူအတွက် အခမဲ့လှူဒါန်းမှာပါ။ ငွေကြေးပြည့်စုံသူတွေအတွက် မြွေဆိပ်ဖြေဆေးအလုံး ၄၀ မတည်ထားတာမလျော့အောင်ပြန်လည်လှူဒါန်းပေးတဲ့စနစ်နဲ့ကူညီသွားပါမယ်"ဟု သုခကာရီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်ကပြောသည်။

စစ်ကိုင်းမြို့နယ်အတွင်း ခြံလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကျေးရွာများတွင် လုပ်ငန်းခွင်၌ မြွေကိုက်ခံရမှုများရှိခဲ့ပြီး စစ်ကိုင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသမှုခံယူရာတွင် မြွေဆိပ်ဖြေဆေးအခက်အခဲမရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

မြွေဆိပ်ဖြေဆေး ထောက်ပံ့လှူဒါန်းရာတွင် ငွေကြေးချို့တဲ့သူများအနေဖြင့် သုခကာရီလူမှုကူညီရေးအသင်းသို့ဆက်သွယ်ပါက အခမဲ့ကုသမှုခံယူနိုင်ရန် လှူဒါန်းသွားမည်ဖြစ်ပြီး ငွေကြေးပြည့်စုံသူများအနေဖြင့် ဆေးတန်ဖိုးဖြစ်စေ၊ အလှူငွေ ထည့်ဝင်ခြင်းဖြင့်ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မြွေဆိပ်ဖြေဆေး တစ်လုံးလျှင် ပြင်ပပေါက်ဈေး ကျပ်တစ်သောင်းခုနစ်ထောင်ဝန်းကျင်ရှိပြီး အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးအလုံး ၄၀ အား မတည်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ၁၂၇ နှစ်မြောက် ပါတော်မူနေ့အခမ်းအနားများ ရန်ကုန်နှင့် မန္တလေးတွင် ကျင်းပ

**ခန့်ထက်၊ ဖွဲ့ညက်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၆**

ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါဘုရင် ပါတော်မူသည့် (၁၂၇) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး လွန်ခဲ့သည့် ၁၉၈၅ ခုနှစ်က နှစ် (၁၀၀) ပြည့် အခမ်းအနားကို မြတောင်ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သီပေါမင်းနှင့် စုဘုရားလတ်တို့တည်ထားခဲ့သော မန္တလေးမြို့ ရှိမာန်အောင်ရတနာ စေတီတော်တွင် သံဃာ ၁၀ ပါးအား အနွယ်တော်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ညပိုင်း၌ ဆီမီးပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း အနွယ်တော်အချို့၏ ပြောကြားချက်အရ သိရသည်။

နောင်နှစ်များတွင်လည်း မန္တလေးမြို့၌ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သီပေါမင်း၏မြစ်တော်ဦးစိုးဝင်းက ပြောကြားသည်။



*စုဘုရားလတ်အုတ်ဂူတွင် ဆီမီးပူဇော်နေသည့် အနွယ်တော်တစ်ဦး*

ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

ရန်ကုန်မြို့တွင်မူ နှစ်စဉ်နှစ်တိုင်း ပြုလုပ်မြဲဖြစ်သော ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မိဖုရားခေါင်ကြီးစုဘုရားလတ်အုတ်ဂူတွင် အနွယ်တော်များက ထုံးဖြူသုတ်ခြင်း၊ ဆီမီးထွန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပါတော်မူနေ့ အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်နှင့် မန္တလေးတွင်ပြုလုပ်ရခြင်းအပေါ် "မန္တလေးမှာ လုပ်ရတာ ပိုပြီး စိတ်အားထက်သန်တယ်"ဟု သီပေါမင်း၏ တီတော်စပ်သူ ကိုကျော်သီဟက ပြောသည်။

ထို့အပြင် အိန္ဒိယနိုင်ငံတွင်ရှိသော သီပေါမင်း၏ အရိုးအိုးနှင့် ရန်ကုန်တွင်ရှိသော စုဘုရားလတ်၏ အရိုးအိုး အပါအဝင် တော်ဝင်မိသားစုအား မန္တလေးနန်းတွင်း၌ အတူတကွမြှုပ်နှံရန် အနွယ်တော်များက ဆန္ဒရှိကြောင်း မြစ်တော်ဦးစိုးဝင်းက ပြောသည်။

သီပေါမင်း၏ အရိုးအိုးအား အိန္ဒိယနိုင်ငံမှ ပြန်သယ်ဆောင်ရန်အတွက် သမိုင်းစာရေး ဆရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ(ထားဝယ်)က လွှတ်တော်တွင် အဆိုတင်သွင်းခဲ့သော်လည်း ဆွေးနွေးသည့်အဆင့်မရောက်သေးကြောင်းသတင်းရရှိသည်။

သီပေါမင်းနှင့် စုဘုရားလတ်တို့အား ဗြိတိသျှအစိုးရက အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ၁၈၈၅ခုနှစ် နိုဝင်ဘာ ၂၉ ရက်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

## မောင်တောမြို့တွင် ယခင်အချိန်အတိုင်း ပုဒ်မ(၁၄၄) ဆက်လက်ထားရှိ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ - ၉**


ဇွန်လ ၈ ရက်မှ နှစ်လတစ်ကြိမ် ထုတ်ပြန်ထားသည့် မောင်တောမြို့ ညမထွက်ရအမိန့်မှာ ဒီဇင်ဘာလ ၈ ရက်တွင်ခြောက်လပြည့်မြောက်ပြီဖြစ်သောကြောင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ထားသည့်အမိန့်အတိုင်းဆက်လက်ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ခဲ့သည့် ညမထွက်ရအမိန့်မှာ ည ၁၀ နာရီမှ နံနက် ၄ နာရီအချိန်အထိဖြစ်သောကြောင့် ယခု ဒီဇင်ဘာ ၈ ရက် ထုတ်ပြန်သည့် အမိန့်မှာလည်း ည ၁၀ နာရီမှ နံနက် ၄ နာရီအထိဖြစ်သည်။

"လုံခြုံမှုအခြေအနေအရ အခုလို အချိန်ကန့်သတ်ထားတာ ကောင်းပါတယ်။ လုံးဝလွှတ်ပေးလိုက်တာတော့ ကျွန်တော်တို့ မောင်တောဒေသအတွက် မကောင်းပါဘူး။ ညဆယ်နာရီဆိုရင် လူတွေလည်း အသွားအလာမရှိကြပါဘူး။ နံနက်ကိုလည်း လေးနာရီထိဆိုတော့ အရုဏ်ကားထွက်ရတာလည်း အဆင်ပြေပါတယ်"ဟု မြို့ခံတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ်ဇွန် ၈ ရက်က မောင်တောမြို့တွင်ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ(၁၄၄)ကို ညနေ ၆ နာရီမှ နံနက် ၆ နာရီထိ ထုတ်ပြန်ထားခဲ့ရာ နှစ်လပြည့်မြောက်သည့် ဩဂုတ်လ ၈ ရက်တွင် ည ၇ နာရီမှ နံနက် ၅ နာရီသို့ အချိန်လျှော့ချပေးခဲ့ပြီး လေးလပြည့်မြောက်သည့် အောက်တိုဘာ ၈ ရက်တွင်ည ၁၀ နာရီမှ နံနက် ၄ နာရီထိ အချိန်လျှော့ချထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# တိမ်ကောနေသော စတည်းချောင်းအား စက်ယန္တရားများဖြင့် ပြန်လည်ဆည်ယူ

**ရန်နိုင်ကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**



*တိမ်ကောလာသော စတည်းချောင်းအား ရှင်းလင်းဆောင်ရွက်စဉ်* ဓာတ်ပုံ - ရန်နိုင်ကျော်

မုံရွာမြို့နယ် အိုးဘိုထောင်အင်းအတွင်း စီးဆင်းသည့် စတည်းချောင်းသည် ၁၉၉၅ ခုနှစ်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ရေလှောင်ကန်ဖြစ်စေရန် ချောင်းပိတ်ဆည်အဖြစ် ဆောင်ရွက်ခဲ့သည့်နောက်ပိုင်း တိမ်ကောလာသဖြင့် ယခုနှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် အဆိုပါချောင်းအား ပြန်လည် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စတည်းချောင်းကို ပိတ်ပြီး ဆည်ရေဝင်ဧရိယာအဖြစ် သတ်မှတ်လိုက်တဲ့နောက်ပိုင်း ချောင်းက တိမ်ကောသွားပြီ။ ချောင်းတိမ်ကောလာတာနဲ့အမျှ ချောင်းရေလာပြီဆိုတာနဲ့ စိုက်ခင်းတွေ ရေလွှမ်းတော့တာပဲ။ စတည်းချောင်းရေလျှံလို့ စိုက်ခင်းတွေ ပျက်တာ သုံးနှစ်ရှိပြီ။ စတည်းချောင်းရေကြောင့် ကြက်သွန်၊ ဂျုံ၊ ကုလားပဲ စိုက်ခင်းတွေ ပျက်စီးခဲ့တယ်။ ဒီနှစ် ကုလားပဲစိုက်ခင်း ၆၅ ဧကလောက် ပျက်စီးခဲ့တဲ့နောက်ပိုင်း စတည်းချောင်းကိုပြန်လည်ဆည်ယူတာပါ။ စတည်းချောင်းရေစီးရေလာကောင်းတာနဲ့ စိုက်ခင်းတွေပျက်စီးမှု နည်းသွားမယ်။ စတည်းချောင်း ရေလျှံမှု နည်းအောင် ပြန်လည်တူးဖော်ပေးတဲ့သူတွေကို တောင်သူတွေက ကျေးဇူးတင်နေကြတယ်" ဟု အလုံကျေးရွာအုပ်စု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စတည်းချောင်း ပြန်လည်ဆည်ယူခြင်းအား ရေအရင်းအမြစ်အသုံးချရေးဌာနက စက်ယန္တရားများ ကူညီပြီး ဆည်မြောင်းဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ စက်ယန္တရားများအတွက် စက်သုံးဆီကိုမူ တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ပေးကြောင်း သိရသည်။

# ဘင်္ဂလားဒေ့ရှ် ဒါကာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် မြန်မာ့ထွက်ကုန်များ ပါဝင်ပြသနိုင်

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ - ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် (Export Promotion Bureau)တို့ပူးပေါင်း၍ (၁၈)ကြိမ်မြောက် ဒါကာအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို လာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၃၁ ရက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ထွက်ကုန်များကို ပါဝင်ပြသနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

အဆိုပါ ပြပွဲတွင် အထည်ချုပ်၊ သားရေထွက်ကုန်၊ စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါးထုတ်ကုန်များ၊ လူသုံးကုန်များ၊ အလှကုန်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်နှင့် စာရေးကိရိယာများ အပါအဝင် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ သံရုံးများမှတစ်ဆင့်ဖြစ်စေ၊ မြန်မာနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှတစ်ဆင့်ဖြစ်စေ ပြပွဲကျင်းပရေးကော်မတီသို့ စာရေးပေးသွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့ရသည့် ပို့ကုန်များမှာ ရေထွက်ပစ္စည်းများဖြစ်ပြီး အများဆုံးတင်သွင်းသည့် သွင်းကုန်မှာ ဘိလပ်မြေနှင့် အထည်မျိုးစုံ ဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေး စာရင်းများအရ သိရသည်။

# မူးယစ်ဆေးရောင်းသူများ ကျောက်စိမ်းမော်များတွင် လှည့်လည်ရောင်းနေ

**နိုင်ကြီး(ကသာ)**

**ဖန်းမောက်၊ဒီဇင်ဘာ-၈**

ကချင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းခြင်းမရှိသည့်အတွက် ကျောက်စိမ်းထွက်ရှိရာ ကျောက်စိမ်းမော်များ၌ မူးယစ်ဆေးရောင်းချနေသူများသည် နယ်မြေပြောင်းရွှေ့သည့်အနေဖြင့် ကသာခရိုင်ဖန်းမောက်မြို့နယ်အတွင်း ရွှေမော်များရှိရာသို့ နယ်မြေပြောင်းရွှေ့ရောင်းချလာကြကြောင်း သိရသည်။

ကသာခရိုင် ဖန်းမောက်မြို့နယ်မှ မူးယစ်အထူးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးအရေးယူလျက်ရှိရာ တစ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ ခုနစ်ကြိမ်မျှအထိရှိခဲ့သည်။ သို့သော်လည်း ဖန်းမောက်မြို့နယ်အတွင်း ရွှေမော်များမှာများပြား၍ မူးယစ်ဆေးဝါးရောင်းသူများရှိနေသေးကြောင်း သိရသည်။

မူးယစ်ဆေးသုံးစွဲကြသူများမှာ အများအားဖြင့် ရွှေတွင်းလုပ်သားများနှင့် အလုပ်ကြမ်းသမားများဖြစ်ကြပြီး ၎င်းတို့မှာ မူးယစ်ဆေးအနည်းငယ်ရှူရှိုက်ရုံဖြင့် အေးစက်လှသည့် ရေထဲတွင် အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်နိုင်ကြသည်ဟုဆိုသည်။

ဖန်းမောက်မြို့နယ်ရှိ ရွှေမော်များတွင် နေရာဒေသအသီးသီးမှ အခြေခံလူတန်းစားများသောင်းချီ၍ လာရောက်လုပ်ကိုင်နေကြသဖြင့် ၎င်းတို့အား မူးယစ်ဆေး၏ သားကောင်များမဖြစ်ကြစေရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်သားပြည်သူများ ပူးပေါင်းပါဝင်ဖြို့ခွင်းသင့်ကြောင်း၊ ဖန်းမောက်မြို့နယ် နေရာအနှံ့အပြားရှိရွှေမော်များတွင် အဂတိလိုက်စားမှုမရှိသော မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့များ တိုးမြှင့်ချထားကာ စုံစမ်းစစ်ဆေးဖမ်းဆီးအရေးယူခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရဲဝန်ထမ်းဟောင်းတစ်ဦးက အကြံပြုပြောကြားသည်။

## JOKE

### ကမ္ဘာပျက်ချိန်

ကမ္ဘာပျက်ချိန်ရောက်လာပါက သတင်းမီဒီယာများက မည်သို့သတင်းခေါင်းစီးတပ်ကြမည်နည်း။

USA Today သတင်းစာ - ကျွန်တော်တို့သေပြီ။

The Wall Street ဂျာနယ် - ကမ္ဘာပျက်၍ ဒေါင်ဂျုံးစ်စတော့ဈေးကွက်ထိုးကျ။

PlayBoy မဂ္ဂဇင်း - ကမ္ဘာပျက်ချိန် သမီးပျိုများ။

Microsoft Systems ဂျာနယ် - Apple ဈေးကွက်ရှယ်ယာဆုံးရှုံး။

Victoria Secret ကတ်တလောက် - နောက်ဆုံး ဈေးရောင်းပွဲတော်။

Sports Illustrated အားကစားစာစောင် - ပွဲပြီးပါပြီ။

Wired နည်းပညာဝက်ဘ်ဆိုက် - နောက်ဆုံးပစ္စည်းသစ်။

Rolling Stone ဂီတစာစောင် - သေသည်၏ အခြားမဲ့ ဂီတပွဲ။

Reader's Digest - ဘိုင့်၊ ဘိုင်။

America Online - ခေတ္တခဏ စက်ချို့ယွင်းသွားပါ၍ ၁၅ မိနစ်ကြာလျှင် ပြန်လည်ကြိုးစားကြည့်ပါ။

Inc စီးပွားရေး မဂ္ဂဇင်း - ကမ္ဘာပျက်ချိန် အမြတ်ရနိုင်သော နည်းလမ်း (၁၀) မျိုး

### ပရော်ဖက်ရှင်နယ်

ရှေ့နေတစ်ဦးလမ်းလျှောက်နေသည်။ ထိုစဉ် ကားနှစ်စီးတိုက်မိရာရှေ့နေက အပြေးအလွှားသွားရောက်ပြီး ကားပိုင်ရှင်နှစ်ဦးအား "ကျွန်တော် အကုန်လုံး အစအဆုံးမြင်လိုက်တယ်။ ဘယ်ဘက်ကမဆို ရှေ့နေလိုက်ပေးလို့ရတယ်" ဟု အလျင်စလို ပြောလိုက်ပါသည်။

" အမျိုးသားတစ်ဦးကိုကျန်းမာစေခြင်းဖြင့် မိသားစုတစ်ခုလုံးချမ်းသာသုခဖြစ်စေနိုင်သည်။ "

" နောက်ဆုံးပေါ်အဆင့်မြင့်စက်ကိရိယာများဖြင့် အမျိုးသားရောဂါအမျိုးမျိုးနှင့်လိင်ပိုင်းဆိုင်ရာရောဂါများကိုကုသပေးသည်။ "



ဆေးခန်းဖွင့်ချိန် - နံနက် (၈း၀၀) မှ ည (၈း၀၀) အထိ၊ ပိတ်ရက်မရှိ

APOLLO Medical Service Center Contact: ✆ 01-2301171,09-421155967

# ပြည်ပအလုပ်အကိုင်အေဂျင်စီများပေါင်း၍ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ဖွဲ့စည်းသင့်ဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၉**

ပြည်ပအလုပ်အကိုင် အေဂျင်စီငါးခုခန့်ပေါင်း၍ လူ ၃၀ ဦးအထက်ပါဝင်သော အခြေခံအလုပ်ရှင် အဖွဲ့အစည်း ဖွဲ့စည်းသင့်ကြောင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

အေဂျင်စီများ အလုပ်သမားစေလွှတ်ရာတွင် စာချုပ်ပါအချက်များ ကွဲလွဲမှုမျိုးအပါအဝင် ဆေးစစ်၍ ဆေးကျရသည့်အခါနေရပ်သို့ပြန်လာခဲ့၍ အေဂျင်စီများအား အလုပ်သမားများဘက်မှ လျော်ကြေးအဆမတန် တောင်းခံမှုမျိုးများရှိခဲ့သည်။ ပြည်ပသို့ သွားရောက်သည့် လုပ်သားများသည် အေဂျင်စီအား ဝန်ဆောင်ခ ကျပ်ဆယ်သိန်းခန့် ပေးနေပြီး ၎င်းတို့နစ် နာမှုရှိပါက ကျပ်သိန်း ၃၀ မှ ၅၀ ထိ တိုးတောင်းလေ့ရှိသည်။

"နယ်ကလာတယ်ဆိုပြီး အထင်မသေးနဲ့။ သူတို့ထက် အရင်သွားတဲ့သူတွေက အတွေ့အကြုံတွေရှိတော့ သူတို့မှာ တစ်ခုခုဖြစ်ရင် အေဂျင်စီကို လျော်ကြေးအဆမတန်တောင်းရော။ သူတို့ပေးတဲ့ ဆယ်သိန်းလောက်က အကုန်မရဘူး"ဟုမိုးယံပြည်ပအလုပ်အကိုင် အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထင်ကျော်က ပြောသည်။

ပြည်ပအလုပ်အကိုင် အေဂျင်စီတို့သည် အခြေခံအလုပ်ရှင်အဖွဲ့အစည်း ဖွဲ့စည်းပါက နိုင်ငံတကာ ပြည်ပအလုပ်အကိုင် အေဂျင်စီအလုပ်ရှင် အဖွဲ့အစည်း အချင်းချင်း တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပြီး ငွေကြေးပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာ အကူအညီများ လက်ခံဆောင်ရွက်နိုင်ကြောင်း သက်ဆိုင်ရာက အကြံပြုပြောကြားသည်။

"အခြေခံ အလုပ်ရှင်အဖွဲ့ အစည်းက ဒီအသင်းချုပ်ထက်ပိုပြီး မြင့်တယ်။ အသင်းချုပ်က ဒီနိုင်ငံတွင်းပဲ။ အခြေခံ အလုပ်ရှင်အဖွဲ့ အစည်းက အိုင်အယ်လ်အိုကလည်း အသိအမှတ်ပြုတော့ သူတို့နိုင်ငံတွေမှာ တိုက်ရိုက်ဖြေရှင်းလို့ရတယ်" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများအနေဖြင့်လည်း ၎င်းတို့ အေဂျင်စီမှ လူ ၃၀ စုပေါင်း၍ ပြည်ပအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်ပြီး ပြဿနာတစ်စုံတစ်ရာဖြစ်ပါက အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်မည်ဟု ၎င်းကပြောသည်။

အခြေခံအလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို ၂၀၁၁ ခုနှစ် အလုပ်သမား အဖွဲ့အစည်း ဥပဒေအတိုင်း လူ ၃၀ ဦးနှင့် အထက် ဖွဲ့စည်းနိုင်ပြီး ဥပဒေပါအကြောင်းအရာတိုင်း မိမိတို့အနေဖြင့် ကျေနပ်မှုမရှိပါက စုပေါင်းတောင်းဆို ဆန္ဒဖော်ထုတ်ခွင့်ရှိသည်ဟုဆိုသည်။

# ထိုင်းသို့ အလုပ်သမားလွှတ်ရန် တရားဝင်အေဂျင်စီများ သတ်မှတ်လိုက်၍ နယ်စပ်မှပွဲစားများ ဝန်ကြီးဌာနသို့ ကန့်ကွက်စာပို့

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

ထိုင်းနိုင်ငံသို့ အလုပ်သမား တရားဝင်စေလွှတ်ခွင့်ရှိသော အေဂျင်စီများ သတ်မှတ်ပြီးနောက် နယ်စပ်ဒေသမှ ပွဲစားများက အလုပ်သမားဝန်ကြီးဌာနသို့ ကန့်ကွက်စာများတင်လျက်ရှိကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနအရာရှိတစ်ဦးက ပြောသည်။

ထိုင်း-မြန်မာ နယ်စပ်ဒေသကြားရှိပွဲစားများသည် ယခင်က ထိုင်းစက်ရုံတို့နှင့်ချိတ်ဆက်၍ လုပ်သားများတရားမဝင်ပို့နေခြင်းဖြစ်သည်။ အစိုးရက အေဂျင်စီများ သတ်မှတ်လိုက်သည့်နောက် ထိုင်းစက်ရုံများက ၎င်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း မရှိတော့သောကြောင့် အလုပ်သမားစေလွှတ်ရန် ခက်ခဲမှုများရှိလာပြီး ယခုကဲ့သို့ ကန့်ကွက်ခြင်းဖြစ်ကြောင်း သိရသည်။ တရားမဝင်ပွဲစားများသည် ပြည်ပအလုပ်အကိုင်အေဂျင်စီလိုင်စင် မရှိသည့်အပြင် ထိုင်းနိုင်ငံသို့ တရားဝင်ပို့ခွင့် လိုင်စင်ပါမရှိသည့်အတွက် ယခုထက် ပိုဆိုးလာပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်မည်ဖြစ်ကြောင်း အထက်ပါအရာရှိက ပြောသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
MANS SECURITY AGENCY
တွင် တာဝန်ထမ်းဆောင်ရန်
၁။ Security Guard ကျား (၂၀) ဦး
**အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉၇၃၀၆၄၂၉၈**

---

**ဝန်ထမ်းအလိုရှိသည်**
ဗီဒီယိုဇာတ်ကား ရိုက်ကူးရန်အတွက် သရုပ်ဆောင်သစ် ကျား (၅) ဦး၊ မ (၅) ဦး အလိုရှိသည်။
**ဖုန်း - ၀၉-၄၃၁၀၆၅၆၇**

---

**ဝန်ထမ်းအလိုရှိသည်**
အတွင်းရေးမှူး (ဘွဲ့ရ) မ (၁) ဦး
ရုံးအကူ (ကွန်ပျူတာကျွမ်းကျင်) မ (၁) ဦး
**ဖုန်း - ၀၉၄၂၅၂၉၅၅၀**

---

**ဝန်ထမ်းအလိုရှိသည်**
iBiz Service Provider Co.,Ltd
တွင် တာဝန်ထမ်းဆောင်ရန်
Web Developer (6) Posts
Web Designer (1) Post
Office-Marketing Assistant (2) Posts
(၁၅ ရက် ဒီဇင်ဘာ၊ ၂၀၁၂ နောက်ဆုံးလျှောက်ထားရန်)
**ဖုန်း - ၀၁-၆၆၃၆၂၁**

---

**ဝန်ထမ်းအလိုရှိသည်**
The Fingers Food Garden
၁။ အအေးဖျော်ဆရာ ကျွမ်းကျင်
၂။ အချက်အပြုတ် ကျွမ်းကျင် (ထိုင်း၊ တရုတ်၊ ရှမ်းစာ)
၃။ စားပွဲထိုး
၄။ မီးဖိုချောင်အကူ
**ဖုန်း - ၅၃၅၃၅၀**

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ကောက်၊ ညှပ်၊ ဖြောင့်ကျွမ်းကျင်သူ အမျိုးသမီး (၁) ဦး ။ ပြင်ဦးလွင်မြို့
**ဖုန်း - ၀၉-၂၀၄၅၅၅၄၊ ၀၈၅-၂၈၃၉၈**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale & Marketing (furniture) မ (၅) ဦး
၂။ စာရင်းကိုင် မ (၂) ဦး
**ဖုန်း - ၀၉၄၃၂၀၅၀၁၈**

---

**ဝန်ထမ်းအလိုရှိသည်**
Exotic Myanmar Travels & Tours
Accountant (1) Female
Cashier (1) Female
Sales Manager/ Staff (2) M/F
Domastic Ticketing Reservation (2) M/F
Reservation Staff (2) F
နှစ်ပတ်အတွင်း လျှောက်ထားရန်။
**ဖုန်း - ၃၉၂၈၈၆၊ ၃၈၆၅၃၉**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Site Engineer ကျား (၃) ဦး
၂။ လုံခြုံရေးညစောင့် ကျား (၃) ဦး
**ဖုန်း - ၀၉-၄၉၆၀၃၀၉၁**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ လျှပ်စစ်တာဝန်ခံ ကျား (၁) ဦး
၂။ သိုလှောင်ရုံတာဝန်ခံ ကျား (၁) ဦး
(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)
**အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းစစ် ကျား/မ (၃) ဦး
၂။ စာရင်းစစ်လက်ထောက် ကျား/မ (၅) ဦး
**ဖုန်း - ၀၁-၆၅၇၈၃၀၊ ၀၁-၆၅၇၈၃၁**
**အမှတ် ၂ (က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ကိုရီးယား-မြန်မာ စကားပြန် ကျွမ်းကျင် မ(၁) ဦး
ထမင်းချက် ကျွမ်းကျင် မ (၁) ဦး
သန့်ရှင်းရေး ဝန်ထမ်း မ (၁) ဦး
**ဖုန်း - ၀၁-၆၈၄၅၂၁**

---

**ဝန်ထမ်းအလိုရှိသည်**
တက္ကသိုလ်ဟန်မင်းဦး အနုပညာသင်တန်းကျောင်း
ပညာသင်ဝန်ထမ်း မ (၁၀) ဦး
**ဖုန်း - ၂၂၇၁၉၉**
**အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale/Marketing Executive ကျား/မ (၂) ဦး
၂။ Customer Service Manager ကျား/မ (၂) ဦး
၃။ Receptionist ကျား/မ (၂)) ဦး
(၂၂. ၁၂. ၂၀၁၂) နောက်ဆုံးထားလျှောက်ထားရန်။
**ဖုန်း - ၂၁၄၁၄၈**

---

**ဝန်ထမ်းအလိုရှိသည်**
1. Management Employment (10) M
2. Chinese-Myanmar-English Translator (5) M/F
3. Admin Officer (5) F
4. Accountant (3) M/F
Ph: 09-73166383

---

**ဝန်ထမ်းအလိုရှိသည်**
SPA, FMI Co အုပ်စုတွင် တာဝန်ထမ်းဆောင်ရန်အတွက်
၁။ Motor Transport Officer / မော်တော်ယာဉ်မှူး ကျား (၁) ဦး
၂။ Marketing Staff မ (၁) ဦး
၃။ Admin Staff ကျား (၁) ဦး၊ မ(၁) ဦး
၄။ General Worker ကျား (၁) ဦး
**(၂၆-၁၂-၂၀၁၂ နောက်ဆုံးထားလျှောက်ထားရန်)**
**ဖုန်း - ၀၉၄၇၁၀၆၇၈၇**
No.380,FMI Center, 10th Floor, Bogyoke Aung San Street, Pabadan Township.

---

**ဝန်ထမ်းအလိုရှိသည်**
SourceCode Co.,Ltd
Senior Web Develper (2) Posts
(Salary+Bonus)
Ph: 095068097

---

**ဝန်ထမ်းအလိုရှိသည်**
Nibban Electric & Electronics
1. Admin Assistant (1) M
2. Sales Executive (3) M/F
3. Accountant/ Auditor (2) F
4. Bill Collector (2) F
5. Purchaser (2) F
**(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)**
**ဖုန်း - ၃၈၉၅၂၃**

---

**ဝန်ထမ်းအလိုရှိသည်**
MFOCN မှလစာကောင်းပေး၊ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများခေါ်ယူခြင်း
1. Chinese-Burmese Translator
2. Driver
3. Administrative Commisioner
FL-8, KanYakeTar Rd, FMI City. Hlaingthayar Tsp. Yangon, Myanmar
**ဖုန်း - ၀၉၄၃၀၇၄၈၃၈**

---

**ဝန်ထမ်းအလိုရှိသည်**
ပြည်တွင်းအမြန်ချောစာပို့လုပ်ငန်း
Courier စာဝေ/စာသိမ်း ကျား (၅) ဦး
(ပညာအရည်အချင်း အထက်တန်းအဆင့်ဖြစ်ရမည်)
**ဖုန်း - ၀၉-၄၀၂၅၈၆၂၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေဆရာဝန် ကျား (၁) ဦး
(ဒဂုံအရှေ့ပိုင်းနှင့် နီးသူကို ဦးစားပေးမည်)
**ဖုန်း - ၀၉-၅၁၈၁၄၀၉**

---

**ဝန်ထမ်းအလိုရှိသည်**
Pink Lotus
1. Tour Operationn and Sale (1) Post
2. Reservation Staff (1) Post
**ဖုန်း - ၃၇၇၆၉၃**

---

**ဝန်ထမ်းအလိုရှိသည်**
သူရိယဝင်းကုမ္ပဏီလီမိတက်
ရုံးကားယာဉ်မောင်း ကျား (၃) ဦး
(လိုင်စင်သက်တမ်း အနည်းဆုံး ၃ နှစ်၊ ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။)
**ဖုန်း - ၅၂၃၇၄၂**

---

**ဝန်ထမ်းအလိုရှိသည်**
TNT Computer and Mobile Mart
Hardware Technician ကျား (၂) ဦး
ရုံးအကူ ကျား (၂) ဦး
အရောင်းဝန်ထမ်း မ (၂) ဦး
**ဖုန်း - ၃၇၄၈၅၇**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ ကွန်ပျူတာ ကျား/မ (၂) ဦး
၂။ Accountant မ (၂) ဦး
(အဆောင်နေနိုင်သူဖြစ်ရမည်)
**ဖုန်း - ၀၁-၃၉၈၂၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
စေတနာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်း
၁။ Site Engineer ကျား/မ (၃) ဦး
၂။ Marketing Manager ကျား/မ (၃) ဦး
၃။ Accountant မ (၃) ဦး
**ဖုန်း - ၂၄၃၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
Sale Promoter ကျား/မ (၅) ဦး
Merchandiser ကျား (၁) ဦး
(အီလက်ထရွန်နစ် ပစ္စည်းနှင့် ဖုန်းအကြောင်းနားလည်သူ ဦးစားပေးမည်)
၁၄. ၁၂. ၁၂ နောက်ဆုံးထားလျှောက်ထားရန်။
**ဖုန်း - ၀၁-၅၀၇၁၀၂၊ ၀၁-၅၁၃၆၁၀**
**အမှတ် (၅၉)၊ လှိုင်မြင့်မိုရ်လမ်းသွယ် (၂)၊ ကန်လမ်း၊ လှိုင်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
ဆိပ်ကမ်းစားသောက်ဆိုင်
၁။ Cashier ကျား (၃) ဦး
၂။ ခေါ်းကိုင် ကျား (၂) ဦး
၃။ waiter ကျား (၇) ဦး
**ဖုန်း - ၀၉၅၀၉၃၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
Office Staff မ (၁) ဦး
(အင်္ဂလိပ်စာအရေးအပြောတတ်ရမည်။ ကွန်ပျူတာ Microsoft Office တတ်ကျွမ်းရမည်)
**ဖုန်း - ၉၅၁ ၅၅၅၃၆၃**

---

**ဝန်ထမ်းအလိုရှိသည်**
Lyan Shan Engineering Services Co.,Ltd
၁။ ကားအရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး
**ဖုန်း - ၀၁-၆၅၃၄၀၂**
**အမှတ် (၃၅)၊ (၇) မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
နဝဒေး၊ လှိုင်သာယာ Beauty Care မှ လျှော်နှိပ် ကျွမ်းကျင်၊ ဖြောင့်၊ ကောက်ကျွမ်းကျင်အလိုရှိသည်။
**ဖုန်း -၄၃၀ ၃၀၄၂၂**

---

**ဝန်ထမ်းအလိုရှိသည်**
စိုးစံ(လင်း) ကုမ္ပဏီမှ
(အိမ်ခြံမြေ) Marketing + အရောင်း မ (၅) ဦး
အင်္ဂလိပ်ဘာသာပြန် (4-Skill) မ(၂) ဦး
ယာဉ်မောင်း ကျား (၂) ဦး
**အမှတ် (၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Manager (3) Male
Security (20) Male
Ph: 01-526648

---

**ဝန်ထမ်းအလိုရှိသည်**
New Establish IT Company
IT Developer (1) Male
Room- 402, Building-C, Dagon Center.
Ph: 514324, 524611

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


TIGER BALM
နာချင်ရာ နာစမ်း... TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခဲခြင်းဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Tiger Balm (Liniment)
ကြွက်သားတောင့်တင်းခြင်း၊ နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
RD Warm
Reg No. 1407AA1734
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

## ဖုန်းနံပါတ်အပူးများ ဈေးမြင့်ပေးပြီးမှ လာမထုတ်၍ လေလံတင်သည့်စနစ် ပြန်လည်ပြင်ဆင်ဖွယ်ရှိ

**ခန့်ထက်၊ ဖွဲ့ညက်**

**ရန်ကုန်၊ဒီဇင်ဘာ-၈**

လေလံအောင်မြင်ခဲ့သော ဖုန်းနံပါတ်အပူးအချို့အား သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိသဖြင့် လေလံစည်းကမ်းချက်အသစ်ပြင်ဆင်သတ်မှတ်ပြီး လေလံပွဲ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂျီအက်စ်အမ်နှင့် စီဒီအမ်အေ အပူးနံပါတ်များ လေလံတင်ရောင်းချမှုကိုနိုဝင်ဘာ၁၅ရက်တွင် မန္တလေးနှင့်နိုဝင်ဘာ ၂၂ရက်တွင် ရန်ကုန်၌ ကျင်းပခဲ့သည်။

လေလံတင်ရောင်းချရာတွင် ဖုန်း ၁၀၄ လုံးအား ရောင်းချနိုင်ခဲ့ပြီး အလုံး ၃၀ မှာ သတ်မှတ်အချိန်အတွင်း လာရောက်ထုတ်ယူခြင်းမရှိကြောင်းမြန်မာ့ဆက်သွယ်ရေးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးအောင်ကပြောသည်။

အဆိုပါအလုံး၃၀တွင်ကျပ် ၆၁ သိန်းဖြင့် ဈေးအမြင့်ဆုံး လေလံအောင်ခဲ့သော ဂျီအက်စ်အမ် ဖုန်းနံပါတ် ၀၉-၄၂၄၄၄၄၄၄၄ လည်း ပါဝင်ခဲ့သည်။

ထပ်မံကျင်းပမည့် လေလံပွဲအတွက် အစည်းအဝေးထပ်မံပြုလုပ်ပြီး စည်းကမ်းချက်အသစ်များ ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်း ဦးစိုးအောင်ကပြောသည်။

လက်ရှိလေလံစည်းကမ်းမှာ လေလံအောင်သော ဖုန်းနံပါတ်အား ငွေလက်ငင်းပေးချေနိုင်ပြီး မပေးချေနိုင်ပါက စရန်ငွေကျပ်ငါးသောင်း ပေးသွင်းကာ ဆင်းမ်ကတ်နှင့်စာချုပ်ထုတ်ယူမှသာငွေအကျေပေးချေရမည်ဖြစ်သည်။

"ပထမတစ်ပိုင်းကတော့ဖုန်းဈေးပျက်တဲ့သဘောမျိုးဖြစ်တယ်။ နောက်တစ်ပိုင်းကတော့ ပိုက်ဆံအကျေမပေးရတော့ ဈေးကုန်ပေးပြီးလာမယူတော့တာမျိုးဖြစ်တယ်။ အဲဒီတော့ တကယ်ယူမယ့်သူတွေ နစ်နာတယ်"ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပုဂ္ဂန်တောင်ဆက်သွယ်ရေးသင်တန်း ကျောင်းအုပ် ဦးကျော်စိုးကပြောသည်။

ထို့ကြောင့်လေလံစည်းကမ်းများကို ပြန်လည်ပြင်ဆင်သုံးသပ်ရန်လိုကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျပ် ၅၉ သိန်းနှင့် လေလံအောင်သူတစ်ဦးကလည်း နံပါတ်ကိုကြိုက်၍ ဝယ်ခြင်းဖြစ်ပြီး နိုင်ငံတကာတွင်လည်း လေလံပွဲများ ပြုလုပ်သည့်အတွက် ယခုကဲ့သို့ ဝယ်ယူရရှိမှုအပေါ် ကျေနပ်မှုရှိကြောင်းပြောသည်။ ထို့အပြင် ယခင်ကဲ့သို့လက်သိပ်ထိုးဝယ်ရခြင်း မဟုတ်တော့သောကြောင့် ကျေနပ်ကြောင်းနှင့် ဆင်းမ်ကတ်သွားရောက်ထုတ်ယူရာ၌လည်းအခက်အခဲမရှိကြောင်း ပြောကြားသည်။

လေလံအောင်သော်လည်း ဆင်းမ်ကတ်လာရောက်မထုတ်ယူသူများနှင့် ပတ်သက်၍ ၎င်းက "သက်သက်မဲ့လာနှောင့်ယှက်တာပါ။ လေလံမှာ ငွေသွင်းတဲ့ပုံစံကို နှုန်းတစ်ခုခုတော့ သတ်မှတ်စေချင်တယ်"ဟု သုံးသပ်ပြောသည်။

## ဆက်သွယ်ရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ ဥပဒေကို စောင့်ဆိုင်းနေ

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အတွက် နိုင်ငံပေါင်း ၂၀ နှင့်အထက် လာရောက် လေ့လာဆွေးနွေးမှုများ အစိုးရပိုင်းနှင့် ပြုလုပ်ပြီးဖြစ်သော်လည်းထွက်မလာသေးသော ဆက်သွယ်ရေးဥပဒေကို စောင့်ကြည့်နေကြဆဲဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏အင်ဂျင်နီယာချုပ်အဆင့်ရှိ တာဝန်ရှိသူအချို့ထံမှ သိရှိရသည်။

စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ရုရှား အစရှိသည့် နိုင်ငံများအပါအဝင် အရှေ့တောင်အာရှနှင့်အနောက်ဥရောပဘက်မှ နိုင်ငံများအပြင် တောင်အာဖရိကကဲ့သို့ နိုင်ငံများပင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက်လေ့လာမှုများ ပြုလုပ်ပြီးဖြစ်ကြကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သော မိုဘိုင်းအင်ဂျင်နီယာချုပ်ဦးဌေးဝင်းက ပြောသည်။

"ဆက်သွယ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံတွေ တအားများတယ်။ ဒါပေမဲ့ သူတို့ဘက်ကလည်း စောင့်ကြည့်စရာတွေရှိတာပေါ့။ ဆက်သွယ်ရေးဥပဒေကမှ မထွက်လာသေးတာ။ ဒါကိုတော့ သူတို့စောင့်ကြည့်ပြီး၊ သေချာဖတ်ရှုလေ့လာပြီးမှသာ သူတို့ဒီမှာ ရင်းနှီးမြှုပ်နှံမှုလုပ်သင့်၊ မလုပ်သင့်ကို ဆုံးဖြတ်ကြပါလိမ့်မယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍတွင်း ရင်းနှီးမြှုပ်နှံရန်အ

စာမျက်နှာ(၃၄)သို့ »

## ဖုန်းနှင့်အင်တာနက်သုံးစွဲခ မိနစ်အလိုက် ကောက်ခံသည့်ပုံစံ ဆက်လက်ကျင့်သုံးဖွယ်ရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

မိုဘိုင်းအင်တာနက် အသုံးပြုခကောက်ခံသည့်ပုံစံကို အသုံးပြုသည့် အချက်အလက်ပမာဏအလိုက် သတ်မှတ်မည့် Data Volume စနစ်ကို အသုံးပြုရန်အတည်မပြုရသေးကြောင်းနှင့် မိနစ်အလိုက် ကောက်ခံသည့်စနစ်ကိုဆက်လက်ကျင့်သုံးသွားနိုင်ဖွယ်ရှိနေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောသည်။

"ဒေတာစနစ်ကိုဘယ်လိုနှုန်းထားနဲ့ ကောက်ရင်အဆင်ပြေနိုင်မလဲဆိုတာ စမ်းသပ်နေကြတုန်းပဲ။ အသုံးပြုသူတွေကလည်း တစ်ခုခုအပြောင်းအလဲကိုမကြိုက်ရင် ကန့်ကွက်မယ်ဆိုတာတွေချည်းဖြစ်နေတော့ အများပြည်သူ အကြိုက်ဖြစ်တဲ့ လက်ရှိ ကောက်ခံနေတဲ့မိနစ်အလိုက်ဖြတ်တောက်တဲ့စနစ်ကိုပဲ ဆက်လက်အသုံးပြုရင်လည်း ပြုသွားမှာပါ။ အများအကြိုက်တော့ လိုက်ရမှာပေါ့"ဟု အဆိုပါ မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် မိုဘိုင်းအင်တာနက် အသုံးပြုခများကို Data Volume ဟူသည့် အသုံးပြုသည့် အချက်အလက် ပမာဏအလိုက်၊ download ပြုလုပ်သည့်ပမာဏအလိုက် နှုန်းထားများ သတ်မှတ်ကောက်ခံမည်ဟူ၍ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက သတင်းထုတ်ပြန်ခဲ့သည်။




ဓာတ်ပုံ - SSTM

သို့သော် မိုဘိုင်းအင်တာနက် အသုံးပြုသူအများစုက ကန့်ကွက်မှုများပြုလုပ်ခဲ့ကြသဖြင့် ၎င်းတို့ပြောင်းလဲမည့်စနစ်ကို ရွှေ့ဆက်လုပ်ဆောင်သင့်၊ မသင့် စဉ်းစားဆုံးဖြတ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ပြောင်းလဲလိုသည့် မိုဘိုင်းအင်တာနက် အသုံးပြုခကောက်ခံမည့် အစီအစဉ်ကို အဓိကကန့်ကွက်ကြသူများတွင် မိုဘိုင်းဖုန်းပေါ်မှ အင်တာနက်စနစ်ချိတ်ဆက်ပြီး လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်နေရသော ဝန်ထမ်းများ၊ ကျောင်းသားများနှင့် လုပ်ငန်းရှင်များက အများဆုံးဖြစ်ကြသည်ဟု အဆိုပါအသုံးပြုသူများထံမှ စုံစမ်းသိရှိရသည်။

ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့်မူ ၎င်းတို့ယတိပြတ်ဆုံးဖြတ်ခဲ့ပြီး ကြေညာချက်လည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဒေတာစနစ်ဖြင့် မိုဘိုင်းအင်တာနက် အသုံးပြုခများကို ကောက်ခံမည့်စနစ်ကို မူလစီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သင့်သည်၊ မသင့်သည်ဆိုခြင်းနှင့်ပတ်သက်သော တစ်ဦးနှင့်တစ်ဦး မတူညီကြသည့် သဘောထားကွဲလွဲမှုဆွေးနွေးခြင်းများကို အပြင်းအထန်ပြုလုပ်နေရသည်"ဟု ယင်းလုပ်ငန်းနှင့်နီးစပ်သည့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းနယ်ပယ်မှလာသော သတင်းများအရ သိရသည်။

ယခုလက်ရှိတွင်မြန်မာ့ဆက်သွယ်ရေးက ကောက်ခံနေသည့် မိုဘိုင်းအင်တာနက် အသုံးပြုခများမှာ ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေ မိုဘိုင်းဖုန်းများအတွက် တစ်မိနစ်လျှင် နှစ်ကျပ်နှင့် စီဒီအမ်အေ၈၀၀မဂ္ဂါဟဇ်ဖုန်းများအတွက် တစ်မိနစ်လျှင် လေးကျပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုသူဦးရေသည် လက်ရှိအချိန်တွင် လေးသိန်းကျော်ရှိပြီ ဖြစ် သည်။







# ဆိုရှယ်မီဒီယာများကြောင့် ရဲတပ်ဖွဲ့များ အကျိုးရှိ

**လန်ဒန်၊ ဒီဇင်ဘာ - ၈**
ဆိုရှယ်မီဒီယာများတွင် အင်တိုက်အားတိုက်ပါဝင် လှုပ်ရှားသောရဲတပ်ဖွဲ့ဝင်များသည်ၤင်းတို့စောင့်ကြည့်အကာအကွယ်ပေးရသောပြည်သူများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ကြောင်း သုတေသီများက ဆိုသည်။

ဆိုရှယ်မီဒီယာများ၌ ရဲတပ်ဖွဲ့များပါဝင်ပတ်သက်ခြင်း မရှိသော နိုင်ငံများတွင် တရားဝင်မဟုတ်သော စာမျက်နှာများကို လူ ကြိုက်များလေ့ရှိကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

အီးယူနိုင်ငံများမှ ရဲတပ်ဖွဲ့များကို နှိုင်းယှဉ်လေ့လာမှု စီမံချက်တွင် ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ နယ်သာလန်၊ စပိန်နိုင်ငံ အပါအဝင် ဥရောပနိုင်ငံ ၁၃ နိုင်ငံမှ အိုင်တီပညာရှင် ရဲအရာရှိများနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။

ရဲများ၏ လုပ်ပုံကိုင်ပုံများကို ဆိုရှယ်မီဒီယာများတွင် ဆွေးနွေးကြကြောင်း ထို့အတွက် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သောအကြောင်းအရာများတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်ပတ်သက်ခြင်းမှာ သင့်တင့်လျောက်ပတ်ပါ၏လား ဆိုသည်ထက် ရဲတပ်ဖွဲ့က မည်သို့ပါဝင်ပတ်သက်ပြီး မိမိတို့အတွက် အကျိုးအမြတ်ရရှိအောင် လုပ်ဆောင်ရမည်ကို စဉ်းစားရမည်ဟုဖရန်ဟိုဖာလက်တွေ့ အသုံးချအိုင်တီနည်းပညာ အင်စတီကျုဒ်မှ ဒေါက်တာ ဆာဘက်စတီယန်ဒီနက်မ်က ပြောကြားသည်။

ရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းစစ်ဆေးရေး သဲလွန်စများရရှိရန်အတွက်သာမကဘဲလူထုနှင့်ထိတွေ့ဆက်ဆံရေးအတွက်ပါ လူမှုရေးမီဒီယာများအား အသုံးပြုသင့်သည်ကို အစီရင်ခံစာတွင် အကြံပြုထားသည်။ *—Ref: BBC*






စာမျက်နှာ(၃၃)မှ

## ဆက်သွယ်ရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ ဥပဒေကို စောင့်ဆိုင်းနေ

တွက် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို လာရောက် လေ့လာစောင့်ကြည့်ခဲ့သော နိုင်ငံများတွင် အများစုမှာ မိုဘိုင်းကဏ္ဍနှင့် အင်တာနက် ဆက်သွယ်မှုကဏ္ဍများကို ပိုမိုစိတ်ဝင်စားကြသည်ဟု ပြည်တွင်းကွန်ပျူတာ ပညာရှင်တချို့ထံမှ သိရသည်။

ယခုလက်ရှိအချိန်တွင် မူကြမ်းအဆင့်သာ ထွက်ပေါ်လာနိုင်သေးသော ဆက်သွယ်ရေးဥပဒေမူကြမ်းသည်လည်း အများက အပြည့်အဝထောက်ခံ အားပေးသော ဥပဒေမူကြမ်းတစ်ခုဖြစ်မလာဘဲ ယင်းနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ ကွန်ပျူတာပညာရှင်နှင့် လုပ်ငန်းရှင်များ၊ ဆက်သွယ်ရေး၏ ဝန်ဆောင်မှုများကို သုံးစွဲနေသူများအကြား ဝေဖန်မှုများသာထွက်ပေါ်လာနေသည်ဟုလည်း စုံစမ်းသိရှိရသည်။

"နိုင်ငံတကာကတော့ဥပဒေကို အဓိကစောင့်ကြည့်မှာပဲ။ ဒီနိုင်ငံမှာ ဆက်သွယ်ရေးကဏ္ဍကို လာပြီး ရင်းနှီးမြှုပ်နှံမယ်ဆို သူတို့အတွက်ရော ဒီကနိုင်ငံသားတွေအတွက်ရော အကျိုးဖြစ်မှာ သေချာတယ်။ ဒါပေမဲ့ လက်ရှိ ထွက်လာတဲ့ ဥပဒေမူကြမ်းဟာ လွတ်လပ်သော အင်တာနက်အသုံးပြုခွင့်တို့၊ မျှတတဲ့ဆက်သွယ်ရေးဝန်ဆောင်မှုတို့ဆိုတာတွေ သိသိသာသာ မပါလာဘူး။ လွတ်လပ်သော အင်တာနက်လည်း မဖြစ်သေးဘူး။ ထိန်းချုပ်မှုတွေက ရှိနေဆဲပဲ။ အခုထွက်လာတဲ့ ဥပဒေကြမ်းဟာလည်း ဝေဖန်ထောက်ပြစရာတွေ များနေတယ်"ဟု ပြည်တွင်းကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ၎င်း၏ ထင်မြင်ချက်ကို ပြောသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့်မူ နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံတကာလုပ်ငန်းရှင်များကို တရားဝင်အနေဖြင့် ဖိတ်ခေါ်ထားပြီဖြစ်သော်လည်း ယခင်ထက် အနည်းငယ်ပြောင်းလဲမှုများရှိလာသော လက်ရှိအခြေအနေတွင်ပင် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများကို ၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်များကို ပေးဦးမည်မဟုတ်ဘဲ အစိုးရပိုင်းက ထိန်းချုပ်မှုအချို့ကိုလည်း ထားရှိသွားဦးမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မီဒီယာပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြီးခဲ့သည့် လအနည်းငယ်အတွင်းက ပြောကြားခဲ့သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဂန္ဓလရာဇ် ခရီးသည် (၃)

ကျော်ဝင်း

## အခန်း(၃) အတိတ်မှ ပစ္စုပ္ပန်သို့( ၃၀၊ အောက်တိုဘာ၊ ၂၀၁၂)



**■ သမင်လည်ပြန်**

ထိုနေ့ အစီအစဉ်အရမြန်မာအဖွဲ့ကို နှစ်စု ခွဲလိုက်ကြသည်။ သမ္မတ အကြံပေးအားလုံးနှင့် အဖွဲ့အစည်း ကိုယ်စားလှယ်အချို့ ပါသော ဆယ်ဦးက တစ်ဖွဲ့။ သူတို့က CNIE ဒုတိယဥက္ကဋ္ဌ မစ္စတာလီကျန်းကျွင့်နှင့် တွေ့ဆုံကြမည်။ ပြီးလျှင် CNIE ဥက္ကဋ္ဌ မစ္စတာ ဆွန်းကျာကျန်း တည်ခင်းသော နေ့လယ်စာစားပွဲကို တက်ကြမည်။ စာရေးသူအပါအဝင် ကျန်ကိုယ်စားလှယ်များက 'ရှန်းဟယ်ကုန်း' လားမား ကျောင်းတော်သို့။ ပစ္စုပ္ပန်မှ ခေတ္တခွာ၍ အတိတ်သို့ သမင်လည်ပြန် သွားကြမည်ဆိုပါစို့။

'ရှန်းဟယ်ကုန်း' ဆိုသည်ကို မသိသည့်တိုင် 'လားမား' ကျောင်းတော်ဆိုသော အမည်ကြောင့် စာရေးသူ စိတ်ဝင်စားသွားသည်။ စာရေးသူ နားလည်ထားသည်က 'လားမား' ဆိုသည်မှာ တိဘက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ။ တိဘက်ကို ဘာသာရေးအရသာမက နိုင်ငံရေးအရပါ စိတ်ဝင်စားသည်လေ။ ခေတ်ပြိုင်တရုတ်ပြည်ကြီးတွင် စူးဝင်နေသော 'ဆူး'ကြီးသုံးချောင်းအနက်၊ တိဘက်မှာ အရေးကြီးသည့် ဆူးကြီးတစ်ချောင်းဟု စာရေးသူက သိထားသည်။ အဆိုပါဆူးကြီးသုံးချောင်းကိုပင် 'တီသုံးတီ' (Three 'T')ဟု ခေါ်ကြသည်များလည်း ရှိပါသည်။ တရုတ်တိုင်ပေ၊ တီယန်မင်။ ပြီးတော့ တိဘက်။

အမှန်စင်စစ် တိဘက်၏ ဘာသာရေးနှင့် နိုင်ငံရေးမှာ ခွဲမရလောက်အောင် ဆက်စပ်နေဟန်ရှိပါသည်။ တိဘက်ဗုဒ္ဓဘာသာမှာ မဟာယန ဂိုဏ်းကွဲတစ်ခုဟု နားလည်ရသည်။ 'ဗောဓိသတ္တယာန်' ဟုလည်း ခေါ်ကြသည်။ အစဉ်အလာအရ ခေါင်းဆောင်ဘုန်းတော်ကြီးနှစ်ပါး ဒလိုင်းလားမားနှင့် ပန်ချင်လားမားတို့ကပင် ဘာသာရေး၊ သာသနာရေးသာမက အုပ်ချုပ်ရေးကိုပါ တာဝန်ယူရသည်။ Dali ဆိုသည်မှာ Grand ဟု အဓိပ္ပာယ်ရ၍ ဒလိုင်းလားမား ဆိုသည်မှာ 'ကြီးမြတ်သော မဟာထေရ်'ဟု မြန်မာမှုပြုနိုင်မည် ထင်သည်။ တိဘက်တို့၏ ယုံကြည်မှုအရ ဒလိုင်းလားမားမှာ ဘုရားရှင်ဝင်စားသူဖြစ်၍ ဦးဆောင်မှု အာဏာ နှင်းအပ်ခံရသူဖြစ်သည်။ သူပျံလွန်တော်မူလျှင်လည်း နောက်တစ်ကြိမ် လူဝင်စားပြန်ဖြစ်ပြီး ဒလိုင်းလားမားတာဝန်ပြန်ယူရမည် ဖြစ်သည်။ ဒလိုင်းလားမား ဝင်စားသည့်ကလေးငယ်ကို အစစ်အမှန်ဟုတ်၊မဟုတ် ရွေးချယ်နိုင်ရေးကိုမူ ပန် ချင်လားမားက ဆုံးဖြတ်ရမည် ဖြစ်သည်။

ဟိုးရှေး အတီတေကပင် တိဘက်မှာ အဆိုပါ အစဉ်အလာတိုင်း သီးခြားလွတ်လပ်စွာ ရှင်သန်နေထိုင်ခဲ့သည့်တိုင် ၁၉၄၉ ခုနှစ် တရုတ်တစ်ပြည်လုံးကို ကွန်မြူနစ်များ သိမ်းပိုက်လိုက်သည့်အခါ ထိပ်တိုက်တွေ့ရလေတော့သည်။ ၁၉၅၀ တွင် ကွန်မြူနစ်တို့ တိဘက်သို့ ရောက်လာသည်။ လက်ရှိဒလိုင်းလားမား (၁၄ ကြိမ်မြောက် ဒလိုင်းလားမား)နှင့် ဗဟိုကွန်မြူနစ်အစိုးရတို့ ညှိနှိုင်းကြသည့်တိုင် အဖြေမရ။ တော်လှန်ပုန်ကန်မှုများနှင့် အကြမ်းဖက် ဖိနှိပ်မှုများဖြစ်သာ သံသရာလည်ခဲ့ရသည်။ သည်လိုနှင့် ၁၉၅၉ တွင် ဘေကျင်း ဗဟိုအစိုးရက အပြီးသတ် သိမ်းပိုက်နိုင်ခဲ့ပြီး ဒလိုင်းလားမားမှာ အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဤတွင် ဘေကျင်းက ပန်ချင်လားမားကို တိဘက်တာဝန်ခံ ပြည်သူ့ကွန်ဂရက်အမြဲတမ်းအဖွဲ့ဝင်ခန့်ထားပြီး တိဘက်ကို ဆက်လက်ထိန်းချုပ်ထားခဲ့သည်။

သို့တစေ ပြဿနာကား မပြီး။ ၁၉၉၅ ပန်ချင်လားမား ပျံလွန်တော်မူသွားရာ နောက်တစ်ကြိမ် ကျယ်ကျယ်လောင်လောင် သဘောကွဲလွဲဖို့ ဖြစ်လာရသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒလိုင်းလားမားအသစ် (၁၅ ကြိမ်မြောက်)ကိုပန်ချင်လားမားကရွေးချယ်ရမည်ဖြစ်ရာ ပျံလွန်တော်မူသွားသည့် ပန်ချင်လားမားနေရာကို ဘေကျင်းအစိုးရက စိတ်ကြိုက်ရွေးချယ်လိုသည်။ ဤသည်ကို အဝေးရောက် ဒလိုင်းလားမားက လက်မခံ၊ ပြင်းပြင်းထန်ထန် ကန့်ကွက်ရာ တိဘက်မှာ နောက်တစ်ကြိမ် သွေးထွက်သံယိုမှုများနှင့်ကြုံရပြန်သည်။ နောက်ဆုံးအကြိမ်ကား ကျွန်တော်တို့ဆီက 'ရွှေဝါရောင်' နှင့် ရှေ့ဆင့်နောက်ဆင့် ၂၀၀၇။ တိဘက်ကား ဘေကျင်းအတွက်တော့ အမှန်ပင် ဆူးကြီးတစ်ချောင်းပင်။

'လားမားကျောင်းတော်' ဆိုသည်နှင့် သိစိတ်က တိဘက်ကုန်းပြင်မြင့်ဆီသို့ ပြေးတက်သွားမိရာ ကျောင်းတော်မုခ်ဦး ရောက်တော့မှ စိတ်နှင့်ကိုယ် ပြန်ဆုံမိတော့သည်။ ကျောင်းတော်မုခ်ဦးမှာ ခန့်ခန့် ထည်ထည်ရောင်စုံပြီးပြက်။ သို့တစေ အနီရောင်နှင့် ရွှေရောင်ကသာ ထူးထူးခြားခြား ဝင်းပနေသည်။ 'ဟန်' နှင့် 'တိဘက်' အစဉ်အလာ ဗိသုကာမှုတို့ ပေါင်းစည်းထားသည်ဖြစ်၍ အတိတ်သို့ ခရီးနှင်စေမည့် ကာလ ယန္တရားကြီးနှင့်ပင် တူသေးတော့သည်။ တရုတ်မိတ်ဆွေများက ကျွန်တော်တို့အတွက် စကားပြန်တစ်ဦးစီစဉ်ပေးသည်။ စကားပြန်မလေးကား အတိတ်နှင့် ဘာမှမဆိုင်။ ဂျင်းဘောင်းဘီ၊ သားရေ ဂျာကင်နှင့် ပစ္စုပ္ပန်၏ သမီးပျို။

မုခ်ဦးမှတစ်ဆင့် ကျောင်းတော်ပရိဝုဏ်ထဲရောက်သည်နှင့် တကယ့်ကို သမိုင်းထဲသို့ အရှင်လတ်လတ်ပြန်ရောက်သွားသလို ရှိသည်။ သို့တိုင် စကားပြန် တရုတ်မလေး၏ သွက်သော၊ ထက်သော၊ တစ်ခါတစ်ရံ ကလက်သည်ဟူ၍ပင် ဆိုနိုင်လောက်သော သိုးဆောင်းသံ၊ သိုးဆောင်းဟန်က ခေတ်သစ်ကမ္ဘာမှ ရုန်းထွက်မရလောက်အောင် ဆွဲထားသည်။ ကျွန်တော်တို့တစ်တွေမှာ အတိတ်၏ အခန့်အညားနှင့် ပစ္စုပ္ပန်၏ အသွက်၊ အလက်ကြားတွင် လက်ပစ်ကူးနေရတော့သည်။

ထိုစကားပြန် ကလေးမ၏ အဆိုအရ 'ရှန်းဟယ်ကုန်း' ဆိုသည်မှာ Peace and Harmony ဟု အဓိပ္ပာယ်ရသည်။ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး ကျောင်းတော်ပေါ့။ ၁၉၉၄ ခုနှစ် ချင်မင်းဆက်ခေတ်က စတင်ဆောက်လုပ်ခဲ့သော သာသနိက အဆောက်အအုံများဟု သိရသည်။ နန်းတွင်း အရာရှိကြီးတစ်ဦးပိုင်မြေကိုဝယ်ပြီး ခန်းရှိ ကေရာဇ်၏ သားတော်ရုံကျင်းမင်းသားက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက တိဘက်နွယ်ဖွားလားမားဘုန်းတော်ကြီးများ သီတင်းသုံးပျော်မွေ့ခဲ့ရာ တရုတ်ဘုရင် အဆက်ဆက်က ထိန်းသိမ်းခဲ့ကြသည်ဟု ဆိုပါသည်။ ၁၉၄၉နောက်ပိုင်းကွန်မြူနစ်အစိုးရက အများပြည်သူ အပန်းဖြေ ဥယျာဉ်အဖြစ် ဖွင့်လှစ်ခဲ့ရာ လားမားကိုယ်တော်၊ တော်တော်များများ တိဘက်ပြန်ကြွသွားခဲ့ရသည်။ ၁၉၆၀ ပြည့်လွန် ယဉ်ကျေးမှု တော်လှန်ရေးကာလတွင်မူ အခြားသော သာသနိက အဆောက်အအုံများနည်းတူ ပိတ်ထားခဲ့ရပြန်သည်။ ထိုစဉ်က ဝန်ကြီးချုပ် ချိုအင်လိုင်း၏ ကောင်းမှုကြောင့်သာ၊ ကပ်နီလူငယ်များ၏ အဖျက်ဆီးမခံလိုက်ရဘဲ ယခုလို အကောင်းပကတိ ကျန်ရစ်ခဲ့ခြင်းဟု ကလေးမလေးက စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

"ယဉ်ကျေးမှု တော်လှန်ရေး ဆိုတာ ဘာလဲ"

အတိတ်မှ ခေတ္တခုန်ထွက်ပြီး ပစ္စုပ္ပန်မလေးကို စကား ထောက်ကြည့်လိုက်တော့ ကလေးမမှာ မျက်လုံးလေး တလည်လည်ခေါင်းတယမ်းယမ်း။ ဟင့်အင်း၊ သမီးမသိဘူး၊ အဲဒီတုန်းက သမီးမမွေးသေးဘူး။ အပါးတို့ ပြောတာတော့ ကြောက်စရာကြီးတဲ့။

"ဝန်ကြီးချုပ် ချိုအင်လိုင်းကိုတော့ သမီးသိလား"

ကောင်မလေး မျက်နှာ ချက်ချင်းဝင်းပသွားသည်။

"အင်း သိတယ်"

"ဘယ်သူလဲ"

"သမီးရဲ့ ကျေးဇူးရှင်လေ"

"ဘယ်လို"

သည်တစ်ခါ အံ့ဩရသူကား ကျွန်တော်။

"ကျေးဇူးရှင်ပေါ့ ဦးရဲ့။ သူ့ကြောင့် ဒီကျောင်းတော်ကြီး မပျက်တာ။ ဒါ့ကြောင့် သမီးလည်း အခု အလုပ်ကိုရတာပေါ့"

"ဟုတ်ပ"

၂၁ ရာစု သမီးပျို၏ လောဂျစ်ကို စာရေးသူ ခိုက်သွားသည်။ သူ့တာဝန်၊ သူ့အလုပ် အပြီး၊ စကူ တာ၊ ဆိုင်ကယ်လေးပေါ် ခုန်တက် ပြေးထွက်သွားသော ပို့စ်မော်ဒန် တရုတ်မလေးကို ငေးရင်း ကျွန်တော်တို့တစ်တွေမှာ ၁၇ ရာစုကျောင်းတော်ဟောင်းထဲတွင် ငူငူငေါင်းငေါင်း ကျန်ရစ်လေတော့သည်။ တစ်ခန်းရပ်။

**■ လမ်းခုလတ် ဇာတ်ကွက်များ**

နောက်ထပ် အစီအစဉ်မှာ 'တရုတ်ပြည် နိုင်ငံတကာ စီးပွားရေး ဖလှယ်မှုဗဟို (China Center for International Economic Exchanges)နှင့် တွေ့ဆုံကြဖို့ ဖြစ်သည်။ ၂၀၀၉ ခုနှစ်ကမှ စတင်ဖွဲ့စည်းခဲ့သော သုခမိန်အဖွဲ့ (Think Tank)ဟု ဆိုသည်။ နိုင်ငံတကာ စီးပွားရေး ဖလှယ်မှုများနှင့် သုတေသန လုပ်ငန်းများကို မြှင့်တင်ရန် အစိုးရရော၊ ပုဂ္ဂလိကပိုင်းအတွက်ပါ အကြံဉာဏ်နှင့် ဝန်ဆောင်မှုများပေးရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဟု ဆိုပါသည်။ အစိုးရနှင့်မဆိုင်သော အရပ်ဘက် အဖွဲ့အစည်းတစ်ခုဟုလည်း ဆိုပါသည်။ ခေတ်ဟောင်း လားမားကျောင်းတော်မှ ခေတ်သစ် ပေါ်လစီဆိုင်သို့ သွားရမည်ဆိုပါတော့။

ကျောင်းတော် ပရိဝုဏ်အတွင်းတွင် ဆေးလိပ်သောက်ခွင့် မရှိသည်မို့ စာရေးသူနှင့် ကိုဖိုးနိုင်လင်းတို့မှာ ကြိုထွက်နှင့်သည်။ မုခ်ဦးနှင့် မနီးမဝေး လမ်းဘေးတစ်နေရာတွင် နှစ်နာရီခန့် ပြတ်သွားသော စီးကရက်ကို အားပါးတရ ဖွာနေဆဲ။ လမ်းပေါ်မြင်ကွင်းတစ်ခုက ကျွန်တော်တို့ကို ဖမ်းစားသွားသည်။ ရန်ကုန်မှာဆိုလျှင်တော့ ဘာမှ မဆန်းလှသည့် ဖြစ်ရိုးဖြစ်စဉ်မြင်ကွင်း။ ကားတစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ ငြိမိခြင်းပင်။ တော်ပါသေးသည်။ ဘာမှတော့ မဖြစ်။ သို့တစေ ဆိုင်ကယ်နောက်ခုံပေါ်မှ တရုတ်မကြီးတစ်ယောက် ဒေါသတကြီး ပြေးဆင်းလာပြီး ကားဆရာကို အော်ကြီးဟစ်ကျယ် ရန်တွေ့လေတော့သည်။ ဆိုင်ကယ်မောင်းလာသူ၊ (တရုတ်မကြီး၏ ခင်ပွန်းဖြစ်ဟန်တူပါသည်) ကလည်း သူ့အဖော်ကို ဘာမှဝင်မထိန်း။ သူကပင်။ မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် ထိုးတော့ကြိတ်တော့မည့်အတိုင်း။ ကားဆရာ လူငယ်လေးမှာ ဘာစကားမှ မဆိုသာ။ တရုတ်မဝဝကြီး၏ ဆဲသံဆိုသံ ထွားထွားကျိုင်းကျိုင်းများအောက်တွင် အလူးအလဲခံနေရတော့သည်။ ပတ်ဝန်းကျင် တစ်ခုလုံး ကျွီကျွီကွကွ အသံတွေဖြင့် မိုးမွှန်ဆူညံလျက်။ ကျွန်တော်တို့အပါအဝင် အားလုံးကလည်း ကြက်ပွဲကြည့်သလို ဝိုင်းအုံလျက်။

ထိုစဉ်ခိုက်မှာပင် ဝီစီမှုတ်သံကြားလိုက်ရသည်။ ဦးထုပ်ဖြူနှင့် ယူနီဖောင်းဝတ်တစ်ယောက် ဝေါခနဲ ရောက်လာ။ တရုတ်မကြီး ဆိုင်ကယ်ပေါ် လျှောခနဲတက်၊ ဝူးခနဲထွက်။ ကားဆရာလေးလည်း သူ့ကားပေါ် အပြေးတက်ကာ အသော့နှင်လေတော့သည်။ စောစောက လူအုပ်ကြီးမှာ ဘာမှမဖြစ်ခဲ့သလို ခပ်တည်တည်ပင် အသွားအလာမပျက်ခရီးဆက်။

"ကျွန်တော်တို့ဆီမှာလိုပဲနော်"

ဂျာနယ်လစ်ဆရာ၏ကောက်ချက်အတိတ်မှအပြန်လမ်းခုလတ် ဇာတ်ကွက်ဆိုပါစို့။

သို့တိုင်အောင် ဒရာမာကြီးကား မပြီးတတ်သေးပါ။ နောက်ထပ် လမ်းခုလတ်ဇာတ်ကွက်တစ်ခုနှင့်ကြုံရပြန်သေးသည်။ ဤဇာတ်ကွက်ကား လမ်းပေါ်မှာမဟုတ်။ သုခမိန်အဖွဲ့ကြီး၏ ဌာနချုပ် ရုံးခန်းမှာ ဖြစ်သည်။ အတိအကျဆိုရလျှင် နိုင်ငံတကာ စီးပွားရေး ဖလှယ်မှုဗဟိုဌာန၊ဌာနချုပ်အစည်းအဝေးခန်းမ။

ခန်းမထဲ ဝင်လိုက်သည်နှင့် နွေးထွေးသော အပြုံးတွေက ကြိုနှင့်သည်။ တရုတ်တွေမှာ ဧည့်ခံကြိုဆိုသည့်နေရာတွင်တော့ ထိပ်တန်းအဆင့်ရှိသည်။ စာရေးသူရောက်ဖူးသမျှ နိုင်ငံများထဲတွင် ဧည့်ဝတ်အကျေဆုံးဟူ၍ပင် ဆိုနိုင်လောက်သည်။ သူတို့တည်ခင်းဧည့်ခံသော မွှေးသော၊ နွေးသော၊ စံပယ်ရနံ့ တသင်းသင်း ရေနွေးကြမ်းတစ်ကျိုက် သောက်လိုက်သည်နှင့် ချမ်းသမျှ အေးသမျှ ချက်ချင်းဆိုသလို ပျောက်သွားသည်။ သူတို့ကမ်းပေးသော အငွေ့တထောင်းထောင်း ရေနွေးပေါင်း တံပက်လေးနှင့် မျက်နှာကို ပွတ်လိုက်သည်နှင့်။ မောသမျှပန်းသမျှပြေကာ ချက်ချင်းလန်းသွားသည်။

သုခမိန်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာကျန်းဖေးရန်ကပင် သူတို့အဖွဲ့သားတွေနှင့် မိတ်ဆက်ပေးသည်။ ပြီးဆရာဦးကိုကိုလှိုင်ကကျွန်တော်တို့ အဖွဲ့သားတွေနှင့် ပြန်မိတ်ဆက်။ မိတ်ဆက်ခန်းပြီးသည်နှင့် ထုံးစံအတိုင်း မာရသွန် မိန့်ခွန်းကြီး စပါလေတော့သည်။ ကျွန်တော်က သူ့စကားထက်သူ့ပြောဟန်ဆိုဟန်၊ သူ့ရုပ်ဟန်ပန်ကို ပိုစိတ်ဝင်စားနေမိသည်။

မစ္စတာကျန်းမှာ အသက် ခပ်ကြီးကြီး။ ခပ်ပိန်ပိန် ခပ်ကိုင်းကိုင်း။ မျက်နှာထားမှာ ကျောက်ဆစ်ရုပ်အလား ထင်ရလောက်အောင် ငြိမ်လွန်းလှသည်။ လောကဓံအထုအထောင်းမျိုးစုံကို ခံနိုင်ရည်ဝနေသလိုမျိုး။ သူ့အသံနှင့် လေယူလေသိမ်းကား အံ့ဩလောက်အောင်တိုးညင်းသည်။ သိမ်မွေ့သည်။ ဂရုသံတွေများလွန်းသည်ထင်ရသောတရုတ်ဘာသာစကားဖြင့် ပြောနေသည့်တိုင် သူစကားပြောပုံမှာ အခြားတရုတ်တွေလို ဆောင့်ကြီး၊ အောင့်ကြီးမဟုတ်။ တကယ့်ကို စမ်းရေစီးသံအလား။

သူက သူတို့အဖွဲ့၏ လုပ်ငန်းဆောင်တာတွေကို ရှင်းပြနေဟန်ရှိပါသည်။ သူတို့သုခမိန်အဖွဲ့၏ဖွဲ့စည်းပုံပါသော စာရွက်လေးတွေကိုလည်း ကျွန်တော်တို့တစ်ယောက်ချင်းကို ပေးထားသည်။ အဆိုပါ ဖွဲ့စည်းပုံ၏ တစ်နေရာတွင် Standing Committee ဆိုသော စကားရပ်ပါလာရာ ကျွန်တော့်မှာ ဇဝေဇဝါ။ *စာ(၁၂) သို့*

စာ(၁၂) သို့

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012



# မှန်ကြည့်ကြမလား မိတ်ချင်သည်

သင်းရီ

ယခုတလော မိမိကိုယ်မိမိ ကြည့်မြင်နိုင်သည့် ကြေးမုံပြင်တွေအကြောင်း စဉ်းစားခန်းဝင်နေမိသည်။

မနက်မိုးလင်း၍ အိပ်ရာထကိုယ်လက်သန့်စင်ပြီးလျှင်လူတိုင်းကတော့ဖြင့် မှန်ကြည့်တတ်ကြသည်ထင်၏။ ကိုယ့်ကိုယ်ကိုယ်ချောလွန်းလှထင်၍ မှန်ရှေ့တွင် ရပ်ကြသည်တော့မဟုတ်။ မနက်ခင်းအိပ်ရာထ မျက်နှာပြင်ပေါ်တွင် အညစ်အကြေးကင်းစင်သန့်ရှင်းခြင်းရှိ၊ မရှိစစ်ဆေးရန်ကြည့်ရှုကြခြင်းဖြစ်လေသည်။

ခြွင်းချက်အဖြစ်တော့ မှန်လုံးဝမကြည့်ကြသူများလည်း ရှိနေနိုင်ပါသည်။ ထိုသူများကမူ အညစ်အကြေးကမ်းကုန်နေသဖြင့် မိမိကိုယ်မိမိ ပေလျှာလကန်ထားကာ သေမထူး၊ နေမထူးသဘောပိုက်ထားကြသူများလည်း ဖြစ်နိုင်လျက် စိတ်ဝေဒနာစွဲကပ်နေကြသူများလည်း ဖြစ်နိုင်ပါသည်။ စင်စစ် မှန်သည် လူတို့၏သည်းခြေကြိုက်ပစ္စည်းတစ်ခုဖြစ်သည်။ အကျည်းတန်မှန်ကြိုက်ဆိုစေကာမူ ရုပ်ချောသူများကလည်း မှန်ကိုတော့ ကြိုက်ကြသည်သာ။

ထို့ကြောင့်လည်း လူသားတို့ပေါ်ဦးစ ကမ္ဘာ့အစောပိုင်းကတည်းကပင် မိမိ၏ပုံရိပ်ကို ပကတိအတိုင်း ပြန်မြင်ရနိုင်သော ပုံရိပ်ထင်ပစ္စည်းများကို တမက်တမောရှိခဲ့ကြသည်။ ပထမဦးဆုံးသော ပုံရိပ်ထင်ပစ္စည်းမှာ တည်ငြိမ်နေသော ရေပြင်ဖြစ်လေ၏။ ရေမျက်နှာပြင်ပေါ်တွင် ထင်လာသော မိမိပုံရိပ်အား နှစ်သက်မက်မောစွာ ပြန်၍ရှုမြင်ရခြင်းကို အသိစိတ်ရှိသော လူသားများသာမက တိရစ္ဆာန်ငယ်လေးများပင် နှစ်သက်ခဲ့ကြသည်။

လူသားတို့ကမူ ရှာဖွေတီထွင်နိုင်စွမ်းရှိသူများဖြစ်ကြသဖြင့် ရေပြင်မှန်သား၌ ရောင့်ရဲမနေကြ။ ပိုမိုကောင်းမွန်သော ပုံရိပ်ထင်ပစ္စည်းများကို ရှာဖွေတီထွင် ဖန်တီးပြုလုပ်လာကြသည်။ ကျွန်ုပ်တို့ယခုလက်ရှိ အသုံးပြုနေကြသည့် ကြေးမုံမှန်ပြင်များ စတင်လာခဲ့ရာ သမိုင်းကိုပြန်ကြည့်သောအခါ နှစ်ပေါင်း ထောင်နှင့်ချီခဲ့လေ၏။

ပထမဦးစွာ မိမိနှင့်အတူ သယ်ယူ၍ရသော ပုံရိပ်ထင်ပစ္စည်းအဖြစ် Obsidan ဟု ခေါ်သော မျက်နှာပြင်ပြောင်လက်နေသည့် သဘာဝတွင်းထွက်ကျောက်တစ်မျိုးကို Anatolia ဒေသ (ယခု တူရကီ) မှ လူသားတို့က ရှာဖွေတွေ့ရှိ အသုံးပြုခဲ့ကြ၏။

သို့သော် ဦးနှောက်ကို အသုံးပြုခြင်း တိုးတက်လာသည့် လူသားတို့သည် သဘာဝတွင်းထွက် ပုံရိပ်ထင်ကျောက်တုံး၌သာ ရပ်တန့်မနေခဲ့။ တီထွင်ဖန်တီးပြုလုပ်ရန် အားထုတ်လာခဲ့ကြသည်။ အားထုတ်မှု၏ ရလဒ်အဖြစ် အမေရိက အလယ်ပိုင်းနှင့်တောင်ပိုင်းတွင်နေထိုင်ကြသူများက ကျောက်ရိုင်းတုံးကို မျက်နှာပြင်ပြောင်လက်ချောမွတ်အောင် ပွတ်တိုက်ထားသည့် လူတို့ဖန်တီးတီထွင်သော လက်လုပ်ပုံရိပ်ထင်ပစ္စည်းကို ဘီစီ ၂၀၀၀ တွင် ပြုလုပ်အသုံးပြုလာနိုင်ခဲ့ကြသည်။

ထိုမှတစ်ဆင့် ကြေးခေတ်သို့ ရောက်လာသည့်အခါ ကြေးနီကို အပြားပြုလျက်ပြောင်လက်အောင် တိုက်ချွတ်၍ ယခုထိတိုင် ‘ကြေးမုံ’ ဟူသော ဝေါဟာရကျန်ရစ်ခဲ့စေသော ကြေးမုံပြင်ကိုကား အီဂျစ်နှင့် မက်ဆိုပိုတေးမီးယားသားတို့က ဘီစီ ၃၀၀၀ တွင် တီထွင်ခဲ့ကြခြင်းဖြစ်လေသည်။

သို့သော် ကြေးမုံမှန်ပြင်တို့၏ ဖြစ်ထွန်းတိုးတက်မှုက ရပ်တန့်မသွားခဲ့။ ကျွန်ုပ်တို့ယခုလက်ရှိ အသုံးပြုနေကြသော ပြဒါးသုတ် မှန်ကိုမူ တရုတ်တို့က နောက်ဆုံးပိတ် အိတ်နှင့်လွယ်အဖြစ် အေဒီ ၅၀၀ တွင် တီထွင်ဖန်တီးခဲ့ကြခြင်းဖြစ်လေ၏။

ထိုထိုသော ကြေးမုံမှန်ပြင်တို့၏ အဆင့်ဆင့်ဖြစ်သန်းလာခဲ့ရာ နှစ်ပေါင်းထောင်ချီသည့် သမိုင်း ခရီးအဆက်အဆက်ကို ပြန်ကြည့်သည့်အခါ လူသားတို့သည် မိမိ၏ပုံရိပ်ကို ပကတိအတိုင်း ရှုမြင်နိုင်သည့် ပုံရိပ်ထင်ပစ္စည်းများကို လူ့သမိုင်းအဦးအစကတည်းကပင် နှစ်သက်မက်မောခဲ့ကြလျက် မရ၊ ရအောင် တခုတ်တရ ဖန်တီးတီထွင်လာခဲ့ကြကြောင်း တွေ့ရလေသည်။ ထို့ကြောင့် လူသားတို့သည် ကြေးမုံမှန်ပြင်တို့ကို အလွန်မက်မောတပ်မက်ခဲ့ကြပါကလားဟု တွေးမိရသည်။

ကြေးမုံပြင်တို့ဖြတ်သန်းလာခဲ့ကြရာ သမိုင်းအဆင့်ဆင့် အကြောင်း တွေးမိသည့်အခါ ကျွန်တော် ငယ်စဉ်မူလတန်းကျောင်းသားဘဝက ကျွန်တော်တို့၏ ဆရာမ ပြောပြဖူးသည့် ပုံပြင်လေးတစ်ပုဒ်ကို သတိရမိသွားသည်။

“ဟိုးရှေးရှေးတုန်းက တန်ခိုးသြဇာ အလွန်ကြီးတဲ့ ဘုရင်ကြီးတစ်ပါးရှိတယ်သတဲ့. . ”ဟုဆရာမကပုံပြင်လေးကိုစသည်။ ဆရာမက ပုံပြောရာ၌ လေယူလေသိမ်း ဌာန် မာန်အပြည့်ပါသဖြင့် ကျွန်တော်တို့အားလုံး ထိုပုံပြင်လေးထဲ မျောပါသွားခဲ့ကြဖူးသည်။

ဆရာမ၏ ပုံပြင်ထဲမှ အဓိကဇာတ်ကောင်ဖြစ်သည့် ထိုဘုရင်ကြီးမှာ တန်ခိုးသြဇာအာဏာ အလွန် ကြီးမားသော်လည်း သားသမီးကံကမူ မကောင်းခဲ့ဟု ဆိုသည်။ လူအိုနောက်ကျသားအဖြစ် ဆည်းဆည်းပူးပူး မွေးထားရသည့် သမီးတော်လေးမှာ နှုတ်ခမ်းပဲ့၊ သွားခေါ၊ မျက်စိစွေ၊ မျက်ခမ်းစပ်၊ နှာယောင်ကောက်၊ နဖူးမောက် ဆိုသကဲ့သို့ အလွန်အရုပ်ဆိုး အကျည်းတန်လေသည်တဲ့။ အရုပ်ဆိုးအကျည်းတန်လိုက်ပုံကလည်း နန်းတော်တွင်းရှိ ကြေးမုံမှန်ပြင်များ ရှေ့သို့ရောက်လေတိုင်း ကိုယ့်မျက်နှာကိုပြန်မြင်တိုင်း လန့်လန့် ငိုရသည်ထိ ဖြစ်လေ၏။

ထိုသို့ သမီးတော်လေး လန့်လန့်ငိုရဖန်များသည့်အခါ စိတ်မကောင်းခြင်းများစွာဖြစ်ပေါ်လာသည့် ဘုရင်ကြီးက မိမိ၏ သမီးတော်လေး ရုပ်ဆင်းအင်္ဂါမပြေပြစ်သည်ကို မစဉ်းစားနိုင်တော့ဘဲ ကြေးမုံမှန်ပြင်များအပေါ်၌သာ ရာဇမာန်ဒေါသအမျက်ပွားလျက် နန်းတော်ထဲတွင်ရှိသော ကြေးမုံမှန်ပြင်များကို ရိုက်ခွဲဖျက်ဆီးလေတော့သည်။ အလွန်ဒေါသကြီးသည့် ထိုဘုရင်ကြီးမှာ နန်းတော်အတွင်းရှိ ကြေးမုံမှန်ပြင်များ တစ်ခုမကျန် အကုန်အစင်ဖျက်ဆီးပစ်ပြီးသည့်တိုင်ပင် ဒေါသကမပြေနိုင်သေးသဖြင့် ၎င်းအုပ်ချုပ် မင်းလုပ်နေသည့်တိုင်းပြည်ကြီးအတွင်း ကြေးမုံမှန်ပြင် တစ်ကွဲတစ်စမျှမရှိစေရဟု အမိန့်ထုတ်ပြန်လေ၏။

တိုင်းသူပြည်သားများအပေါ် မညှာမတာ အာဏာကုန်အုပ်ချုပ်လာခဲ့သည့် ဘုရင်ကြီးဖြစ်၍ ၎င်း၏ အမိန့်ကို မလွန်ဆန်ဝံ့ကြ။ အမိန့်အတိုင်းသာ ကြေးမုံမှန်ပြင်များကို ဖျက်ဆီးပစ်ကြရလေသည်။ ထို့ကြောင့်ပင် ထိုတိုင်းပြည်ကြီးမှာ ကြေးမုံမှန်ပြင် တစ်ချပ်တလေမျှပင် ကြည့်စရာမရှိတော့သော တိုင်းပြည်ကြီးဖြစ်သွားလေတော့၏။

> “စင်စစ်တွေးတော့ ကျွန်ုပ်တို့အားလုံးသည် ထိုကဲ့သို့သော မှန်မုန်းသူ ကေရာဇ်ကြီးများလက်အောက်တွင် နှစ်ပေါင်း ၅၀။ ရာစုနှစ်တစ်ဝက်။ မျိုးဆက်တစ်ဆက်။ ယခုတော့ အရုဏ်တက်ဖို့ ကြက်ဦးတွန်ချိန် . . .”

ထို့ကြောင့်တိုင်းသူပြည်သားများမှာလည်း မိမိကိုယ်မိမိ ပြန်ကြည့်ခွင့်၊ မြင်ခွင့်၊ သုံးသပ်ပြင်ဆင်ခွင့်မရကြတော့ဘဲ သားစဉ်မြေးဆက်တိုင် အရုပ်ဆိုးအကျည်းတန် ညစ်ပတ်ပေရေကုန်ကြသဖြင့် အခြားခြားသော အတိုင်းတိုင်း အပြည်ပြည်တို့ကပင် ဆေးဖော်ကြောဖက်မလုပ်ကြတော့သည့် ဝိုင်းပယ်ခံ တိုင်းပြည်ကြီးတစ်ပြည်ဖြစ်သွားလေတော့သတဲ့ကွယ် . . ဟု ဆရာမက သူ့ပုံပြင်လေးကို အဆုံးသတ်သည်။

ထိုပုံပြင်လေးကို ဆရာမ ဘယ်ပုံပြင်စာအုပ်ထဲမှ ရလာခဲ့သည်လဲ။ ဆရာမကိုယ်တိုင် တီထွင် ဖန်တီးလာသည့် ပုံပြင်လေးပင်လား။ ကျွန်တော်မသိပါ။ ထိုပုံပြင်လေးကမူ ကျွန်တော့်နားထဲတွင် ယခုတိုင်စွဲထင်မှတ်မိရှိနေဆဲရှိပါသေးသည်။ ချွေးတွေ သံတွေ ဖုန်မှုန့်တွေ အလိမ်းလိမ်းဖြင့် ကျောင်းကစားကွင်းထဲမှ တက်လာသော ကျွန်တော်တို့ အပေအတေတစ်သိုက်ကို ရည်ရွယ်၍ ပြောခဲ့လေတာပင်လား ရေးတေးတေးမှတ်မိနေသေးသည်။

ယခုပြန်စဉ်းစားမိသည့်အခါ ထိုပုံပြင်လေးထဲမှ အတွေးတစ်ခု ရလာသည်။ အမြင်တစ်ခုရလာသည်။ မိမိ၏ သားသမီးကိုယ်တိုင်က ရုပ်ဆင်းအင်္ဂါမပြေပြစ်ပါလျက် ထိုမပြေပြစ်မှုကို မျက်ကွယ်ပြုကာ ပကတိအတိုင်းသော ပုံရိပ်ကို ထင်သည့် ကြေးမုံမှန်ပြင်တို့အပေါ် ရာဇမာန်ရှုခဲ့သည့် အာဏာရှင်ဘုရင်ကြီး၏ အလွဲကို သတိပြုမိလာသည်။ အာဏာကို အလွဲသုံးလျက် အဖြစ်မှန်ကို ဖုံးကွယ်လိုသည့် အာဏာရှင်ကြီးဟု မြင်လာသည်။ ထိုဘုရင်ကြီး၏ လွဲမှားမှုကြောင့် တိုင်းပြည်ရော ပြည်သူပြည်သားများပါ မြေဇာပင်များဖြစ်ကုန်ကြရလျက် အတိုင်းတိုင်းအပြည်ပြည်တို့မှ ဝိုင်းပယ်ခံရသည့် အကျည်းတန်တွေ ဖြစ်ခဲ့ကြရသည့်အပေါ်တွင်လည်း ဖြစ်ရလေခြင်းဟူသော ကောက်ချက်ကို ဆွဲမိလာသည်။

တကယ်တော့လည်း ထိုအာဏာရှင်ဘုရင်ကြီးက ပကတိအမှန်အတိုင်း ပုံရိပ်ထင်စေသော ကြေးမုံမှန်ပြင်များကို မည်မျှပင် မုန်းမာန်ပွားခဲ့သည် ဆိုစေကာမူ ကမ္ဘာဦးလူသားတို့မှသည် ယနေ့ခေတ်ခေတ်မီ လူသားတို့အထိ အားလုံးတို့ကမူ ထိုကြေးမုံမှန်ပြင်များကိုပင် တမက်တမော သုံးစွဲခဲ့ကြလျက် သုံးစွဲနေကြဆဲလည်း ရှိလေသည်။ အကြောင်းမှာ ကြေးမုံမှန်ပြင်ဆိုသည်က မိမိကိုယ်ကိုမိမိ ပကတိအတိုင်းမြင်နိုင်သောကြောင့် ဖြစ်လေ၏။

ဘုရင်ကြီးက အမှန်ကို မမြင်လိုမကြည့်ရဲသဖြင့် မှန်တွေကိုမုန်းခဲ့သော်ငြား အများသူငါကမူ မှန်များကို ပကတိအတိုင်းအမှန်မြင်ရသဖြင့် တမက်တမောကြည့်ချင်နေကြခြင်းဖြစ်လေသည်။

တွေးရင်းမှပင် အတွေးက ဆက်လာပြန်သည်။ လူတို့သည် မိမိတို့၏ ဗဟိဒ္ဓဖြစ်သော အရေပြားပေါ်မှ ရုပ်ရည်ကိုသာ အမှန်အတိုင်း သိချင်မြင်ချင်ကြသည်လား။ အဇ္ဈတ္တဖြစ်သည့် မိမိ၏အတွင်းစိတ်နှလုံးသားကိုရော ပကတိအတိုင်း မြင်ဖူးသိဖူးကြပါရဲ့လား။ မိမိ၏ အဇ္ဈတ္တစိတ်နှလုံးသားကိုမိမိ ပကတိအတိုင်း သိလိုမြင်လိုစိတ်ရော ရှိကြပါရဲ့လား။ ယခုနေများ အပြင် ဗဟိဒ္ဓ ရုပ်ရည်ကိုရော အတွင်းအဇ္ဈတ္တစိတ်နှလုံးသားကိုပါ ပကတိအတိုင်း မြင်နိုင်စွမ်းသည့် ကိုယ်လုံးပေါ် ကြေးမုံမှန်ပြင်ကြီးတစ်ချပ်များ ရခဲ့မည်ဆိုလျှင် ထိုမှန်ပြင်ကြီး၌ မိမိကိုယ်မိမိ ရှုမြင်လိုစိတ်များ ရှိကြပါလေမည်လားဟုစောကြောနေမိသည်။

အခြားသူများ၏ ဆန္ဒကို မသိသော်လည်း ကျွန်တော်ကမူ ကျွန်တော်၏ အဇ္ဈတ္တစိတ်နှလုံးသားကို ပကတိအတိုင်း မြင်နိုင်သည့်ကိုယ်လုံးပေါ် ကြေးမုံမှန်ပြင်ကြီးတစ်ချပ် လိုချင်နေမိသည်။ ထိုမှန်ကြီးရှေ့တွင် ကိုယ်တိုင်ရပ်၍ ကိုယ့်စိတ်နှလုံးသားကို ကိုယ်ပြန်၍ ပကတိအတိုင်း ကြည့်ချင်နေမိသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပါဟု ဆိုနေရင်းမှပင် မိမိ၏ထိုစကားအပေါ်တွင် သံသယရှိလာသောကြောင့် ဖြစ်၏။ “မိမိကိုယ်မိမိ အသိဆုံးဟုဆိုသော်လည်း မိမိကိုယ်မိမိမသိဆုံးလူမှာလည်း မိမိသာလျှင်ဖြစ်သည်” ဟူသော စကားလည်းရှိသောကြောင့် ဖြစ်လေ၏။

မှတ်သားထားမိသော နောက်စကားတစ်ခွန်းကမူ “လိမ်လည်ခြင်းများ၌ မိမိကိုယ်မိမိ လိမ်လည်ခြင်းက အန္တရာယ်အကြီးဆုံးဖြစ်၏” တဲ့။

သို့ဆိုလျှင် မိမိကတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်များ လိမ်ခဲ့ပြီးပြီလဲ မေးရတော့မည်။ မေးသာမေးရ အဖြေက “မလိမ်ခဲ့မိဘူးထင်ပါရဲ့” ဟုသာ ဝိုးတဝါးထွက်သည်။

တကယ်တော့ ကျွန်တော်အပါအဝင် လူတိုင်းနီးပါးသည် မိမိကိုယ်မိမိ ကြည့်မြင်ရာ၌ ရဲဝံ့ပြတ်သားမှုမရှိကြဟု ထင်သည်။ မိမိကိုယ်မိမိ ကာကွယ်မှုများ၊ ဆင်ခြေလဲမှုများ၊ သာသာထိုးထိုး အမှတ်ပေးမှုများဖြင့်သာ ပကတိအခြေအနေကို သလွှာဖုံးထားတတ်ကြသည်က များလှသည်။

များသောအားဖြင့်ကမူ သူတစ်ပါးအပေါ် ရှုမြင်သုံးသပ်ရာ၌သာ ထက်မြက်ပြောင်မြောက်တတ်ကြလျက် မိမိကိုယ်မိမိ ရှုမြင်သုံးသပ်ကြရာ၌မူ အားနည်းတတ်လက်တွန့်တတ်ကြသည်။ သူတစ်ပါး၏ အပြစ်ကိုမြင်လျှင် ကဲ့ရဲ့သင်္ဂြိုဟ်ပြုရန် နှုတ်အာသွက်သလောက် မိမိအပြစ်ကို ဖုံးကွယ်ဖျောက်ဖျက်ကြရာ၌လည်း ခြေမြန်လက်မြန်ရှိကြသည်။

စာ(၃၁) သို့

Current Affairs

7 DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012

## မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းလေးနိုင်ငံမှ မသန်စွမ်းများအတွက် ဝန်းကျင်ကောင်းဖန်တီးပေးမည်

**နေလင်းထွန်း**

**ပတ္တရား၊**

**ဒီဇင်ဘာ - ၇**

ဂျပန်-အာဆီယံပေါင်းစည်းမှု ရန်ပုံငွေ (JAIF) စီမံချက်မှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ မသန်စွမ်းများအတွက် အကန့်အသတ် အတားအဆီး ကင်းမဲ့သော ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးဆောင်ရွက်မှု အစီအစဉ်ကို လာမည့်ဇန်နဝါရီတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်အတွင်း ကျေးရွာအုပ်စုနှစ်စုရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် မသန်စွမ်းများအတွက် အဆိုပါစီမံချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေသည်။

လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ဆောင်ရွက်မည့် အစီအစဉ်ကို JAIF ၏ ထောက်ပံ့မှုဖြင့် အာရှပစိဖိတ်ဒေသ မသန်စွမ်းများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဌာန (APCD)က သက်ဆိုင်ရာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

APCD က စီစဉ်ဆောင်ရွက်သော JAIF ၏ ဒေသတွင်းဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းနိုင်ငံ၊ ပတ္တရားမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ မသန်စွမ်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

“ကျွန်မကတော့ မြန်မာနိုင်ငံက လူမှုဝန်ထမ်းဦးစီးဌာန ကိုယ်စားပြု တက်ရောက်လာတာပါ။ ဒီကို လာတဲ့ စီမံချက်ကတော့ အာဆီယံနိုင်ငံတွေက မသန်စွမ်းတွေအတွက် အတားအဆီးဖြစ်နေတာတွေ ကင်းမဲ့အောင် ဖန်တီးဖို့ပါ။ မဖွံ့ဖြိုးသေးတဲ့ ကျေးလက်ဒေသတွေကို ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားမှာပါ။ ဘာတွေလုပ်သွားမယ်ဆိုတာ ထပ်ဆွေးနွေးကြဦးမှာပါ” ဟု မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်ရီမာတင်က ဆိုသည်။

မသန်စွမ်းများအတွက် အတားအဆီးအကန့်အသတ်များ ကင်းမဲ့အောင်ဆောင်ရွက်ရာတွင် ၎င်းတို့၏ ပညာရေး၊ အသက်မွေးဝမ်းကျောင်းဘဝ၊ နေထိုင်သွားလာရေးတို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ဒေသခံတို့ ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးသည် မသန်စွမ်းဦးရေ အများဆုံးရှိနေပြီး ယင်းတွင် ဒေးဒရဲမြို့နယ်က ပထမနှင့် လပွတ္တာမြို့နယ်က ဒုတိယ အများဆုံးအရေအတွက်ရှိနေကြောင်း သိရသည်။

## မျက်နှာဖုံး–အုပ်ချုပ်ရေးမှူးသစ်ရွေးပွဲများ အလုပ်ဖြစ်ပါ့မလား မှ

အုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီ တင်မြှောက်သော်လည်း အုပ်ချုပ်ရေးမှူးအဟောင်းများက အကြောင်းရှာ၍ ဖယ်ရှားမပေးလိုသောသဘောဖြင့်ဆောင်ရွက်မှုများပြုလုပ်နေသောကြောင့် ရပ်မိရပ်ဖများနှင့် အငြင်းပွားမှုများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည်ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေရမည့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်မှုများသည် အစိုးရအဖွဲ့၏ ပုံရိပ်များ ထင်ဟပ်နေမည်ဖြစ်သည့်အတွက် အရေးကြီးကြောင်း မြစ်သားမြို့တွင် နေထိုင်သူ အငြိမ်းစားကျောင်းဆရာတစ်ဦးက သုံးသပ်သည်။

ပုဂံ၊ ညောင်ဦးမြို့နယ် အတွင်းရှိကျေးရွာများမှပြည်သူများကလည်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်မည့်ကိစ္စရပ်ကို မိမိတို့အနေဖြင့် သိရှိခြင်းမရှိကြောင်း ပြောသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ဥပဒေပုဒ်မ ၂၈ အရလစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေများရရှိမည်ဖြစ်ပြီး ရုံးအသုံးစရိတ်ရန်ပုံငွေကို နိုင်ငံတော်မှ ကျခံပေးမည်ဖြစ်ကြောင်း နည်းဥပဒေတွင် ဖော်ပြထားသည်။

အဆိုပါ ဥပဒေ၊ နည်းဥပဒေများတွင် ခံစားခွင့်ရှိသည့် လစာနှုန်းထားများကို သတ်မှတ်ထားခြင်းမရှိသော်လည်း ရန်ပုံငွေရရှိမှုအနေအထားအရ တစ်လလျှင် လစာ ခုနစ်သောင်းကျပ်နှင့် ရုံးအသုံးစရိတ်အဖြစ် တစ်လလျှင် ငါးသောင်းကျပ် ရရှိမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သော နေရာများကို အခါအားလျော်စွာစစ်ဆေးခြင်း စသည့်အချက်များအပါအဝင် လုပ်ငန်းတာဝန် ၃၂ ချက်ကို ထမ်းဆောင်ရမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များနှင့် အခြားမြို့နယ်များရှိ ပြည်သူများကို ဆက်သွယ်မေးမြန်းရာတွင် လက်ရှိလုပ်ကိုင်နေသော အုပ်ချုပ်ရေးမှူးအများစုသည် ရာထူးအရှိန်အဝါကို အသုံးချ၍ ကိုယ်ကျိုးရှာမှုများ၊ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများ ရှိနေပြီး ပြည်သူက ရွေးချယ်မည့် အုပ်ချုပ်ရေးမှူးများ တက်လာမည်ကို ၎င်းတို့က လိုလားမှုမရှိကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ရပ်ကွက်မှာ အုပ်ချုပ်ရေးမှူးရွေးပြီးပေမယ့် အရင်အုပ်ချုပ်ရေးမှူးဟောင်းရဲ့ ငွေကြေးအလွဲသုံးစားမှုတွေ ရှိနေတဲ့အတွက် လွှဲပြောင်းမှုမှာ ကြန့်ကြာနေတယ်။ ငွေဆယ့်ခုနစ်သိန်းစာရင်း ပျောက်နေတာကိုမရှင်းနိုင်လို့ ကြန့်ကြာနေတာ”ဟု ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။

ထို့အတူ ကျေးရွာအုပ်ချုပ်ရေးမှူးအာဏာကို အလွဲသုံးစားပြု၍ အထက်ဌာနများ၏ ခွင့်ပြုမိန့် တစ်စုံတစ်ရာမရဘဲ တိုးချဲ့ကွက်သစ်အား မိမိသဘောဆန္ဒဖြင့် အကွက်ရိုက်ရောင်းချမှုများရှိခဲ့ကြောင်း၊ အဆိုပါ အုပ်ချုပ်ရေးမှူးသည် စက်တင်ဘာ ၂၁ ရက်တွင် တာဝန်မှ ရပ်စဲခံရသော်လည်း ယခုအချိန်အထိ ရုံးတံဆိပ်များ၊ ယခင်လုပ်ပိုင်ခွင့်များကို အသုံးချ၍ ငွေကြေးကောက်ခံမှုများ ပြုလုပ်နေကြောင်း ပဲခူးမြို့နယ် သာယာအေးကျေးရွာ အုပ်စုမှ ရပ်မိ/ရပ်ဖတစ်ဦးဖြစ်သူ ဦးထွန်းထွန်းက ပြောသည်။

အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲများ ပြုလုပ်ရာတွင် အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်မှုအားနည်းခြင်း၊ အများပြည်သူအားလပ်သည့်အချိန်တွင် ကျင်းပမှုမရှိခြင်း စသည့် ချို့ယွင်းအားနည်းမှုများ ရှိနေသည်။

ဟင်္သာတမြို့ ပျဉ်းမချောင်းရပ်ကွက်တွင်နေထိုင်သူကိုအောင်မင်းက “လက်ရှိဥက္ကဋ္ဌက မဲပေးဖို့ တစ်အိမ်တစ်ယောက် ခေါ်တဲ့နေရာမှာ ဘယ်အချိန်ဆိုတာ ပြောမသွားဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက လူတွေက နံနက် ၈ နာရီခွဲလောက်လာတော့ အများစုက လယ်ထဲကိုင်းထဲ ဆင်းတဲ့အချိန်ဖြစ်နေတယ်”ဟု ပြောသည်။

အုပ်ချုပ်ရေးမှူးများကို ဥပဒေအတိုင်း အသစ်ပြန်လည်ရွေးချယ်ရာတွင်လည်း ကြီးကြပ်ရေးကော်မရှင်ကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ တိုက်ရိုက်ခန့်အပ်ပိုင်ခွင့် ရှိသော်လည်း အချို့ဒေသများတွင် အများပြည်သူက ရွေးချယ်တင်မြှောက်သည့်စနစ်ကိုကျင့်သုံးခြင်းများရှိသည်။

“ကျွန်တော်ကတော့ ကြီးကြပ်ရေးအဖွဲ့တွေကို ရပ်ကွက်နေပြည်သူတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရွေးချယ်ချင်တဲ့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးအနေနဲ့ မရွေးဘဲ မဲစနစ်နဲ့ ရွေးချယ်ခဲ့တာပါ။ သမာသမတ်ကျတဲ့ပုဂ္ဂိုလ်ကို ကျွန်တော်တို့ထက် ရပ်ကွက်ထဲက ပြည်သူတွေ ပိုသိပါတယ်” ဟု ဟင်္သာတမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက ပြောသည်။

ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေ၊ နည်းဥပဒေများကို ပြည်သူအများစုက သိရှိခြင်းမရှိပေ။

“ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေမသိရလို့ ဘယ်လို ဥပဒေနဲ့ တင်မြှောက်သလဲဆိုတာ ရွာသူရွာသားတွေ မသိကြပါဘူး။ အခုရွေးမယ့်အုပ်ချုပ်ရေးမှူးက ပြည်သူ့ဆန္ဒနဲ့အညီ တင်မြှောက်မယ်တော့ကြားတယ်။ စောင့်ကြည့်ရဦးမယ်” ဟု မုံရွာမြို့ လယ်တီရပ်ကွက်မှဦးစန်းက ပြောသည်။

အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ပြည်သူလူထုက ဥပဒေနှင့် နည်းဥပဒေများကို မသိရှိသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဥပဒေများကို ပြည်သူလူထုထံ ဖြန့်ဝေထားပြီး ဥပဒေချိုးဖောက်မှုများကို မိမိတို့ပါတီက စောင့်ကြည့်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်ကပြောသည်။

မန္တလေးမြို့တွင် နေထိုင်သူတစ်ဦးက “ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အမျိုးသားပဲလုပ်လုပ်၊ အမျိုးသမီးပဲလုပ်လုပ် ဘာမှမကွာပါဘူး။ အရေးကြီးတာ စေတနာပါဖို့ပဲ။ အထက်ကိုလည်း ပြောရဲဆိုရဲ ရှိရမယ်။ ရပ်ကွက်ကလူတွေရဲ့ အကျိုးကိုကြည့်ရမယ်” ဟု ဆိုသည်။

“ရပ်ကွက်ထဲမှာ မူးဆူနေတာတို့ ညကြီး အချိန်မတော် ဆောင်းဘောက်နဲ့ သီချင်းတွေဖွင့်နေတာတို့ကိုပါ လာပြောပေးတဲ့သူ ဖြစ်စေချင်တယ်။ အိမ်အရောင်းအဝယ်စာချုပ်ချုပ်မှာသက်သေလက်မှတ်ထိုးပေးပြီး အလျှုခံတာမျိုး ပိုက်ဆံရှိတဲ့ သူဌေးတွေမျက်နှာကြည့်ပြီး အကြွေးတောင်းပေးတာမျိုးတွေပဲ လုပ်တတ်တဲ့ အုပ်ချုပ်ရေးမှူးတွေ မလိုချင်ဘူး” ဟု အမရပူရမြို့မှ ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အစိုးရသစ်လက်ထက်တွင် ယခင်က ပြုလုပ်ခဲ့ဖူးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို အများပြည်သူမှ တင်မြှောက်သည့် စနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်လိုက်သည့် အုပ်ချုပ်ရေးမှူးများသည် ပြည်သူအကျိုးကို ဆောင်ရွက်လိုသူများသာဖြစ်စေလိုကြောင်းပြည်သူများက ဆိုသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများက ရပ်ကွက်၊ ကျေးရွာအုပ်စုတစ်ခုတွင် အများကြည်ညိုလေးစားသူငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရသည်။

ကြီးကြပ်ရေးအဖွဲ့မှ ပြုစုထားသော အိမ်ခြေစာရင်းအလိုက် ဆယ်အိမ်စုတစ်စုလျှင် ကိုယ်စားလှယ်တစ်ဦးစီကို ရပ်ကွက်နေ ၁၈ နှစ်ပြည့်ပြီးသူအားလုံးက လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ပေးရမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် ဆယ်အိမ်စု ကိုယ်စားလှယ်များထဲမှ တစ်ဦးကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ရမည် ဖြစ်သည်။

ရွေးချယ်ခံရသူအား မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးမှူးသို့ တင်ပြပြီး ၎င်း၏ အတည်ပြုမှုဖြင့် ခန့်အပ်ရမည်ဖြစ်သည်။

အဆိုပါ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် အမျိုးသမီးများ ပါဝင်ရွေးချယ်ခံခွင့် ရှိသော်လည်း ဝင်ရောက်အရွေးခံမှုမရှိသလောက်ဖြစ်နေပြီး နယ်မြို့အချို့တွင် ဒေသခံများက အမျိုးသမီးများဝင်ရောက်အရွေးခံမှုကို မလိုလားကြောင်း သိရသည်။

“တကယ်လို့ အမျိုးသမီးတစ်ယောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်လာခဲ့ရင် ညအချိန်မတော် အမှုအခင်းတွေအတွက် လိုက်ရရင် အမျိုးသားတွေကြားမှာဆိုတော့ အဆင်ပြေမှာ မဟုတ်ဘူး။ အုပ်ချုပ်ရေးပိုင်းမှာ အမျိုးသားတွေပဲ တာဝန်ယူတာများတယ်လေ”ဟု ဟင်္သာတမြို့နယ် ပျဉ်းမချောင်းရပ်ကွက်တွင် နေထိုင်သူ ဦးမန်းရွှေက ဆိုသည်။

အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းနှင့်ပတ်သက်၍ “နည်းဥပဒေ၊ ဥပဒေတွေက မည်သို့ဆိုစေကာမူ ကိုယ်ခန့်ချင်တဲ့သူကို မခန့်ခန့်ဖြစ်အောင်လို့ အကြံအဖန်တွေလုပ်ကြမယ်ဆိုရင် ဘယ်လိုမှ တကယ့်စစ်မှန်တဲ့ ပြည်သူလူထုကို အကျိုးပြုတဲ့ အပြောင်းအလဲဆိုတာ ဖြစ်လာမှာမဟုတ်ဘူး။ ပြည်သူလူထုအကျိုးပေါ်မှာ တကယ်ပြောင်းလဲတိုးတက်လာမှာ မဟုတ်ဘူးလို့ ကျွန်တော်မြင်တယ်” ဟု ဦးအုန်းကြိုင်ကဆိုသည်။

လက်ရှိကာလတွင် ပြည်ထောင်စု အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ထင်ရှားစွာဖြစ်ပေါ်နေသော်လည်း အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များအတွင်း ခေါက်ရိုးကျိုးအလေ့အထများကို ပြုပြင်ရန်အတွက် အခြေခံအကျဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများကို လူထုဆန္ဒဖြင့် ရွေးချယ်ခန့်အပ်ရန် စီစဉ်လာခြင်းသည် အမှန်တကယ်ပင် ပြောင်းလဲခြင်း၏ ခြေလှမ်းအစ ဖြစ်၊ မဖြစ်ကိုပြည်သူလူထုကပင် စောင့်ကြည့်ရမည်ဖြစ်သည်။

### ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အရည်အချင်းများ

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း။

(ခ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း။

(ဂ) သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း။

(ဃ) စားဝတ်နေရေး ဖူလုံမှုရှိသူဖြစ်ခြင်း။

(င) သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ဆယ်နှစ်နေထိုင်လျက် ရှိသူဖြစ်ပြီး လက်ရှိ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်း။

(စ) ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း။

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း။

(ဇ) နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏ အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း။

(ဈ) အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း။

(ည) တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်း။

(ဋ) လက်နက်ကိုင်အဖွဲ့အစည်းဝင် မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူမဟုတ်ခြင်း။

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012



ဆားလင်းကြီးမြို့နယ်မှ  စံပယ်တောင်ကြေးနီထုတ်လုပ်ရေးစီမံကိန်းမြင်ကွင်း  ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## စီမံကိန်းများကို နိုင်ငံရေးတည်ငြိမ်မှ ဆောင်ရွက်ရန် ရှမ်းပါတီကြီးနှစ်ခု ကြေညာချက်ထုတ်

**အိဖြူလွင်၊ နိုင်နိုင်စိုး**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၈**

နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းကြီးအချို့တွင် ပြည်သူလူထု၏ ကန့်ကွက်မှုများ ထွက်ပေါ်နေချိန်တွင် ရှမ်းပါတီကြီးနှစ်ခုက ရှမ်းပြည်နယ်တွင် စီမံကိန်းကြီးများကို ၂၀၁၅ ခုနှစ် မတိုင်မီအချိန်ထိ ဆောင်ရွက်ခြင်းမပြုရန်နှင့်ဆောင်ရွက်လာပါက ပါတီများအနေဖြင့် ပူးပေါင်းကန့်ကွက်သွားမည်ဟုယခုလ ၃ ရက်က ပထမဆုံးအကြိမ် သဘောထားကြေညာချက် ထုတ်ပြန်လိုက်သည်။

ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့်  ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးအခြေအနေ တည်ငြိမ်သည့် အခြေအနေရောက်မှသာ အငြင်းပွားစေနိုင်သည့် စီမံကိန်းများကို လုပ်ဆောင်သင့်ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ဆိုသည်။

စီးပွားရေးဇုန်တစ်ခုပေါ်ပေါက်မည်ဆိုပါက ဒေသတွင်း အလုပ်အကိုင်များနှင့် ဖွံ့ဖြိုးမှုများ ရရှိလာမည်ဖြစ်သော်လည်း ဖွံ့ဖြိုးမှုတစ်ခုတည်းကို ကြည့်ကာ လက်ခံ၍မရဘဲ ဒေသခံများနှင့် အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများ၊ ပညာရှင်များနှင့် စနစ်တကျ လေ့လာဆွေးနွေးမှုများ ပြုလုပ်ရန် မဖြစ်မနေလိုအပ်သည်ဟု နိုင်ငံရေးသမားများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

**အချပ်ပို(A)သို့**

## လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင် ရလဒ်မှန်ကန်မှုတပါက လက်မခံနိုင်စရာမရှိဟု တရုတ်သံအမတ်ပြော

**ငြိမ်းငြိမ်းနိုင်**
**ရန်ကုန်၊ဒီဇင်ဘာ-၇**

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် လက်ပံတောင်းတောင်အရေးစုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကော်မရှင်ရလဒ်သည် မှန်ကန်မှုတပါက လက်မခံနိုင်စရာမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက မီဒီယာများသို့ ပြောကြားလိုက်သည်။

"ကျွန်တော်တို့ ကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် မှန်ကန်မှုတတဲ့ အစီရင်ခံစာ ထွက်ပေါ်စေလိုပါတယ်" ဟု သံအမတ်ကြီး လီကျင်းဟွာက ပြောကြားသည်။

ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုရလဒ်သည် စီမံကိန်းရပ်ဆိုင်းရေးဖြစ်ပါက တရုတ်အစိုးရ၏ သဘောထား မည်သို့ရှိမည်ကို မီဒီယာများက မေးမြန်းရာတွင် သံအမတ်ကြီးက "စုံစမ်းမှုရလဒ်ကို ကြိုပြီးမခန့်မှန်းချင်ပါဘူး။ ရလဒ်ကို ကျွန်တော်တို့ စောင့်နေပါတယ်။ အဲဒါထွက်လာမှပဲ ကျွန်တော်တို့ လက်ခံ၊ မခံဆိုတာ အဖြေပေးနိုင်ပါမယ်။ ကော်မရှင်က ပြည်သူကို တာဝန်ကျေတဲ့ ရလဒ်ပေးမယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းမီဒီယာ စုစုပေါင်း ၁၅ ခုခန့် တက်ရောက်ပြီး သံရုံးအနေဖြင့် မီဒီယာများအား ဖိတ်ကြားပြုလုပ်သည့် ပထမဆုံးသတင်းစာရှင်းလင်းပွဲဖြစ်ကြောင်း သံရုံးပြောရေးဆိုခွင့်ရှိသူ မစ္စတာဂေါင်းက ပြောကြားသည်။

လက်ပံတောင်းတောင်အရေးစုံစမ်းစစ်ဆေးမှုကော်မရှင်ကို ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဖွဲ့စည်းလိုက်ခြင်းဖြစ်ပြီး ကော်မရှင်၏ တာဝန်သည် အမှန်တရားကို ဖော်ထုတ်ရန်ဖြစ်၍ နောက်ဆုံးရလဒ်သည် အများပြည်သူအားလုံးကို ကျေနပ်မှုပေးနိုင်သည့် အဖြေမျိုးထွက်လာနိုင်မည်မဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားထားသည်။

လက်ပံတောင်းတောင်သပိတ်စခန်းများအား အင်အားသုံးဖြိုခွင်းမှုများအပေါ် သဘောထား မေးမြန်းရာတွင် သံအမတ်ကြီးက တရုတ်နိုင်ငံသည် မည်သည့်နိုင်ငံ၏ ပြည်တွင်းရေးကိုမျှဝင်ရောက်စွက်ဖက်လေ့မရှိဟုဆိုကာ မှတ်ချက်ပေးရန်ငြင်းဆိုသည်။

မီးလောင်ဒဏ်ရာနှင့်ပတ်သက်၍ ယခုကြေးနီစီမံကိန်း ဆောင်ရွက်နေသည့် ဝမ်ပေါင်ကုမ္ပဏီ၏ မိခင်ကုမ္ပဏီသည် လက်နက်ထုတ်သည့် ကုမ္ပဏီဖြစ်နေသည့်အတွက်သပိတ်စခန်း စီးနင်းမှုတွင် အသုံးပြုသောလက်နက်များသည်ဝမ်ပေါင်ကုမ္ပဏီ ထောက်ပံ့မှုဖြစ်နိုင်သလားဆိုသည့် မေးခွန်းကို သံအမတ်ကြီးက ယခုကဲ့သို့ ပြန်လည်ဖြေကြားသည်။

"ဝမ်ပေါင်ရဲ့မိခင်ကုမ္ပဏီက လက်နက်ထုတ်တာဟုတ်ပါတယ်။ ဒီက ဝမ်ပေါင်က မိခင်ကုမ္ပဏီက ခွဲထွက်ထားပြီး အခြားလုပ်ငန်းလုပ်နေတာဖြစ်ပါတယ်။ ဒီပစ္စည်းတွေကို ဝမ်ပေါင်က ပေးတာမဟုတ်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဘယ်ကလာတယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ မြန်မာ ရဲတပ်ဖွဲ့ကို သွားမေးပါ" ဟု တုံ့ပြန်ဖြေကြားသည်။






# သီချင်းတွေနဲ့ ဖျော်ဖြေရုံမကဘဲ လူကုန်ကူးမှုနဲ့ပတ်သက်ပြီး ပရိသတ်ရင်ထဲရောက်ဖို့ ဂျေဆင်ကိုရွေးချယ်တာ အမှန်ကန်ဆုံးပါပဲ

## MTVExit မှ ကမ်ပိန်းဒါရိုက်တာ မစ္စတာ မတ်ဒ်လဗ်နှင့် တွေ့ဆုံခြင်း

**အေးမြကျော်**



ဒီဇင်ဘာ ၅ ရက်က ဂရမ်မီနှစ်ဆုရှင် အမေရိကန်အဆိုတော်ဂျေဆင်မရက်ဇ် မြန်မာနိုင်ငံတွင် ဖျော်ဖြေရမည့်အတွက် အရမ်းကိုစိတ်လှုပ်ရှားနေကြောင်း သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။ ဒီဇင်ဘာ ၁၆ ရက်တွင် အမ်တီဗီဂီတရုပ်သံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးအစီအစဉ် တစ်ခုဖြစ်သော MTVExit ၏ မြန်မာနိုင်ငံတွင်ပြုလုပ်မည့် နိုင်ငံတကာ တေးဂီတဖျော်ဖြေပွဲတွင် ဂျေဆင်မရက်ဇ်နှင့်အတူ ပြည်တွင်းမှ အဆိုတော်များလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပါဝင်ကြမည်ဖြစ်သည်။ ရန်ကုန်မြို့၏ အထင်ကရနှင့် သမိုင်းဝင်နေရာဖြစ်သော ရွှေတိဂုံစေတီတော်နောက်ခံနှင့်ပြည်သူ့ရင်ပြင်တွင် ပြုလုပ်သွားမည့် ထိုဖျော်ဖြေပွဲသည်ဂီတကို ကြားခံအဖြစ်သုံးကာ လူငယ်များကိုလူကုန်ကူးမှုနှင့်ပတ်သက်သော အသိပညာများပေးသွားမည့် ဖျော်ဖြေပွဲဖြစ်သည်။ ပြည်တွင်းမှ ပြည်ထဲရေးဝန်ကြီးဌာ နနှင့် ကုလသမဂ္ဂလူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံတကာအေဂျင်စီ (UNIAP)တို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပသွားမည့် ထိုဂီတပွဲကို ပြည်တွင်းတွင် Channel7၊ ထိုင်းရုပ်သံလိုင်း channel 3 နှင့် MTV ရုပ်သံလိုင်းမှ တစ်ကမ္ဘာလုံးသို့ထုတ်လွှင့်သွားမည်ဖြစ်သည်။

ပထမ ဆုံးသော သမိုင်းဝင် နိုင်ငံတကာဂီတဖျော်ဖြေပွဲဖြစ်လာမည့် ထိုပွဲ ကျင်းပနိုင်ရေး ရန်ကုန်မြို့သို့ ဒီဇင်ဘာ ၂ ရက်နေ့ကတည်းက လာရောက်စီစဉ်နေသော MTVExitမှ ကမ်ပိန်းဒါရိုက်တာမတ်ဒ်လဗ်နှင့် ပွဲမတိုင်မီ အကြိုမေးမြန်းထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**အမ်တီဗီအိတ်ဇစ်နိုင်ငံတကာဂီတပွဲအတွက် စတိတ်စင်ပြင်ဆင်နေမှုကို ဒီဇင်ဘာ၆ရက်ကတွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အရင်ဆုံး ဒီပွဲကို ပရိသတ်ဘယ်လောက် လာကြည့်မယ်လို့ ခန့်မှန်းထားလဲ။ နောက်ပြီး တခြားအာရှနိုင်ငံတွေမှာ လုပ်ခဲ့တဲ့ပွဲတွေမှာလို ပရိသတ်တွေကိုနှစ်ဖက်တီးလို့ရတဲ့ လေတုတ်တံတွေနဲ့ အခြားလက်ဆောင်တွေရော ပေးဖို့အစီအစဉ်ရှိလား။**

ကျွန်တော်တို့ ပရိသတ်လေးသောင်းကျော်လောက် လာမယ်လို့ မှန်းထားတယ်။ အဲဒီအတွက်လည်း ယုံကြည်မှုရှိပါတယ်။ လက်ဆောင်ကတော့ အခြားပွဲတွေနဲ့ ကွဲပြားအောင် စီစဉ်ထားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခုတော့ မပြောနိုင်သေးဘူးဗျ။ ပရိသတ်တွေကို အံ့သြသွားအောင် လုပ်ချင်လို့ပါ။

**မြန်မာနိုင်ငံမှာဆိုရင် အရင်က အခုလို လူကုန်ကူးမှုနဲ့ ပတ်သက်ပြီး နိုင်ငံတကာ ဖျော်ဖြေပွဲတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ပပျောက်အောင် လှုံ့ဆော်တဲ့ လှုပ်ရှားမှုတွေလုပ်ဖို့ဆိုတာ အတော်လေး ခက်ခဲခဲ့ပါတယ်။ အခုဆို ဒီဇင်ဘာ ၁၆ ရက်မှာ ပထမဆုံး အနေနဲ့စပြီး နိုင်ငံတကာဂီတပွဲ ကျင်းပခွင့်ရခဲ့တဲ့ အပေါ်မှာရော စီစဉ်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားမိလဲ။**

ကျွန်တော်တို့ အရမ်းကိုစိတ်လှုပ်ရှားမိပါတယ်ဗျာ။ ကျွန်တော်တို့ (MTV Exit)အာရှနိုင်ငံတွေမှာ ဂီတဖျော်ဖြေပွဲပေါင်း ၁၃ ခု လုပ်ပြီးပါပြီ။ မြန်မာနိုင်ငံမှာ တစ်ခါမှ မလုပ်ဖူးဘူး။ ဒါပထမဆုံးဖြစ်ပါတယ်။ ဒီ ၂၀၁၂ မှာ လုပ်ခွင့်ရတာ အရမ်းကို စိတ်လှုပ်ရှားစရာပါ။ ဘာလို့လဲဆိုတော့ အစိုးရက ပြုပြင်ပြောင်းလဲမှုတွေလုပ်တယ်။ လူငယ်တွေအနေနဲ့လည်း သတင်းအချက်အလက်တွေကို အရင်ကထက်ပိုရရှိနိုင်တဲ့ အခွင့်အရေးတွေ ရှိလာတယ်။ ကျွန်တော်တို့လည်း တစ်ချိန်တည်းမှာပဲ လူကုန်ကူးခြင်း ခံရနိုင်ခြေရှိတဲ့ လူငယ်တွေကို လူကုန်ကူးမှုနဲ့ဆိုင်တဲ့ အသိပညာတွေကိုဖြန့်ဝေပြီး ပညာပေးမှုတွေ ဆက်ပြီးလုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီအချိန်ဟာ အချိန်ကောင်းပါပဲ။ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ကြာရင် တိုင်းပြည်ဟာ ပိုဖွံ့ဖြိုးလာပါလိမ့်မယ်။ အခုလိုအချိန်မှာ ကျွန်တော်တို့ လာခွင့်ရတာ။ ကျင်းပခွင့်ရတာ အရမ်းကို ဝမ်းသာမိတယ်။

**အခုဆိုလူငယ်တော်တော်များများက ဂျေဆင်မရက်ဇ် ဖျော်ဖြေပွဲအတွက် အရမ်းကိုစိတ်အားထက်သန်နေကြတယ်။ အချို့က ဖျော်ဖြေပွဲရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ လူကုန်ကူးမှုနဲ့ ခေတ်သစ်ကျေးကျွန်ပြုခံရမှုတိုက်ဖျက်ရေးအတွက်ဆိုတာကို အမှုမဲ့အမှတ်မဲ့ဖြစ်နေကြတယ်။**

**အချပ်ပို(D)သို့**

အချပ်ပို(D)သို့








စေတုတ္တရာမြို့အဝင် ရေပြင်ဖြစ်သွားသော လယ်ယာမြေများ

# စေတုတ္တရာ၌ မှုန်းစကားဆိုခြင်း

မောင်သာချို

(တစ်)

"စေတုတ္တရာ"တဲ့။

နာမည်လေးက လှလိုက်တာ။ သည်နာမည်ကို ရင်းနှီးကျွမ်းဝင်နေခဲ့တာကဖြင့် ကြာကြာလှပါပြီ။ ဒဏ္ဍာရီတွေ၊ ယုံတမ်းစကားတွေ၊ ပါးစပ်ရာဇဝင်တွေနှင့် အရောရော အယှက်ယှက် အလုံးလုံးအထွေးထွေး ရေးလေ့ရေးထရှိခဲ့ကြသည့် ဟိုးရှေးရှေးက ရာဇဝင် စာအုပ်ကြီးတွေထဲမှာကတည်းက "စေတုတ္တရာ"ကို ဟိုနေရာတွေ့၊ သည်နေရာတွေ့ တွေ့ခဲ့ရဖူးပါသည်။

စကြဝဠာပျက်ပုံ တည်ပုံတွေ၊ ကမ္ဘာပျက်ပုံ တည်ပုံတွေ၊ ကမ္ဘာဦးသူတို့ပေါ် ပေါက်လာပုံတွေ၊ ဇမ္ဗူဒီပါကျွန်းကြီး၌ ပြည်ကြီးတစ်ဆယ့်ကိုး ပြည်ပေါ် ပေါက်လာပုံတွေကို ရှေးရာဇဝင်များ၌ ဖော်ပြလေ့ရှိကြရာ ထိုပြည်ကြီးတစ်ဆယ့်ကိုးပြည်ထဲ၌ နာမည်ကျော် ဗာရာဏသီတို့၊ သာဝတ္ထိတို့၊ ဝေသာလီတို့၊ သာကေတတို့၊ ရာဇဂြိုလ်တို့၊ ကပိလဝတ်တို့၊ မိဓိလာတို့နှင့်အတူ "စေတုတ္တရာ"ပြည်ကြီးဆိုသည်ကလည်း ပါဝင်ပါသည်။

မင်းပူးဆရာတော် ဦးသြဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေများအနက် လက်ရွေးစင် မြန်မာစကားပြေအဖြစ် အများက ယူဆထားကြသော ဂေါတမ မြတ်စွာဘုရား၏ အတိတ်ဝတ္ထုတစ်ပုဒ်ဖြစ်သည့် ဝေဿန္တရာဇာတ်တော်ကြီး ဝတ္ထုကို ဖတ်ရစဉ်ကလည်းသည် "စေတုတ္တရာ"ဟူသည့် အမည်ကိုကြားဖူးခဲ့ပါသည်။ ဝေဿန္တရာမင်း၏ မွေးရပ်ဇာတိ "စေတုတ္တရာ"။

မြန်မာတို့ကား ဗုဒ္ဓယဉ်ကျေးမှုနှင့် ထိတွေ့ဆက်စပ်သူများဖြစ်ရာဂေါတမဗုဒ္ဓ ပွင့်တော်မူရာ အရပ်က မြို့ပြနိုင်ငံများကို စွဲလျက်သာဝတ္ထိ၊ သာကေတ၊ မိတ္ထီလာ၊ ရာဇဂြိုလ်စသည့် အမည်ဖြင့် မြို့ရွာဒေသနာမည်များကို ကိုယ့်နိုင်ငံအတွင်း၌လည်း မှည့်ခေါ်ထားခဲ့ကြလေရာ "စေတုတ္တရာ" ဟူသော မြို့ကလေးလည်း ပါဝင်နေပုံရပါသည်။

ဟုတ်ပါသည်။

"စေတုတ္တရာ"တဲ့။

မကွေးတိုင်းထဲတွင်ရှိသော "စေတုတ္တရာ"ကနာမည်ကလေးလှသလောက် သွားလာဝင်ထွက်ရန် ခက်ခဲလှသော မြို့ကလေးတစ်မြို့ပဲ ဖြစ်ပါလေသည်။

(နှစ်)

ရှေးဘုရင် အဆက်ဆက်က ထောင်ပြုမြို့၊ ရှစ်ရာပြုမြို့၊ ခုနစ်ရာပြုမြို့၊ ခြောက်ရာပြုမြို့၊ လေးရာ ပြုမြို့၊ သုံးရာပြုမြို့၊ နှစ်ရာပြုမြို့၊ တစ်ရာပြုမြို့၊ ရှစ်ကျိပ် ခုနစ်ကျိပ်၊ လေးကျိပ်၊ သုံးကျိပ်၊ နှစ်ကျိပ်ပြုမြို့ စသည် စသည်ဖြင့် နိုင်ငံကာကွယ်ရေးအတွက် စစ်သားလိုအပ်သောအခါပေးရမည့်စစ်သားအရေအတွက်အလိုက် မြို့ပြဒေသများကို အမည်ပေး သတ်မှတ်ထားခဲ့လေရာ"စေတုတ္တရာ" ကလေးရာပြုမြို့ဟု ဆိုသည့်အတွက် စစ်သားလေးရာ ပေးရသောမြို့အဖြစ် မှတ်တမ်းဝင်ပါသည်။

ပုဂံခေတ်က တောင်စဉ်ခုနစ်ခရိုင်ဟူ၍ မြန်မာဘုရင့် အုပ်ချုပ်ရေးလက်အောက်၌ ဒေသတစ်ခုရှိခဲ့ဖူးရာ ကျန်စစ်သားက သားတော်ဇေယျခေတ္တရာအား ညဝတီနှင့်တကွ တောင်စဉ် ခုနစ်ခရိုင်ကိုစားစေဟု မိန့်ခဲ့ဖူးပြီး ထိုတောင်စဉ် ခုနစ်ခရိုင်ခဲ၌ "စေတုတ္တရာ"လည်း ပါဝင်ခဲ့ပုံရပါသည်။ သံတွဲမှစ၍ တောင်စဉ်ခုနစ်ခရိုင်ဟုဆိုသည့်အတိုင်း ရခိုင်ရိုးမကြီး၏ ခြေရင်း၌ ဝပ်စင်း၍နေခဲ့လေသော "စေတုတ္တရာ"။ မုန်းချောင်း၏နံဘေး၌ငေးရီ၍နေခဲ့လေသော "စေတုတ္တရာ"။

(သုံး)

"စေတုတ္တရာ" က သွားရောက်ဖို့ တော်တော်ခက်ခဲပါသည်။ မြန်မာနိုင်ငံ မြေပုံများပေါ်၌ လေယာဉ်ပျံ ပုံကလေးဖော်ပြထားလေ့ရှိသဖြင့် လေယာဉ်အဆင်းအတက် ရှိမည်ဟု ထင်ခဲ့သော်လည်း မရှိပါ။ လေဆိပ်နေရာကိုသော်မှ လေယာဉ်ကွင်းမှာ လေယာဉ်ဘယ်တုန်းက နောက်ဆုံးဆင်းသွားခဲ့သလဲဆိုသည့် မေးခွန်းကိုပင် ဖြေဆိုနိုင်သူ တစ်ဦးတစ်ယောက်မှမရှိတော့ဘဲ အခြားသော ကမ္ဘာက လှမ်းမေးသည့် မေးခွန်းတစ်ခုပမာကြောင်တောင်တောင်ဖြင့် ကြည့်နေကြပါလေသည်။

"စေတုတ္တရာ" သို့ သွားရန် ရေလမ်းမရှိ။ တိုက်ရိုက်ရထားလမ်း တိုက်ရိုက်ကားလမ်း မရှိ။ ပုသိမ်-မုံရွာလမ်းမကြီးပေါ်ကနေ ရခိုင်ရိုးမဘက်သို့ ဖဲ့ဆင်းသွားရသည့်လမ်းတစ်လမ်းသာလျှင်"စေတုတ္တရာ" သို့ ရောက်ရှိနိုင်သည့် တစ်ခုတည်းသော လမ်းဖြစ်ပါသည်။ ကားက ပြည်နဝဒေး တံတားကနေ ကူးသည်လည်းရှိ၊ မကွေး ရောဝတီတံတားကနေ ကူးသည်လည်း ရှိမည်သည့်နည်းနှင့်ကူးကူး ရောဝတီမြစ် အနောက်ဘက်ကမ်းသို့ရောက်ပါသည်။ ထို့နောက် မင်းဘူးတို့၊ စကုတို့၊ လယ်ကိုင်းတို့၊ ပွင့်ဖြူတို့ကိုကျော်ကာ စလင်းအရောက် အနောက်သို့သွားသောကံပြား(သို့)ကန်ပြားသို့ ရောက်ပါသည်။ ကံပြားဆိုသည်က ပုသိမ်-မုံရွာ လမ်းမကြီးပေါ်က ရွာကလေး။ "စေတုတ္တရာ"သို့ သွားမည့်သူက သည်ရွာကလေးမှာ ဆင်းရပါသည်။ သည်ရွာကနေ အနောက်သို့ ခရီးက ဆိုင်ကယ်သို့မဟုတ် တောကား။ အကွေ့အကောက်၊ အတက်အဆင်း၊ အနိမ့်အမြင့်များနှင့် ကျောက်ခင်းလမ်းကြမ်း။ လေးနာရီလောက် ခရီးပြင်းနှင်လိုက်လျှင် မုန်းချောင်း၏ သည်ဘက်ကမ်းသို့ ရောက်ပါသည်။ "စေတုတ္တရာ" ကိုလည်း မှိုင်းမှိုင်းဆိုင်းဆိုင်း ရခိုင်ရိုးမကြီးက ပွေ့ဖက်လျက် ဟိုးအဝေးမှာ လှမ်းမြင်နေရပါပြီ။ မုန်းချောင်းပေါ်၌ မုန်းချောင်းတံတားလည်း ရှိနေပါသည်။ သို့သော် ယခုအခါသည်တံတားက ဘာမှ အဓိပ္ပာယ်မရှိရှာပါလေတော့။ တံတားပေါ်ကနေ ကားကိုဖြတ်မောင်းလိုက်သော် တစ်ဖက်မှာက ရေပြင်ကြီး။ တံတားရှိပါလျက် ခရီးဆက်၍မရတော့။ ဘယ်လိုဖြစ်ရပြန်ပါလိမ့်။

"မုန်းချောင်းတမံရယ်ကြီး အုံကြီးဝ တမံရယ် တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ အခုလို ရေတွေလွှမ်းပြီး သွားမရတော့တာပါဘဲ"

ဒေသခံ၏ စကားက လိုရင်းရောက်အောင် တိုရှင်းပါသည်။ မှန်ပါသည်။ ယခင်က ချင်းတောင်တန်းများပေါ်၌ သန္ဓေတည်ကာ စတင်စီးဆင်းလာခဲ့သော မုန်းချောင်းသည် စေတုတ္တရာကိုဖြတ်၊ ပွင့်ဖြူတို့ကို ဖြတ်ကာ ဧရာဝတီမြစ်ကြီးထဲသို့ စီးဝင်သွားခဲ့သော နာမည်ကျော် အလျားရှည်ချောင်းကြီးတစ်ချောင်းပင် ဖြစ်ပါသည်။ သို့သော်"စေတုတ္တရာ"၏ အထက်နား၌ မုန်းချောင်းကို ပိတ်ကာ မုန်းတမံကြီးကို ၁၉၉၅ တွင်စ၍ မဂ္ဂါဝပ် ၇၅ ဝပ်ကို ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်နိုင်ခဲ့ပြီး ယင်းလျှပ်စစ်စွမ်းအားက မဟာဓာတ်အားလိုင်းကြီးထဲသို့ ဝင်ရောက်ကာ အရေးကြီး မြို့ရွာများသို့ လျှပ်စစ်ပေးဝေနိုင်ခဲ့ပါသည်။

"မုန်းတမံကြောင့် ရေအားလျှပ်စစ်ထုတ်နိုင်တာမို့ စေတုတ္တရာကတော့ မီးလင်းသွားတာပေါ့ဆရာရယ်။ ဒါပေမဲ့ မုန်းချောင်းတစ်လျှောက်က ရွာကလေးတွေ ရေမြုပ်ကုန်တယ်။ စာသင်ကျောင်းတွေရော၊ ဘုန်းကြီးကျောင်းတွေရော၊ သိမ်တွေလည်းပါရဲ့။ စိုက်စား၊ ပျိုးစားတဲ့ လယ်ယာတွေ ရေအောက်ရောက်ကုန်တာကို ကျုပ်ကတော့ ရင်ထဲမချိဘူးဗျာ"

ရခိုင်ရိုးမနှင့် ချင်းတောင်တန်း၏ စပ်ကြားက ဒေသမို့လားမသိ။ ညပိုင်း၌ အအေးက ပိုလာပါသည်။ မီးပုံဘေးမှာက လူတချို့ဝိုင်းဖွဲ့လို့။

ဟုတ်ပါသည်။ မုန်းချောင်းတစ်လျှောက် စေတုတ္တရာအထက်က ရွာတော်တော်များများ ရေလွတ်ရာ တောင်တန်း အမြင့်ပိုင်းသို့ ရွှေ့ပြောင်းခဲ့ကြရပါသည်။ အလယ်ပုံ၊ အောင်း၊ ရွှေတော၊ ပုံဆိပ်၊ ကုန်းတရား၊ ချီးပွင့်ထောက်စသည် စသည်။ ထို့အပြင် ထီ ချောင်းတစ်ဝိုက်၌လည်း သယံကိုင်း၊ လုံးပေါ်၊ ပေါက်ချောင်း၊ ကြောင်သိုက်၊ ငလဲ၊ ပန်းချစ် စသည် စသည်။

"ကျုပ်တို့ တတ်တာက စပါးစိုက်မယ်။ နှမ်းစိုက်မယ်။ ပဲထောပတ်စိုက်မယ်။ အခု စိုက်ပျိုးမြေတွေ ရေအောက်ရောက်သွားတော့ ဘာလုပ်ရမှန်း မသိတော့ဘူး။ ဝါးခုတ်ရအောင်ကလည်း ဝါးက မရှိ။ ရွာက လူငယ်တွေလည်း ဖားကန့်ရောက် မလေးရှားရောက်၊ ထိုင်းရောက်၊ ကျုပ်တို့အတွက် အသက်ကြီးခါမှ မျက်ရည်ကျကြရပါတယ်ဗျာ"

မုန်းချောင်းဘေးရှိ စေတုတ္တရာ ညက ညဉ့်နက်လေလေ စကားဝိုင်း ကောင်းလေလေ ဖြစ်ပါသည်။ တောင်ခြေရင်း မြို့ကလေးမို့ ဆတ်သားခြောက်ကတော့ ဘာပေါသလဲ မမေးနှင့်။ တစ်မြို့လုံး အိမ်ခြေ ၉၀၀ ကျော်သာ ရှိသည့် မြို့ကလေး။ မြို့နယ်တစ်ခုလုံး ရွာတွေပါရော ပေါင်းပါမှ အိမ်ခြေ ၉,၀၀၀ ကျော် လူဦးရေ ၄၀,၀၀၀ ကျော်။ ကတ္တရာလမ်းကို အနုစိတ်မှန်ဘီလူးဖြင့် ဖြကြည့်ရမည့်မြို့။

"အမှုအခင်းကတော့ မရှိသလောက်ဆိုပါတော့။ ခိုးမှုဆိုတာ မနှစ်က တစ်နှစ်လုံး တစ်မှုလားပဲ။ ဒါကလည်း လူစိမ်းက ကျူးလွန်တာပါ။ ဒီမှာ ခိုးတာ၊ ဝှက်တာ မရှိဘူး"

စခန်းမှူး၏ စကားက စေတုတ္တရာ၏ ရိုးဖြောင့်မှုကို ပေါ်လွင်စေပါသည်။ သို့သော် ဂျီအက်စ်အမ်ရော၊ စီဒီအမ်အေရော၊ ကြိုးဖုန်းရော ဆက်မရသည့်မြို့မို့ပြင်ပကမ္ဘာနှင့်တော့ တော်တော့ကို အဆက်အသွယ် ပြတ်လွန်းပါသည်။ တစ်ခုတည်းသော ဆက်သွယ်စရာက IP Star ဖုန်း။ *အချပ်ပို(D) သို့*

## စာ(၂၆) မှန်ကြည့်ကြမလား ဖိတ်ချင်သည် မှ

မိမိအပြစ်ကို မိမိကိုယ်တိုင် ဖော်ထုတ်ဖွင့်ဟဝန်ခံဖို့ကိုမူဝေလာဝေးတော့သည်။ ယခုလောလောဆယ်တော့ဖြင့် ထိုစရိုက်သဘာဝသည် ပင်လူ့သဘာဝ အစစ်ဟုဆိုရတော့မည်လောမသိတော့။

စင်စစ်၌ မိမိကိုယ်ကိုမိမိသာ အသိဆုံးဖြစ်ပါလျက် မိမိကိုယ်မိမိ မသိဆုံးမှာလည်း မိမိသာဖြစ်သည်ဆိုခြင်းမှာ မိမိကိုယ်မိမိ လိမ်နေခြင်းသာဖြစ်လေသည်။

လိမ်လည်ခြင်းများထဲတွင် မိမိကိုယ်မိမိ လိမ်လည်ခြင်းက အန္တရာယ်အကြီးဆုံးဖြစ်သည်ဆိုသည့်စကားက ကျွန်တော့်ဦးနှောက်ထဲပြန်ဝင်လာပြန်သည်။ မိမိကိုယ်မိမိလိမ်။ အခြားသူတစ်ဦးဦးကလည်း သူ့ဘာသာသူပြန်လိမ်ဖြင့် အလိမ်သပွတ်အူလိုက်ခဲ့လျှင် . . ဟု တွေးမိတော့ ကျောထဲမှာစိမ့်သွားသည်။

ကျွန်တော့်အသက် ၆၄ ဆိုသည့်အခါဖြတ်သန်းလာခဲ့မိသည့် ပရိဝုဏ်တွေက နည်းနည်းတော့ဖြင့်စုံသည်။ ထိုအထဲကမှ ထုတ်နှုတ်ရလျှင် ဝန်ထမ်းဘဝ ပရိဝုဏ်၊ စိုက်ပျိုးရေးသမားဘဝပရိဝုဏ်၊ နိုင်ငံရေးသမားဘဝ ပရိဝုဏ်၊ စာရေးဆရာဘဝ ပရိဝုဏ်။

နိုင်ငံရေးသမားတစ်ယောက်၏ဘဝပရိဝုဏ်၌မူ ဖြတ်သန်းချိန်အတန်ငယ်ပိုခဲ့သည်ထင်၏။

ထိုထိုသော ဘဝပရိဝုဏ်များအတွင်း တွေ့ခဲ့ဆုံခဲ့ဆက်ဆံခဲ့ရသည့် သူတွေကလည်း အမျိုးမျိုးအဖုံဖုံ မနမတဂ္ဂ။ အဆင်အသွေးကလည်း စုံလှသည်။ သို့သော် မိမိကိုယ်မိမိပကတိအတိုင်း သိနေကြသယောင်ဆောင်ကြရာတွင်တော့ ကျွန်တော်တို့အပါအဝင် အားလုံး တစ်ထပ်တည်းများကျနေကြသလားဟု ယခုတော့ဖြင့် တွေးမိနေသည်။

ထို့ကြောင့်ပင် ဗဟိဒ္ဓရော အဇ္ဈတ္တကိုပါ ပကတိအတိုင်း ရှုမြင်နိုင်စွမ်းရှိသည့် ကိုယ်လုံးပေါ် ကြေးမုံမှန်ပြင်ကြီးတစ်ချပ်ကို တမ်းတနေမိခြင်းဖြစ်၏။ ကိုယ့်ကိုယ်ကိုယ်ရဲရဲမရှုမြင်ရဲသော မိမိကိုယ်တိုင်လည်း ထိုကြေးမုံမှန်ပြင်ကြီးရှေ့တွင်ရပ်၍ မိမိကိုယ်မိမိ မည့်ာတမ်းရှုမြင်သုံးသပ်ကြည့်ချင်သည်။ ဖြစ်နိုင်လျှင် အများတကာကိုလည်း ထိုမှန်ကြီးရှေ့တွင် ကိုယ့်ကိုယ်ကိုယ် ရှုမြင်သုံးသပ်ကြည့်စေချင်မိသည်။

ကျင်လည်ခဲ့ရာ နိုင်ငံရေးပရိဝုဏ်ဆီ ကြည့်မိသောအခါ အထိုက်အလျောက်ပွင့်လင်းသလို ရှိလာသည့် နိုင်ငံရေးအခြေအနေတွင် နိုင်ငံရေးပရိဝုဏ်ထဲသို့ အင်နှင့်အားနှင့် ဝင်လာကြသူများကို တွေ့ရသည်။ နိုင်ငံရေးဆိုသည်မှာ လူတိုင်းကိုယ်စီ၏ အရေးမို့ စိတ်ဝင်စားသူ များပြားလာခြင်း အပေါ် ဝမ်းမြောက်ရသည်။ ကြိုဆိုရသည်။

သို့သော်နိုင်ငံရေးဆိုသည်က အတ္တမပါပရကိစ္စသက်သက်။ ကျွန်တော်အပါအဝင် လူဆိုသည်ကလည်းအတ္တတွင်သာအခြေခံတတ်သည့် အမျိုးပေမို့ မိမိ၏ အဇ္ဈတ္တအမှန်ကို ရံခါတွင်မူ မေ့လျော့နေတတ်သည်။ ထို့ကြောင့်ပင် အဇ္ဈတ္တအမှန်ပေါ်သည့် ကြေးမုံမှန်ပြင်ကြီးတွင်မိမိကိုယ်မိမိရှုမြင်သုံးသပ်ကြည့်နိုင်ဖို့ဖိတ်ခေါ်ချင်သည်။

ကျွန်တော်တို့ဆရာမ ငယ်ငယ်ကပြောခဲ့ဖူးသည့် ပုံပြင်ထဲမှ အာဏာရှင်ဘုရင်ကြီးကမူပကတိအမှန်အတိုင်း ပုံရိပ်ထင်သည့် ကြေးမုံမှန်ပြင်တွေကို အမုန်းပွားခဲ့သဖြင့် တိုင်းပြည်ရော ပြည်သူပြည်သားများအားလုံးပါ အတိဒုက္ခရောက်ခဲ့ကြရသည်။

စင်စစ်တွေးတော့ ကျွန်ုပ်တို့အားလုံးသည် ထိုကဲ့သို့သော မှန်မုန်းသူ ဧကရာဇ်ကြီးများ လက်အောက်တွင် နှစ်ပေါင်း ၅၀။ ရာစုနှစ်တစ်ဝက်။ မျိုးဆက်တစ်ဆက်။

ယခုတော့ အရုဏ်တက်ဖို့ ကြက်ဦးတွန်ချိန်။

မျက်နှာသစ်၍ ကိုယ်လက်သန့်စင်ပြီးလျှင်တော့ မှန်အတူကြည့်ကြရအောင် ဖိတ်ခေါ်ချင်သည်။ ။


7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# အချိန်တွေပြန်ပေးပါ

■ ခွန်းဆင့်သူသူ

'အချိန်' ဆိုသောအရာသည် လူတိုင်းပိုင်ဆိုင်စေနိုင်သော အရာဖြစ်သည်။ ကျွန်မတို့တစ်တွေသည် အခြားသော ရုပ်ဝတ္ထုပစ္စည်းများ၊ အခွင့်အရေးများကို ပိုင်ဆိုင်မှုမှာ ညီမျှချင်မှညီမျှကြမည်။ 'အချိန်' ဆိုသောအရာကိုတော့ ကျွန်မတို့တစ်တွေ သာတူညီမျှအတူတကွ ပိုင်ဆိုင်နိုင်ကြပါသည်။

ညနေပိုင်းရုံးဆင်းချိန် မြောက်ဥက္ကလာအဝိုင်းမှတ်တိုင်တွင် မြောက်ဒဂုံသို့သွားမည့် ၂၀၂ ဘက်စ်ကားသည် တော်တော်နှင့် မထွက်သေး။ ကားပေါ်မှာလည်း လူတွေပြည့်ကျပ်နေပြီ။ သို့သော် စပယ်ယာက နောက်ကားအလာကို တကြည့်ကြည့်ဖြင့် လူစောင့်ပြီးတင်နေသည်။ ဒရိုင်ဘာကလည်း ကားစက်ကို နှိုးထားပြီး ထွက်တော့မည့်ဟန်နှင့်။ တစ်ပတ်နှစ်ပတ်လောက်ဘီးလိမ့်လိုက်၊ ပြန်ရပ်လိုက်နှင့် ဟန်ရေးပြနေသည်။ ခရီးသည်တွေခမျာမှာတော့ ငါးမိနစ်လောက်မောင်းလျှင် ကိုယ့်အိမ်ရောက်ရမည့်အရေးကို မှတ်တိုင်တွင် ၁၅ မိနစ်လောက်အချိန်တွေ ကုန်နေရသည်ကို အောင့်အည်းသည်းခံကာ နေကြရသည်။ ထိုင်ခုံနေရာရသူတွေရော၊ မတ်တတ်ရပ်နေရသူတွေပါ ပင်ပန်းနွမ်းနယ်နေကြပြီ။



ကျွန်မတို့လူမျိုးသည် အချိန်တွေကို ခဏခဏလွှင့်ပစ်နေကြသည်ဟု ကျွန်မထင်သည်။ အစည်းအဝေး ၁ နာရီဖိတ်ထားလျှင် များသောအားဖြင့် ၂ နာရီမှ စဖြစ်သည်။ ၁ နာရီခွဲလောက်မှ လူတွေတဖွဲဖွဲရောက်လာကြပြီး လူမစုံသေး၍ စောင့်ရင်းဖြင့် ၂ နာရီမှ စဖြစ်သည်။ ဟောပြောပွဲကျင်းပလျှင်လည်း ဤသို့ပင်။ ဖိတ်စာထဲတွင်တော့ အစီအစဉ်က ၇ နာရီစမည်။ ၇ နာရီထိုးသော်လည်း ဟောပြောမည့် ပုဂ္ဂိုလ်က ရောက်မလာသေး။ ညှော့ပရိသတ်တွေက ဟောပြောမည့်ပုဂ္ဂိုလ်ကို နာရီဝက်၊ တစ်နာရီကြာအောင် ထိုင်စောင့်နေကြရသည်။ ထိုပုဂ္ဂိုလ်က ၎င်းတို့အားလုံး၏ အချိန်တွေကို ပေးထားသည်ထက်ပိုယူထားလိုက်ပြီ။

စတိတ်ရှိုးပွဲတွေလည်း ထိုနည်းလည်းကောင်းပင်။ အချိန်မှန်ပွဲစနိုင်သည်က အင်မတန်ရှားသည်။ တစ်ချို့ရုံး၊ ဌာနတွေမှာလည်း မကြာသင့်ဘဲ ကြာနေကြရသည်။ လက်မှတ်ကလေး တစ်ချက်ထိုးဖို့ကို ထမင်းစားနေ၍ ထိုင်စောင့်ရသည်မှာ တစ်နာရီကျော်ကြာသည်။

ကျွန်မတို့သည် တစ်နေ့တစ်နေ့ အချိန်တွေကြာမှန်းမသိ၊ ကြာမှန်းသိသိနှင့် ကြာနေကြရသည်။ ဘတ်စ်ကားမှတ်တိုင်တွေမှာကြာသည်။ ဘတ်စ်ကားတွေပေါ်မှာ ကြာသည်။ ဘူတာရုံတွေမှာကြာသည်။ ရုံး၊ ဌာနတွေမှာကြာသည်။ အစည်းအဝေးခန်းမတွေမှာကြာသည်။ ယာဉ်ကြောပိတ်ဆို့မှုတွေမှာကြာသည်။ ဆေးရုံတွေမှာကြာသည်။ တရားရုံးတွေမှာ ကြာသည်။ ပင်စင်လစာထုတ်ဖို့ ကြာသည်။ ထောင်ဝင်စာတွေ့ဖို့ ကြာသည်။ ထိုသို့သော ကြာချိန်များသည် ကျွန်မတို့အတွက် 'အပိုချိန်' တွေသာ . . .

အရာရာမြန်ဆန်နေသော ခေတ်ကြီးတွင် ကျွန်မတို့တစ်တွေက ကြာမြဲတိုင်းကြာနေသည်။ ဆုံးဖြတ်ချက်တစ်ခုချဖို့ ကြာသည်။ စီမံကိန်းတစ်ခုဖြစ်မြောက်ဖို့ ကြာသည်။ စီရင်ချက်တစ်ခုခုချဖို့ကြာသည်။ အခမ်းအနားတစ်ခု ဖြစ်မြောက်ဖို့ကြာသည်။ လုပ်ငန်းတစ်ခု စတင်ဖို့ ကြာသည်။ ပြဿနာတွေ ဖြေရှင်းဖို့ကြာသည်။

'အချိန်' နှင့်စား၊ 'အချိန်' နှင့်သွားဟု ဆိုလျှင် လူရှင်တော်တွေ၏ ပြက်လုံးကိုသာ သတိရကြသည်လားမသိပါ။ 'အချိန်' နှင့် မသွား၊ 'အချိန်' နှင့် မစားတတ်သော လူတွေများနေသရွေ့ ကျွန်မတို့တစ်တွေ၏ ကိုယ်ပိုင်အချိန်တွေကို အချည်းနှီးပေးဆပ်ကြရဦးမှာပင်။

တစ်နေ့တစ်နေ့ ကျွန်မတို့၏ ကိုယ်ပိုင်အချိန်တွေကို ဖဲ့၊ ဖဲ့ပေးနေကြရသည်မှာ မည်မျှရှိနေပြီလဲ မသိနိုင်ပါ။ ကျွန်မတို့၏ ကိုယ်စွမ်းကိုယ်စကို မသုံးစွဲရဘဲ အကျိုးမရှိခဲ့သော အချိန်တွေ ကျွန်မတို့ဘဝမှာ ဘယ်လောက်တောင် များနေကြပြီလဲ။

ကျွန်မတို့တစ်တွေဆံဖြူသွားကျိုး၊ ခါးကိုင်းသည်ထိ ကျွန်မတို့၏ကိုယ်ပိုင်အချိန်တွေကိုဘယ်သူ့အတွက်၊ ဘာအတွက် အလဟဿ ပေးဆပ်ရလေဦးမည်လဲ။

ကျွန်မတို့အားလုံး၏ အချိန်တွေကို ကျွန်မတို့အားလုံး အကျိုးရှိရှိ၊ မျှမျှတတ အသုံးချနိုင်လျှင် ကောင်းလေစွ။ ။

## စာ(၂၅) ဂန္ဓလရာဇ် ခရီးသည် . . မှ

မစ္စတာကျန်း၏ အပြောအရ သူတို့အဖွဲ့၏ တာဝန်ခံအားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြောက်ထားသည်ဟုဆိုရာ Standing Committee ဆိုသော အမြဲတမ်းကော်မတီက ဘာ့ကြောင့်ပါနေရပါသနည်း။ ကျွန်တော် နားယဉ်၊ နားစွဲနေသော အမြဲတမ်းကော်မတီဆိုသည်က ကွန်မြူနစ်အသုံးအနှုန်း။ နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီ၊ ပြည်သူ့အတိုင်ပင်ခံ ကွန်ဂရက် အမြဲတမ်းကော်မတီ စသဖြင့်။

အမေးအဖြေခန်း ရောက်သည်နှင့် ကျွန်တော့်လိုပင် ဇဝေဇဝါဖြစ်နေဟန်ရှိသော ဒေါက်တာနေဇင်လတ်က ဤကိစ္စကိုင်ပါလေတော့သည်။

"အမြဲတမ်း ကော်မတီဆိုတာက ပါတီခန့်ကိုပြောတာလား"

မစ္စတာကျန်း၏ စမ်းရေစီးသံ တန့်ခနဲရပ်သွားသည်။ အစည်းအဝေးခန်းမတစ်ခုလုံး အပ်ကျသံမျှမကြား။ ခေတ္တ ငြိမ်သွားသည်။ သူ့စကားပြန်စတော့ ယခင် စမ်းရေစီးသံမျိုး မဟုတ်တော့ ပိုမြန်ပိုသွက်လာသည်။ မျက်နှာဟန်ပန်ကား တစ်ချက်လေးမှ မပျက်။ မတုန်မလှုပ် ကျောက်ရုပ်ပင်။

ဆရာနေကတော့ သူ့ထုံးစံအတိုင်း ခပ်အေးအေးပင်။ သူသိချင်တာကို ဆက်မေးသည်။

"ကျွန်တော်သိချင်တာ တစ်ခုရှိသေးတယ်။ ဈေးကွက်စီးပွားရေးဆိုတာက ဈေးကွက်နဲ့ မောင်းတာ၊ ဆိုရှယ်လစ်စနစ်က စီမံကိန်းနဲ့ မောင်းတာလေ။ ဒီမတူတဲ့ နှစ်ခုကိုမိတ်ဆွေတို့ ဘယ်လိုများပေါင်းစပ်ပါသလဲ"

"ဆိုရှယ်လစ် ဈေးကွက်စီးပွားရေး" ဆိုသည်၏ ဝိရောဓိကို ကိုင်လိုက်ခြင်းပင်။ မစ္စတာ ကျန်း၏ မျက်နှာချက်ချင်းရဲတက်သွားသည်။ ကျောက်ဆစ်ရုပ် အသက်ဝင်လေပြီ။ စမ်းရေစီးသံလည်း ကွယ်ပြီ၊ ဝါးလုံးထိုး စီးလာသော တောင်ကျရေလိုတဝေါဝေါတဒိုင်းဒိုင်း။ မျက်နှာအမူအရာ၊ လေယူလေသိမ်းသာမက လက်ဟန်ခြေဟန်ပါပါလာသည်။ နောက်ဆုံး လက်သီးလက်မောင်းပင် တန်းလာသည်။ ညှော့ခန်းဆောင်မှ လူယဉ်ကျေးတစ်ယောက်၏ ရုပ်ပုံပျောက်သွားကာ လူထုတရားပွဲစင်မြင့်ထက်မှ ကွန်မြူနစ် နိုင်ငံရေး သမားတစ်ယောက်၏ ရုပ်ပုံအစစ်ကို ခုမှပဲ မြင်လိုက်ရတော့သည်။

အတိတ်ဆိုသည်က ရှန်းထွက်ရ အခက်သား။ အစွဲအလမ်းဆိုသည်က ဖျောက်ဖျက်ဖို့ အခက်သား။ တရုတ်ပြည်ကြီး အနာဂတ်ကို ရှေ့ရှုခရီးနှင်နေသည်မှာ သေချာပါတယ်။ သို့တစေ ပစ္စုပ္ပန်တွင်ကား အတိတ်၏ အရိပ်တို့ ယှက်သန်းဆဲ။ အင်းဒါလည်း လမ်းခုလတ်ဇာတ်ကွက်တစ်ခုပလေ။

■ **စရွေးကိုက်**

ထိုနေ့ညစာကို ဘေကျင်း ဒုတိယမြို့တော်ဝန် မစ္စတာ လီဝေးက တည်ခင်းညှော့ခံမည် ဖြစ်သည်။ မစ္စတာလီမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်း ကော်မတီဝင်ဖြစ်ပြီး လူထုဆက်ဆံရေးဌာနကို ဦးဆောင်သူလည်းဖြစ်သည်။ တရုတ်ပြည်တွင် ကျွန်တော်တို့ ဆုံခဲ့သမျှ အဆင့်မြင့်ဆုံးဟု ဆိုရပါလိမ့်မည်။

သူ့ညစာကိုတက်ဖို့ကျွန်တော်တို့ တစ်တွေမှာ ဘေကျင်းမြို့နီးစပယ်ဝင်းထဲတွင် တစ်နာရီမျှ စောင့်ရသည်။ ဘေကျင်းမြို့တော်ခန်းမမှာ ဝိတိုရိယခေတ် ဗိသုကာဟန်။ ကိုလိုနီ လက်ကျန်လားမသိ။ ခြံဝင်းကျယ်ကြီးထဲတွင်ရှိရာ ပန်းခြံတွေ၊ စမ်းချောင်း၊ ရေတံခွန်၊ အတုတွေနှင့် စရွေးကိုက်ပြင်ဆင်ထားသည်။ သို့တိုင်အောင် ကျွန်တော်တို့မှာ ကြည့်မောချိန်မရ။ ဗိုက်ဆာလှပြီလေ။

မစ္စတာလီရောက်လာတော့ အစည်းအဝေးခန်းမထဲ ဝင်ရပြန်သည်။ တရုတ်လို မိန့်ခွန်းခြွေ။ အင်္ဂလိပ်လို ဘာသာပြန်။ လက်ခုပ်တီး။ လက်တွဲနှုတ်ဆက်၊ ကြိုးစားပြုံးကြ။ အားလုံး စရွေးကိုက်ပင်။ အခမ်းအနားပြီးမှ ညစာ စားရမည့် ဘေကျင်းဟိုတယ်သို့ သွားရသည်။

ဘေကျင်းဟိုတယ်မှာ အစိုးရပိုင်။ ၁၉၅၂ ခုနှစ်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာဒဂုန်တာရာတို့လာစဉ်က ဤဟိုတယ်မှာပဲ တည်းခဲ့ကြသည်။ သူတို့ပြန်ရေးသမျှ ဖတ်ရသည်မှာ ခွေးထွေး၊ ဖော်ရွေညှော့ဝတ်ကျေလှသောဘေကျင်းဟိုတယ်။ (ထိုစဉ်ကတော့ ပီကင်းဟိုတယ်)

ကျွန်တော်တို့ ကြုံရသည်ကား ပထမဆုံး မိန့်ခွန်းခြွေ။ ပြီးမှ ကမ်းပေ့။ နောက် ဟင်းပွဲတွေ တစ်ပွဲပြီး တစ်ပွဲချ။ နောက်ဆုံး အချိုပွဲ။ နောက်ဆုံး ကမ်းပေ့။ နောက်ဆုံး၏ နောက်ဆုံး နိဂုံးချုပ် မိန့်ခွန်း။ တကယ့်ကို စရွေးကိုက်ညစာ။

မနက်အစောကတည်းက အတိတ်တွင် ရောက်နေသော ကျွန်တော်တို့မှာ ခုမှပဲ ပစ္စုပ္ပန် တည့်တည့်ကို တွေ့ရတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

အယ်ဒီတာချုပ် — သောင်းစုငြိမ်း
အမှုဆောင်အယ်ဒီတာ — အားမာန်၊ ငြိမ်းငြိမ်းနိုင်
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ — စောစည်သူမိုး
သတင်းအယ်ဒီတာ — အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန်
ဘာသာပြန် — ရဲမင်း၊ ကျော်မျိုးဦး
စာပြင်အယ်ဒီတာ — ချမ်းငြိမ်း
သတင်းထောက်ချုပ် — အောင်သူရ
ဒု-သတင်းထောက်ချုပ် — နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း
အကြီးတန်းသတင်းထောက် — အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဉက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး
သတင်းထောက်များ — အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ်၊
ဓာတ်ပုံသတင်းထောက် — ဂျေမောင်မောင်(အမရပူရ)
မန္တလေးသတင်းထောက် — စိုင်းသာအောင်၊ ညီညီဇော်
နယ်သတင်းထောက် — မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ
ဒီဇိုင်နာ — ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်
လက်ထောက်ဒီဇိုင်နာ — နွယ်မွန်ဖြိုး
ကွန်ပျူတာစာစီ — စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်
သရုပ်ဖော် — စိုးသော်တာ
ပြင်ပဆက်သွယ်ရေး — သက်ပိုင်ဌေး
လိုဂိုဒီဇိုင်း — ကျောက်ဆည်
ဘဏ္ဍာရေး — ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်
ကြော်ငြာတာဝန်ခံ — မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ
ထုတ်ဝေသူ — ဦးမျိုးလှိုင်အောင်
ပုံနှိပ်စက် — သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက်
ဖလင် — Sunn Colour Separation
စောင်ရေ — ၃၅,၀၀၀
ရောင်းဈေး — ၄၅၀ ကျပ်

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# Business

7Day News Journal

Vol.11, No.40 • DECEMBER 13 , 2012

## ကြက်သွန်နီဈေးပြန်ကျ

**ရဲနိုင်၊ ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

အခါလွန်မိုးကြောင့် ဈေးနှုန်းမြင့်တက်ခဲ့သည့်ကြက်သွန်နီဈေးကွက်မှာ လက်ရှိအချိန်တွင် အသစ်များ ပုံမှန်ဝင်ရောက်နေပြီ ဖြစ်ခြင်းကြောင့်ပုံမှန်ဈေးနီးပါးပြန်လည်ကျဆင်းလာကြောင်း ကြက်သွန်ကုန်သည်များထံမှ သတင်းရရှိသည်။

"ဈေးတက်တာက ခဏပဲ၊ အခုပြန်ကျနေပြီ"ဟု လှိုင်သာယာမြို့နယ်တွင် ကြက်သွန်နီလက်လီရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောကြားသည်။


ကြက်သွန်နီဈေးနှုန်းများသည် ဒီဇင်ဘာ ၃ ရက်မှစ၍ တဖြည်းဖြည်းမြင့်တက်ခဲ့ပြီး ထိုအချိန်က ပခုက္ကူနှင့် မြင်းခြံမြို့များမှ ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် ပိဿာချိန်နှစ်သောင်းခန့် ဝင်ရောက်ရာမှ ယခုအခါ လေးသောင်းဝန်းကျင် ဝင်ရောက်နေပြီဖြစ်ကြောင်း ကြက်သွန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်ဟန်က ပြောသည်။

"နောက်ရက်တွေအဝင်ဆက်များပြီး ဈေးကျဖို့ပဲရှိတယ်" ဟု ဦးခင်ဟန်က ပြောသည်။

ဈေးနှုန်းမြင့်တက်ခဲ့ခြင်းနှင့် ပတ်သက်၍ ကုန်သည်များနှင့် တောင်သူများအကြား နစ်နာမှုတစ်စုံတရာ မရှိနိုင်ကြောင်းကြက်သွန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဝင် ဒေါ်ထူးထူးလတ်က ၎င်း၏အမြင်ကို ပြောသည်။

ဘုရင့်နောင်ဈေးကွက်က ဈေးကစားလိုက်တော့ နယ်ကုန်သည်တွေရော၊ တောင်သူတွေပါ ကမောက်ကမဖြစ်ရတယ်"ဟုကြက်သွန်ကုန်သည်တစ်ဦးက ပြောသည်။

ကြက်သွန်နီ ဈေးနှုန်းများသည် ဒီဇင်ဘာ ၃ ရက်ဝန်းကျင်တွင် အမြင့်ဆုံးဈေး ကျပ် ၁၈၀၀ အထိမြင့်တက်ခဲ့ပြီး ယခုရက်ပိုင်း၌ အမြင့်ဆုံးဈေးမှာ ကျပ် ၁,၁၀၀ ခန့်သာရှိတော့ကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။



ကြက်သွန်နီသည် လက်လီဈေးကွက်၌ ရက်ပိုင်းအတွင်း အတော်လျှော့သွားခဲ့ခြင်းဖြစ်သည် ဓာတ်ပုံ - ထက်ပိုင်ဖြိုး

## ပိတ်ဆို့မှုဖယ်ရှားလိုက်သော်လည်း ရေထွက်ကုန်တင်ပို့ရေး အချိန်ယူရဦးမည်

**ပြည်သိမ်း**

**ရန်ကုန်၊ဒီဇင်ဘာ-၈**

စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပေးလိုက်သော်လည်း အမေရိကန်ဈေးကွက်သို့ မြန်မာ့ရေထွက်ကုန်တင်ပို့မှုမှာ အချိန်ကာလတစ်ခုအထိ စောင့်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။

"အနည်းဆုံးတစ်နှစ်လောက်တော့ အချိန်ယူရမယ်"ဟု ဦးဝင်းကြိုင်ကဆိုသည်။

မြန်မာနှင့်အမေရိကန်စီးပွားရေးဆက်ဆံမှုမှာ ဆယ်စုနှစ်တစ်ခုကျော် ပျက်ပြယ်ခဲ့သဖြင့် အမေရိကန်ဈေးကွက်၏ လိုအပ်ချက်ကို အဓိကအချက်နှစ်ချက်ဖြင့် ရှာဖွေရန် လိုအပ်ကြောင်းဦးဝင်းကြိုင်က ဆိုသည်။ လက်ရှိ ပြည်တွင်း၌ အမေရိကန်ဈေးကွက်ကို ဦးတည်ထုတ်လုပ်နိုင်မည့် လုပ်ငန်းများ မရှိသေးဘဲ လက်ရှိထုတ်လုပ်နေသည့်ကုန်စည်များက အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်သည့် အခြေအနေမဟုတ်ကြောင်း သိရသည်။

"အီးယူဈေးကွက်ကို ပို့ဖို့တော့ ဒီမှာ အဆင့်အတန်းမီပြင်ထားတယ်။ စက်ရုံ ၂၀ ဝန်းကျင်လောက်တော့ရှိတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးကဆိုသည်။

ဥရောပဈေးကွက်သို့တင်ပို့မှုတွင်လည်း စီးပွားရေးပိတ်ဆို့မှုပယ်ဖျက်ပေးခဲ့သော်လည်း အခွန်အထူးသက်သာခွင့် နှုန်းထားများ မရသေးသဖြင့် တင်ပို့နိုင်ခြင်းမရှိပေ။ လက်ရှိအချိန်တွင် အီးယူဈေးကွက်သို့ တင်ပို့ပါက အခွန် ၁၃ ဒသမ ၇ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

စီးပွားရေးပိတ်ပင်တားဆီးမှုပယ်ဖျက်ပြီးနောက် အမေရိကန်က မြန်မာနိုင်ငံမှ တင်သွင်းမည့် ဈေးကွက်အလားအလာနှင့် ပတ်သက်၍ The Finicial Time သတင်းစာက ရေးသားရာတွင် ရေထွက်ပစ္စည်းတစ်ခုသာ အလားအလာကောင်းကြောင်း ဖော်ပြထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၈ | ၈၅၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၈ | ၈၅၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၂ | ၇၀၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၇ | ၁၁၁၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၄ | ၂၇. ၄၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၃ | ၁၃၅ | ကျပ် |

၂၀၁၂ ဒီဇင်ဘာ ၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၃၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၃၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၉၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၃၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၁. ၅၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၄၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၉၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၉၁ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၄၉၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၂၈ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၀၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၈၁၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၀၅. ၅၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၀၂ |
| ငွေ | ၁ အောင်စ | ၃၃. ၁၃ |
| ကြေးနီ | ပေါင် | ၃၆၆. ၃၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဒီဇင်ဘာ ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# တရုတ်သို့ ဆန်တင်ပို့မှု ဈေးကွက်ကျဆင်း

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၇**

ပြည်ပဆန်တင်ပို့မှု၌ အဓိက အားထားနေရသည့် တရုတ်ဈေးကွက်တွင် ဝယ်လိုအားထက် ရောင်းလိုအားများနေသဖြင့် ဒီဇင်ဘာလဆန်းမှစတင်ကာ ဈေးနှုန်းများကျဆင်းလာကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

တရုတ်ပြည် ရွှေလီမြို့မှ ကူမင်းမြို့သို့အသွားကားခများတက်လာခြင်း၊ ဝင်ရောက်လာသည့်ဆန်များမှာ အရည်အသွေး လိုအပ်ချက်များရှိနေခြင်း၊ ဝယ်ယူနိုင်သည့် ပမာဏထက် ပိုမိုဝင်ရောက်နေခြင်းတို့ကြောင့် တရုတ်ကုန်သည်များက ဈေးနှုန်းလျှော့ချသဖြင့် ယခုကဲ့သို့ ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း မူဆယ် ဆန်စပါးလုပ်ငန်းအသင်းမှ ပြန်ကြားရေးတာဝန်ခံ ဦးမင်းသိန်းက ရှင်းပြသည်။

"နေ့စဉ် အိတ်လေးသောင်းလောက်ဝင်တယ်။ သုံးသောင်းလောက်ပဲ ရောင်းရတော့ တစ်သောင်းလောက်က ဂိုဒေါင်မှာ လာလာစုနေတယ်"ဟု ဦးမင်းသိန်းက ဆိုသည်။

လက်ရှိတရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် နယ်စပ်ကုန်သွယ်ရေးနှင့်သာ အဓိကတင်ပို့နေရခြင်းဖြစ်သည်။ ပင်လယ်ရေကြောင်းဖြင့် အာဖရိကနိုင်ငံများသို့ ဆန်တင်ပို့မှုမှာ ယခုနှစ်တွင် အလွန်နည်းပါးနေကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ပြောကြားသည်။

"ဒီလထဲမှာ Mapco ကတော့ အာဖရိကကို သင်္ဘောတစ်စီး ထွက်ဖို့ရှိတယ်။ တန်ချိန် တစ်သောင်းခွဲဝန်းကျင်လောက် ရှိမယ်ထင်တယ်" ဟု အဆိုပါအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ စိုးထွန်းက ဆိုသည်။

ယခုနှစ်ကုန်ပိုင်းတွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ ၂၅ မှတ် (အကျိုး အကြေ ၂၅ ရာခိုင်နှုန်း) ကို တစ်တန်လျှင် အမေရိကန် ဒေါ်လာ သုံးရာ့ခုနစ်ဆယ်မှ ခုနစ်ဆယ့်ငါးကြား ရောင်းမည်ဟု သိရသည်။ မြန်မာ့ဆန်သည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ သုံးရာ့ငါးဆယ်ဝန်းကျင်သာ ဈေးရသည်။

မြန်မာ့ဆန်များ အာဖရိကဈေးကွက်သို့တင်ပို့နိုင်ရန် ဈေးကွက်ရရန် အခွင့်အရေးမှာ အားနည်းနေသည်။ အကြွေးပေးနိုင်သည့်အချိန်ပမာဏ၊ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်တို့တွင် အိန္ဒိယနှင့် ပါကစ္စတန်တို့သည် မြန်မာနိုင်ငံထက် အဘက်ဘက်မှ သာလွန်လျက်ရှိသည်။






ဓာတ်ပုံ - မိုးညို

## တရုတ်လုပ်သုံးဘီးဆိုင်ကယ်များ တင်သွင်းရန်စီစဉ်

**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၇**

တရုတ်နိုင်ငံလုပ် သုံးဘီးဆိုင်ကယ်မော်ဒယ်သစ်များ မြန်မာနိုင်ငံရှိ မြို့ကြီးများသို့ တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း တရုတ်နိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်သော Huzhou Daixi Zhenhua ကုမ္ပဏီလီမိတက် အရောင်းကိုယ်စားလှယ်ကပြောသည်။

လူနှစ်ဦးမှ သုံးဦးသာ စီးနင်းနိုင်ပြီး ဓာတ်ဆီဖြင့် မောင်းနှင်ရသော အဆိုပါ သုံးဘီးဆိုင်ကယ်များမှာ မြန်မာနိုင်ငံတွင် လိုင်စင်အား မိမိဘာသာမိမိ ပြုလုပ်ရမည်ဖြစ်ကာ တန်ဖိုးအားဖြင့်မြန်မာငွေကျပ်တစ်ဆယ့်နှစ်သိန်းမှဆယ့်ငါးသိန်းအထိရှိကြောင်း အထက်ပါကိုယ်စားလှယ်က ပြောသည်။

အဆိုပါ Huzhou ကုမ္ပဏီမှာ တရုတ်နိုင်ငံတွင် အခြေစိုက်ပြီး ယင်းကုမ္ပဏီမှ အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့တင်ပို့လျက်ရှိကြောင်း သိရသည်။ ဆိုင်ကယ်တစ်စီးလုံး၏ စက်ကိရိယာအားလုံးကို ယင်းကုမ္ပဏီ၏ စက်ရုံမှ တိုက်ရိုက်ထုတ်လုပ်ပြီး တရုတ်ပစ္စည်းအများစုကို အသုံးပြုကာထုတ်လုပ်ထားကြောင်း သိရသည်။ အင်ဂျင်ပါဝါ ၁၃၀၀ မှ ၁၅၀၀ အထိရှိပြီး ကီလို ၈၀၀ လျှင် ဓာတ်ဆီသုံးဂါလန်အထိထည့်၍ မောင်းနှင်နိုင်ကြောင်း သိရသည်။

"တရုတ်ပစ္စည်းများတဲ့ အတွက် စိတ်ချယုံကြည်ရဖို့ကတော့ ရာခိုင်နှုန်းအားဖြင့် နည်းနိုင်တယ်။ ဒီဆိုင်ကယ်တွေက ဆီလည်းစားနိုင်တယ်" ဟု ဒီဇင်ဘာ ၆ ရက်တွင် တရုတ်ကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှုသူ မန္တလေးမြို့မှ ဆိုင်ကယ် အဝယ်တော်တစ်ဦးက ပြောသည်။

သာမန် ဆိုင်ကယ်များထက် အင်ဂျင်အရွယ်ကြီးပြီး အလုံးရေ ပိုမိုတပ်ဆင်ထားခြင်း၊ လူစီးသီးသန့်သာ ရရှိနိုင်ခြင်း၊ နယ်မြို့အချို့၏ လမ်းများနှင့် ယင်းဆိုင်ကယ်များတွင် အသုံးပြုထားသည့် တာယာမှာ သင့်တော်မှု မရှိနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ဈေးကွက်ကို ထိုးဖောက်ရန် မလွယ်ကူနိုင်ကြောင်း အဆိုပါ အဝယ်တော်ကပင် ပြောသည်။

မြန်မာနိုင်ငံ၏ နယ်မြို့များတွင် ဒေသအခေါ် တုတ်တုတ်၊ ဆန်ပလောအစရှိသည့် ထိုင်းနှင့် တရုတ်မှ တိုက်ရိုက်ဝင်ရောက်သည့် ခရီးသည်တင် သုံးဘီးဆိုင်ကယ်အကြီးစားများသာ ဝင်ရောက်ပြီး မြို့တွင်းခရီးတိုများ ပြေးဆွဲရာ၌ အသုံးပြုလျက်ရှိသည်။

ယခုဝင်ရောက်လျက်ရှိသော သုံးဘီး ဆိုင်ကယ်မော်ဒယ်အသစ်မှာ ယင်းဆိုင်ကယ် အမျိုးအစားများနှင့် တူညီမှုရှိမည်မဟုတ်ဘဲ လူနှစ်ဦးမှ သုံးဦးသာ စီးနင်းနိုင်ပြီး ဒီဇိုင်းဆန်း လူငယ်ကြိုက်မော်ဒယ်ပုံစံ ဖြစ်သည်။

"နယ်ကိုယ်စားလှယ်တွေ ရရင် မြို့ကြီးတွေကို အစီးရေ ၁၀၀ လောက် စသွင်းသွားမယ်" ဟု ယင်းကုမ္ပဏီမှ အရောင်းကိုယ်စားလှယ်က ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.40 ▪ DECEMBER 13 , 2012

# နှစ်လအတွင်း မရမ်းကုန်းမြို့နယ်တွင် အိမ်ခြံမြေဈေးမြင့်တက်

**ပြည်သိမ်း၊ မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ – ၉**

ရန်ကုန်မြို့တော် ဧရိယာအတွင်း ဒုတိယစီးပွားရေးမြို့တော်အဖြစ် အကောင်အထည်ဖော်မည့် မရမ်းကုန်းမြို့နယ်၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အိမ်ခြံမြေဈေးကွက်သို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြကြောင်း မရမ်းကုန်းမြို့နယ် အခြေစိုက် အိမ်ခြံမြေလုပ်ငန်းရှင်များက ပြောကြားသည်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးမှု စီမံကိန်းတွင် တစ်စိတ်တစ်ဒေသ အကောင်အထည် ဖော်မည့် ဒုတိယစီးပွားရေးဇုန် စီမံကိန်းကြော်ငြာအပြီး နှစ်လအတွင်း အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာသည်ဟု မရမ်းကုန်းမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်အချို့က ဆိုသည်။

မရမ်းကုန်းမြို့နယ်၏ အဓိကလမ်းမကြီးများ၌ အဝယ်လိုက်နေပြီး ကားအရောင်းပြခန်းများ၊ နိုင်ငံခြား စားသောက်ဆိုင်ကြီးများ၊ အဆင့်မြင့်မိုတယ်များ ဖွင့်လှစ်ရန်အတွက် အဝယ်လိုက်နေခြင်းလည်း ဖြစ်သည်။ “စီးပွားရေးလုပ်ချင်တဲ့သူတွေ အဓိက လာမေးနေကြတာ ဒီမှာက မြေကွက်က ရှားနေပြီ။ ရှိပြီးသားနေရာမှာလည်း ဈေးကိုကိုင်ထားတော့ဝယ်ဖို့လူတွေ မချင့်မရဲဖြစ်နေတာ” ဟု မရမ်းကုန်းမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင် ကိုသောင်းဝင်းဦးက ဆိုသည်။

ရန်ကုန်မြို့ ခြောက်မြို့နယ်အတွင်း လူနေထူထပ်လာမှု၊ ယာဉ်ကြောပိတ်ဆို့မှုများနှင့် အခြေချစီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုတို့ကြောင့် ဒုတိယစီးပွားရေးဇုန် (Central Business District) နယ်မြေအဖြစ် မရမ်းကုန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကနဦးသတင်းများက ဆိုသည်။

ထို့ပြင် ယင်းမြို့နယ်၏ အစိုးရပိုင်မြေများတွင် အများဆုံး အကောင်အထည်ဖော်မည်ဖြစ်သောကြောင့် မရမ်းကုန်းမြို့နယ် အတွင်းရှိအစိုးရအဆောက်အအုံနှင့် မြေကွက်များအတွက် လေလံမည်သည့်အချိန်လာမည်ကို မျှော်လင့်နေကြကြောင်း စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“မရမ်းကုန်းဘက်မှာ ဝန်ကြီးဌာနပိုင်မြေတွေနဲ့ စားကျက်မြေတွေ ပြီးတော့ မရှင်းမလင်းရှိသေးတဲ့ မြေတွေများတယ်” ဟု မဏ္ဍိုင် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးသန်းဦးက ပြောသည်။ လက်ရှိ ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက်တစ်ခုလုံးကို ခြုံကြည့်ပါက ဈေးကွက်အေးစက်နေသော်လည်း အရောင်းအဝယ်မှာ အနည်းငယ်ဖြစ်နေသေးကြောင်း ဦးသန်းဦးက ပြောသည်။

လက်ရှိ မရမ်းကုန်းမြို့နယ် အတွင်းရှိအဓိကလမ်းမကြီးများ၌ တစ်ပေပတ်လည်လျှင် မြန်မာငွေကျပ်နှစ်သိန်းမှ သုံးသိန်းအထိခေါ်ဈေးရှိပြီး အရောင်းအဝယ်လည်း ရှိနေပြီဖြစ်ကြောင်း ယင်းမြို့နယ် အခြေစိုက် အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

# ရွှေဈေး အမြင့်ပိုင်းတွင်သာ ဆက်ရှိနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ – ၈**

ပြည်တွင်း ရွှေဈေးကွက်၌ ရွှေဈေးနှုန်းသည် အမြင့်ပိုင်း၌ ရှိနေပြီး ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်သာရှိသဖြင့် ဝယ်လိုအား နည်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

“ဈေးနှုန်းက အတက်အကျမများတော့ အထည်မှာပဲ ဝယ်လိုအား ကောင်းတယ်။ အပိုင်းနဲ့ဖြတ်စမှာပဲ ဝယ်လိုအားမရှိသလောက်ကို နည်းနေတယ်။ ဈေးနှုန်းတွေကလည်း ထောင်ဂဏန်းလောက်ပဲ အပြောင်းအလဲရှိတယ်” ဟု ရွှေဆိုင်တာဝန်ခံတစ်ဦးက ပြောသည်။

ရွှေဈေးနှုန်းများသည် ကမ္ဘာ့ရွှေဈေးနှုန်း အတက်အကျပေါ်တွင် မူတည်ပြောင်းလဲနေပြီး ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၈၁၀ ဒေါ်လာဝန်းကျင်ရှိရာမှ ၁,၆၈၀ ဒေါ်လာကြားတွင် အတက်အကျ ဖြစ်နေသည်။

ထို့ကြောင့်ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၇၁,၀၀၀ ကျပ်မှ ၇၆၅,၀၀၀ ကျပ်ကြားတွင် အတက်အကျဖြစ်နေခဲ့သည်။

ပြည်တွင်းရွှေဈေး ၇၆၅,၀၀၀ ကျပ် ဖြစ်သွားချိန်တွင် ပြည်ပရွှေပေါက်ဈေးထက် ဈေးအနည်းငယ် မြင့်နေခဲ့သည့်အတွက် နယ်စပ်ကုန်သည်အချို့ထံမှ ရွှေများပြည်တွင်းသို့ ပြန်လည်ဝင်လာခြင်းကြောင့် ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သေးကြောင်း သိရသည်။

“အရောင်းအဝယ်က ခပ်အေးအေးပဲ။ အရပ်ဘက်ကလည်း ပြန်ထုတ်ရောင်းတာ သိပ်မရှိဘူး။ ဈေးကွက်ငြိမ်တယ်လို့ ပြောနိုင်တယ်” ဟု အပိုင်းဈေးကွက် အရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ပြောသည်။

ပြည်တွင်း ရွှေဈေးမှာ ယခု ဒီဇင်ဘာ ၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၆၈,၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၇၂၅,၀၀၀ ကျပ်ဝန်းကျင်တွင် ရှိနေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 105,000 |
| Galaxy GIO | 125,000 |
| Galaxy Ace | 153,000 |
| Galaxy Ace Plus | 180,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 335,000 |
| Galaxy S3 | 450,000 |
| Galaxy Note II | 510,000 |
| Galaxy Tab 7.0 | 262,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Neo L | 180,000 |
| Xperia Sola | 195,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 980,000 |
| iPhone 5 (32 GB) | 820,000 |
| iPhone 4S (64 GB) | 690,000 |
| iPhone 4S (32 GB) | 623,000 |
| iPhone 4S (16 GB) | 550,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 105,000 |
| C 8812 | 116,000 |
| C 8810 | 90,000 |
| U 8661 | 88,000 |
| T 8600 | 95,000 |
| T 8830 | 110,000 |
| U 8836 D | 175,000 |
| U 8825 D | 120,000 |
| U 8950 D | 165,000 |
| Ascend P1 | 274,000 |

ဒီဇင်ဘာ(၈) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 105,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 190,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၇၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၈) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane | Premier |
|---|---|---|---|---|
| Dec(2) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(3) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(4) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(5) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(6) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(7) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(8) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel 1.86 GHz, 2GB DDR3, 320GB HDD, 10.1" | 252,900 |
| Intel 1.5 GHz, 2GB DDR3, 320GB HDD, 11.6" | 253,000 |
| Intel 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 759,600 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, HD, 14" | 646,400 |
| **MSI** | |
| Intel 2.1 GHz, 2GB DDR3, 320GB HDD, 1GB VGA,14" | 405,200 |
| Intel 2.1 GHz, 2GB DDR3, 500GB SATA, HD, 14" | 430,600 |
| Intel 2.5 GHz, 4GB DDR3, 500GB SATA,HD, 14" | 574,400 |
| Intel 2.5 GHz, 2GB DDR3, 500GB HDD, 1GB VGA, 14" | 553,200 |
| **Asus** | |
| Intel 2.4 GHz, 4GB DDR3, 500GB HDD, 1GB VGA,14" | 434,000 |
| Intel 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 379,800 |
| Intel 2.4 GHz, 4GB DDR3, 750GB HDD, 2GB VGA, 14" | 709,700 |
| Intel 2.3 GHz, 4GB DDR3, 1TB HDD, 2GB VGA, 14" | 853,600 |

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဆီးရီးယားအရေး အလေးထားလာရသည့် နိုင်ငံကြီးများ

ကြည်နေဝင်းမင်း



ဆီးရီးယားနိုင်ငံတွင် စစ်ပွဲအရှိန်ရလာသည်ဟု အမေရိကန်က ပြောကြားနေချိန် ရုရှားနိုင်ငံမှာလည်း သမ္မတဘာရှားအယ်လ်အာဆတ်အပေါ် ထောက်ခံမှုကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်တော့မည်ဆိုသော လက္ခဏာများ ပေါ်ထွက်လာချိန်မှာပင် ဆီးရီးယားပြည်တွင်းစစ်အပေါ် သဘောထားမတိုက်ဆိုင်သော စူပါပါဝါကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ရုရှားမှာ မျက်နှာချင်းဆိုင် ထိပ်တိုက်ဆွေးနွေးလာရသည်။

လပေါင်း ၂၀ ကြာမြင့်လာပြီဖြစ်သော စစ်ပွဲတွင် သူပုန်များ၏ ထိုးစစ်များ ဒမတ်စကတ်စ်မြို့တံခါးဝသို့ ရောက်လာချိန်မှာပင် ဒဗ္ဗလင်မြို့တွင် လုံခြုံရေးရာကွန်ဖရင့်တစ်ရပ်အတွက် ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်တို့ သီခြားတွေ့ဆုံခဲ့သည်။

"ဆီးရီးယားနိုင်ငံမှာ မြေပြင်ပေါ်က အဖြစ်အပျက်တွေ အရှိန်မြင့်လာပါတယ်။ ဒါကို ကျွန်မတို့ ဘက်ပေါင်းစုံကနေ ရှုမြင်နေပါတယ်" ဟု မစ္စစ်ကလင်တန်က အစည်းအဝေးမတိုင်မီ ပြောကြားပါသည်။ တစ်ဆက်တည်းမှာပင် "ဒမတ်စကတ်စ်မြို့တွင်းနဲ့ အနီးတစ်ဝိုက်မှာ ဆီးရီးယားအစိုးရအပေါ် ဖိအားပေးတာတွေ တိုးလာပါတယ်" ဟု ၎င်းက ဆက်လက်ပြောပါသည်။

အဆိုပါအစည်းအဝေးကို ကျင်းပရန် စီစဉ်ခဲ့သော ကုလသမဂ္ဂကြားဝင်ညှိနှိုင်းရေးမှူး လက်ဒါဘရာဟီမီကလည်း အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံစလုံးကြားတွင် ပြဿနာဖြေရှင်းရေးလမ်းစမရရှိခဲ့သော်လည်း နှစ်နိုင်ငံကြားက မထွေးနိုင်၊ မအန်နိုင်ပြဿနာအတွက် ဆန်းသစ်သောနည်းလမ်းဖြင့် အဖြေရှာသွားကြမည်ဟု ဆိုပါသည်။

အမေရိကန်က ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်သည် ၎င်း၏ ပြည်သူများအပေါ် ပြစ်မှုများကျူးလွန်နေသည်ဟု စွပ်စွဲပြီး ၎င်းပြုတ်ကျရေးအတွက်လည်း အချိန်ကြာမြင့်စွာကပင် ကြိုးပမ်းခဲ့ပါသည်။ ရုရှားကမူ ဆီးရီးယားနိုင်ငံ ခေါင်းဆောင်ပိုင်း၏ ကံကြမ္မာကိုပြင်ပမှ ဝင်ရောက်ပြဋ္ဌာန်းမပေးသင့်ဟု သတိပေးပြောကြားခဲ့သည်။ ယင်းသို့စွက်ဖက်ခြင်းမှနေ၍ သွေးထွက်သံယိုအကြမ်းဖက်မှုများဖြစ်ပေါ်ပြီး ဆီးရီးယားအစိုးရအား အစ္စလာမ်မစ်များက လွှဲပြောင်းရယူသွားနိုင်သည်ဟု သတိပေးခဲ့ပြီး လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမည့်အရေး ကန့်ကွက်ခဲ့သည်။

မကြာသေးမီ ရက်ပိုင်းအတွင်းကမူ သူပုန်များ ဆီးရီးယားမြို့တော် ဒမတ်စကတ်စ်အနီးချဉ်းကပ်လာသည်ဟူသော သတင်းများနှင့်အတူ မစ္စတာအာဆတ်၏ တပ်ဖွဲ့များသည် ၎င်း၏ ပြည်သူများအပေါ် ဓာတုဗေဒလက်နက်များအသုံးပြုရန် ပြင်ဆင်နေဖွယ်ရှိကြောင်း အမေရိကန်အရာရှိများ၏သတိပေးချက်များထွက်ပေါ်လာခဲ့သည်။ ထို့အတွက်ကြောင့်ပင် ဆီးရီးယားအရေးအား ကိုင်တွယ်ရေးအတွက် အမေရိကန်နှင့် ရုရှားတို့၏ ကြိုးပမ်းမှုများကိုပိုမို၍ အရေးတကြီးဖြစ်လာစေပုံရပါသည်။

မစ္စတာအာဆတ်၏ အစိုးရက ဓာတုဗေဒလက်နက်များ အသုံးပြုနိုင်သည်ဟူသော ထောက်လှမ်းရေးသတင်းများ ရရှိထားသည်ဟု အမေရိကန်အရာရှိများကပြောပါသည်။ သတင်းအတိအကျကိုမူ ကွဲကွဲပြားပြား မသိရပေ။ အတိုက်အခံ အဖွဲ့များ ဒမတ်စကတ်စ်မြို့အနီး ရှေ့တိုးလာချိန်တွင် ဆီးရီးယားအစိုးရက ဓာတုဗေဒလက်နက်များ အသုံးပြုရန် စဉ်းစားကောင်းစဉ်းစားနိုင်သည်ဆိုသော အချက်ကို စိုးရိမ်မိသည်ဟုအမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပါနက်တာက ပြောပါသည်။

ဆီးရီးယားနိုင်ငံသည်အဆိပ်ဓာတ်ငွေ့များ အသုံးပြုခြင်းကို ပိတ်ပင်သော နိုင်ငံတကာဓာတုဗေဒလက်နက်များ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမထားပေ။ သို့သော်လည်း ယင်းလက်နက်များကို ၎င်းတို့၏ ပြည်သူများအပေါ် အသုံးပြုမည်မဟုတ်ဟု ထပ်ခါတလဲလဲ ပြောဆိုခဲ့ပါသည်။ ယခုနောက်ဆုံး သတိပေးချက်များထွက်ပေါ်လာချိန်တွင်လည်း ယင်းမှာ ဆီးရီးယားနိုင်ငံတွင်စစ်ရေးအတွက်ကြားဝင်ကိုင်တွယ်ရေးအတွက် အကြောင်းပြချက်ရှာရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆီးရီးယားအစိုးရက ပြောဆိုပါသည်။

"ဆီးရီးယားနိုင်ငံက အခိုင်အမာပြောပါတယ်။ ဆယ်ကြိမ်အကြိမ်တစ်ရာ ထပ်ခါတလဲလဲ ပြောထားပါတယ်။ ကျွန်တော်တို့မှာ အဲဒီလိုလက်နက်တွေရှိတယ်ဆိုရင်တောင် ပြည်သူတွေအပေါ်မှာ အသုံးပြုမှာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်ကိုယ်သတ်သေတာမျိုး မလုပ်ပါဘူး" ဟူ၍ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်အယ်လ်မာဒက်က လက်ဘနွန်နိုင်ငံမှ အယ်မာနာရုပ်သံအား ပြောကြားပါသည်။ အဆိုပါရုပ်သံလိုင်းမှာ အာဆတ်လိုလားသည့် ဟစ်ဘိုလာလှုပ်ရှားမှုက ထူထောင်ထားသော ရုပ်သံလိုင်းဖြစ်သည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားကလည်း ဓာတုလက်နက်များ အသုံးပြုခြင်းမှာ မျဉ်းနီကို ဖြတ်ကျော်ခြင်းဖြစ်ပြီး ချက်ချင်းလက်ငင်း နောက်ဆက်တွဲအကျိုးဆက်များ ရှိလာလိမ့်မည်ဟု ဆီးရီးယားနိုင်ငံအား သတိပေးထားပါသည်။ ယခုနောက်ဆုံးကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း အဆိပ်ဓာတ်ငွေ့များ အသုံးမပြုရန် မစ္စတာအာဆတ်အားတိုက်တွန်းထားပါသည်။

ယခုရက်သတ္တပတ်အတွင်းမှာပင် အမေရိကန်၊ ဂျာမနီနှင့် ဒတ်ချ်တို့၏ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များအား တူရကီနိုင်ငံနှင့် နယ်စပ်တွင်ချထားရန် နေတိုးတပ်ဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ဤသို့ဆိုလျှင် ဆီးရီးယားပြည်တွင်းစစ် စတင်ပြီးနောက်ပိုင်း အမေရိကန်နှင့် ဥရောပတပ်ဖွဲ့များ ဆီးရီးယားနိုင်ငံအနီးသို့ပထမဆုံးအကြိမ်ရောက်ရှိလာမည်ဆိုသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

ထိုအတောအတွင်း ရုရှားနိုင်ငံမှထွက်ပေါ်လာသော သတင်းများအရလည်း မော်စကိုသည် သမ္မတ အာဆတ်အပေါ် စိတ်ရှည်သည်းခံမှု ကုန်ဆုံးလာပြီဟူသောလက္ခဏာများ တွေ့လာရပါသည်။ ရုရှားသမ္မတ မစ္စတာပူတင်၏ ပါတီမှအကြီးအကဲတစ်ဦးဖြစ်သူက ဆီးရီးယားအစိုးရသည် ၎င်း၏လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်စွမ်းမရှိတော့ဟူ၍ ရုရှားပါလီမန်တွင် ပြောကြားခဲ့ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက ပြောကြားပါသည်။

"လက်ရှိဆီးရီးယားမှာ ရှိတဲ့အစိုးရအနေနဲ့ သူ့ရဲ့ လုပ်ငန်းဆောင်တာတွေကို ထမ်းဆောင်သင့်တယ်ဆိုတဲ့ထင်မြင်ချက်ထားရှိခဲ့ပြီး ယခုလည်း အဲဒီသဘောအတိုင်းရှိပါတယ်။ ဒါပေမဲ့လည်း ဒီတာဝန်ကိုမလုပ်ဆောင်နိုင်ဘူးဆိုတာ အချိန်က ပြသခဲ့ပါတယ်" ဟု မစ္စတာဗလာဒီမာဗာစီလီယက်ဗ်ကပြောကြားပါသည်။

သို့သော်အနောက်နိုင်ငံများအနေဖြင့် ဆီးရီးယားအရေးတွင် လက်နက်ဖြင့်ကြားဝင်ဖြေရှင်းရေးစိတ်အားထက်သန်မှု မပြသကြပေ။ လစ်ဗျားနိုင်ငံမှ မွမ်မာကဒါဖီအားဖြုတ်ချခဲ့သော နည်းလမ်းဖြစ်သည့် လေယာဉ်မပျံသန်းရေးဇုန်ထူထောင်ရေးအတွက်ပင် ပါဝင်လုပ်ဆောင်ရန် အရိပ်အယောင်မပြသကြပေ။ ဆီးရီးယားသူပုန်တပ်ဖွဲ့များမှာ ၎င်းတို့၏ အမြောက်များနှင့် လက်နက်ခဲယမ်းအများစုကို ၎င်းတို့အား ကရုဏာသက်သည့် အာရပ်နိုင်ငံများထံမှ ရရှိခြင်းဖြစ်သည်။

တစ်ဖက်ကကြည့်လျှင်လည်း ဆီးရီးယားသူပုန်များအား လက်နက်များ ပံ့ပိုးပေးလိုက်ပါက ယင်းလက်နက်များ အစ္စလာမ်မစ်စစ်သွေးကြွအုပ်စုများ၏ လက်တွင်းသို့ကျရောက်သွားမည်ကိုအနောက်နိုင်ငံများကစိုးရိမ်နေကြ၍လည်းဖြစ်သည်။ ရုရှားနိုင်ငံကလည်း ဆီးရီးယားတွင် အစွန်းရောက်ဝါဒီများ အာဏာရလာနိုင်သည်ဟု အကြိမ်ကြိမ်သတိပေး ပြောကြားခဲ့သည်။ ယခုရက်သတ္တပတ်အတွင်းမှာပင် ဆီးရီးယားအတိုက်အခံအုပ်စုတွင် ပါဝင်ပြီး စစ်သွေးကြွအစ္စလာမ်မစ်အဖွဲ့ဖြစ်သော အယ်လ်နျူစရာတပ်ဦးအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ဝါရှင်တန်က သတ်မှတ်ရန်နီးစပ်နေကြောင်းအမေရိကန်မီဒီယာသတင်းများတွင် ဖော်ပြခဲ့သည်။

—Ref: Reuters/ Ria Novosit







TRADEMARK CAUTION
CIMB Group Sdn Bhd. a company incorporated in Malaysia at 5th Floor, Bangunan CIMB, Jalan Semantan, Damansara Heights, 50490 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademark:-

CIMB Clicks

Reg : No.4/13215/2012
In respect of : Int'l Class 36 : "Insurance; financial affairs; monetary affairs; real estate affairs. Including building society services, banking (including home banking), stockbroking, financial services provided via internet, issuing of tokens of value in relation to bonus & loyalty schemes, provision of financial information .
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 13.Dec.2012



Photo - Reuters

# ရစ်ချ်တာစကေး ၇ ဒသမ ၃ ရှိ ဂျပန်ငလျင်ကြောင့် လူ ၁၃ ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံး

**တိုကျို၊ ဒီဇင်ဘာ - ၈**

ဂျပန်နိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် ဒီဇင်ဘာ ၇ ရက်က လှုပ်ခတ်သွားခဲ့သည့် ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူဒ်အဆင့်ရှိငလျင်ကြောင့် လူ ၁၃ ဦးခန့် သေဆုံးပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဂျပန်အာဏာပိုင်များက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် မီယာဂီနှင့် အေအိုမိုရီအရပ်များ၌ ဒဏ်ရာရသူ သက်ကြီးရွယ်အို နှစ်ဦးရှိပြီး ငလျင်ကြောင့် ကျန်ဒဏ်ရာရသူဦးရေမှာ ၁၁ ဦးရှိကြောင်း သိရသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဂျပန်နိုင်ငံ၏ ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်း နေရာအချို့တွင် တစ်မီတာအမြင့်ခန့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ဂျပန်အာဏာပိုင်များသည်ပျောက်ဆုံးနေသောသက်ကြီး ရွယ်အို တစ်ဦးကို ရှာဖွေနေကြသည်။ အာဏာပိုင်များက ဖူကူရှီးမားဒိုင်အီချိနှင့် ဒိုင်နီချူစက်ရုံများတွင်မူ ငလျင်ကြောင့်ထိခိုက်မှုများမတွေ့ရှိရသေးကြောင်း ပြောသည်။

ငလျင်လှုပ်အပြီးတွင် လူပေါင်း ၂၀,၀၀၀ ခန့်ကို အရေးပေါ်ကယ်ဆယ်ခဲ့ရပြီး ရထားလမ်းများနှင့် လေဆိပ်များ ယာယီပိတ်ထားခဲ့ရသည်။ ဂျပန်မိုးလေဝသနှင့် ဇလဗေဒဌာနက ငလျင်သည် ၂၀၁၁ မတ်လက လှုပ်ခတ်ခဲ့သော နောက်ဆက်တွဲငလျင် ဖြစ်နိုင်ကြောင်း၊ ယခုအပတ်အတွင်း ပြင်းအား ၆ မဂ္ဂနီကျူဒ်ခန့် နောက်ဆက်တွဲ ငလျင်တစ်ရပ် ထပ်လှုပ်နိုင်ကြောင်း သတိပေးထားသည်။

*—Ref: Xinhua*

## အမေရိကန်နိုင်ငံသားများ စားရေးရိက္ခာ မလုံလောက်မည်ကို စိုးရိမ်

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၄**

အမေရိကန်နိုင်ငံသားသုံးဦးတွင် တစ်ဦးနှုန်းက ၎င်းတို့မှာ စားရေးရိက္ခာမလုံလောက်ဟု ပြောကြားကြသလို ၎င်း၏ မိသားစု၊ သူငယ်ချင်း၊ အိမ်နီးချင်းများ စားရေးရိက္ခာ မလုံလောက်မည်ကိုလည်း စိုးရိမ်ပူပန်မိကြောင်း ပြောသည်ဟု စစ်တမ်းတစ်ရပ်တွင် တွေ့ရှိခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံသား ၁၀ ဦးတွင် တစ်ဦးကလည်း ၎င်းတို့အနေဖြင့် အခြားမိသားစုဝင်တစ်ဦးအား ကျွေးမွေးရန်ဖြစ်စေ (သို့မဟုတ်) ဆေးကုရန်ဖြစ်စေ ငွေကြေးလိုအပ်၍ ၎င်းတို့ကိုယ်တိုင်အစားအစာ မစားဘဲနေခဲ့သည်ဟုလည်း ပြန်ကြားကြသည်။

“စီးပွားရေးအကျပ်အတည်းက အစာအငတ်ခံရတာတွေများလာတယ်ဆိုတာကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ လူတွေအများကြီးပဲဆေးဝယ်မလား၊ ထမင်းစားမလားဆိုပြီး ရွေးချယ်နေရတယ်ဆိုတာတော့ တကယ့်ကိုစိတ်အနှောင့်အယှက်ဖြစ်စရာကောင်းပါတယ်” ဟု စစ်တမ်းကောက်ယူခဲ့သော အကျိုးအမြတ်မယူသည့်အဖွဲ့ Generations United ဘုတ်အဖွဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ ဂျိမ်းစ်တေလာက ပြောသည်။

“လူတွေဟာ အစားစားမလား၊ ဆေးဝယ်မလားဆိုပြီး အခြေခံလိုအပ်ချက်တွေအပေါ် ရွေးချယ်မနေရသင့်ပါဘူး။ သူတို့နဲ့နီးစပ်တဲ့ လူတစ်ယောက်ယောက် အစားအသောက်ကောင်းကောင်းမွန်မွန် စားရပါ့မလားဆိုပြီးလည်း ပူပန်မနေရသင့်ပါဘူး” ဟုဝါရှင်တန်မြို့အမျိုးသားစာနယ်ဇင်းကလပ်တွင်ပြုလုပ်သည့် ကွန်ဖရင့်၌ မစ္စတာတေလာက ပြောကြားသည်။ ယခုစစ်တမ်းမှာ လူပေါင်း ၂,၃၉၇ ဦးအား မေးမြန်းပြုစုထားခြင်းဖြစ်သည်။

*—Ref: UPI*

## ပျော်ပျော်ရွှင်ရွှင် မရှိသော ခရစ်စမတ်ဘိုးဘိုးကြီး အလုပ်ပြုတ်

**နယူးယောက်၊ ဒီဇင်ဘာ - ၈**

အမေရိကန်ဈေးဝယ်စင်တာတစ်ခုတွင်းထားရှိသော ခရစ်စမတ်ဘိုးဘိုးကြီးမှာ ပျော်ပျော်ရွှင်ရွှင်မရှိဘဲ ပွစိပွစိနှင့် ကလေးများကိုလည်း ၎င်း၏ ပေါင်ပေါ်တွင် ထိုင်ခွင့်မပေးကြောင်း ကလေးငယ်များနှင့်မိဘများက တိုင်တန်းပြောကြားခဲ့ပြီးနောက် ယင်း ခရစ်စမတ်ဘိုးဘိုးကြီးအား ဈေးဝယ်စင်တာက အလုပ်မှဖြုတ်ပစ်လိုက်သည်။

မစ္စစ်ဂျက်စီကာမေဟော့တ်ဆိုသည့် အမျိုးသမီးသည် ပို့တ်လန်ဒ်မြို့တောင်ပိုင်း Maine Mall သို့ သူမ၏ ခြောက်နှစ်အရွယ်သမီးနှင့်သွားရောက်လည်ပတ်ချိန်တွင်၎င်းရောင်းချသော ဒေါ်လာ ၂၀ တန်ဓာတ်ပုံ ဝယ်ယူရန်ငြင်းဆန်ခဲ့ခြင်းအတွက် ယင်းခရစ်စမတ်ဘိုးဘိုးကြီးလုပ်သူ အမျိုးသားကစကားကိုရိုင်းပျစွာပြောဆိုပြီး ကလေးကိုလည်း ပေါင်ပေါ်တွင်ထိုင်ခွင့်မပြုဟု မစ္စစ်ဂျက်စီကာမေးဟော့တ်က ပြောသည်။

ကလေးငယ်က အမေရိကန်မိန်းကလေးအရုပ် တောင်းဆိုချိန်တွင်လည်း ဘိုးဘိုးကြီးလုပ်သူက အမေရိကန်ဘောလုံးပဲ ရမည်ဟု ပြန်ပြောကြောင်း မစ္စစ်ဂျက်စီကာတို့သားအမိက ပြောသည်။

ယင်းနောက်တွင် မစ္စစ်ဂျက်စီကာက သူမတွေ့ကြုံခဲ့သမျှကို အွန်လိုင်းပေါ်သို့တင်လိုက်ရာ အခြားမိဘများကလည်း ၎င်းတို့၏ အလားတူ အတွေ့အကြုံများကို ဖော်ပြခဲ့ကြသည်။

သတင်းဌာနက ခရစ်စမတ်ဘိုးဘိုးကြီးလုပ်သူအား ဆက်သွယ်ခဲ့သော်လည်း ၎င်းကမည်သည့်မှတ်ချက်မှ မပေးလိုကြောင်း ပြန်လည်ပြောကြားသည်။ ဈေးဝယ်စင်တာမှ တာဝန်ရှိသူများက ပြုံးပြုံးရွှင်ရွှင်နေတတ်သော ခရစ်စမတ်ဘိုးဘိုးကြီးကို ဈေးဝယ်စင်တာတွင် မကြာခင် မြင်တွေ့ရပါမည်ဟု ပြောကြားသည်။


*—Ref: PA*



7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

## 7DAY BOOK REVIEW

# ခရစ်(စ)တီယန်ဘားနဒ်၏ ဘဝတစ်ခု (ဒေါက်တာကျော်မြင့်-ဓာတ်မှန်)




လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်က တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ရှိ ဆေးရုံကြီးတွင် ဆေးပညာသင်ယူနေသော ဆေးကျောင်းသားတစ်ဦးသည် ပထမဆုံး လက်တွေ့ခွဲစိတ်ခန်းသို့ဝင်ရာ မမျှော်လင့်ဘဲ ခွဲစိတ်လူနာမှ ထွက်ရှိလာသည့်သွေးကို မြင်ရသည်နှင့် ထိတ်လန့်တုန်လှုပ်သွားပြီး အော်ဂလီဆန်ကာ မခွဲစိတ်ရဲဘဲ ခွဲခန်းထဲမှ ထွက်ခွာလာရသောဖြစ်ရပ်ရှိခဲ့ဖူးလေသည်။ အဆိုပါဆေးကျောင်းသားသည် ၎င်း၏ဖြစ်ရပ်ကို ပြန်တွေးရင်းတနုံ့နုံ့ခံစားရပြီး စိတ်ဓာတ်အကြီးအကျယ်ကျဆင်းကာ ဆရာဝန်ဖြစ်နိုင်ခြေမရှိဟူ၍ပင် သုံးသပ်ခဲ့ဖူးပါသည်။

ထိုဆေးကျောင်းသားလေးသည် နောင်နှစ်အတန်ငယ် ကြာသောအခါ ထိုမထင်မရှား ဆေးရုံကပင် တစ်ကမ္ဘာလုံး အံ့သြသွားရအောင် ကမ္ဘာ့ပထမဆုံးနှလုံးအစားထိုး ခွဲစိတ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ဆိုရလျှင် ၁၉၆၇ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဒေါက်တာ ခရစ္စတီယန်ဘားနဒ်ဆိုသူသည် အားအင်ကုန်ခန်းနေပြီဖြစ်သော လူတစ်ဦး၏ နှလုံးအား ဖယ်ရှားကာ ယာဉ်မတော်တဆမှုဖြင့် သေဆုံးသွားသော မိန်းကလေးငယ်တစ်ဦး၏ နှလုံးဖြင့် အစားထိုး တပ်ဆင်နိုင်ခဲ့သည်။ ယင်းဖြစ်ရပ်သည် ဆေးပညာသမိုင်းတွင် ပထမဆုံး အကြိမ် လူသားနှလုံးတစ်ခုကို အခြားလူတစ်ဦး၌ အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခြင်းဖြစ်ပြီး ဒေါက်တာဘားနဒ်သည် ဆေးလောကတွင် ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။

ယခုစာအုပ်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦး၏ ဘဝမှတ်တမ်းကို အသေးစိတ်ရေးသားထားခြင်းဖြစ်ပြီး ဆေးပညာလောကမှ ပုဂ္ဂိုလ်များ၊ ဆရာဝန်၊ သူနာ ပြုများ၊ ဆေးကျောင်းသားကျောင်းသူများ ဖတ်သင့်သောစာတစ်အုပ်ဖြစ်သည်။

ဆေးပညာ ဆေးလောကနောက်ခံဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိဖြစ်၍ ဆရာဝန်တစ်ဦး၏ လက်တွေ့ဘဝ မည်မျှခက်ခဲပင်ပန်းပုံ၊ အခက်အခဲများကြုံတွေ့ရာ၌လေ့ကျင့်ပျိုးထောင်ပေးရမည့် စိတ်ဓာတ်၊ အသေးစိတ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း၊ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချမှတ်ခြင်း စသည့် ဆရာဝန်တစ်ဦး ထားရှိရမည့် စိတ်အခြေအနေများကို ဒေါက်တာဘားနဒ်သည် ၎င်းကြုံခဲ့ရသော အတွေ့အကြုံများပေါ်မူတည်၍ ရေးသားထားသည်။ ငယ်စဉ်ကလေးဘဝကစ၍အထက်တန်းပညာနှင့် ဆေးပညာသင်ယူပုံ၊ ဆရာဝန်ပေါက်စဘဝ၌အတွေ့အကြုံများ ရာမှီးပုံ၊ အမေရိကန်ပြည်ထောင်စုသို့သွားရောက်ကာ နှလုံးနှင့်ပတ်သက်သော အတွေ့အကြုံရှာဖွေပုံ၊ တောင်အာဖရိကသို့ပြန်လာကာ ဆေးပညာသမိုင်းတွင်ရစ်သော နှလုံးအစားထိုး ပြုလုပ်နိုင်ခဲ့ပုံတို့ကို တစ်ခန်းချင်း ရှင်းလင်းပြတ်သားစွာ ဖတ်ရှုရပါမည်။ ဒေါက်တာဘားနဒ်သည် မဖြစ်မနေ လုပ်ကိုင်မည်ဟူသော ဇွဲသတ္တိကြောင့် အောင်မြင်မှုဆီသို့ တက်လှမ်းနိုင်ခဲ့သော်လည်း မအောင်မြင်သေးမီကာလက ၎င်း၏ မှားယွင်းလုပ်ကိုင်မှုကြောင့် ခွဲစိတ်လူနာတစ်ဦး မသေသင့်ဘဲ သေခဲ့ရပုံကို ထည့်သွင်းရေးသားထားရာ ယခုစာအုပ်ရေးရခြင်း၏ ရည်ရွယ်ချက် အဖြူတွေကိုပါ သိရှိနားလည်နိုင်ပါသည်။ အထူးသဖြင့် ယခုစာအုပ်သည် ခေတ်သစ်ဆေးလောက နောက်ခံဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိဖြစ်ပြီး အနာဂတ်တွင် ဆရာဝန် လုပ်မည့် ဆေးပညာသင်ယူနေကြ သည့် ဆေးကျောင်းသူ၊ ကျောင်းသားတိုင်း ဖတ်သင့်သော စာအုပ်ဖြစ်သည်။ ဂျူးစာပေက တန်ဖိုး-၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာကျော်တဲ့ American Idol သီချင်းဆိုပြိုင်ပွဲ

ယခုအခါ ကမ္ဘာတစ်ဝန်းရုပ်သံများတွင် အဆိုပြိုင်ပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်နေကြပေပြီ။ သို့သော် ထိုပြိုင်ပွဲများအားလုံး၏ ဘုရင်မအဖြစ်သရဖူဆောင်းထားသော American Idol အဆိုပြိုင်ပွဲကိုကား အောင်မြင်မှုအရာ၊ ပရိသတ်ကြည့်ရှုမှုအရာနှင့် ဆုကြေးရရှိမှုအရာတို့တွင် မမီပေ။ American Idol အဆိုပြိုင်ပွဲကို ၂၀၀၂၊ ဇွန် ၁၁ ရက်တွင် Fox ရုပ်သံလိုင်းက စတင်ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။ ထိုအစီအစဉ်ကိုဗြိတိသျှ ရုပ်သံထုတ်လုပ်သူ ဆိုင်မွန်ဖူးလာက ဖန်တီးခဲ့သည်။ ဖူးလာသည် စပိုက်ဂဲလ်အဖွဲ့အပါအဝင် အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့များကို စီမံခန့်ခွဲပေးခဲ့သူမန်နေဂျာတစ်ဦးလည်းဖြစ်သည်။

American Idol ပြိုင်ပွဲကို ၂၀၀၂ ရာသီမှစ၍ ၂၀၁၂ ရာသီအထိ ကျင်းပထားပြီး ယခုအခါအမေရိကန်ပြင်ပနိုင်ငံပေါင်းတစ်ရာကျော်တွင်လည်း ထုတ်လွှင့်ပြသနေသည်။ ပြိုင်ပွဲတွင် ပထမရသူသည် အဓိကနာမည်ကြီးဂီတကုမ္ပဏီတစ်ခုနှင့် အယ်လ်ဘမ်ခြောက်ချပ်အထိထုတ်ဝေရန် စာချုပ်ရလေ့ရှိပြီး ထိပ်ဆုံး ၁၀ ဦးစာရင်းဝင် သီဆိုယှဉ်ပြိုင်သူများသည်လည်း နယ်လှည့်ဖျော်ဖြေပွဲများမှ ဝင်ငွေဒေါ်လာသန်းဂဏန်း ခန့်ရရှိသည်။ ပြိုင်ပွဲ၏ ပထမဆုံးရာသီတစ်၌ ပထမရခဲ့သူမှာ ကယ်လီကလက်ဆန်ဖြစ်သည်။

—Source: Wikipedia

# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက် အထိ

စံဇာကီဘို



### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

သူတစ်ပါးအပေါ် ဦးစားပေးနေရမည်။ အနောက်တောင် အရပ်သို့ ညအိပ်ညနေ ခရီးများ သွားရောက်ခြင်း ရှောင်ပါ။ မတတ်သာ၍ သွားရကလည်း အလုပ်ကိစ္စပြီးက ချက်ချင်းပြန်ပါ။ အိမ်တွင် ပစ္စည်းအပျောက်အရှများမည်။ အပြင်မှ ခိုးယူခြင်းမဟုတ်။ အတွင်းမှ ထည့်ဝှက်ခိုးယူခြင်းမျိုး ဖြစ်မည်။ နေအိမ်၊ နေရာထိုင်ခင်း ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကိစ္စအတွက် ငွေကုန်များမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ပုံမှန်မဟုတ်သော လုပ်ငန်းရပ်များကို လုပ်ကိုင်ရမည်။ အများကိစ္စ၊ ဘာသာရေးကိစ္စများ တာဝန်ယူရမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စအတွက် စကားပြောဆိုအောင်မြင်မည်။ ပညာအတတ်တွင် ထူးခြားစွာ အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ သင်တန်းကြုံက လက်ခံပါ။ သင်တန်းပြီးက အဆင့်မြင့်အောင်မြင်မှုများ လက်ခံရရှိမည်။ လက်လွှန်ထားသောငွေပြန်ရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စိတ်အနှောင့်အယှက်များမည်။ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့ရမည်။ အလွယ်တကူ ဖြစ်သည်ဟူ၍ မရှိ။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အတိုက်အခံများ ရှိမည်။ ကိုယ့်အပေါ် ကောင်းမည်ဟု ထင်ထားသော သူများပင်လျှင် မိမိအား ဒုက္ခပေးမည်။ (အမေ၊ အဘွား၊ အဒေါ်) အစရှိသည့် အကြီးအကဲ အမျိုးသမီးများ အမြင့်မှလိမ့်ကျတတ်သည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အကြံသစ်၊ စိတ်ကူးသစ်များနှင့် လုပ်ကိုင်သော ကိစ္စများမှ ထူးခြားသော အကျိုးအမြတ်ရမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ မူလလုပ်ကိုင်ဖူးခြင်း မရှိသော အလုပ်များ စတင်ရန် ကြုံမည်။ ဦးတည်ချက်ပြောင်းလဲပြီး လုပ်သော ကိစ္စများတွင် ထပ်မံအပြောင်းအလဲကြုံမည်။ လုပ်ငန်းတွင် ယှဉ်ပြိုင်သူများအပေါ် အသာစီးယူလွှမ်းမိုးနိုင်သည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

လက်ဝယ် ရထားသော ရပိုင်ခွင့်များ အခွင့်အရေးများကို လိုက်လံလုယူသူများနှင့် တွေ့မည်။ မနာလိုသူများနှင့် ဆက်ဆံရမည်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဆက်ဆံသူများ ဝန်းရံနေမည်။ အမည်အတွင်း (ရ၊ လ၊ ဝ၊ တ၊ တ၊ န) ပါသော သူများကြောင့် ပြဿနာများ ဖြစ်တတ်သည်။ တစ်ပါးသူစကားနားထောင်၍ ဆုံးဖြတ်ပြီးသည့်ကိစ္စများကို ပြန်လည်ပြင်ဆင်၍ အညံ့ကြုံမည်။




### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အင်္ဂါနံ စက်ပစ္စည်းများ ဝင်မည်။ ခရီးကိစ္စအဆင်ပြေမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ ကျောင်းဆောက်ခြင်း အဆင်ပြေမည်။ လူမျိုးကွဲနှင့်ဆက်စပ်လုပ်သော လုပ်ငန်းအဆင်ပြေမည်။ စွန့်စားပြီးလုပ်သော လုပ်ကိုင်သော လုပ်ငန်းများတိုးတက်မည်။ အကုန်အကျခံပြီး လုပ်ထားသော ကိစ္စများမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

ဆောင်ရွက်သော ကိစ္စမှန်သမျှ ဆုံးခန်းတိုင်အောင် ရောက်ရှိ၍ အောင်မြင်စွာပြီးမြောက်နိုင်သည်။ အလိုအလျောက် ဦးဆောင်ဦးရွက်ပြုရမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ဆက်သွယ်လုပ်သော လုပ်ငန်းအကျိုးပေးမည်။ ပြည်ပခရီးအကျိုးပေးမည်။ အပြိုင်အဆိုင်များကျော်လွှား အောင်မြင်မည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ အထူးအကျိုးပေးမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

တနင်္ဂနွေနေ့၊ ကြာသပတေးနေ့ မွေးသူတစ်ဦးဦးနှင့် ပတ်သက်၍ ပြဿနာများ ဖြစ်ပေါ်နိုင်သည်။ အထူးသတိထား၍ ဆက်ဆံပါ။ စနေနံ၊ ထီး၊ ဖိနပ်၊ အထည်များအား မလိုအပ်ဘဲ ဝယ်ယူခြင်း မပြုရ။ အဝင်မတော်၊ မိဘအကြီးအကဲ ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ အိုးအိမ်ကိစ္စအတွက် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ကိုယ်ပိုင် အရည်အသွေးကို အပြည့်အဝ အသုံးချနိုင်မည်။ ရည်မှန်းချက်မြင့်မြင့်မားမားနှင့် ဆောင်ရွက်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုများ ရရှိမည်။ အပေါင်းအသင်းမှားတတ်သည်။ အရပ်ဝေးနှင့်ဆက်သွယ်၍ ကောင်းသော အကျိုးဆက်များ ရရှိမည်။ အမျိုးသမီး မိတ်ဆွေတစ်ဦးထံမှ ထူးခြားသော အကူအညီရမည်။ ကာလအတန်ကြာ မပြီးပြတ်သောကိစ္စများအား ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ရည်ရွယ်စီစဉ်ထားခြင်း မရှိဘဲ ချက်ချင်း လက်ငင်းဆောင်ရွက်သော ကိစ္စများမှ ထူးခြားသော တက်လမ်းရမည်။ လူမျိုးကွဲ အကျိုးပေးမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ငွေကြေးကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ ကိုယ့်အပေါ် ဒုက္ခပေးသူများကြားမှ တက်လမ်းများ ဖန်တီးနိုင်မည်။ အရှေ့အရပ်နှင့် ဆက်နွှယ်၍ ခရီးကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်မည်။ အနောက်တောင်အရပ် ခရီးသွားက အကျိုးရှိမည်။ အဆင်ပြေမည်။ ရုတ်တရက် ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်သည်များမှ ထူးခြားစွာအောင်မြင်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ မိသားစုပိုင်လက်လွှန်ထားသော ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသော အကျိုးဆက်ရမည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်မည်။ ကိုယ်စွမ်းကိုယ်စနှင့် တိုးတက်မှုအလုံးစုံရရှိမည်။ မိသားစုတွင် ခြံ၊ ကားအခန်း၊ အဟောင်း ထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်းရှိမည်။ ငွေကြေးကိစ္စအတွက် ဆောင်ရွက်ခြင်းများမှ ကောင်းသော အကျိုးဆက်ရမည်။ အထည်၊ ရတနာအစရှိသော စနေနံပစ္စည်းများ လက်ဆောင်အဖြစ်ရရှိမည်။ လက်ခံနိုင်သည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

**စာရေးသူဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့က ရန်ကုန်မှ ချောင်းသာကမ်းခြေကို မိသားစုနဲ့ အပန်းဖြေခရီး ထွက်ခဲ့ပါတယ်။ ခရီးမထွက်မီ တစ်ရက်ကြိုတင်ပြီး ကထိန်အလှူပွဲအတွက် တာဝန်ယူထားတဲ့ အလုပ်တွေစီစဉ်ပြီးကြောင်းနဲ့အလှူပွဲအမီပြန်လာမယ့်အကြောင်း ဆရာရင်းဖြစ်တဲ့ ပြည်သာယာ စတုဘုမ္မိက ကျောင်းဆရာတော်ကို ဦးခိုက်လျှောက်ထားခဲ့ပါတယ်။ ဆရာတော်က သူရေးသားတဲ့ "ခန္ဓာရှုမြင်တရားခွင်" စာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေရာမှာ ချောင်းသာကပြန်လာရင် ဖြန့်ချိရေး ဆောင်ရွက်ပေးဖို့ တာဝန်ထပ်မံပေးပြီး စာရေးသူကို "ကျောင်းဒကာ ချောင်းသာကနေ ကထိန်အမီပြန်ခဲ့နော်"ဟု အထပ်ထပ်မှာကြားခဲ့ပါတယ်။ ဆရာတော်ရဲ့ အမှာစကားဟာ ကာရန်မိနေတဲ့အတွက် စာရေးသူရဲ့ ခေါင်းထဲမှာ စွဲနေပါတယ်။ ယခု ချောင်းသာက ပြန်လည်ရောက်ရှိလို့ ကထိန်ပွဲလည်း ကျင်းပခဲ့ပြီးပါပြီ။ ဆရာတော်ရဲ့ အမှာစကားလေးကိုပဲ ဆောင်းပါးခေါင်းစဉ်ရွေးပြီး ကျောင်းဒကာ ချောင်းသာက မကောင်းတာတွေမြင်ရသမျှ ကောင်းစွာပြင်ကြဖို့ စေတနာနဲ့တင်ပြလိုက်ရပါတယ်။**



# ကျောင်းဒကာ
# ချောင်းသာက ပြန်ခဲ့တယ်

မြင့်မိုရ်ဆွေ

ချောင်းသာ ခရီးစဉ်မှာ ရန်ကုန်မြို့က နံနက် ၈ နာရီခန့် ခရီးစထွက်ခဲ့တာ ဗိုလ်မြတ်ထွန်း တံတားထိပ်ကို ၉ နာရီခွဲလောက် ရောက်ပါတယ်။ ဗိုလ်မြတ်ထွန်း တံတားရဲ့ မြောက်ဘက်မလှမ်းမကမ်းမှာ ရောဝတီ မြစ်ကူး ညောင်းတုန်းတံတားသစ်ကြီးကို လှမ်းမြင်နေရပါတယ်။

ညောင်းတုန်းမြို့နယ် တစ်မြို့နယ်ထဲမှာ တစ်စင်းနဲ့တစ်စင်း နှစ် မိုင်ထိလောက်ခွာပြီး မြစ်တစ်စင်းထဲကို ၁ မိုင်ခန့်အရှည်တံတားကြီးနှစ်စင်း အပြိုင်ကူးဖို့ တည်ဆောက်ထားတာ အလွန်အံ့ဩစရာပါပဲ။ မြစ်ချောင်းတွေ အလွန်များတဲ့ မြန်မာနိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ "မြစ်ကိုတွေ့လျှင် တံတားဆင်" ဆိုတဲ့အတိုင်း မြစ်ကူးချောင်းကူးတံတားတွေ တည်ဆောက်မှုကို ကြိုဆိုပါတယ်။

အထူးသဖြင့် စာရေးသူဟာ အောက်ပြည်အောက်ရွာမှာ မွေးဖွားသူတစ်ဦးဖြစ်တဲ့အတွက် တံတားများတိုးချဲ့တည်ဆောက်မှုကို အလွန်ရှုးသွပ်ခဲ့သူ ဖြစ်ပါတယ်။ "မြားအစင်းစင်း၊ ဓားအစင်းစင်းနဲ့ အားချင်းယှဉ်ရင် တံတားတစ်စင်းက သာတယ်" လို့ အခိုင်အမာယုံကြည်သူလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဗိုလ်မြတ်ထွန်း တံတားကြီး ရှိနေပါလျက်နဲ့ နောက်ထပ် ညောင်တုန်းတံတား ဘာကြောင့် ဆောက်သလဲဆိုတာကို မေးခွန်းထုတ်လိုက်တိုင်း လက်ခံနိုင်တဲ့အဖြေကို ယနေ့အထိ မရနိုင်ခဲ့ပါဘူး။ အင်းဝတံတားကြီးက သက်တမ်းအရကြံ့ခိုင်မှု မရှိတော့တာကြောင့် ရတနာပုံတံတားကြီးကို အနီးမှာထပ်ပြီး တည်ဆောက်တာ လက်ခံနိုင်ပါတယ်။ ဗိုလ်မြတ်ထွန်း တံတားကြီးက ယဉ်အသွားအလာ အလွန်များပြီး တံတားရဲ့ခံနိုင်ရည်စွမ်းအားထက် ဝန်အားပိုမိုခြင်း(Over Load) လုံးဝမရှိတာ အများအမြင်ပါပဲ။ တံတားရဲ့ သက်တမ်းကဆယ်ကျော်သက် အရွယ်သာရှိပြီး ကြံ့ခိုင်မှု မရှိ၊ ယိုယွင်းပျက်စီးနေပြီလို့လည်း တရားဝင်မကြားမိပါဘူး။ ဒါကြောင့် ခရီးလမ်းဆုံးတူရာ (Same Destination)ကိုတံတားနှစ်စင်းကပ်ပြီး ဆောက်ထားတာဟာ လက်တစ်ဖက်တည်း နာရီနှစ်လုံး ပတ်ထားသလိုပါပဲ။

ညောင်တုန်းတံတားမှာ ရထားလမ်းပါတာ ထူခြားပါတယ်လို့ ထောက်ပြကြတာလည်းရှိပါတယ်။ ရောဝတီက ကုန်စည်တွေဟာ ရန်ကုန်ကို ရေလမ်းက အလုံးအရင်းနဲ့ ဝင်နေတာ နေ့စဉ်မပြတ်ပါဘူး။ သယ်ယူစရိတ်လည်း သက်သာပြီး အချိန်မှန်လည်း ရောက်နေပါတယ်။ နောင်သောအခါ ငါးပုစွန်နဲ့ ကဏန်းတွေကို ရထားနဲ့တင်ဖို့ စိတ်ကူးရှိခဲ့သလား မပြောတတ်ပါဘူး။ အချိန်အခါအရ တိုင်းပြည်က ဖွတ်ကျောပြာစုနေတဲ့ အချိန်မှာ မွဲသထက်ညစ်အောင် လုပ်ရက်တဲ့ ပြယုဂ်အဖြစ် သားမြေးစဉ်ဆက်သမိုင်းတွင်လျက် ရှိနေမှာအမှန်ပါပဲလို့ကောက်ချက်ချမိပါတယ်။

> **အဆိုးဆုံးက ဂူဘုရားတောင်ဘက် မက်စ်ဟိုတယ်အနီးမှာ ရေချိုးတဲ့ လှိုင်းစပ်အထိ သောင်ပြင်ကြီးတစ်ခုလုံးကို ရန်ကုန်မြို့ (ဖရေဇာ) အနော်ရထာလမ်းက ဆိုင်တန်းတွေလို ထီးတွေနဲ့ ပလတ်စတစ်ထိုင်ခုံတွေ အစီအရီချပြီး အပိုင်သိမ်းထားတဲ့ အဖြစ်ပါပဲ။ တစ်မိုင်ခွဲရှိတဲ့ သောင်ပြင်ရဲ့ သုံးပုံတစ်ပုံဟာ သောင်ပြင် (Beach) မဟုတ်တော့ဘဲ လေဟာပြင်ဈေး (Open Market) ဖြစ်နေပါပြီ။ ဒီအတိုင်းထားလို့ နောင်သုံးနှစ်ကြာရင် ချောင်းသာဟာ မြန်မာနိုင်ငံရဲ့ အပန်းဖြေစခန်းအဖြစ်က လုံးဝပျက်စီးပျောက်ကွယ်သွားနိုင်ပါတယ်**

ဗိုလ်မြတ်ထွန်း တံတားလွန်ပြီး ပုသိမ်မြို့သို့ ၉၁ မိုင် ခရီးဆက်ရာမှာ မိုးတွင်းက ပျက်စီးခဲ့တဲ့လမ်းတွေကို အင်နဲ့အားနဲ့ ပြင်ဆင်နေတာ အားရစရာပါပဲ။ ပန်းတနော် မရောက်ခင် တစ်နေရာမှာ လမ်းပြင်တဲ့အဖွဲ့က လူငယ် အလုပ်သမားတစ်ဦးက ယာဉ်များကို ယာဉ်ကြောတစ်ခုတည်းမှာ ထိပ်တိုက် မတွေ့ရအောင် အလံနီနဲ့တား၊ အလံစိမ်းနဲ့သွားဖို့ တစ်စီးချင်းကို အချက်ပြစေလွှတ်ပေးနေတာ တွေ့ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အလံနီက ပိတ်အလံဖြစ်ပြီး အလံစိမ်းကတော့ သရက်ပင်က သစ်ကိုင်းကိုချိုးပြီး အလံအဖြစ်သုံးထားရှာပါတယ်။ သရက်ကိုင်းနဲ့ အချက်ပြပြီးခါတဲ့ အလံကိုင်လူငယ်ကို ခရီးသွားနိုင်ငံခြားသားများက ကားပေါ်ကနေ အလွန်သဘောကျစွာ ပြုံးရယ်ပြီး လက်ပြသွားတဲ့ မြင်ကွင်းက အမှတ်တရပါပဲ။ လမ်းပြတဲ့ တာဝန်ခံတွေ မြန်မာပြည်ကို အထင်သေးအောင် လုပ်ရက်ကြပါပေ့။ ကျောင်းစိမ်းလုံချည် အစုတ်အပြဲကို မသုံးတာတော်ပါသေးရဲ့လို့မှတ်ချက်ပြုမိပါတယ်။ ဒါးကတံတားကို ရောက်တော့ နံနက် ၁၁ နာရီခန့် ရှိပါပြီ။ သတိပြုမိတဲ့ အချက်က ဒါးကဟာ တိုးတက်ဖွံ့ဖြိုးမှု အလွန်မြင့်မားလာခြင်းပါ ပဲ။ စာရေးသူဟာ လွန်ခဲ့တဲ့အနှစ် ၂၀ ခန့်က ချောင်းသာကို အသွား ဒါးကဘူတာရုံဘေးက ထမင်းဆိုင်မှာ နံနက်စာဝင်စားခဲ့ပါတယ်။ အဲဒီတုန်းက ဒါးကတံတားကြီး မဆောက်ရသေးပါဘူး။ ဒါးကဟာ ရွာသာသာပဲ ရှိပါတယ်။ အဲဒီနောက် တံတားကြီးအပြီးမှာ တစ်ရှိန်ထိုး တိုးတက်လာတာကို ချောင်းသာသွားတိုင်း သတိပြုခဲ့မိပါတယ်။

ယခု တစ်ခေါက်မှာတော့ ဒါးကဟာ ခေတ်မီဆန်စက်ကြီးတွေ၊ ဆန်စက်ငယ်တွေ၊ လူနေဆိုင်ခန်း (Shop House)တွေနဲ့ အိုးအိမ်တိုက်တာတွေ အစီအရီ ဆောက်လုပ်ထားတာ တွေ့ရပါတယ်။ စနစ်တကျဆောက်လုပ်မှု မဟုတ်ဘဲ ကျေးလက်မှ မြို့ပြအကူး ရွာတစ်ပိုင်း၊ မြို့တစ်ပိုင်း ဖွံ့ဖြိုးမှုကို လျစ်လျူရှုထားဖို့ မသင့်ပါဘူး။ ဒီလိုပါပဲ မြန်မာနိုင်ငံရဲ့ အဝေးပြေး လမ်းမကြီးများရဲ့ ဘေးမှာ ပုံစံမကျတဲ့ မြို့ပြဝတ်စုံကို ဖြစ်ကတတ်ဆန်း ဆင်မြန်းထားတဲ့ အရွယ်ရောက် ကျေးရွာကြီးတွေ အများအပြားတွေ့ရှိနိုင်ပါတယ်။ အဲဒီရွာတွေအတွက် မြို့ပြစီမံကိန်းတွေ အမှန်ပင်လိုအပ်နေပြီလို့ ပြောချင်ပါတယ်။

မကြာမီ မွန်းတည့် ၁၂ နာရီခန့်မှာ ပုသိမ်မြို့ကိုရောက်ပြီး နေ့လယ်စာ စားရင်း ခေတ္တနားကြပါတယ်။ အဲဒီနောက် ခရီးဆက်ထွက်ခဲ့ရာမှာ ချောင်းသာကို မွန်းလွဲ ၁ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ ချောင်းသာမှာ ပထမဆုံး သတိထားမိတဲ့မြင်ကွင်းက ရေကူးချိန်မဟုတ်ဘဲ လမ်းလျှောက်နေတဲ့ အပန်းဖြေသူ အမျိုးသမီးငယ်အများအပြားဟာ ချက်အောက်မှာ တစ်ထွာသာသာရှိတဲ့ ဘောင်းဘီကြပ်ကြပ်ကို ဝတ်ဆင်သွားလာနေကြတာပါပဲ။ "တစ်ပေါင်နှစ်ပေါင်၊ သပြေရောင်၊ လုံအောင်ဖုံးနိုင်ပဲ တည့်လေ" ဆိုတဲ့ မန်လယ်ဆရာတော်ရဲ့ ရတုစာသားကို သွားပြီး သတိရမိပါရဲ့။ စာရေးသူက "တစ်ပေါင်နှစ်ပေါင်၊ ဖြူညိုရောင်၊ ပေါ်အောင် အပြိုင်ဖော်သည်လေး" လို့ စာသားပြင်ရန် စိတ်ကူးမိပါတယ်။ ချောင်းသာဟာ မြန်မာ အမျိုးသမီးငယ်များရဲ့ သရုပ်ပျက် အဖော်အလှစ်ဖက်ရှင် ရှိုးပွဲအခင်းအကျင်း တစ်ရပ်ပမာ ဖြစ်ပေါ်လာမှာကို စိုးရိမ်မိပါတယ်။

သဲသောင်ပြင်နဲ့ ပင်လယ်ကမ်းခြေ သဘာဝပတ်ဝန်းကျင်အေးရိပ်မှာ အပန်းဖြေနားနေလိုသူတို့အတွက် စိတ်ပျက်ဖွယ်မြင်ကွင်းများကိုလည်း တွေ့မြင်ခဲ့ရပါသေးတယ်။ ချောင်းသာကမ်းခြေရဲ့မြောက်ဘက်ထိပ်မှာ အေးစီအီးဟိုတယ်ရှိပြီး တောင်ဘက်အစွန်မှာတော့ အုန်းခြံကြီး ရှိပါတယ်။ စုစုပေါင်း ကမ်းခြေအရှည်တစ်မိုင်ခွဲခန့်ရှိပြီး ပင်လယ်ကို မျက်နှာမူထားတဲ့ (Sea View) ဟိုတယ် ၁၃ လုံး ရှိတယ်လို့ သိရပါတယ်။ ကမ်းခြေရဲ့ အလယ်မကျတကျမှာ ကျောက်ဂူဘုရားရှိပါတယ်။ ယခင်တုံးက ကျောက်ဂူရဲ့ ပတ်ဝန်းကျင်မှာ ငါးခြောက်၊ ပုစွန်ခြောက် ရောင်းသူတွေ နံနက်ပိုင်းနဲ့ ညနေပိုင်းမှာ ဗန်းရွက်ပြီးရောက်လာလေ့ရှိပါတယ်။ ယခုတော့ ဂူဘုရားမျက်နှာစာနဲ့ ပတ်ပတ်လည်မှာ စားသောက်ဆိုင်တွေ အခြေချနေရာ ယူထားတာတွေ့ရပါတယ်။ မြောက်ဘက်အေစီအီးဟိုတယ်ဘက်ကို လျှောက်သွားရင်လည်း ဟိုတယ်တွေရှေ့သောက်ကမ်းစပ်နေရာ အနှံ့အပြားမှာ ထမင်းကြော်ဆိုင်၊ အသုပ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်တွေ တည်ခင်းထားလေရဲ့။ အဆိုးဆုံးက ဂူဘုရားတောင်ဘက် မက်စ်ဟိုတယ်အနီးမှာ ရေချိုးတဲ့ လှိုင်းစပ်အထိ သောင်ပြင်ကြီး တစ်ခုလုံးကို ရန်ကုန်မြို့ (ဖရေဇာ) အနော်ရထာလမ်းက ဆိုင်တန်းတွေလိုထီးတွေနဲ့ပလတ်စတစ်ထိုင်ခုံတွေ အစီအရီချပြီး အပိုင်သိမ်းထားတဲ့ အဖြစ်ပါပဲ။ တစ်မိုင်ခွဲရှိတဲ့ သောင်ပြင်ရဲ့ သုံးပုံတစ်ပုံဟာ သောင်ပြင် (Beach) မဟုတ်တော့ဘဲ လေဟာပြင်ဈေး (Open Market) ဖြစ်နေပါပြီ။ ဒီအတိုင်းထားလို့ နောင်သုံးနှစ်ကြာရင် ချောင်းသာဟာ မြန်မာနိုင်ငံရဲ့ အပန်းဖြေစခန်းအဖြစ် က လုံးဝပျက်စီး ပျောက်ကွယ်သွားနိုင်ပါတယ်။

ဘာကြောင့် လဲ ဆို တော့ အကြောင်းသုံးချက် လေ့လာတွေ့ရှိရပါတယ်။ ပထမအချက်က စားသောက်ဆိုင်အချို့က စည်းကမ်းမဲ့ အမှိုက်တွေအပြင် လမ်းလျှောက်ဈေးသည်တွေရဲ့ ငါးကင်၊ ပုစွန်ကင်တွေစားပြီး စွန့်ပစ်လိုက်တဲ့ ငါးအရိုး၊ ပုစွန်အခွန်နဲ့ တုတ်ချောင်းတံတွေဟာ သောင်ပြင်ကို ညစ်ညမ်းစေပါတယ်။ ကော်ဖီမစ် အခွံနဲ့ ကြွပ်ကြွပ်အိတ်တွေလည်း မနည်းပါဘူး။ ဒုတိယအချက်က ပင်လယ်ရေချိုးတဲ့အခါ စာရေးသူရဲ့ ခြေထောက်မှာ ပလတ်စတစ်အိတ်ခွံတွေ လာပတ်လို့ ဖယ်ပစ်ရတာ သုံးကြိမ်ထက် မနည်းပါဘူး။ ပင်လယ်ရေဟာ ယခင်ကလို သန့်ရှင်းမှုလည်း မရှိတော့ပါဘူး။ ယခုအခေါက် ချောင်းသာမလာခင် ရန်ကုန်ကို ရောက်နေတဲ့ မလေးရှား မိတ်ဆွေတစ်ဦးကို အလည်ခေါ်တော့ "ငွေဆောင်ဆိုရင် လိုက်မယ်။ ချောင်းသာဆို မလိုက်တော့ဘူး။ အရင်တစ်ခေါက်ရောက်ခဲ့ဖူးပြီး ပင်လယ်ရေချိုးရာမှ ယားနာတွေ ပေါက်လာတယ်။ ရေမသန့်ဘူးလို့" တုံ့ပြန် ပြောဆိုတာကို လက်တွေ့အမြင်နဲ့ ငြင်းလို့ မရတော့ပါဘူး။ တတိယအချက်က စီမံခန့်ခွဲမှုအပိုင်းပါပဲ။ စည်ပင်သာယာက ဈေးဆိုင်တွေရဲ့ အမှိုက်တွေကို သောင်ပြင်မှာ ကားနဲ့လိုက်သိမ်းပါတယ်။ အမှိုက်ကားက ၁၉ ရာစုပုံစံ၊ အလွန်အရုပ်ဆိုးလှပါတယ်။ တရုတ်ပြည်ဖြစ်ကား ထင်ပါရဲ့။ ဈေးဆိုင်ဖွင့်သူ အများစုဟာ နာဂစ်အပြီး နေရာအနှံ့က စုပြုံရောက်ရှိလာကြတာလို့ချောင်းသာမြို့ခံတွေက ပြောပါတယ်။ သောင်ပြင်ဟာ လျှော့ရဲတဲ့ ထိန်းသိမ်းမှုအောက်မှာ ပိုင်ရှင်မဲ့မြေ(No Man Land) ဖြစ်နေသလိုပါပဲ။ စည်ပင်က တရားဝင် ချထားပေးတာလည်း မဟုတ်။ အုပ်ချုပ်ရေးမှူးက ခွင့်ပြုထားတာလည်းမ ဟုတ်။ ဘယ်သူဖြစ်ဖြစ် လေးတိုင်စင် ဝင်ဆောက်ရင် ဆိုင်ဖြစ်တယ်လို့ ပြောသံကြားရတာ စိတ်မကောင်းစရာပါဘဲ။ သက်ဆိုင်ရာက စနစ်တကျကြီးကြပ်ဖို့နဲ့ သတ်သတ်မှတ်မှတ် တစ်စုတစ်ဝေးတည်း ခွင့်ပြုပေးထားနိုင်ရင် အလွန်ကောင်းမယ် ထင်ပါတယ်။ အမြန်ဆုံးဆောင်ရွက်ဖို့ သင့်ပါပြီ။

စာရေးသူတို့ နိုင်ငံမှာ ပြဿနာတစ်ခုဖြစ်လာရင် စောစောစီးစီး ငယ်တဲ့အမှုကို ပပျောက်အောင် ညှိနှိုင်းဖြေရှင်းပေးတဲ့ အလေ့အထ အလွန်အားနည်းလျက်ရှိပါတယ်။ သူလိုလို ကိုယ်လိုလိုနဲ့ တာဝန်ရှောင်ရင်း ပြဿနာက နေမြင့်လေ အရှုးရင့်လေ ဖြစ်လာတာတွေလည်း ရှိပါတယ်။ နောက်ဆုံးအုံနဲ့ကျင်းနဲ့ ထုထည်အလွန်ကြီးပြီး ရှာဆူလာတော့မှ စစ်ဆင်ရေးလုပ်သလိုဖြိုခွင်းလေ့ရှိတဲ့ခေတ်ဟောင်းက ဖြေရှင်းနည်းကိုလည်း အလေးအနက်ထားပြီး ရှောင်ကြဉ်ဖို့လိုပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ပြည်သူများပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းခြေအပန်းဖြေစခန်း တစ်ခုဖြစ်တဲ့ ချောင်းသာကို ဝိုင်းဝန်းကယ်တင်ကြပါလို့ နှိုးဆော်လိုက်ရပါတယ်။ ။

Environment
7Day News Journal
Vol.11, No.40 • DECEMBER 13 , 2012

# ရာသီဥတုပြောင်းလဲမှုဆွေးနွေးပွဲ အောင်မြင်ဖွယ်မရှိသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဒိုဟာ၊ဒီဇင်ဘာ-၈**

ကာတာနိုင်ငံတွင်ကျင်းပနေသော ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲနောက်ဆုံးနေ့ အစည်းအဝေးမှာ ညပိုင်းအထိ ဆက်လက်ဆွေးနွေးနေဆဲဖြစ်သော်လည်း ဆွေးနွေးပွဲ တက်ရောက်နေသော နိုင်ငံများမှာ အဓိကအချက်များတွင် သဘောမတူနိုင်ဘဲ ရှိနေကြသည်။

ယင်းအချက်များတွင် ကျိုတိုသဘောတူညီမှုအား ကယ်တင်ရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရသော ဆင်းရဲသည့်နိုင်ငံများအတွက် ဘဏ္ဍာရေးပံ့ပိုးမှုများနှင့် လျော်ကြေးပေးရေးနှင့် အဆိုပြုတင်ပြထားသော ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုသဘောတူညီချက်ကို ပုံစံသစ်ဖြင့် ဖွဲ့စည်းရေး စသည်တို့ပါဝင်သည်။

ရက်သတ္တပတ်နှစ်ပတ်ကြာမြင့်လာခဲ့ပြီဖြစ်သည့် ဆွေးနွေးပွဲများ နောက်တစ်ရက် ထပ်မံကြာမြင့်နိုင်သော်လည်း မာရသွန်ဆွေးနွေးပွဲများကြောင်း သဘောတူညီချက်တစ်ရပ် ရနိုင်လိမ့်မည်ဟု အချို့ ကိုယ်စားလှယ်များက မျှော်လင့်နေကြသည်။

ကိုယ်စားလှယ်များအကြား စိတ်ပျက်မှုနှင့် စိတ်ရှုပ်ထွေးမှုများ ရှိနေသော်လည်း "ကျွန်တော်တို့ လုံးဝမနားဘဲ ဆက်တိုက်အလုပ်လုပ်ခဲ့ပါတယ်။ တစ်ခုခုအဖြေထွက်ပြီးမှ အိမ်ပြန်ရမယ်ဆိုတာ နားလည်ကြပါတယ်"ဟုကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ဗြိတိန်စွမ်းအင်နှင့် ရာသီဥတု ဝန်ကြီး အက်ဒ်ဒေဗီကလည်း သဘောတူညီမှုတစ်ရပ် ရရှိနိုင်ရန် မျှော်လင့်ချက်ဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဝန်ကြီးများနှင့် ညလုံးပေါက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးများမှာလည်း နှစ်ဦး၊




သုံးဦး စုဝေးဆွေးနွေးကြသလို အုပ်စုငယ်လေးများ တွေ့ဆုံမှုများ ရှိနေစဉ်မှာပင် ကောလာဟလများ၊ တန်ပြန်ကောလာဟလများလည်း ပလူပျံနေသည်။ ဆွေးနွေးပွဲပျက်ပြားမည်ကိုသတိရှိကြသော်လည်း အချို့အစည်းအဝေးပွဲများမှာ ဝရုန်းသုန်းကားနိုင်လှသည်။

ကျိုတို သဘောတူညီချက်အား အမေရိကန်နိုင်ငံက ပယ်ချထားသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအား လျော်ကြေးပေးရေးအတွက် ပြဋ္ဌာန်းချက်အသစ်တစ်ရပ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက အလိုရှိကြသည်။ သို့သော် မည်သည့် ပြဋ္ဌာန်းချက်အသစ်ကိုမဆို အမေရိကန်က ဆန့်ကျင်နေသည်။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အပြင်းထန်ဆုံး တောင်းဆိုချက်များထက် လျော့နည်းသော လျော်ကြေးပေးရေးပုံစံတစ်ရပ်အတွက် သဘောတူညီမှု ရရှိနိုင်သည်ဟု သိရသည်။

"အားလုံးကို သဘောတူညီပြီးတဲ့ အချိန်အထိ ဘာကိုမှ သဘောတူညီတယ်လို့ မဆိုနိုင်ဘူး" ဟူ၍ ဗြိတိန်နိုင်ငံမှ ညှိနှိုင်းရေးမှူးတစ်ဦးက ပြောကြားခဲ့ခြင်းကို ထောက်ရှုပါက ရာသီဥတုဆွေးနွေးပွဲတွင် ပါဝင်သော အကြောင်းခြင်းရာများအားလုံးကို သဘောမတူမချင်း ယခုနှစ်ကုန်တွင် သက်တမ်းကုန်မည့် ကျိုတိုသဘောတူညီချက်ကိုပင် ကယ်တင်ရန် ယခုဆွေးနွေးပွဲက စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

*-Ref: Business Insider*

# ရာသီဥတုပြောင်းလဲမှု အရေးယူ ဆောင်ရွက်ပေးရန် ဖိလစ်ပိုင် ညှိနှိုင်းရေးမှူး မျက်ရည်စက်လက်ပန်ကြား

**ဒိုဟာ၊ ဒီဇင်ဘာ - ၈**

လူပေါင်း ၄၀၀ ကျော်အသက်ဆုံးရှုံးခဲ့သော တိုင်ဖွန်းမုန်တိုင်း ဘိုဖာ ဝင်ရောက်ခဲ့သည့် ၎င်းတို့နိုင်ငံ၏ ကံကြမ္မာကို ဖော်ပြရင်း ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပနေသော နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဖရင့်သို့တက်ရောက်နေသည့် ဖိလစ်ပိုင်နိုင်ငံမှ ညှိနှိုင်းရေးမှူးက ရာသီဥတုပြောင်းလဲမှုအပေါ် အရေးယူဆောင်ရွက်ကြရန် မျက်ရည်စက်လက်ဖြင့် ပန်ကြားခဲ့သည်။

"ထပ်ပြီး ရွှေ့ဆိုင်းမှုတွေမလုပ်ပါနဲ့တော့။ ထပ်ပြီး အကြောင်းပြချက်တွေ မပေးပါနဲ့တော့" ဟု မစ္စစ်နာဒီရက်ဆာနိုက ပြောကြားပြီး "ကျွန်မတို့ဒီမှာစကားတွေကွေ့ပတ်ပြောပြီး ဘာမှမလုပ်ဘဲနေတဲ့ အချိန်မှာပဲ (ဖိလစ်ပိုင်နိုင်ငံမှာ) လူသေဆုံးသူ စာရင်းတိုးလာနေပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေလည်းများပြားပါတယ်။ လူထောင်ပေါင်းများစွာ နေစရာအိမ် မရှိတော့ပါဘူး" ဟု ၎င်းက ပြောကြားသည်။

"ကျွန်မတို့ ရင်ဆိုင်နေရတဲ့ လက်ရှိအခြေအနေကို မျက်လုံးဖွင့် ကြည့်ကြပါလို့ ကမ္ဘာတစ်ဝန်းက ခေါင်းဆောင်တွေကို ကျွန်မ ပန်ကြားပါတယ်။ ကျွန်တော်တို့ ညှိနှိုင်းလို့ ထွက်ပေါ်လာတဲ့ ရလဒ်ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအကြီးအကဲတွေ ဘာလိုချင်လဲဆိုတာနဲ့ မဆိုင်ပါဘူး။ ဒါဟာ ခုနစ်ဘီလီယံသော ကမ္ဘာ့ လူထုက တောင်းဆိုနေတဲ့အရာပါ" ဟု ဖိလစ်ပိုင် ကိုယ်စားလှယ်က ဆက်လက်ပြောသည်။

သို့ရာတွင် ကုလသမဂ္ဂ ရာသီဥတုအဖွဲ့ အကြီးအကဲဟောင်း မစ္စတာယိုဒီဘိုအာကမူ ရာသီဥတုပြောင်းလဲမှုအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများက ဖွံ့ဖြိုးပြီးနိုင်ငံများအပေါ် တောင်းဆိုသည့် ကန်ဒေါ်လာ ၆၀ ဘီလီယံရန်ပုံငွေဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ကြောင်း ပြောကြားသည်။ —Ref: SMH.com

## ■ ကျိုတိုသဘောတူညီချက်

ကျိုတိုသဘောတူညီချက်မှာ ၁၉၉၇ ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့ ဆွေးနွေးညှိနှိုင်းမှုမှ ထွက်ပေါ်ခဲ့သော သဘောတူညီချက်ဖြစ်ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်အသက်ဝင်လာခဲ့သည်။

ယင်းမှာ ဥပဒေအရတုပ်နှောင်ထားသော သဘောတူညီချက်ဖြစ်ပြီး စက်မှုနိုင်ငံကြီးများအနေဖြင့် ၁၉၉၀ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် စုစုပေါင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချသွားရမည်ဖြစ်သည်။ ရည်မှန်းချက်မှာ ဖန်လုံအိမ် ဓာတ်ငွေ့ခြောက်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဆာလဖာဟက်ဆာဖလူရိုက်၊ HFC နှင့် CFC ထုတ်လွှတ်မှုကို စုပေါင်းလျှော့ချသွားရေးဖြစ်သည်။

လျှော့ချမည့် ပစ်မှတ်များတွင် ဥရောပသမဂ္ဂအတွက် ၈ ရာခိုင်နှုန်း၊ အမေရိကန်အတွက် ၇ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံအတွက် ၆ ရာခိုင်နှုန်း၊ ရုရှားအတွက် သုညရာခိုင်နှုန်းခွင့်ပြုထားပြီး ဩစတြေးလျနိုင်ငံက ၈ ရာခိုင်နှုန်း အိုက်စလန်နိုင်ငံက ၁၀ ရာခိုင်နှုန်း တိုးမြှင့်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းကို အမေရိကန်နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သော်လည်း မည်သည့်အချိန်ကမျှ အတည်မပြုခဲ့ပေ။ နောက်ပိုင်းတွင် ကနေဒါနိုင်ငံကလည်း စာချုပ်မှနုတ်ထွက်ခဲ့သည်။ *-Ref: UN Environment Program*



# ပြည်တွင်း၌ပြေးဆွဲရန် ပုဂ္ဂလိကလေကြောင်းလိုင်းများ လေယာဉ်များ ထပ်တိုးဝယ်ယူ

**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

ပြည်တွင်းလေကြောင်းလိုင်းများတွင် အသုံးပြုရန်အတွက် ပုဂ္ဂလိက လေကြောင်းလိုင်းများက လေယာဉ်များ တိုးမြှင့်ဝယ်ယူသွားရန်ရှိကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေထွန်းက ပြောသည်။

ပြည်တွင်းတွင်ခရီးသွားဦးရေတိုးပွားလာခြင်းကြောင့် ယခုလိုပုဂ္ဂလိက လေကြောင်းလိုင်းများက လေယာဉ်အစီးရေတိုးမြှင့်ဝယ်ယူနေခြင်းလည်း ဖြစ်သည်။ လေယာဉ်အစီးရေ တိုးမြှင့်ဝယ်ယူမည့် လေကြောင်းလိုင်းများမှာ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI), Asia Wings နှင့် Air KBZ လေကြောင်းလိုင်းတို့ဖြစ်ပြီး စုစုပေါင်းခြောက်စီးခန့် ဝယ်ယူသွားမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိ ယမန်နှစ်ယှဉ်းကာလထက် ၅၀ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

ယင်းကဲ့သို့ တိုးပွားလာမည့် ခရီးသည်များကို ထပ်မံဝယ်ယူမည့်လေယာဉ်များက ဖြေရှင်းပေးနိုင်သော်လည်း ရန်ကုန်လေဆိပ်တွင် ညဘက်ဆိုက်ကပ်ရပ်နားရန်နေရာအခက်အခဲအချို့ရှိကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းကျော်က ပြောသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဝေဟင်မှ မြင်တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုဝင်ဘာ ၂၉ ရက်က အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းက ရှစ်စီးမြောက် လေယာဉ်ဖြစ်သော Air Bus 319 မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြောင်း MAI မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်အေးမရသာက ပြောသည်။

ပုဂ္ဂလိကလေကြောင်း လိုင်းများက ဝယ်ယူမည့် လေယာဉ်အများစုမှာ Airbus, ATR အစရှိသော ဥရောပမှထုတ်လုပ်သော လေယာဉ် အမျိုးအစားများဖြစ်ပြီး ပျမ်းမျှအားဖြင့် ခရီးသည် ၁၂၀ မှ ၁၅၀ ဦးအထိဆံ့သော လေယာဉ်အမျိုးအစားဖြစ်ကာ ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်များ၌ အဓိက အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည်။

လက်ရှိတွင်ပြည်တွင်းလေကြောင်းလိုင်း ခရီးစဉ်များအဖြစ် လေကြောင်းလိုင်း ခြောက်လိုင်းမှ ပြည်တွင်း လေဆိပ် ၂၇ ခုသို့ လေယာဉ် ၃၄ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး အသစ်မှာ ယူထားသော ခြောက်စီး ရောက်ရှိလာပါက အစီးရေ ၄၀ ခန့်အထိ ရှိလာမည်ဖြစ်သည်။

# လုံခြုံရေးအခြေအနေကြောင့် နာဂပွဲတော် လဟယ်မြို့၌ ပြောင်းရွှေ့ကျင်းပမည်

**အောင်နိုင်**

**ဒီဇင်ဘာ - ၆**

၂၀၁၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို မူလစီစဉ်ထားသည့် နန်းယွန်းမြို့တွင် မကျင်းပဖြစ်ဘဲ လဟယ်မြို့သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်များတွင် ကျင်းပမည့် အဆိုပါ နှစ်သစ်ကူးပွဲတော်ကို လုံခြုံရေးအခြေအနေများကြောင့် လဟယ်မြို့သို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“လုံခြုံရေးအနေကြောင့်နန်းယွန်းမှာ ကျင်းပဖို့ ဆိုင်းငံ့ပြီးတော့ နိုင်ငံတော်ကို တင်ပြပြီး ပြောင်းတာ။ နောက်နှစ်မှာတော့ နန်းယွန်းမှာလုပ်မယ်” ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဦးရှုစံကြူးက ပြောသည်။

ကချင်ပြည်နယ်နှင့် ထိစပ်နေသည့်နယ်မြေအချို့တွင်ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ လှုပ်ရှားမှုများကြောင့် ဆက်သွယ်ရေး လမ်းကြောင်းများမှာ လုံခြုံရေးအရ စိတ်မချရကြောင်း ဒေသခံများထံမှ သိရသည်။

လူဦးရေ နှစ်သိန်းနီးပါးရှိသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရိုးရာနှစ်သစ်ကူး ပွဲတော်ကို နှစ်စဉ် ဇန်နဝါရီလ၌ ကျင်းပကြောင်း သိရသည်။

“တစ်နှစ်တာလုပ်ငန်း ဥပမာ တောင်ယာလုပ်ငန်းတွေ ပြီးစီးပြီဆိုရင် နှစ်သစ်ကူးပွဲတော်ကို လုပ်ကြတယ်။ ပြီးရင် နောက်ထပ် လုပ်ငန်းတွ အစပြန်ပြုတာပေါ့” ဟု နာဂရိုးရာယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ နာယကဦးစီးမူ ထောင်းကပွဲတော်ကျင်းပရခြင်း အလေ့အထကို ပြောသည်။

၂၀၀၁ ခုနှစ်မှ စတင်၍ ကမ္ဘာလှည့် ခရီးသည်များ လာရောက်လေ့လာခဲ့ကြသော အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအကများနှင့်ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေခြင်း၊ တိရစ္ဆာန်အစိတ်အပိုင်းများဖြင့်ပြုလုပ်ထားသည့် ရိုးရာလက်မှုအသုံးအဆောင်ပစ္စည်းများကြောင့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။

“မနှစ်က နိုင်ငံခြားသားက ၄၀ ကျော်လောက်လာတယ်။ ဒီနှစ်မှာ ပိုများမယ် ခန့်မှန်းထားတယ်။ သွားရေးလာရေးက အစချိတ်ဆက်ဆောင်ရွက်ပေးပါတယ်” ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးအေးလွင်က ဆိုသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ရှေးနှစ်ပေါင်းများစွာကတည်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ခုနှစ်ကျော်ကာလများတွင် ပြည်တွင်း ဧည့်သည်များ လာရောက်လည်ပတ်ကြသော နှစ်ကူးပွဲအဖြစ် ကျင်းပခဲ့ကြကာ ၂၀၀၁ ခုနှစ် လေရှီးမြို့၌ ကျင်းပသော ပွဲတော်မှ စတင်၍ နိုင်ငံခြားသား ဧည့်သည်များ လာရောက်ခဲ့ကြပြီး ကမ္ဘာသိပွဲတော်တစ်ခုဖြစ်ခဲ့ကြောင်း ဦးရှုစံကြူးက ဆိုသည်။

အဆိုပါပွဲတော်သို့လာရောက်ကြသော နိုင်ငံခြားသားဧည့်သည်များမှာ ခရီးသွားကုမ္ပဏီများ နှင့် ချိတ်ဆက်၍ လေကြောင်းဖြင့် မန္တလေး-ခန္တီးမှ တစ်ဆင့် အများဆုံး လာရောက်ကြကြောင်း သိရသည်။ ထို့ပြင် နိုင်ငံခြားသား ဧည့်သည်များမှာ ခွင့်ပြုမိန့်ကိုတောင်းခံရကြောင်း ဦးရှုစံကြူးက ပြောသည်။

“နိုင်ငံခြားသားတွေက လုံခြုံရေးကြောင့် ကကကြည်းရဲ့ ခွင့်ပြုမိန့်နဲ့လာရပါတယ်”ဟုဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တည်ရှိသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို နန်းယွန်း၊ လဟယ်၊ လေရှီးမြို့နယ် သုံးမြို့နယ်နှင့် မြို့နယ်ခွဲ ငါးခုဖြင့် ဖွဲ့စည်းထားသည်။







7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

## The Cartoon Logo

























7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# မြောက်ကိုရီးယားဒုံးကျည် ဂျပန်နိုင်ငံသို့ ဦးတည်လာပါက ပစ်ချမည်ဟုဆို

**တိုကျို၊ ဒီဇင်ဘာ - ၈**
ဂျပန်နိုင်ငံ၏ ပိုင်နက်အားခြိမ်းခြောက်လာပါက မြောက်ကိုရီးယားဒုံးကျည်အား ပစ်ချရန် ဂျပန်အစိုးရက အမိန့်ထုတ်ပြန်ထားကြောင်းအစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

ပြုံယမ်း၏ ဒုံးကျည်ပစ်လွှတ်မှုအစီအစဉ်မတိုင်မီ ဂျပန်နိုင်ငံက တိုကျိုမြို့အနီးတစ်ဝိုက်တွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအားအဆင်သင့်ပြင်ဆင်ထားသည်။ အလားတူပင် အိုကီနာဝါကျွန်းအနီးတစ်ဝိုက်တွင်လည်း ဒုံးကျည်များ ချထားပြီး လက်နက်ကိုင်တပ်ဖွဲ့များကိုလည်း အသင့်အနေအထားပြင်ဆင်ထားကာ အနီးအနား ပင်လယ်ပြင်တွင်လည်း စစ်သင်္ဘောများ ချထားခဲ့သည်။

ဂျပန်နိုင်ငံ၏ပိုင်နက်အတွင်းသို့ကျရောက်လာမည့်ပုံပေါ်သည့်မည်သည့်အစိတ်အပိုင်း၊ လေဝဲပစ္စည်းများကိုမဆို ဖျက်ဆီးပစ်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီး ဆာတိုရှိမိုရီမိုတိုက ၎င်း၏တပ်ဖွဲ့များအားပြောကြားထားသည်ဟု ဝန်ကြီးအဖွဲ့အတွင်းဝန်ချုပ် အိုဆာမုဖူဂျီမူယာက သတင်းထောက်များအား ပြောကြားသည်။

ဒီဇင်ဘာ ၁၀ မှ ၂၂ ရက်အတွင်း တာဝေးပစ်ဒုံးကျည်တစ်စင်း ဒုတိယအကြိမ် ပစ်လွှတ်သွားမည်ဟု ကွန်မြူနစ်မြောက်ကိုရီးယားနိုင်ငံက ယခင်ရက်သတ္တပတ်အတွင်းကြေညာခဲ့သည်။ ယခုနှစ်ဧပြီလက ပထမအကြိမ်ဒုံးကျည် ပစ်လွှတ်မှုမှာမူမအောင်မြင်ခဲ့ပေ။ ယင်းမှာငြိမ်းချမ်းသော ဒုံးပျံလွှတ်



Photo - AFP

*တိုကျိုမြို့ ကာကွယ်ရေးဝန်ကြီးရုံး အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ် ပစ်လွှတ်စင်ရှေ့တွင် စစ်သားများအား မိန့်ခွန်းပြောကြားနေသော ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါကို ဒီဇင်ဘာ ၇ ရက်က တွေ့ရစဉ်*

တင်မှုသာဖြစ်ကြောင်းပြုံယမ်းက အခိုင်အမာပြောကြားသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းကမူ ပဲ့ထိန်းဒုံးကျည်နည်းပညာစမ်းသပ်မှုဟု ရှုမြင်ကြသည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ မြောက်ကိုရီးယားအပေါ် ဆုံးဖြတ်ချက်ထဲတွင် ပဲ့ထိန်းဒုံးကျည် စမ်းသပ်မှုအား ပိတ်ပင်ထားကြောင်း သိရသည်။ ဒုံးကျည်လွှတ်တင်မှုအားဖျက်သိမ်းရန် ဝါရှင်တန်နှင့် ဆိုးလ်ကပြုံယမ်းအား တိုက်တွန်းထားသည်။ ဂျပန်နိုင်ငံကလည်း မြောက်ကိုရီးယားနှင့် ယခုရက်သတ္တပတ်အတွင်းပြုလုပ်ရန်စီစဉ်ထားသော ဆွေးနွေးပွဲအစီအစဉ်ကို ရွှေ့ဆိုင်းထားသည်။

—Ref: SMH.com





# ကမ္ဘောဒီးယားရှိ စီရမ်ရိဈေးမီးလောင်မှု လူရှစ်ဦး သေဆုံး

**ဖနွမ်းပင်၊ ဒီဇင်ဘာ - ၈**
ကလေးငယ်လေးဦး အပါအဝင်စုစုပေါင်းလူရှစ်ဦးသည် ဒီဇင်ဘာ ၇ ရက်က ကမ္ဘောဒီးယားနိုင်ငံရှိကမ္ဘာလှည့် ခရီးသွားမြို့ဖြစ်သော စီရမ်ရိဈေး၌ မီးလောင်မှုတွင် သေဆုံးခဲ့ရကြောင်း သိရသည်။

"မီးထဲမှာ မိသားစု နှစ်စုက လူရှစ်ဦးသေဆုံးခဲ့ရပါတယ်။ သူတို့ထွက်လမ်းရှာမတွေ့လို့ အခုလိုသေရတာပါ" ဟု ပြောသည်။ နှစ်နာရီခန့်ကြာအောင် လောင်ကျွမ်းခဲ့သောမီးမှာ လျှပ်စစ်ပိုင်းဆိုင်ရာ ရှော့ခ်ဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ မီးကြောင့်ကမ္ဘာလှည့်များအတွက် အမှတ်တရပစ္စည်းများရောင်းရာဆိုင်တန်း ၁၀၀ ခန့် ပျက်စီးခဲ့ရကြောင်း သိရသည်။

အဆိုပါစီရမ်ရိဈေးသည် ညဈေးတစ်ခုဖြစ်ပြီး ကမ္ဘာလှည့်များ ဝင်ထွက်ရာ အဓိကနေရာလည်းဖြစ်ပြီး ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန အဆိုအရ ထိုဘုရားကျောင်းသို့ နှစ်စဉ်နိုင်ငံခြားဧည့်သည့် နှစ်သန်းခန့်လာရောက်ကြောင်း သိရသည်။

—Ref: AFP

# တရုတ်နိုင်ငံလုပ် မြန်နှုန်းမြင့် ရထားလမ်း ထိုင်းနိုင်ငံတွင် တည်ဆောက်မည်

**ဘန်ကောက်၊ ဒီဇင်ဘာ - ၈**
ထိုင်းအစိုးရသည် တရုတ်နိုင်ငံလုပ် မြန်နှုန်းမြင့်ရထားလမ်းစနစ်များကို နိုင်ငံတွင်တည်ဆောက်သွားရန်ရှိကြောင်း သိရသည်။ ထိုင်းပို့ဆောင်ရေးဝန်ကြီး ချာချတ်ဆစ်သီပန်က ထိုရထားလမ်းစနစ်များကို မြို့တော်ဘန်ကောက်နှင့် မြောက်ပိုင်းမြို့တော် ချင်းမိုင်၊ မြို့တော်ဘန်ကောက်နှင့် အရှေ့မြောက်ပြည်နယ် နွှန်ခိုင်တို့အကြားဆက်သွယ်သွားမည်ဟု ပြောကြားသည်။

"ဘန်ကောက်နဲ့ ချင်းမိုင်ကြား မြန်နှုန်းမြင့် ရထားဟာ တစ်နာရီကီလိုမီတာ ၂၅၀ ကနေ ၃၀၀ အထိမောင်းနှင်မှာဖြစ်ပြီး တောင်တွေကို ဖြတ်ဖောက်ပြီး လမ်းကြောင်း ချဲ့ထားတာမို့ ခရီးအရှည် ၇၅၃ ကီလိုမီတာကနေ ၆၈၀ ကီလိုမီတာအထိပဲ ရှိသွားမှာပါ" ဟုဝန်ကြီးဆိုသည်။

ထိုင်းနိုင်ငံ၏ ယခုစတင်မည့် မြန်နှုန်းမြင့် ရထားလမ်းကြောင်းအား ချင်းမိုင်လမ်းပိုင်းတွင် တရုတ်မှ ကူမင်းမြို့နှင့် ဆက်သွယ်နိုင်ပြီး နွှန်ခိုင်လမ်းပိုင်းမှတစ်ဆင့် လာအိုမြို့တော်ဗီယန်ကျန်းနှင့် ဆက်သွယ်နိုင်ကြောင်းဆိုသည်။ ထိုင်းအစိုးရသည် ရထားလမ်းကြောင်းများကို မြန်မာနှင့် မလေးရှားနိုင်ငံများသို့လည်း ဆက်သွယ်သွားမည်ဟု ဝန်ကြီး ဆစ်သီပန်က ပြောသည်။

—Ref: Xinhua

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012





# Leader's Profile

# ဆလိုဗေးနီးယား သမ္မတ ဘိုရွတ်ပါဟိုး

ရဲမင်း

မစ္စတာ ဘိုရွတ်ပါဟိုးသည် ဆလိုဗေးနီးယားနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၂၀၀၈ မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၂၀၁၂ ဒီဇင်ဘာတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

ပါဟိုးအား ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ထိုစဉ်က ယူဂိုဆလားဗီးယားနိုင်ငံ ဆလိုဗေးနီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အီတလီနိုင်ငံနှင့် နယ်စပ် နိုဗာဂိုရီကာမြို့လေးတွင် မွေးဖွားခဲ့သည်။ ယင်းမြို့မှာပင် အခြေခံပညာရေးကိုသင်ယူခဲ့ပြီး နောင်တွင် ဆလိုဗေးနီးယားနိုင်ငံ၏ မြို့တော် ဖြစ်လာသော လူဘလီယားနားမြို့ တက္ကသိုလ်၌ပြည်သူ့ပေါ်လစီနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်အထူးပြုဘာသာရပ်သင်ယူသည်။ ၁၉၈၇ ခုနှစ် ဘီအေဘွဲ့ရရှိချိန်တွင် ဘက်မလိုက်နိုင်ငံများကြား ပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းမှုများကို သုံးသပ်ထားသော ၎င်း၏ စာတမ်းအတွက် အကောင်းဆုံးကျောင်းသားဆု ချီးမြှင့်ခံရသည်။

ပါဟိုးသည် အထက်တန်းကျောင်းမှာကတည်းကနိုင်ငံရေးတွင်ပါဝင် ပတ်သက်ခဲ့ပြီး တက္ကသိုလ်တက်ရောက်ချိန်၌ ထိုစဉ်က အာဏာရဆလိုဗေးနီးယားကွန်မြူနစ်များ အဖွဲ့ချုပ်ပါတီသို့ဝင်ရောက်ခဲ့သည်။ ကောလိပ်ပညာရေးအတွက် ကိုယ်ဟန်ပြမောင်အဖြစ်လုပ်ကိုင်ခဲ့သူဟုဆိုသူပါဟိုးသည် ၁၉၈၀ ခုနှစ်များအတွင်း ကွန်မြူနစ်ပါတီတွင်းမှ ပြုပြင်ပြောင်းလဲရေးဝါဒီများကို ထောက်ခံသူအမာခံအဖြစ် ထင်ရှားလာသည်။

၁၉၈၈ ခုနှစ်နိုင်ငံရေးအကျပ်အတည်းဖြစ်လာချိန်တွင် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးစိုးမိုးမှုကို အဆုံးသတ်၍ ပါတီပေါင်းစုံဖွဲ့စည်းခွင့်ရရေးအဆိုပြုတင်ပြခဲ့သည်။ ပါဟိုးသည် ၁၉၉၀ ခုနှစ် ဆလိုဗေးနီးယားနိုင်ငံ၏ ပထမဆုံးလွတ်လပ်သော ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆလိုဗေးနီးယားပါလီမန်သို့ရွေးကောက်တင်မြှောက်ခံရသည်။ ပါတီများ လွတ်လပ်စွာဖွဲ့စည်းခွင့်ရရှိချိန်တွင် ညီညွတ်သောဆိုရှယ် ဒီမိုကရက်များပါတီကို ဖွဲ့စည်းခဲ့သော ပါဟိုးသည် ၂၀၀၀ ပြည့်နှစ်တွင် အခြားပါတီနှစ်ခုနှင့် မဟာမိတ်ဖွဲ့ခဲ့ပြီး ၎င်းတို့မဟာ မိတ်အဖွဲ့အားကောင်းလာချိန် တွင်ပါလီမန်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ပါဟိုးသည်ဆလိုဗေးနီးယားနိုင်ငံအနေဖြင့် နေတိုးအဖွဲ့သို့ ဝင်ရောက်သင့်သည်ဟု စဉ်ဆက်မပြတ် ပြောကြားခဲ့သူဖြစ်သည်။

မစ္စတာပါဟိုးသည် ၂၀၀၄ ခုနှစ်တွင် ဥရောပပါလီမန်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး ဘတ်ဂျက်ထိန်းချုပ်ရေးကော်မတီတွင် တာဝန်ယူခဲ့သည်။ မစ္စတာပါဟိုးပါတီမှာလည်း ဆလိုဗေးနီးယားနိုင်ငံတွင် ဒုတိယအင်အားအတောင့်တင်းဆုံးပါတီဖြစ်လာပြီး ၂၀၀၈ ခုနှစ်ပါလီမန်ရွေးကောက်ပွဲတွင် အခြားပါတီနှစ်ခုနှင့် မဟာမိတ်ဖွဲ့ပြီး ယှဉ်ပြိုင်ရာတွင် အနိုင်ရရှိကာ မစ္စတာပါဟိုးမှာလည်း နိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာသည်။

သို့သော် မစ္စတာပါဟိုး၏ အစိုးရ စတင်တာဝန်ယူချိန်မှာပင် ဆလိုဗေးနီးယနိုင်ငံမှာ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။ အခက်အခဲအား ကျော်လွှားရေးအတွက် တင်ပြသည့် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များမှာလည်း သဘောထားခံယူမှု ဆုံးဖြတ်ချက်တွင် ပယ်ချခံရသည်။ မဟာမိတ်ပါတီများကပင် စွပ်စွဲမှုများလုပ်ဆောင်လာသောအခါ မစ္စတာပါဟိုးက ၎င်းအစိုးရအပေါ် အယုံအကြည်ရှိ၊ မရှိအဆို တင်သွင်းပြီး မဲခွဲဆုံးဖြတ်စေခဲ့ရာ ရှုံးနိမ့်ပြီး ရာထူးမှ ဆင်းပေးရသည်။ သို့သော်လည်း မစ္စတာပါဟိုးက “ကျွန်တော်စိတ်မနာပါဘူး။ ကျွန်တော်တို့ရဲ့ပြည်သူတွေနဲ့ ဆလိုဗေးနီးယားနိုင်ငံရဲ့ အနာဂတ်ကိုအပြည့်အဝ ယုံကြည်ပါတယ်” ဟုပြောကြားခဲ့သည်။

ယင်းနောက်မစ္စတာပါဟိုးသည် အမျိုးသားညီလာခံ ဥက္ကဋ္ဌနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အခြေအနေမကောင်း၍ ဒုတိယအကျော့တွင် နုတ်ထွက်ခဲ့သည်။ ၎င်းဦးဆောင်ထူထောင်ခဲ့သော ဆိုရှယ်ဒီမိုကရက်များပါတီ၏ ဥက္ကဋ္ဌနေရာ ထပ်မံဝင်ရောက်အရွေးခံခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ သို့သော် ဆလိုဗေးနီးယား သမ္မတအဖြစ် ရွေးချယ်ခံမည်ဟု ကြေညာသောအခါပါတီနှင့် ပါတီဥက္ကဋ္ဌသစ်ကထောက်ခံခဲ့ပြီး မစ္စတာပါဟိုးသည် ၂၀၁၂ ခုနှစ်ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိကာ နိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။

*—Ref: Wikipedia*

နောက်ကျောဖုံးမှ

## အိုဘားမားနှင့် ကွန်ဂရက်ခေါင်းဆောင် ဂျွန်ဘိုးနာ ဘဏ္ဍာရေးအစွန်းထွက်ကိုစွ ဆွေးနွေး

ကိုတားဆီးရန် အိမ်ဖြူတော်နှင့် ကွန်ဂရက်က ကြိုးပမ်းနေချိန် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံစည်းဝေးကြခြင်းဖြစ်သည်။

နိုင်ငံ၏ ဘဏ္ဍာရေးလိုငွေကို လျှော့ချရန် နည်းလမ်းတစ်ခုအဖြစ် အမေရိကန်နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ်များအပေါ် အခွန်တိုးကောက်ရန် သမ္မတအိုဘားမားကတွန်းအားပေး လျက်ရှိသည်။ သို့သော် မစ္စတာဂျွန်ဘိုးနာနှင့် အခြားရီပက်ဘလေကန်အမတ်များက ဆန့်ကျင်နေကြပြီး ငွေကြေးအကုန်အကျများသော လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များမှငွေကြေးဖြတ်တောက်ရန် တောင်းဆိုနေကြသည်။

အချမ်းသာဆုံး အမေရိကန်နိုင်ငံသားများအားပြန်လည်၍ အခွန်တိုးမြှင့်ကောက်ခံရေး အပါအဝင်အိုဘားမား၏ စီမံကိန်းအရ ရှေ့လာမည့် ၁၀ နှစ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံ ဘဏ္ဍာငွေရရှိနိုင်မည်ဖြစ်သည်။ ယင်းအစီအစဉ်အရ တစ်နှစ်လျှင် ကန်ဒေါ်လာနှစ်သိန်းအောက် ဝင်ငွေရှိသူများအပေါ် ဆက်လက်၍ အခွန်လျှော့ပေါ့ပေးထားမည်ဖြစ်သည်။ သို့သော် ဝင်ငွေအကောင်းဆုံး အမေရိကန်များအပေါ် အခွန်ကောက်ခံမှုကိုမူ လက်ရှိ ၃၃ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းထိ တိုးမြှင့်သွားမည်ဖြစ်သည်။

ရီပက်ဘလေကန်များကမူ လူမှုရေးထောက်ပံ့မှုအစီအစဉ်များအပေါ် ငွေကြေးဖြတ်တောက်မှုမရှိပါက ချမ်းသာသော အမေရိကန်နိုင်ငံသားများအပေါ် အခွန်တိုးမြှင့်ခြင်း သက်သက်ဖြင့် နိုင်ငံအတွက်ဝင်ငွေများစွာ တိုး၍ မရရှိနိုင်ဟု ဆိုကြသည်။ *—Ref:AP*

နောက်ကျောဖုံးမှ

## အမေရိကန်နှင့် တရုတ်တွင် အခြေအနေကောင်းများ ပေါ်ထွက်လာပြီးနောက် အာရှစတော့ရှယ်ယာ ဈေးနှုန်းများ မြင့်တက်

အထွေထွေရွေးကောက်ပွဲပေါ်၌သာ အာရုံစိုက်နေကြသည်။ ရွေးကောက်ပွဲတွင် လက်ရှိဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါဖယ်ရှားခံရနိုင်ကြောင်း သိရသည်။

အာရှစတော့ရှယ်ယာ ဈေးကွက်များတွင် တိုကျိုဈေးကွက်သည ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်လာကာ ဟောင်ကောင်ဈေးကွက် ၀ ဒသမ ၅၈၊ ရှန်ဟိုင်းဈေးကွက် ၀ ဒသမ ၂၆၊ ဆစ်ဒနီဈေးကွက်၀ဒသမ ၂၆နှင့်ဆိုးလ်စတော့ရှယ်ယာဈေးကွက် ၀ ဒသမ ၁၃ ရာခိုင်နှုန်း မြင့်တက်သွားသည်။

နိုဝင်ဘာလအတွင်းအလုပ်အကိုင်နေရာပေါင်း ၁၄၆,၀၀၀ ထပ်မံတိုးတက်လာသည်ဟုအမေရိကန်က ထုတ်ဖော်ပြောကြားပြီး ယင်းမှာ အောက်တိုဘာလအရေအတွက်၁၃၈,၀၀၀မှတိုးတက်လာခြင်းဖြစ်သည်။

တရုတ်အစိုးရ၏ ကြေညာချက်တစ်ရပ်တွင်လည်း နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံတစ်ဝန်းစက်ရုံ၊ အလုပ်ရုံများနှင့် သတ္တုကျောက်မီးသွေးမိုင်းများ၏ ကုန်ထုတ်လုပ်မှုမှာ ဆယ်ရာခိုင် နှုန်းအထက်သို့ပြန်ရောက်လာသည်ဟု ဖော်ပြခဲ့သည်။ ယင်းမှာ ပြီးခဲ့သည့်မတ်လမှစ၍ ကုန်ထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်း အထက်သို့ပြန်ရောက်လာခြင်းဖြစ်သည်။

*—Ref: AFP*

နောက်ကျောဖုံးမှ

## တာလီဘန်တို့၏ သေနတ်ဖြင့် အပစ်ခံရသော မိန်းကလေး လန်ဒန်တွင် ပါကစ္စတန်သမ္မတ သွားရောက်တွေ့ဆုံ

မာလာလာသည် ပါကစ္စတန်အမျိုးသမီးများအား ဖွဲ့သတ္တိရှိမှုကိုပြသနေကြောင်း သမ္မတဇာဒါရီက ပြောကြားပြီး ထိုဖြစ်ရပ်မှာ အကြမ်းဖက်ဝါဒအပေါ် ပါကစ္စတန်နိုင်ငံ၏ တိုက်ပွဲဝင်မှုပြယုဂ်ဖြစ်လာသည်ဟုပြောသည်။ မိန်းကလေးအား ပြုစုစောင့်ရှောက်ခြင်းမှာ အမျိုးသားရေးတာဝန်ဖြစ်သည်ဟုလည်း မစ္စတာဇာဒါရီက ပြောကြားပြီး ပါကစ္စတန်အစိုးရက သူမအား ဆက်လက်ထောက်ပံ့သွားမည်ဟု ပြောသည်။

ဦးခေါင်းခွံတွင်ပြင်းထန်စွာဒဏ်ရာရရှိခဲ့သောမာလာလာ၏ ကျန်းမာရေးအခြေအနေမှာတဖြည်းဖြည်း ပြန်လည်တိုးတက်လာပြီးအပြည့်အဝ ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ဆရာဝန်များက ပြောကြားသည်။

မာလာလာ၏ ဖခင်ဖြစ်သူ ဇီယာအူဒင်ကလည်း သမ္မတဇာဒါရီလာရောက်အားပေးခြင်းကြောင့် ၎င်းတို့မိသားစုမှာများစွာစိတ်နှလုံးထိခိုက်ရကြောင်းနှင့် သမီးဖြစ်သူအားအကောင်းဆုံး ဆေးကုသမှုခံယူနိုင်ရန်စီစဉ် ပေးခြင်းအတွက် ပါကစ္စတန်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

သမ္မတဇာဒါရီ၏ သမီးဖြစ်သူ အာဆီဖာကလည်း မာလာလာအတွက် ပဝါတစ်ထည် လက်ဆောင်ပေးခဲ့အပ်ခဲ့ပြီး မာလာလာကလည်း သမ္မတဇာဒါရီမိသားစုအလည်အပတ်လာခြင်းအတွက် ပြောမပြတတ်အောင် ဖြစ်ရသည်ဟုပြောကြားသည်။

*—Ref: The Hindu*

နောက်ကျောဖုံးမှ

## ဖိလစ်ပိုင် တိုင်ဖွန်းမုန်တိုင်းအတွက် တစ်ကမ္ဘာလုံး ကူညီကြရန် ကုလနှိုးဆော်

ကုလ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိုယ်စားလှယ် လူဇာကာဗယ်ဟိုသည် တိုင်ဖွန်းမုန်တိုင်း ဘိုဖာဒဏ်ခံခဲ့ရသော မင်ဒါနာအိုဒေသမှ ပြည်သူများအတွက် အရေးပေါ်အကူအညီများ၊ ကာလရှည်ကူညီ ထောက်ပံ့မှုများ ပြုလုပ်ရေးစီမံချက်များ ရေးဆွဲသွားမည်ဟု ကုလပြောခွင့်ရ အမျိုးသမီး မစ္စစ်အီမိုဂင်ဝေါလ်က ပြောသည်။

“မုန်တိုင်းကြောင့် လူငါးသန်းလောက် ထိခိုက်ခံခဲ့ရပြီး ကူညီထောက်ပံ့မှုတွေ အမြန်လိုအပ်နေပါတယ်။ဦးစားပေးလိုအပ်ချက်တွေကတော့ အစားအစာ၊ ရေနဲ့ ရွက်ဖျင်တဲလို အမိုးအကာတွေဖြစ်ပါတယ်။ ဒါပေမဲ့ လူတွေရဲ့အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကို ကူညီနိုင်ဖို့လည်း အရေးကြီးပါတယ်” ဟု မစ္စစ် အီမိုဝေါလ်က ပြောသည်။

ဖိလစ်ပိုင်တောင်ပိုင်းရှိမင်ဒါနာအိုဒေသတွင် တိုင်ဖွန်းမုန်တိုင်းကြောင့်စိုက်ခင်းများစွာနှင့်ကျေးရွာများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုဒေသမှာ နိုင်ငံ၏ ငှက်ပျောသီးနှင့် ရွှေအဓိကထွက်ရှိရာဒေသလည်းဖြစ်သည်။ မနီလာမြို့တော်ရှိတာဝန်ရှိသူများအဆိုအရ ယခုအခါမုန်တိုင်းဝင်ရောက်ခဲ့ရာ လမ်းကြောင်း တစ်လျှောက်ဒေသခံ သေဆုံးသူများ၏ ရုပ်အလောင်း ၆၄၇ ခုကို ဆယ်ယူရရှိထားပြီး ငါးဖမ်းသမား ၁၅၀ အပါအဝင် လူ ၇၈၀ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

*—Ref: AFP*

နောက်ကျောဖုံးမှ

## ပါလက်စတိုင်း နိုင်ငံသစ်တည်ထောင်မည်ဟု ဟားမားစ်ခေါင်းဆောင် ကြုံးဝါး



“လွတ်မြောက်ရေးကပထမပါ။ ပြီးမှနိုင်ငံတည်ထောင်ရေးပါ” ဟု ၎င်းကပြောသည်။ တက်ရောက်လာသည့်ထောက်ခံသူများအား ပါလက်စတိုင်းဒုက္ခသည်များနှင့် ၎င်းတို့၏ ဆွေမျိုးများသည် ယခုအစ္စရေးနိုင်ငံရှိ ၎င်းတို့၏ မူလနေထိုင်ခဲ့ရာ နေရာများသို့ ပြန်ရောက်လာရမည်ဖြစ်ကြောင်း ခါလစ်မီရှယ်က ပြောကြားသည်။

ဟားမားစ်အဖွဲ့တည်ထောင်သည့်နှစ်ပတ်လည်သည် ဒီဇင်ဘာ ၁၇ ရက်ဖြစ်သော်လည်း အစ္စရေးတို့အား ပထမဆုံးအကြိမ်အံ့ကြွတော်လှန်မှုကို ဂုဏ်ပြုရန် ရက်ရွှေ့ခဲ့ခြင်းဖြစ်သည်။ ခါလစ်မီရှယ်သည် နှစ်ပေါင်း ၄၅ နှစ်ကြာ ပြည်ပြေးဘဝနှင့် နေခဲ့ပြီးနောက် ဂါဇာသို့ ပထမဆုံးအကြိမ်ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

*—Ref: NYTimes*

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ကျွန်တော်နောက်ဆုတ်လိုက်ရင် ငြိမ်းချမ်းရေးက ဒီတိုင်းပြည်ကို ပြန်လာမှာ မဟုတ်တော့ဘူး



## အာဖဂန်လက်ဝှေ့သမား ဟမ်မစ်ရာဟီမီနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

တာလီဘန်တို့ရဲ့ ဘာသာရေးအစွန်းရောက် အုပ်ချုပ်မှုအောက်ကရုန်းထွက်လာပြီးနောက် အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်ဟာ ၎င်းရဲ့ပထမဆုံးသော ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲကိုပြီးခဲ့တဲ့ အောက်တိုဘာလမှာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလိုလက်ဝှေ့ပွဲမျိုးဆိုတာ တာလီဘန်တွေလက်အောက်မှာတော့ ပိတ်ပင်တားမြစ်ခံခဲ့ရတဲ့ အားကစားပွဲတစ်ရပ်ပါ။ "ငြိမ်းချမ်းရေးအတွက် လက်ဝှေ့ပွဲ" လို့ အမည်ပေးထားခဲ့တဲ့ ဒီပွဲကို အာဖဂန်လက်ဝှေ့သမား ဟမ်မစ်ရာဟီမီနဲ့ တန်ဇန်နီးယားလက်ဝှေ့သမား ဆာအစ်အမ်ဘယ်ဝါက ကမ္ဘာ့ကျော်လက်ဝှေ့အဖွဲ့ချုပ် WBO ရဲ့ တိုက်ကြီးများ ကိုယ်စားပြု မစ်ဒယ်ဝိတ်ချန်ပီယံပွဲအဖြစ် ထိုးသတ်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲကို အာဖဂန်နိုင်ငံရေးသမားတွေ၊ တိုင်းရင်းသား မျိုးနွယ်ပေါင်းစုံမှ အာဖဂန်နိုင်ငံသား ထောင်နဲ့ချီပြီး ကွင်းအတွင်း လာရောက်အားပေးကြည့်ရှုခဲ့ကာ ခုနစ်ချီမြောက်မှာ အာဖဂန်လက်ဝှေ့သမား ရာဟီမီက အနိုင်ရရှိသွားခဲ့ပါတယ်။ ဒီပွဲကို ရုပ်သံမှတစ်ဆင့်လည်း အာဖဂန်ပြည်သူသန်းချီအားပေး ကြည့်ရှုခဲ့ကြသလိုစစ်ဒဏ်ကြောင့် နှစ်ပေါင်းသုံးဆယ်ကြာအောင် ဒဏ်ရာရနေတဲ့ အာဖဂန်နိုင်ငံရဲ့ သမ္မတ ဟာမစ်ကာဇိုင်းကလည်း ရာဟီမီရဲ့ နိုင်ပွဲဟာ အာဖဂန်ပြည်သူတွေနဲ့ အတူတူရှိခဲ့တယ်လို့ ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ အာဖဂန်လက်ဝှေ့သမားရာဟီမီ (၂၉ နှစ်) ဟာ ကဘူးလ်မှာ မွေးတဲ့ဇာတိသားဖြစ်ပေမယ့် အသက်ကိုးနှစ်အရွယ်ကစလို့ ဂျာမနီနိုင်ငံမှာ အခြေချနေထိုင်ခဲ့သူပါ။ ဒ့ါကြောင့် စိတ်ဝင်စားစရာကောင်းတဲ့ သူ့ရဲ့ ငြိမ်းချမ်းရေးလက်ဝှေ့ပွဲအကြောင်း ယူရိုသတင်းက မေးမြန်းဖြစ်ခဲ့တာတွေကို ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။

**ဟမ်မစ်ရာဟီမီရေ။ မင်္ဂလာပါ။ မကြာသေးခင်က "ငြိမ်းချမ်းရေးအတွက်လက်ဝှေ့ပွဲ" လို့အမည်ပေးထားတဲ့ ပွဲမှာပါခဲ့တယ်နော်။ စစ်ဒဏ်ကို နှစ်ပေါင်းသုံးလေးဆယ်လောက် ခံစားထားရတဲ့ တိုင်းပြည်တစ်ခုမှာ ဒီလက်ဝှေ့ပွဲက တကယ်ပဲ တစ်ခုခုအပြောင်းအလဲဖြစ်စေနိုင်မလား။**

စဉ်းစားရရင်တော့ ကျွန်တော်ဒီပရောဂျက်ရဲ့ ဩဇာသက်ရောက်မှုကို အခိုင်အမာ ယုံကြည်ပါတယ်။ ဒီလိုဖြစ်ဖို့ နှစ်နှစ်လောက်ကြိုးစားခဲ့ရပြီး အများကြီးရင်းနှီးမြှုပ်နှံခဲ့ရပါတယ်။ အောင်မြင်ဖို့အတွက်ပေ့ါလေ။ ဒါဟာ ကျွန်တော်တကယ်ပဲ အာရုံစိုက်ခဲ့တဲ့ ကိစ္စတစ်ခုပါ။ ကျွန်တော်က ဂျာမနီမှာ နှစ်ပေါင်း ၂၀ လောက်နေခဲ့တာပါ။ ဒါပေမဲ့ ဒီကို ဂျာမနီနိုင်ငံသားတစ်ဦးအနေနဲ့ လာတာမဟုတ်ပါဘူး။ ကျွန်တော်ဒီကိုလာတာ ဒီတိုင်းပြည်မှာ ငြိမ်းချမ်းရေးရှိနေလို့ပါ။ အာဖဂန်နစ္စတန်အတွက် ကျွန်တော့်အိပ်မက်ကတော့ ကျွန်တော့်အမိမြေမှာ ငြိမ်းချမ်းရေးပြန်ရပြီး အခြေတကျဖြစ်ဖို့ပါ။ စစ်ကို ကျွန်တော်ခံစားဖူးပြီးပြီ။ ကျွန်တော်စစ်အတွင်းနေလာခဲ့ရတာ။ စစ်ဆိုတာ မျှော်လင့်ချက်မဲ့တဲ့ ဒုက္ခပဲ။ စစ်က ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုအတွက် ဘာမှလုပ်မပေးပါဘူး။ စစ်က အာဖဂန်ပြည်သူတွေရဲ့အသက်တွေကို အများကြီးယူသွားခဲ့တယ်။ ကမ္ဘာပေါ်မှာ တခြားနေရာတွေမှာထက် အာဖဂန်မှာ စစ်ရဲ့သားကောင်တွေ ပိုများတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**ဒီလက်ဝှေ့ပွဲရဲ့ ရည်မှန်းချက်တွေထဲက တစ်ခုက အမျိုးသမီးအခွင့်အရေးအတွက် ထောက်ခံအားပေးဖို့လို့ခင်ဗျားပြောခဲ့တယ်။ YouTube ဗီဒီယိုဝက်ဘ်ဆိုက်မှာလည်း အာဖဂန်မှာ အမျိုးသမီးလက်ဝှေ့သမားတွေကိုခင်ဗျားလေ့ကျင့်ပေးနေတာ ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ တာလီဘန်အုပ်ချုပ်မှုလက်အောက်မှာတုန်းက မိန်းမတွေက အပြင်ထွက်ခွင့်၊ အလုပ်လုပ်ခွင့်တောင်မရှိခဲ့တာမို့ဒါမျိုးခင်ဗျားလုပ်ဆောင်တာဟာ အာဖဂန်လူ့အဖွဲ့အစည်းအတွက်သိပ်မြန်လွန်းနေတယ်လို့မခံစားမိဘူးလား။**

ကျွန်တော်က ဂျာမနီမှာ အမေနဲ့ အစ်မနဲ့အတူ ကြီးပြင်းလာတာ။ သူတို့ဆီက ကျွန်တော်အများကြီးသင်ယူလေ့လာခဲ့ရပြီးကျွန်တော်ဟာ ခြင်္သေ့ တစ်ကောင်လိုကာကွယ်သူတစ်ဦးအမြဲဖြစ်ခဲ့ပါတယ်။ သူတို့သာ ကျွန်တော့်ကို အားပေးထောက်ခံမပေးခဲ့ရင် ကျွန်တော်အောင်မြင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ကိုယ့်နှမတွေ၊ မိခင်တွေနဲ့ နီးနီးကပ်ကပ်ရှိ သင့်တယ်ထင်ပါတယ်။ သူတို့ဟာ ကျောင်းကို သွားရပါမယ်။ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းပြီး အလုပ်လုပ်နိုင်စွမ်းရှိရပါမယ်။ တကယ်လို့ ကျွန်တော်တို့အနေနဲ့ အမိမြေ အာဖဂန်နစ္စတန်ကို အဆင့်မြင့်တိုးတက်စေချင်ရင် ဒါဟာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးတာပါ။

**အာဖဂန်မှာ ဒီနေ့ရှိနေကြတဲ့ လူတွေတော်တော်များများက ခင်ဗျားကိုမိုဟာမက်အလီနဲ့နှိုင်းယှဉ်နေကြတယ်။ သူတို့ကပြောတယ်။ ခင်ဗျားဟာ လူမည်းပြည်သူတွေကိုကူညီဖို့ တိုက်ပွဲဝင်ခဲ့ပြီး အာဖဂန်ပြည်သူတွေအတွက် လက်ဝှေ့ထိုးခဲ့တယ်တဲ့။ တစ်နေ့ကျရင် မိုဟာမက်အလီလိုအောင်မြင်မှုရနိုင်မယ်လို့ရော ခင်ဗျားတွေးမိပါသလား။**

ဟုတ်ကဲ့။ အလီကတော့ ဒဏ္ဍာရီသူရဲကောင်းပါ။ သူက အာဖဂန်လူမျိုးတွေ၊ လူမည်းတွေကို အများကြီး ကူညီခဲ့ပါတယ်။ သူက ကျွန်တော်စံပြပါ။ ကျွန်တော့်သူရဲကောင်းပါ။ ဒါပေမဲ့ ကျွန်တော်က ဟမ်မစ်ပါ။ အလီက အလီပါပဲ။ ကျွန်တော့်တိုင်းပြည်အတွက် အရာရာကို ကျွန်တော်ကြိုးစားနေပါတယ်။ ငြိမ်းချမ်းရေးကို အခြေကျနိုင်အောင် လုပ်ရတာဖြစ်နိုင်တယ်ထင်ပါတယ်။ ဒါပေမဲ့ ဆန္ဒတော့ရှိရပါမယ်။ လုပ်ချင်တဲ့စိတ်ပေ့ါ။ စစ်တပ်တွေ ထောင်ချီရှိနေမယ်ဆိုရင်တော့ဖြင့် သူတို့က ငြိမ်းချမ်းရေးကို ဖန်တီးနိုင်စွမ်းရှိလာမှာမဟုတ်ဘူး။ မဟာအလက်ဇန္ဒားဘုရင်၊ ဂျင်ဂျစ်ခန်၊ ဗြိတိသျှတွေနဲ့ ရုရှားတွေဟာ ဒီကို နိုင်ငံပေါင်း ၅၂ နိုင်ငံက ကုလတပ်ဖွဲ့တွေ အာဖဂန်ကို မရောက်ခင်ရောက်ခဲ့ကြတယ်။ ဒါပေမဲ့သူတို့ဘာလုပ်ခဲ့လဲ။ အာဖဂန်ပြည်သူတွေဟာ ပိုပြီးပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

**ဒီတော့ ခင်ဗျားအနေနဲ့ လူတွေရဲ့ အိုင်ဒီယိုလော်ဂျီတွေနဲ့ယဉ်ကျေးမှုဓလေ့တွေကို ပြောင်းလဲသင့်တယ်လို့ ထင်တယ်ပေ့ါ။**

ဟုတ်ကဲ့။ အဲဒါလုံးဝမှန်ပါတယ်။ ကျွန်တော်တွေးနေတာလည်းဒါပဲ။ အာဖဂန်တစ်လျှောက်မှာ ခင်ဗျားရောက်သွားရင် ဥပမာ ကဘူးလ်မှာဆို နေရာတိုင်းမှာ ကျွန်တော်နာမည်မပြောတတ်တဲ့ သူရဲကောင်းတွေရဲ့ ပုံတွေကို တွေ့ရမယ်။ သူတို့က စစ်ရေးအောင်မြင်မှုအတွက် အရေးပါလာကြတဲ့ သူတွေပေ့ါ။ ကျွန်တော်က အဲဒါကိုပြောင်းပစ်ချင်တယ်။ စစ်တပ် (သို့မဟုတ်) စစ်သားတွေရဲ့ နေရာမှာ အားကစားချန်ပီယံတွေ နေရာယူတာ မြင်ချင်တယ်။ ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော့်စံပြပုဂ္ဂိုလ်က အမေရိကန်ဘတ်စကတ်ဘောသမား မိုက်ကယ်ဂျော်ဒန်ပါ။

ဂျာမနီကနေ အမေရိကန်ပြည်ထောင်စုအထိ နံရံတွေပေါ်မှာချိတ်ထားကြတာ။ အားကစားချန်ပီယံတွေရဲ့ ပုံတွေပါ။ ဒါမျိုးကို အာဖဂန်မှာလည်း ကျွန်တော်ဖြစ်စေချင်တယ်။ ဘင်လာဒင်သေသေ၊ ရှင်ရှင် သူ့အတွေးအခေါ်တွေက ရှိနေတုန်းပဲ။ ပြီးခဲ့တဲ့လေးငါးလလောက်ကဆို ပက်ခ်တီယာမှာ ၁၁ နှစ်သားကလေးတစ်ဦးက ဗုံးခွဲခဲ့တယ်။ ဘင်လာဒင်သေပြီ။ ဒါပေမဲ့ သူ့အတွေးအခေါ်နဲ့ ယုံကြည်မှုတွေက ရှင်သန်နေတုန်းပဲ။ လူငယ်တွေကို အသေခံဗုံးခွဲတဲ့ကိစ္စဟာ မှားတယ်လို့ ပြောရပါမယ်။ ဒါကို ကိုရမ်ကျမ်းက ခွင့်မပြုပါဘူး။ ချန်ပီယံဖြစ်ချင်ရင် အားကစားလုပ်ပါ။ ငြိမ်းချမ်းရေးလိုချင်ရင်ကောင်းတာတွေလုပ်ပါ။ ဘယ်သူ့ကိုမှ မသတ်ပါနဲ့။ ဘုရားသခင်ကိုယုံရင် ဘာကိုမှ မဖျက်ဆီးပါနဲ့။

**ခင်ဗျားဟာ အာဖဂန်မှာ ငြိမ်းချမ်းရေးအတွက် ပြင်းထန်တဲ့ယုံကြည်ချက်တွေရှိပြီး လူကြိုက်များပေါ်ပြူလာဖြစ်လှပါတယ်။ အဲဒါက တာလီဘန်တွေကိုမအံ့ဩစေဘူးလား။ သူတို့ခင်ဗျားကို လုပ်နေတာတွေ ရပ်တန့်ဖို့ရော တစ်ခါမှ မခြိမ်းခြောက်ဖူးဘူးလား။**

တာလီဘန်တွေက ကျွန်တော့်တိုင်းပြည်ရဲ့ ရန်သူတွေမျှသာမဟုတ်ဘူး။ တခြားလူတွေ အများကြီးလည်းရှိပါသေးတယ်။ ကျွန်တော့်ပရောဂျက်ကို ဆန့်ကျင်တဲ့သူတွေ၊ ကျွန်တော့်ပရောဂျက် ဘယ်ကိုမှ ဦးမတည်နိုင်အောင် သေချာလုပ်ချင်ကြတဲ့သူတွေ ရှိတာပေ့ါ။ ဒီခြိမ်းခြောက်မှုတွေနဲ့ အတားအဆီးတွေက အာဖဂန်မှာ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဆက်လုပ်ဖို့ ကူညီနေ၊ တွန်းအားပေးနေတာကလည်း ဒီလိုခြိမ်းခြောက်မှုတွေပါပဲ။ ကျွန်တော်အခုနောက်ဆုတ်လိုက်ရင် ငြိမ်းချမ်းရေးဟာ ဒီတိုင်းပြည်ကို ပြန်လာနိုင်တော့မှာ မဟုတ်ဘူး။

**ခင်ဗျားပြောခဲ့သမျှထဲမှာ ကျွန်တော်မြင်တာကတော့ ခင်ဗျားမှာ အာဖဂန်ပြည်သူတွေရဲ့ အခြေအနေနဲ့ ပတ်သက်လို့ အဓိက ပူပန်မှုပေါ်လစီ တစ်ခုခုရှိထားနေပါတယ်။ ဒီတော့ တစ်နေ့ကျရင် ယူကရိန်းသား ကမ္ဘာ့လက်ဝှေ့ချန်ပီယံဗစ်တာလီကလစ်ရှ်ကိုလိုမျိုး နိုင်ငံရေးထဲ ဝင်ဖို့ရှိပါသလား။**

အဲဒီလိုမျိုးတော့ နိုင်ငံရေးထဲ ကျွန်တော် မဝင်ချင်ဘူး။ ဒါပေမဲ့ ကမ်းလှမ်းခံထားရပါတယ်။ နိုင်ငံရေးမှာတော့ ကွဲပြားမှုအမျိုးမျိုးနဲ့ ပါတီတွေရှိပါတယ်။ ဒါပေမဲ့ကျွန်တော်က အာဖဂန်ပြည်သူတစ်ရပ်လုံးနဲ့ အတူရှိနေချင်တာပါ။ ကျွန်တော်ပါတီတစ်ခုတည်းနဲ့ အလုပ်မလုပ်ချင်ဘူး။ ကျွန်တော့်ပရောဂျက် "ငြိမ်းချမ်းရေးအတွက် လက်ဝှေ့" အစီအစဉ်က နိုင်ငံရေး ပရောဂျက်တစ်ခုပါ။ သူ့ပြည်သူတွေအတွက်ငြိမ်းချမ်းရေး ရှာဖွေနေတဲ့အားကစားသမားတစ်ယောက် ဦးဆောင်တဲ့ ပေါ်လစီပေ့ါ။ ကျွန်တော်လက်ဝှေ့ပွဲညမှာ လူတိုင်းရော၊ ဈေးသည်တွေတောင်မှ သူတို့အလုပ်တွေသိမ်းပြီး ကျွန်တော့်ပွဲကိုကြည့်ခဲ့ကြတာ ခင်ဗျားသိပါတယ်။ ဒါဟာ ကျွန်တော့်အတွက်ရော၊ ကျွန်တော့်အဖွဲ့အတွက်ပါ ဂုဏ်ပြုခံရခြင်းတစ်မျိုးပေ့ါ။ အာဖဂန်လူမျိုးတွေအတွက် ထူးခြားတဲ့ အရာတစ်ခုကို ကျွန်တော်တို့စုစည်းပေးခဲ့တယ်။ အာဖဂန်သားတွေကိုစုစည်းပြီး ပြည်သူတွေကို အပြုံးပန်းဆင်ပေးခဲ့တယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ကြီးကျယ်ခမ်းနားတဲ့ ပျော်ရွှင်မှုတစ်ရပ်ပါ။

*—Ref: First Afghan Boxer "Fight For Peace" Euronews*

Entertainment

7DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012

# မာမာအေး မြန်မာပြည် ခေတ္တပြန်လာ

**ရန်ကုန်၊ ဒီဇင်ဘာ ၇**

အဆိုတော် ဒေါ်မာမာအေးသည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံသို့ခေတ္တပြန်ရောက်လာသည်။

"မာအေးသီချင်း ဆိုပြချင်ပါတယ်။ ကျန်းမာနေသရွေ့ပေါ့" ဟု ရန်ကုန်လေဆိပ်တွင် နှုတ်ဆက်စကားပြောကြားသည်။

ဒေါ်မာမာအေးသည်မြန်မာနိုင်ငံတွင် ၃ လခန့် နေထိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ အသက် ၇၆ နှစ်အရွယ် ဒေါ်မာမာအေးသည် လက်တွန်းကုလားထိုင်ဖြင့်လာရောက်သည်ကိုတွေ့ရပြီး လေဆိပ်တွင်ကြိုဆိုနေသူများကြားပြုံးရွှင်လန်းဆန်းနေသည်ကို တွေ့ရသည်။ ကျန်းမာရေးမှာ လေဖြတ်ထားဖူးပြီး နှလုံးရောဂါအခံရှိကာ ခန္ဓာကိုယ်အလေးချိန်များ၍ ချော်လဲထားဖူးသည်မှာ နှစ်ခါရှိပြီဖြစ်သောကြောင့် မြန်မာပြည်ခရီးစဉ်လာရောက်ရာတွင်ဗှီးချဲကိုအသုံးပြုကာ လာရောက်ခဲ့ရခြင်းဖြစ်ကြောင်း သမီးဖြစ်သူ ဒေါ်မေချိုကပြောသည်။ ဒေါ်မာမာအေးသည် ရန်ကုန်မြို့တွင်ဘိုဘိုအန်တာတိန်းမန့်နှင့်ပူးပေါင်း၍ ဂီတဖျော်ဖြေပွဲပြုလုပ်မည်ဖြစ် ပြီး ယခု ဒီဇင်ဘာလအတွင်း ပုဂံရှိ တန့်ကြည့်တောင်ဆရာတော်ထံတွင်တရားစခန်းဝင်မည်ဟု သိရသည်။

အဆိုတော်ဒေါ်မာမာအေးသည် ၁၉၉၈ ခုနှစ်က ဥရောပနိုင်ငံအချို့သို့အလည်အပတ်ခရီးထွက်ရာမှ ပြည်ပရောက် အတိုက်အခံအချို့အားတေးသီချင်းများသီဆိုဖျော်ဖြေပြီးနောက် မြန်မာနိုင်ငံသို့ ၁၀ နှစ်ကျော်ကြာပြန်မလာနိုင်ခဲ့ရာမှ ယခုပထမဆုံးအကြိမ် ပြန်လည်လာခြင်းဖြစ်သည်။



ဓာတ်ပုံ-ထက်ပိုင်မြိုး(ဧပန)




**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၈**

ဟောလိဝုဒ်မင်းသမီးချောမီဂန်ဖောက်စ်က သူမသည်မိခင်တစ်ယောက်ဖြစ်လာသောကြောင့် သရုပ်ဆောင်ရမည့် အခန်းကဏ္ဍများနှင့်ပတ်သက်၍ ပိုမိုသတိရှိလာကြောင်းဖွင့်ဟပြောကြားလိုက်သည်။ Transformers ဇာတ်ကားများ၏ မင်းသမီးချောမီဂန်ဖောက်စ်သည် ခင်ပွန်းသည် ဘရိုင်ယန်အော်စတင်ဂရင်းနှင့် ပြီးခဲ့သည့် စက်တင်ဘာလက ၎င်းတို့၏သားဦး နိုဘာကို မွေးဖွားထားသည်။

ထို့ကြောင့် မီဂန်ဖောက်စ်က "ကျွန်မဇာတ်ကားတွေ ရွေးချယ်ရင် ပိုပြီးသတိရှိရပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ ကလေးကျောင်းတက်တဲ့အချိန် သူ့သူငယ် ချင်းတွေက ကျွန်မရဲ့ ဘီကီနီဝတ်စုံနဲ့ပုံတွေကို ပြလိုက်မယ်ဆိုရင် သူချောက်ချားသွားမှာပဲလို့ တွေးနေမိလို့ပါ။ ဒီလိုဆိုရင် အရင်က ကျွန်မဖန်တီးခဲ့တဲ့ ရွေးချယ်မှုတွေကကျွန်မကို နှောင့်ယှက်ပါလိမ့်မယ်" ဟုဆိုသည်။

အသက် ၂၆ နှစ်အရွယ် မင်းသမီးဖောက်စ်သည် ဟောလိဝုဒ်တွင်မင်းသမီးများ အသက်ကြီးလာပါက တန်ဖိုးလျော့ကျလာသည်ကို ကြောက်ရွံ့မိကြောင်း ပြောကြားခဲ့သည်။

—Ref: Starpulse

# ဇနီးမောင်နှံဇာတ်ရုပ်နှင့် ရုပ်ရှင်အစည်းအရုံးဇာတ်ကားတွင် တွေ့ရမည့် အိန္ဒြာကျော်ဇင်တို့စုံတွဲ



ဓာတ်ပုံ-ကျော်ဇင်သန်း

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

ပရိသတ်အမြင်ရိုးမှာ စိုးရိမ်သဖြင့် ခင်ပွန်းဖြစ်သူနှင့် ဇာတ်ကား တွဲဖက်ရိုက်ကူးမှုများကို စိစစ်ရွေးချယ်လက်ခံနေသည့် အိန္ဒြာကျော်ဇင်သည်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက စီစဉ်ရိုက်ကူးသည့် ရုပ်ရှင်ကားတွင် ခင်ပွန်းပြေတီဦးနှင့် ဇနီးမောင်နှံ ဇာတ်ရုပ်ကိုလက်ခံရိုက်ကူးသွားမည် ဖြစ်သည်။

ယင်းဇာတ်ကားတွင် ရုပ်ရှင်သရုပ်ဆောင်မင်းသား ၊ မင်းသမီး ခုနစ်ဦးစီ ပါဝင်ပြီး ပြေတီဦးနှင့် ဇနီးမောင်နှံ ဇာတ်ရုပ်အတွက် အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ရိုက်ကူးမည့် ဒါရိုက်တာတို့က စီစဉ်ပေးခြင်းကြောင့် ဖြစ်ကြောင်း၊ သာမန်ချစ်သူစုံ တွဲဇာတ်ရုပ်မဟုတ်ဘဲ ပြင်ပဘဝကဲ့သို့ဇနီးမောင်နှံ ဇာတ်ရုပ်မျိုးဖြစ်၍ လက်ခံရိုက်ကူးဖြစ်ကြောင်း၊

စာ(၄၉)သို့





# ဖက်ရှင်အပေါ် အပြုသဘောဝေဖန်မှုများကို ကြိုဆိုဟု စိုးပြည့်သဇင်ကဆို

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ-၅**

အသက်အငယ်ဆုံး အမျိုးသမီးဇာတ်ဆောင် အကယ်ဒမီဆုရှင်အဖြစ် မှတ်တမ်းတင်ထားခြင်းခံရသည့် အကယ်ဒမီစိုးပြည့်သဇင်က ပရိသတ်အများစု ဝေဖန်နေကြသည့်သူမ၏ဝတ်စုံဖက်ရှင်ဒီဇိုင်းများနှင့်ပတ်သက်၍ အပြုသဘော အကြံပြုချက်များကို လက်ခံကြိုဆိုကြောင်း ပြောသည်။

"ဖက်ရှင်ပိုင်းကိုတော့ စိုးပြည့်က ကိုယ်နဲ့လိုက်ဖက်မယ်ထင်တဲ့ စကတ်တို့၊ ဂါဝန်တို့ကို ပိုကြိုက်လို့ အဲဒါတွေ ပိုဝတ်ဖြစ်ပါတယ်။ ဖက်ရှင်နဲ့ပတ်သက်ပြီး စိုးပြည့်ကို ကောင်းစေချင်လို့ အပြုသဘောနဲ့ ဝေဖန်တာမျိုးကိုတော့ ကြိုဆိုပါတယ်"ဟု ပရိသတ်အများစုဝေဖန်ကြသည့် သူမ၏ဖက်ရှင်ဒီဇိုင်းများပေါ် ပြန်လည်ပြောကြားသည်။

စိုးပြည့်သဇင်သည် ယခုနှစ်ကုန်ပိုင်းတွင် သူမ၏ ပထမဆုံး တစ်ကိုယ်တော်စီးရီးဖြစ်သော 'ချစ်သူရွေးမယ်'ကိုဗီစီဒီနှင့်အတူ တစ်ပါတည်း ထွက်ရှိရန် စီစဉ်နေပြီး ပါဝင်သည့်သီချင်းများအပေါ် အားရကျေနပ်မှုရှိကြောင်းပြောသည်။

"ဒီစီးရီးကို အတတ်နိုင်ဆုံး ပြင်ဆင်ထားတော့ ကျေနပ်ပါတယ်။ သီချင်းအမျိုးအစားကိုလည်း အစုံထည့်သုံးထားပါတယ်။ သီချင်းအကုန်လုံးကတော့ စိုးပြည့်ကြိုက်လို့ သုံးထားတာပေါ့။ ပရိသတ်ကြိုက်၊ မကြိုက်ကတော့ ခွေထွက်မှပဲ သိရမှာပါ" ဟု သူမကပြောသည်။

ယခုစီးရီးအတွက် တေးရေးဇဝါထံ သီချင်းသွားအပ်စဉ် တေးရေးက အသင့်ရှိနေသော 'ချစ်သူရွေးမယ်' သီချင်းကိုပေးရာမှ အကြောင်းအရာနှင့် တေးစာသားများကို ကြိုက်နှစ်သက်သောကြောင့် စီးရီးခေါင်းစဉ်အဖြစ် သုံးစွဲဖြစ်ကြောင်း သိရသည်။

"ဒီသီချင်းရဲ့အကြောင်း အရာနဲ့ သီချင်းလေးက ချစ်ဖို့ကောင်းနေတာနဲ့ ခေါင်းစဉ်တင် ဖြစ်သွားတာပါ။ ကလေးဆန်ဆန် သီချင်းလေးဆိုတော့ စိုးပြည့်ကြိုက်ပါတယ်" ဟုပြောသည်။

ဒီဇင်ဘာ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက စီစဉ်ပြီး ဒါရိုက်တာဟိန်းစိုးရိုက်ကူးသည့် 'ချစ်သူများအစည်းအရုံး' ဇာတ်ကားတွင် ပါဝင်ရိုက်ကူးရမည်ဖြစ်ပြီး သူမရိုက်ကူးထားပြီး ရုံမတင်ရသေးသော ခိုးခိုးခစ်ခစ်၊ အမုန်းမီးတောက်၊ အချစ်များနဲ့ ဖန်ဆင်းမယ်စသည့် ရုပ်ရှင်ဇာတ်ကားများ ကျန်ရှိနေသေးကြောင်း သိရသည်။






# အနုပညာအလုပ်တွေ ပြန်လုပ်တော့မယ့် စစ်ပြန်မင်းသား ဟွန်ဘင်း

**ဆိုးလ်၊ ဒီဇင်ဘာ - ၈**

ကိုရီးယားသရုပ်ဆောင် မင်းသား ဟွန်ဘင်းသည် စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုကာလပြည့်မြောက်ပြီးနောက် ၎င်းအား ကြိုဆိုကြသော ပရိသတ်ထောင်ကျော်ခန့်အား ဂျွန်ဂီဒိုအရပ်တွင် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ခဲ့သည်ဟုသိရသည်။ Secret Garden ဇာတ်ကား၏ မင်းသား ဟွန်ဘင်းသည် ဟွာဆုန်မြို့ရှိ ကိုရီးယားရေတပ်ဌာနချုပ်တွင် ပြုလုပ်သော ပရိသတ်များ၏ ကြိုဆိုပွဲသို့ တက်ရောက်ခဲ့ပြီးနောက် အနုပညာလောကထဲပြန်ဝင်မည့်အကြောင်း ပရိသတ်များအား ပြောကြားခဲ့သည်။

၎င်းသည် စစ်မှုထမ်းဥပဒေအရ တာဝန် ၁၂ လထမ်းဆောင်ပြီးနောက် စစ်တပ်မှပြန်ထွက်လာခြင်းဖြစ်သည်။ စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ရ၍ စွမ်းအင်များရခဲ့ကြောင်း၊ ထိုစွမ်းအင်ကို အနာဂတ်သရုပ်ဆောင်လုပ်ငန်းများတွင်သုံးစွဲသွားမည်ဖြစ်ကြောင်း ပရိသတ်အားပြောသည်။ ဟွန်ဘင်း၏ မန်နေဂျာအဆိုအရ မင်းသားသည်စစ်တပ်မှထွက်လာပြီးနောက်မိသားစုနှင့် ခဏတာအနားယူပြီးနောက်မှသာ အနုပညာလုပ်ငန်းများလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

—Ref: CNA

# ကိုရီးယားအဆိုတော် PSY သမ္မတအိုဘားမားအတွက် ဖျော်ဖြေမည်

**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၉**
လတ်တလော နာမည်အကျော်အကြားဆုံး ဖြစ်နေသူ တောင်ကိုရီးယားအဆိုတော် PSY သည် မူ လက စီစဉ်ထားသည့်အတိုင်း Christmas in Washington ရှိုး ပွဲတွင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်ဖြူတော်တွင်ပြုလုပ်မည့်ပွဲသို့ အမေရိကန် သမ္မတ ဘားရက်အိုဘားမားနှင့် ဇနီး မီရှဲလ်အိုဘားမားလည်း တက်ရောက်ရန် စီစဉ်ထားသည်။

ယင်းမတိုင်မီတွင် အမေရိကန်အား ကန့်ကွက်သော ၎င်း၏ အတိတ်က အဖြစ်အပျက်များ လူသိရှင်ကြား ဖြစ်ခဲ့ခြင်းအတွက် PSY က တောင်းပန်စာ တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ၂၀၀၄ ခုနှစ်က ကျင်းပသည့် ဂီတဖျော်ဖြေပွဲ၌ "အီရတ်အကျဉ်းသားတွေကို နှိပ်စက်တဲ့ယန်းကီးတွေကို သတ်ပစ်၊ သူတို့ကို နှိပ်စက်ဖို့အမိန့်ပေးတဲ့ ယန်းကီး(အမေရိကန်) တွေကို သတ်ပစ်"ဟူသော ရက်ပ်စာသားများကို PSY က သီဆိုခဲ့သည်။

၂၀၀၂ ခုနှစ် ဂီတဖျော်ဖြေပွဲ တစ်ခုတွင်လည်း အမေရိကန်တင့်ကား ပုံစံငယ်တစ်ခုကို PSY က ရိုက်ချိုးဖျက်ဆီးခဲ့သည်။ ယင်းမှာ တောင်ကိုရီးယား ဆယ်ကျော်သက်များကို သတ်ခဲ့သော အမေရိကန်စစ်သားနှစ်ဦးအား အမှုမှ ကွင်းလုံးကျွတ်လွှတ်ပေးခဲ့ခြင်းကို ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာ ရင်းမြစ်များက ဆိုသည်။

"အမေရိကန်နိုင်ငံမှာ ပညာသင်ကြားခဲ့ကာ အဲဒီမှာ နှစ်အတန်ကြာ နေထိုင်ခဲ့ပြီး မိမိကိုယ်ကိုဂုဏ်ယူတဲ့ တောင်ကိုရီးယားနိုင်ငံသားတစ်ယောက် အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ကမ္ဘာတစ်ဝန်းမှာ ဒီမိုကရေစီနဲ့လွတ်လပ်ခွင့်ကို ကာကွယ်ရေးအတွက် အမေရိကန် "စစ်သား၊ စစ်သမီးတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို ကျွန်တော်နားလည်ပါတယ်"ဟု PSY က ၎င်း၏ တောင်းပန်စာတွင် ဖော်ပြထားသည်။



## နှစ်သစ်ကူးဂီတဖျော်ဖြေပွဲများကျင်းပမည်

နှစ်သစ်မကူးမီ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာတွင် ထုံးစံအတိုင်း တေးဂီတဖျော်ဖြေပွဲများ ဆက်တိုက်ဆိုသလို ကျင်းပရန်ရှိရာ တေးဂီတဖျော်ဖြေပွဲအချို့ကို စုစည်းဖော်ပြလိုက်ပါသည်။

| နေ့စွဲ | ပွဲအမည် | အဆိုတော် | နေရာ | အချိန် |
|---|---|---|---|---|
| ၁၅. ၁၂. ၂၀၁၂ | ပြင်ဦးလွင် ရုက္ခဗေဒ ဥယျာဉ်ပန်းပွဲတော် | လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း | အမျိုးသား ကန်တော်ကြီးဥယျာဉ် | ၁၁း၃၀ |
| ၁၆. ၁၂. ၂၀၁၂ | ပြင်ဦးလွင် ရုက္ခဗေဒ ဥယျာဉ်ပန်းပွဲတော် | အဲလက်စ်၊ ရန်ရန်ချမ်း၊ ဂျေမီ၊ ရဲလေး၊ ရသ၊ Cyclone၊ ကြက်ဖ၊ G-tone၊ Snare၊ လွှမ်းပိုင်၊ Bunny Phyo၊ SZ၊ ဂျစ်တူး၊ စန္ဒီမြင့်လွင်၊ ထက်ထက်(Bobby Soxer)၊ နေနေ၊ ဂျဒိုင်း၊ ရှင်မင်း | အမျိုးသားကန်တော်ကြီးဥယျာဉ် | ၁၁း၃၀ |
| ၁၆. ၁၂. ၂၀၁၂ | Junction Sweet 13th Anniversary | မိုးမိုး၊ လင်းလင်း၊ အားတီ၊ ချစ်သုဝေ၊ စန္ဒီမြင့်လွင်၊ အေသင်ချိုဆွေ၊ အိမ့်ချစ်၊ သီးလေးသီးအဖွဲ့နှင့် အရိုင်း၊ ဝေါ့ဇီလာ၊ ငှက်ပျော်ကြော်၊ မေဖြူဖြူ၊ ဆန်းသစ်လ | Junction Square | ၆း၀၀ |
| ၃၁. ၁၂. ၂၀၁၂ | New Yearပျော်ပွဲရွှင်ပွဲ | စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ လင်းလင်း၊ ဘန်နီဖြိုး၊ ဂျောက်ဂျက်၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ စန္ဒီမြင့်လွင်၊ ထက်ထက်(Bobby Soxer)၊ မိစန္ဒီ၊ ညီ့သည်အဆိုတော်များ | ပြည်သူ့ရင်ပြင် | ၆း၀၀ |

## စာ-၄၇၊ ဇနီးမောင်နှံဇာတ်ရုပ်နှင့် ရုပ်ရှင်အစည်းအရုံးဇာတ်ကားတွင် တွေ့ရမည့် အိန္ဒြာကျော်ဇင်တို့စုံတွဲ မှ

ယင်းအချက်များကြောင့်ပရိသတ်အမြင်ရိုးမှာစိတ်ပူပန်မှုမရှိကြောင်း သူမက ပြောသည်။

"ဒါရိုက်တာတွေ၊ဇာတ်ညွှန်းဆရာတွေ ဖန်တီးထားတဲ့ အတိုင်း ဇာတ်လမ်းဇာတ်ကွက်ပေါ်မှာပဲ မူတည်ပြီး သရုပ်ဆောင်သွားမှာပါ။ ရုပ်ရှင်အစည်းအရုံးက ဒီလူနဲ့ဒီလူတွဲရမယ်လို့ စီစဉ်ထားပြီးသား။ ချစ်သူဇာတ်ရုပ်ဆိုရင်တောင် တစ်မျိုးပေါ့။ အခုလက်ရှိမှာလည်း အိမ်ထောင်ရေးဇာတ်တွေကို သူနဲ့ ရိုက်နေတာပဲလေ။ ဇာတ်လမ်းသဘောတရားပေါ်မှာ ပရိသတ်ကြိုက်အောင်၊ ရယ်စရာကောင်းအောင်လုပ်ထားမှာဆိုတော့ အဆင်ပြေမယ်ထင်ပါတယ်"ဟု အိန္ဒြာကျော်ဇင်ကပြောသည်။

'ချစ်သူများအစည်းအရုံး' ဇာတ်ကားသည် ယခင်က ဒါရိုက်တာဘိတ်ကလာသည့်ငံပြာရည် ရိုက်ကူး အောင်မြင်ခဲ့သော 'ခုနစ်ဖော်မောင်နှံ' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာဟိန်းစိုးက ပြန်လည်ဆန်းသစ်ရိုက်ကူးခြင်းဖြစ်ပြီး စရိုက်တစ်မျိုးစီနှင့် ညီအစ်ကို ခုနစ်ဦး၏ မိန်းမများအဖြစ် မင်းသမီးခုနစ်ဦးက သရုပ်ဆောင်ရမည်ဖြစ်သည်။

စာရူးကဗျာရူးအဖြစ် သရုပ်ဆောင်မည့် ပြေတီဦး၏ မိန်းမ၊ ယောကျ်ားကို ဆရာကြီးလုပ်သည့် ညွှန့်ညွှန့်နေရာမှ သရုပ်ဆောင်မည့် အိန္ဒြာကျော်ဇင်အား ပြင်ပဇာတ်ကောင်နှင့် နီးစပ်မှုရှိမရှိမေးမြန်းရာတွင် "ဒီဇာတ်ကားထဲက ကာရိုက်တာနဲ့အပြင် ကာရိုက်တာနဲ့ လုံးဝမနီးစပ်ပါဘူး။ ဘယ်တော့မှ သူ့ကို ဆရာမကြီး မလုပ်ပါဘူး" ဟု သူမကပြောသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga: Breaking Dawn - Part Two | Summit Enter: | ၂၅၄,၅၉၉,၀၀၀ | ၃ |
| ၂။ | Skyfall | Sony Pic. | ၂၄၅,၅၂၅,၀၀၀ | ၄ |
| ၃။ | Rise of the Guardians | Dream Works Studio | ၄၈,၈၃၆,၁၀၀ | ၂ |
| ၄။ | Lincoln | Touchston Pic. | ၈၃,၅၆၆,၂၀၀ | ၄ |
| ၅။ | Life of Pi | 20th Century Fox. | ၄၈,၅၁၃,၀၀၀ | ၂ |
| ၆။ | Wreck-It Ralph | Walt Disney Pic. | ၁၅၈,၁၈၅,၀၀၀ | ၅ |
| ၇။ | Killing Them Softly | The Weinstein Company | ၆,၈၁၂,၉၀၀ | ၁ |
| ၈။ | Red Dawn | FilmDistrict & MGM | ၃၁,၂၇၃,၀၀၀ | ၂ |
| ၉။ | Flight | Paramount Pic: | ၈၁,၄၆၅,၉၀၀ | ၅ |
| ၁၀။ | The Collection | LD Distribtion | ၃,၁၀၄,၂၇၀ | ၁ |

## Movie Review

### Save The Date




အိမ်ထောင်ပြုရန် အလွန်ပင်စိတ်အားထက်သန်နေသော ရည်းစားဖြစ်သူ ကီဗင်က အချိန်မတန်သေးချိန် လူသိရှင်ကြားသူမအားလက်ထပ်ခွင့်တောင်းသောအခါ ဆာရာတစ်ယောက် ကီဗင်နှင့် လမ်းခွဲလိုက်သည်။ ဆာရာက တစ်ကိုယ်တည်းဖြစ်နေ၍ အစ်မဖြစ်သူကို အဖော်ပြုရန်စိတ်ကူးရာ သူမ၏ အစ်မဖြစ်သူမှာ အိမ်ထောင်ပြုရန် အလုပ်ရှုပ်နေပါသည်။ သို့သော်မကြာခင်မှာပင် ဆာရာတစ်ယောက် ဂျွန်နသန်ဟုခေါ်သော နှစ်လိုဖွယ်ရာ ယောကျ်ားလေး မိတ်ဆွေနှင့် ထပ်မံ၍ ဆုံတွေ့လာရာ ဆာရာသည် အိမ်ထောင်ပြုရန် သူမ၏ ပြဋ္ဌာန်းမှုနှင့် ချစ်သူနှစ်ဦးကြားက ရိုးသားမှု၊ ချစ်ခြင်းမေတ္တာ၊ ဟာသဉာဏ်၊ နာကျင်မှု၊ ပျော်ရွှင်မှုများ တစ်ဖန်ခံစားမည် လားဒါမှမဟုတ် လွတ်လွတ်လပ်လပ်တစ်ကိုယ်တည်း နေထိုင်ရန် ဆုံးဖြတ်မည်လားဆိုတာ။

အချစ်၊ဟာသ၊ဒရာမာဇာတ်ကားအား ဒါရိုက်တာ မိုက်ကယ်မိုဟန်က ရိုက်ကူးထားပြီး Alison Brie, Lizzy Caplan Martin Starr တို့ ဦးဆောင်ပါဝင်ထားသည်။ IFC Films က ဒီဇင်ဘာ ၁၄ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports

7DAY NEWS JOURNAL

Vol.11, No.40 • DECEMBER 13 , 2012

# မက်ဆီတစ်နှစ်အတွင်း ၈၆ ဂိုးသွင်းကာ ကမ္ဘာ့စံချိန်သစ်တင်



**ဘာစီလိုနာ၊ဒီဇင်ဘာ-၁၀**

ဘာစီလိုနာအသင်း၏ အာဂျင်တီးနားကွင်းလယ်လူလီယွန်နယ်မက်ဆီသည် ၂၀၁၂ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း သွင်းဂိုး ၈၆ ဂိုးသွင်းကာ ၁၉၇၂ က ဂျာမန်တိုက်စစ်မှူးဂတ်မူလာ တင်ထားသည့် စံချိန် ၈၅ ဂိုးကို ကျော်လွန်၍ စံချိန်သစ်တင်နိုင်ခဲ့သည်။ အသက် ၂၅ နှစ်အရွယ်ရှိ ဘာစီလိုနာကစားသမားသည် နိုင်ငံအသင်းနှင့် ကလပ်အသင်းအတွက် သွင်းဂိုးများ အပါအဝင် တစ်နှစ်အတွင်း ကမ္ဘာ့စံချိန်သွင်းဂိုးအများဆုံးအရေအတွက် ရရှိခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ဒီဇင်ဘာ၉ရက်ကရီးရဲလ်ဘက်တစ်နှင့် ကစားခဲ့သောပွဲတွင် ဘာစီလိုနာက ၂-၁ဂိုးဖြင့်နိုင်ရာ၌နှစ်ဂိုးလုံးသွင်းယူကာ စံချိန်သစ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် ယခုပင် ဘောလုံးသမိုင်းတစ်လျှောက် တစ်နှစ်အတွင်း ဂိုးသွင်းအများဆုံးစံချိန်ရနေပြီဖြစ်သော်လည်း ယခုနှစ်အတွင်း သုံးပွဲကစားရန်ကျန်သေးသည်။

မက်ဆီသည်ယခုနှစ် ၂၀၁၂ ဘောလုံးရာသီအတွင်း ဘာစီလိုနာအတွက် ၇၄ ဂိုးနှင့် အာဂျင်တီးနားအတွက် ၁၂ ဂိုးသွင်းယူပေးခဲ့သည်။ မက်ဆီသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်တွင် ယခင်က ဘရာဇီးဂန္ထဝင်ကစားသမားကြီး ပီလီ ၁၉၅၈ တွင် တင်ထားသည့် ဘရာဇီးနှင့် ဆန်းတို့စ်ကလပ်အတွက် စုစုပေါင်းသွင်းဂိုး ၇၆ ဂိုး စံချိန်ကိုကျော်ဖြတ်ခဲ့ပြီး ဂတ်မူလာ၏ စံချိန်ကို ထပ်မံချိုး၍ စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်ရာသီက ဘာစီလိုနာအတွက် လာလီဂါတွင်၅၀ သွင်းယူပေးခဲ့ပြီးစံချိန်တင်ခဲ့သည်။ ဘာကာနည်းပြ ဗီလာနိုဗာက ၎င်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ သူ့လို နောက်ထပ်ကစားသမားမြင်ရဖို့ မရှိတော့ပါဘူး။ သူ့ဂိုးသွင်း စွမ်းရည်ကြောင့် သာမကဘဲ သူ့ရဲ့ပေးပို့မှုစွမ်းရည်၊ ခံစစ်ကစားပုံ၊ ပွဲကို နားလည်သဘောပေါက်ပုံ တွေမှာပါ သူ့လိုလူ မရှိပါဘူး"ဟု ပြောသည်။ မက်ဆီသည်ပြီးခဲ့သည့်မတ်လကစ၍ ဘာစီလိုနာအတွက် စုစုပေါင်းသွင်းဂိုး ၂၃၂ ဂိုးရခဲ့သည့် ဆီဆာရော်ဒရီဂွက်ဇ်၏ ၅၇ နှစ်ကြာစံချိန်ဟောင်းကိုလည်းချိုးဖျက်ခဲ့သူဖြစ်ပြီး ယခုအခါ ဘာစီလိုနာအတွက် ၃၀၅ဂိုး၊ အာဂျင်တီးနားအတွက် ၃၁ဂိုးသွင်းယူပေးထားသည်။

*—Ref:AP*

## မြန်မာအမျိုးသမီးဘောလုံးအသင်း အာရှယူ-၁၉ နောက်ဆုံးအဆင့်သို့ တက်ရောက်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

အာရှယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲနောက်ဆုံးအဆင့်၌ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းကို(၁-၀)ဂိုးဖြင့် အနိုင်ယူကာ အာရှအဆင့်ပြိုင်ပွဲသို့တက်ရောက်နိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် အဆိုပါခြေစစ်ပွဲစဉ်များတွင် မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်နှင့်အိန္ဒိယအသင်းများကို အနိုင်ရရှိခဲ့ပြီး တရုတ်(တိုင်ပေ)အသင်းကိုသရေကျကာ အုပ်စုပထမနေရာရရှိခဲ့သည်။ ထို့ကြောင့် တစ်ဖက်အုပ်စုမှ ပထမရရှိသော ထိုင်းအသင်းနှင့် ခြေစစ်ပွဲနောက်ဆုံးအဆင့် ရှုံးထွက်ယှဉ်ပြိုင်ကစားရာ အနိုင်ရရှိခဲ့သောကြောင့် ဒုတိယအဆင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းအသင်းနှင့် ပွဲစဉ်တွင် မြန်မာအသင်းအတွက် အနိုင်ဂိုးကို နောက်တန်းကစားသမားလင်းဉမ္မာထွန်းက ပွဲချိန် ၆၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲစဉ်တွင်လေးပွဲကစားခဲ့ရာ ရဂိုး ၁၂ ဂိုး၊ ပေးဂိုး ၂ ဂိုးသာ ရှိခဲ့သည်။

အသင်း ၁၃ သင်းယှဉ်ပြိုင်ခဲ့ရသည့် ခြေစစ်ပွဲအဆင့်တွင် တစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း မြန်မာအမျိုးသမီးယူ-၁၉ အသင်းသည် ဒေသတွင်းအဓိက ပြိုင်ဘက်များဖြစ်သည့် အိမ်ရှင် ဗီယက်နမ်၊ နာမည်ကြီးထိုင်းအသင်းများကို အနိုင်ယူကာ အာရှနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၇) ကြိမ်မြောက် အာရှယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ သြစတြေးလျအသင်းနှင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



**ထိုင်းကိုနိုင်၍ ခြေစစ်ပွဲအောင်မြင်ခဲ့သော ယူ-၁၉မြန်မာအမျိုးသမီးအသင်း** ဓာတ်ပုံ - Myanmar National League

## လာမည့် ဘောလုံးရာသီတွင် အမျိုးသမီးလိဂ် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၃ ဘောလုံးရာသီတွင် အမျိုးသမီးကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်း၌ ဝန်ကြီးဌာန ပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၁ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ကလပ်အသင်းများပါဝင်ယှဉ်ပြိုင်လာနိုင်ရေးအတွက် ယခုနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသင်းများနှင့် ကလပ်အသင်းများပါဝင်သည့်အမျိုးသမီး(အကြီးတန်း) ဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းများသည် အာဆီယံဒေသတွင်း နိုင်ငံတကာပြိုင်ပွဲများ၌ ထိပ်တန်းအသင်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီး လာမည့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်အတွက် ရည်ရွယ်ကာ အမျိုးသမီးလိဂ်ပြိုင်ပွဲ (MFF Women League 2013) ကျင်းပရန် စီစဉ်ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

"အမျိုးသမီးလိဂ်အတွက် ကစီစဉ်နေပါတယ်။ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတွေကိုလည်း အသင်းဖွဲ့ဖို့အတွက် တိုက်တွန်းထားပါတယ်။ ပြိုင်ပွဲဝင်အသင်းနည်းနေရင်တော့ လိဂ်လုပ်ဖို့ခက်နေဦးမှာပါ။ လိဂ်ပြိုင်ပွဲလုပ်ဖို့က အနည်းဆုံး အသင်းခြောက်သင်းကနေ ရှစ်သင်းအထိ လိုအပ်မှာပါ"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်အမည်ဖြင့် သော်လည်းကောင်း၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများ၏ အမည်(သို့မဟုတ်) သီးခြားကလပ်အသင်းအမည်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နောက်ဆုံးထား၍ အကြောင်းကြားရမည်ဖြစ်ကြောင်း အဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

## မြန်မာလိဂ်နှစ်သင်းနှင့် ထိုင်းကလပ် TOT ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ထိုင်းပရီးမီးယားလိဂ်ကလပ် TOT အသင်းသည် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းနှစ်သင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲ လာရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါထိုင်းကလပ်အသင်းသည် ဒီဇင်ဘာလ ၁၈ ရက်တွင် ကမ္ဘောဇအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ရောဝတီယူနိုက်တက်အသင်းနှင့်လည်းကောင်း သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

" TOT အသင်းက ကမ္ဘောဇအသင်းကို ခြေစမ်းပွဲကစားဖို့ ကမ်းလှမ်းခဲ့တာဖြစ်ပြီး အခြားအသင်းနဲ့လည်း ထပ်မံကစားချင်တယ်လို့ ထိုင်းကလပ်က တောင်းဆိုတဲ့အတွက် ရောဝတီအသင်းနဲ့ပါ ခြေစမ်းပွဲ စီစဉ်ကစားခြင်းဖြစ်ပါတယ်"ဟု ကမ္ဘောဇအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

TOT အသင်းသည် ပြီးခဲ့သည့် ထိုင်းပရီးမီးယားလိဂ် ရာသီကုန်တွင် အဆင့် (၁၂) နေရာ၌ ရပ်တည်ခဲ့သော အသင်းဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲများသို့ လာရောက်ကြည့်ရှုလိုသော ပရိသတ်များအတွက် ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၁၃ အေအက်ဖ်စီ ဖလားတွင် မြန်မာကလပ်များ အာဆီယံဒေသတွင်း အသင်းများနှင့် တွေ့ဆုံ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ-၇

၂၀၁၃ အာရှဘောလုံးအဖွဲ့ချုပ်ဖလား AFC Cup ပြိုင်ပွဲအတွက် အုပ်စုခွဲဝေမှုများ ထွက်ပေါ်လာခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြု ရန်ကုန်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့သည်ဒေသတွင်းအာဆီယံကလပ်အသင်းများနှင့် ကျရောက်လျက်ရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စု(စ)တွင် ဟောင်ကောင်ကလပ်ဆွန်ဟေး၊ မော်လဒိုက်ကလပ်နယူးရေးဒီးယန့်၊ အင်ဒိုနီးရှားကလပ်ပါစီဘိုအသင်းများနှင့် ကျရောက်နေသည်။ ရောဝတီယူနိုက်တက်အသင်းမှာအုပ်စု(ဆ)တွင် မနှစ်က တွေ့ဆုံခဲ့ဖူးသည့် မလေးရှားကလပ် ကီလန်တန်အသင်းအပါအဝင် ဗီယက်နမ်ကလပ် ဒါနန်း၊ မော်လဒိုက်ကလပ်မာဇီယာအသင်းများနှင့် ကျရောက်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင်လေးသင်းပါဝင်သည့် အုပ်စု(၈)ခုဖြင့် စုစုပေါင်း၃၂သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၃၁ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများ ထွက်ပေါ်နေပြီဖြစ်ကာ ကျန်တစ်နေရာအတွက် ဆီးရီးယား၊ ယီမင်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ အသင်းသုံးသင်းတို့သည် Play-off ပွဲစဉ်များယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းနောက် တစ်အုပ်စုစီမှ အမှတ်အများဆုံးနှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ရန်ကုန်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက် ကလပ်အသင်းများအနေဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ၂၀၁၃ ပြိုင်ပွဲတွင်လည်း အဆိုပါ နှစ်သင်းသာထပ်မံ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက်သည် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေး ချန်ပီယံနှင့် ရောဝတီယူနိုက်တက်အသင်းမှာ ရှုံးထွက်ပြိုင်ပွဲ ချန်ပီယံဖြစ်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

၂၀၁၂ ခုနှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အဆိုပါအသင်းများသည် အုပ်စုအဆင့်မှ ပင်ထွက်ခဲ့ရသည်။ လက်ရှိချန်ပီယံအသင်းမှာ အယ်လ်ကူဝိတ်အသင်း(ကူဝိတ်ကလပ်)ဖြစ်သည်။

## ဒဂုံရွှေအောင်လံပွဲတွင် အီရန်၊ ထိုင်း၊ ဂျာမနီမှ လက်ဝှေ့သမားများ ပါဝင်မည်


ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ-၇

ဆုကြေးငွေ စုစုပေါင်းကျပ် ၃၆၅ သိန်းချီးမြှင့်မည့် ၂၀၁၃ ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အီရန်၊ ထိုင်းနှင့်ဂျာမနီနိုင်ငံတို့မှလက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင်မြန်မာ့ရိုးရာ လက်ဝှေ့သမားများနှင့် နိုင်ငံခြားသားလက်ဝှေ့သမားစုစုပေါင်း ၃၆ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမတန်းအောင်လံ၊ ဒုတိယတန်းအောင်လံနှင့် တတိယတန်းအောင်လံဟူ၍ အတန်းသုံးတန်းခွဲကာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဒီဇင်ဘာလ ၁၆ ရက်ကျင်းပမည့် ပွဲစဉ်များတွင် ဒုတိယတန်း အောင်လံ၌ တူးတူးနှင့် ကျန်စစ်အောင်၊ ထက်အောင်ဦးနှင့် ဖိုးသားကြီး၊ ကညောထူးနှင့် သပြေညို၊ ဒေါင်းသည်းခြေနှင့် လုံးချောလေး၊ တတိယတန်းအောင်



လံတွင် စောထူးဇော်နှင့် ကညောဖိုး၊ ရဲမြင့်အောင်နှင့် မိုးသီး၊ မြားထက်အောင်နှင့် ဂျစ်တူး၊ ကျော်ကြားနှင့် နိုင်ဝင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပထမတန်းအောင်လံတွင် တွေ့မရှောင်(မြန်မာ)နှင့် မာဆွတ်(အီရန်)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၃ ရက်တွင် ဒုတိယတန်းနှင့် တတိယတန်း အကြိုဗိုလ်လုပွဲစဉ်များအပါအဝင်ပထမတန်းအောင်လံ ပွဲစဉ်ဖြစ်သည့် ဖိုးကေ(မြန်မာ)နှင့် ဖန်ခွန်မက်(ထိုင်း)ပွဲစဉ်နှင့် အခြားအထူးစိန်ခေါ် ပွဲစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အတန်းသုံးတန်း၏ ဗိုလ်လုပွဲစဉ်များအပြင် ထွန်းထွန်း(မြန်မာနှင့် အက်ရှ်ခန်အမ်တီခါဘီ(အီရန်မွေထိုင်းချန်ပီယံ)၊ ထွန်းထွန်းမင်း(မြန်မာ)နှင့် ဖဲလစ်(ဂျာမနီ)တို့၏ အထူးအောင်လံပွဲစဉ်များ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ငါးနှစ်သက်တမ်းရှိပြီဖြစ်တဲ့ ဒီပြိုင်ပွဲမှာ မနှစ်ကစပြီး နိုင်ငံခြားသား လက်ဝှေ့သမားတွေပါ ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာလည်း နိုင်ငံတကာမှာ ဆုရရှိထားတဲ့ လက်ဝှေ့သမားတွေကိုဖိတ်ခေါ်ထားခြင်းဖြစ်ပါတယ်။ ဆုကြေးငွေစုစုပေါင်း ကျပ် ၃၆၅ သိန်းချီးမြှင့်မှာဖြစ်ပြီး ကုန်ကျစရိတ် စုစုပေါင်း ကျပ်သိန်းရှစ်ရာနဲ့ ကိုးရာကြား ရှိမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ပွဲစီစဉ်သူ မြန်မာမီဒီယာဂရုပ်မှ တာဝန်ရှိသူက ပြောသည်။

ဝင်ကြေးများအဖြစ် အထူးတန်း ကျပ်တစ်သောင်းနှင့် ရိုးရိုးတန်း ကျပ်ခုနစ်ထောင် သတ်မှတ်ထားပြီး လက်မှတ်များကို ရတနာပုံကောလ်စင်တာ(၁၈၇၆)သို့လည်း ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**TRADEMARK CAUTION**

Exotissimo Travel Group Company Limited., a company incorporated in Thailand at 1-7 Zuelling House, 6th floor, Silom Road, Silom Sub -District, Bangrak District, Bangkok 10500, Thailand change to Exotissimo Travel Group Company Limited at Smooth Life Tower, 22Fl, 44 North Sathorn Road, Silom, Bangrak, Bangkok 10500, Thailand is the Owner and Sole Proprietor of the following Trademarks:-

EXOTISSIMO

**Reg : No.4/2681/2009**
**Reg : No.4/13218 /2012**
In respect of : **Int'l Class :35**
**Advertisement, Business management.**

**Reg : No.4/2682/2009**
**Reg : No.4/13217/2012**
In respect of : **Int'l Class :39**
**Passenger transportation, Storage of goods, Tourist agencies, Arranging of tours, Travel reservation.**

**Reg : No.4/2683/2009**
**Reg : No.4/13216/2012**
In respect of : **Int'l Class : 43**
**Hotels and Restaurants.**

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 13.Dec.2012



7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# နယူးကာဆယ်-မန်စီးတီး၊ လာဇီယို-အင်တာမီလန်၊ ဘာစီလိုနာ-အသလက်တီကို ပွဲကြီးပွဲကောင်းတွေနဲ့ ဥရောလိဂ်ပွဲစဉ်များ ပွဲကြို ခန့်မှန်းချက်



**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေမှာ ပရီးမီးယားလိဂ်ထဲက မန်ချက်စတာဒါဘီအပြီး ကစားရမယ့် မန်စီးတီးရဲ့ နယူးကာဆယ်နဲ့ အဝေးကွင်းပွဲ၊ လီဗာပူး-အက်စတန်ဗီလာပွဲတို့ကို ကြည့်ရမှာပါ။ စီးရီးအေမှာတော့ ဇယားထိပ်က ဂျူဗင်တပ်နဲ့ အတ္တလန်တာ၊ အမှတ်မကွာတဲ့ လာဇီယို-အင်တာပွဲတွေကြည့်ရမှာဖြစ်ပြီး စပိန်ပွဲတွေထဲမှာတော့ အမှတ်ကွာဟမှုကျဉ်းမြောင်းအောင်ကြိုးစားရမယ့် ဒုတိယနေရာက အသလက်တီကိုနဲ့ ထိပ်ဆုံးက ဘာစီလိုနာ ထိပ်တိုက်ပွဲစဉ်၊ ရီးရဲလ်မက်ဒရစ်-အက်စ်ပန်ညိုပွဲစဉ်တွေကို ရှုစားကြရမှာပါ။

**<u>ပရီးမီးယားလိဂ်</u>**

**<u>ဒီဇင်ဘာ ၁၅၊ စနေ</u>**

**နယူးကာဆယ် - မန်စီးတီး**

(ည ၇း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၀-၂

နယူးကာဆယ်တို့ မန်စီးတီးကိုမနိုင်တာကြာပါပြီ။ ဇယားထိပ်ကမန်စီးတီးတို့ မန်ယူကို အမှတ်ဖြတ်ဖို့ ဒီပွဲအနိုင်ရဖို့ အရေးပါနေပါတယ်။ မန်စီးတီးဂိုးအနည်းနဲ့ ကပ်နိုင်မယ့်ပွဲပါ။

**လီဗာပူး - အက်စတန်ဗီလာ**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၁

လီဗာပူးတို့ အကြိတ်အနယ်ကစားရမယ့်ပွဲပါ။ ဗီလာတို့နောက်ပိုင်းခြေကျနေပေမယ့် ခုခံနိုင်စွမ်းရှိနေပါသေးတယ်။ လီဗာပူးသရေဒါမှမဟုတ် အပြန်အလှန်သွင်းဂိုးတွေ နဲ့ကပ်နိုင်ခြေရှိတယ်။



**မန်ယူ - ဆန်းဒါးလန်း**

ယမန်နှစ်ရလဒ် ၁-၀

မန်ယူတို့ အိမ်ကွင်းမှာ နိုင်ဖို့တော့ရှိပါတယ်။ ဒါပေမဲ့ ဆန်းဒါးလန်းက အဝေးကွင်း သရေပွဲများ တတ်ပြီးခံ ကစားသွားနိုင်တာကြောင့် ဂရုစိုက်ရမယ်။ မန်ယူဂိုးနည်းမယ့်ပွဲပါ။

**<u>ဒီဇင်ဘာ ၁၆၊ တနင်္ဂနွေ</u>**

**စပါး- ဆွမ်းဆီး**

ယမန်နှစ်ရလဒ် ၃-၁

စပါးအိမ်ကွင်းမှာ နိုင်ခြေများတယ်။ ဆွမ်းဆီးတို့ နောက်ဆုံးငါးပွဲမှာ အခြေအနေကောင်းတာမို့ သရေလည်းဖြစ်သွားနိုင်တယ်။ စပါးကပ်နိုင်ဖို့ များပါတယ်။

**စီးရီးအေ**

**<u>ဒီဇင်ဘာ ၁၆၊ တနင်္ဂနွေ။</u>**

**လာဇီယို - အင်တာမီလန်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၃-၁

လာဇီယိုဟာ သူ့အိမ်ကွင်းမှာ အနိုင်ယူဖို့ ခက်ခဲတဲ့ ပြိုင်ဘက်ဖြစ်ပါတယ်။ အင်တာတို့ အဝေးကွင်းမှာ ဖိကစားနိုင်ဖို့ ကြိုးစားရမှာပါ။ လာဇီယိုတို့နိုင် ပွဲတွေရနေပြီး ဒုက္ခပေးနိုင်တယ်။ အင်တာသရေလောက်ပဲရဖို့ရှိပြီး လာဇီယိုကပ်နိုင်ခြေများနေတယ်။

**ဂျူဗင်တပ် - အတ္တလန်တာ**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၃-၁

နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာ ဂျူဗင်တပ်က လေးကြိမ်နိုင်ထားတယ်။ အိမ်ရှင်ဂျူဗီတို့ နှစ်ဂိုးလောက်ရမယ့်ပွဲပါ။ သရေဖြစ်ဖို့မရှိပါဘူး။

**မီလန် - ပတ်စကာရာ**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

မီလန်တို့ ဇယားအောက်ကတန်းတက်ပတ်စကာရာကို အမှတ်ပြည့်ရပြီး နိုင်သင့်ပါတယ်။ မီလန်နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**လာလီဂါ**

**<u>ဒီဇင်ဘာ ၁၆၊ တနင်္ဂနွေ</u>**

**ဆီဗီလာ - မာလာဂါ**

(နံနက် ၃း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၅-၀

ဆီဗီလာအိမ်ကွင်းမှာ မာလာဂါကို မရှုံးတာကြာပါပြီ။ နှစ်သင်းလုံးသရေပွဲနဲ့ ရှုံးပွဲတွေများနေပြီးခြေအရတော့ အိမ်ရှင်ဆီဗီလာကသာနိုင်တယ်။ ဆီဗီလာကပ်နိုင်ဖို့ရှိတယ်။ ဂိုးနည်းပါမယ်။

**<u>ဒီဇင်ဘာ ၁၇၊တနင်္လာ</u>**

**ရီးရဲလ်မက်ဒရစ် - အက်စပန်ညို**

(နံနက် ၀၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ၅-၀

ရီးရဲလ်တို့ ဘာကာနောက်မှာ တိုက်စစ်အားအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ဒီပွဲမှာ ဂိုးများနိုင်ပါတယ်။ အက်စပန်ညို သရေရဖို့တောင် မရှိပါ။

**ဘာစီလိုနာ - အသလက်တီကို မက်ဒရစ်**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၅-၀

နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်ဆက်တိုက် ဘာစီလိုနာက ချည်းနိုင်ထားတယ်။ ဇယားမှာ အမှတ်ကွာနေပေမယ့် ဘာကာတို့အိမ်ကွင်းမှာ အသလက်တီကိုကို လူအပြည့်ထုတ်သုံးပြီး ရင်ဆိုင်ဖွယ်ရှိတယ်။ ဘာစီလိုနာ နှစ်ဂိုးလောက်ရမယ့်ပွဲပါ။




ASEAN-INDIA
CAR RALLY 2012
CII
အာဆီယံ - အိန္ဒိယ
ကားပြိုင်ပွဲ - ၂၀၁၂ ခုနှစ်
မြန်မာနိုင်ငံအတွင်း ခရီးစဉ် - ၁၁ - ၁၅၊ ဒီဇင်ဘာ၊ ၂၀၁၂
Tamu
Ka Lay
Mandalay
Nay Pyi Taw
Hpa-an
Myawady

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဂါဇာဒေသသို့ ဟားမားစ်ခေါင်းဆောင် ပြန်လည်ရောက်ရှိလာချိန်တွင် ငွေရတုပွဲအတွက် ပြင်ဆင်



Photo - Reuters

**ဂျေရုဆလင်၊ ဒီဇင်ဘာ - ၈**
ပါလက်စတိုင်း အစ္စလာမ်မစ်အုပ်စု ဟားမားစ်အဖွဲ့၏ ၂၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့တက်ရောက်ရန်ဂါဇာကမ်းမြောင်ဒေသ၌ လူထောင်ပေါင်းများစွာ စုဝေးနေကြကြောင်း သိရသည်။

ဂါဇာဒေသသို့ ပထမဆုံးအကြိမ်ပြန်လည်ရောက်ရှိလာသောဟားမားစ်အဖွဲ့နိုင်ငံရေးခေါင်းဆောင် ခါလစ်မာရှယ်လ်ကလည်း ယင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အစ္စရေးနှင့်ဂါဇာဒေသမှ ဟားမားစ် အဖွဲ့တို့ကြားတိုက်ခိုက်မှုများ ပြီးခဲ့သည့် လအတွင်း အဆုံးသတ်သွားခဲ့ပြီး နောက် မစ္စတာမာရှယ်လ်၏ အလည်အပတ်ခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ မစ္စတာမာရှယ်လ်သည် ဟားမားစ်အဖွဲ့အတွက် အနာဂတ် မဟာဗျူဟာဖော်ထုတ်ပြီး ပြိုင်ဘက်ပါလက်စတိုင်းအုပ်စုဖာတာအဖွဲ့နှင့်ပြန်လည်ရင်ကြားစေ့ရေးဆွေးနွေးရန်ပြောကြားမည်ဟု မျှော်လင့်ရသည်။

၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့သော ဂါဇာရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပြီးနောက် ဟားမားစ်အဖွဲ့က ဖာတာအုပ်စုအားဂါဇာဒေသမှအတင်းအကျပ်ဖယ်ရှားခဲ့သည်။ ပါလက်စတိုင်းသမ္မတအဖြစ်နိုင်ငံတကာကအသိအမှတ်ပြုထားသော မစ္စတာ အဘတ်စ်၏ ဖာတာအဖွဲ့သည် အခြားပါလက်စတိုင်း နယ်မြေတစ်ခုဖြစ်သော အနောက်ဘက် ကမ်းခြေဒေသအား အုပ်ချုပ်နေသည်။

မစ္စတာခါလစ်မာရှယ်သည် အီဂျစ်နိုင်ငံ ရာဖာနယ်စပ်ဂိတ်မှတစ်ဆင့် ဂါဇာဒေသသို့ရောက်ရှိလာပြီး မြေပြင်အားနမ်းရှုံ့ခဲ့သည်။ ထိုအချိန်ပိုင်းလေးသည် ၎င်း၏ ခရီးစဉ်တွင် သမိုင်းဝင်အခိုက်အတန့်ဟု အယ်လ်ဂျာဇီးယားရုပ်သံသို့ ပြောကြားခဲ့သည်။

—*Ref: BBC*






Photo - AP

# အီဂျစ်အတိုက်အခံများ ကိုင်ရိုမြို့တွင် ဆက်လက် ဆန္ဒပြ

**ကိုင်ရို၊ ဒီဇင်ဘာ - ၈**
ရဲတပ်ဖွဲ့က တားဆီးထားသော အရံအတားအဆီးအား ချိုးဖောက်ပြီးနောက်အီဂျစ်အတိုက်အခံ ကန့်ကွက်ဆန္ဒပြသူများသည် ကိုင်ရိုမြို့သမ္မတ နန်းတော်ပြင်ပတွင် ညလုံးပေါက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

သမ္မတ မိုဟာမက်မော်စီ၏ ဆွေးနွေးညှိနှိုင်းရေး ပြောကြားမှုကိုပယ်ချပြီးနောက်လူထောင်ပေါင်းများစွာသည် သမ္မတနန်းတော်အနီးသို့ဝေးလာခဲ့ကြသည်။

အာဏာပါဝါများ တိုးချဲ့ရေး ၎င်း၏ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ အခြေခံဥပဒေမူကြမ်းအား ဆန္ဒခံယူပွဲကျင်းပရေး ဆုံးဖြတ်ချက်နှင့်သော်လည်းကောင်း မစ္စတာမော်စီက မည်သည့်အလျှော့ပေးလိုက်လျောမှုမျှ မရှိကြောင်း အတိုက်အခံခေါင်းဆောင်များက ပြောကြားသည်။

ထိပ်တန်းအရာရှိတစ်ဦးက မှုသမ္မတအနေဖြင့် မဲခွဲဆုံးဖြတ်မှုကို ရွှေ့ဆိုင်းဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံ၏ ဥပဒေအရ ဥပဒေမူကြမ်းအား သမ္မတထံသို့ မတင်ပြမီ သီတင်းပတ်နှစ်ပတ်အလိုတွင် ဆန္ဒခံယူပွဲများ ကျင်းပရမည်ဖြစ်သည်။

သမ္မတ၏ဆုံးဖြတ်ချက်များအားနောက်ပိုင်းတွင်ထပ်မံ ၍ စိန်ခေါ်မှုများမပြုလုပ်ရန်အတိုက်အခံများက ကတိပေးပါကဒီဇင်ဘာ ၁၅ ရက် တွင်ပြုလုပ်မည့် ဆန္ဒခံယူပွဲ မဲခွဲဆုံးဖြတ်မှုအား မစ္စတာမော်စီက ရွှေ့ဆိုင်းပေးဖွယ်ရှိသည်ဟု ဒုတိယသမ္မတ မာမွတ်မက်ကီက ပြောကြားသည်။

အတိုက်အခံများ စုပေါင်းထားသော အမျိုးသားပြန်လည်ကယ်တင်ရေးအဖွဲ့ကလည်း မစ္စတာမော်စီက ကမ်းလှမ်းထားသော ဆွေးနွေးမှုများတွင် ပါဝင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

—*Ref: BBC*

# အီဂျစ်သမ္မတက အမိန့်ဒီဂရီကို ပြန်လည်ရုပ်သိမ်း

**ကိုင်ရို၊ ဒီဇင်ဘာ - ၉**
သမ္မတ၏ အာဏာပါဝါများကို အလွန်ကျယ်ပြန့်သွားစေပြီး ဒေါသတကြီး ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်စေခဲ့သော ယခင်လအတွင်း ထုတ်ပြန်ခဲ့သည့် အမိန့်ဒီဂရီအား အီဂျစ်သမ္မတမိုဟာမက်မော်စီက ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အရာရှိများက ပြောကြားသည်။

သို့သော် အခြေခံဥပဒေမူကြမ်းအပေါ် သဘောထားခံယူရေးမဲခွဲဆုံးဖြတ်မှုမှာ မူလကစီစဉ်ထားသည့်အတိုင်း ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပသွားမည်ဟု ကိုင်ရိုမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မစ္စတာ မော်စီအား ဝေဖန်ပြောကြားသူများက ၎င်းသည် အာဏာရှင်တစ်ဦးကဲ့သို့ ပြုမူနေသည်ဟု ပြောကြားကြသည်။ မစ္စတာမော်စီကမူ အီဂျစ်တော်လှန်ရေးကို ကာကွယ်စောင့်ရှောက်နေခြင်းဟု ဆိုသည်။

နိုဝင်ဘာ ၂၂ ရက်က မစ္စတာမော်စီထုတ်ပြန်ခဲ့သော အမိန့် ဒီဂရီတွင် တရားစီရင်ရေး မဏ္ဍိုင်က ၎င်း၏ဆုံးဖြတ်ချက်များအား စိန်ခေါ်ခွင့်အား ဖယ်ရှားထားသည်။ ယင်းအတွက်ကြောင့်ပင် ကိုင်ရိုနှင့် အခြားအီဂျစ်မြို့များတွင် သွေးထွက်သံယို အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။

"ဒီအချိန်ကစပြီး အခြေခံဥပဒေဆိုင်ရာ အမိန့်ဒီဂရီကို ဖျက်သိမ်းလိုက်ပါပြီ" ဟု မစ္စတာမော်စီနှင့် နိုင်ငံရေးခေါင်းဆောင် လူထုခေါင်းဆောင်များ ပြုလုပ်သည့် အစည်းအဝေးတွင် သမ္မတမော်စီ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်သည့် အစ္စလာမ်မစ် နိုင်ငံရေးသမားက ပြောကြားသည်။ အခြေခံဥပဒေသစ်အပေါ် သဘောထားဆန္ဒခံယူပွဲကိုမူ မူလစီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပမည်ဟု ၎င်းက ပြောကြားသည်။

*—Ref: BBC*

# ရာထူးမှ နုတ်ထွက်မည်ဟု အီတလီဝန်ကြီးချုပ်ကြေညာ

**ရောမ၊ ဒီဇင်ဘာ - ၉**
အီတလီ ဝန်ကြီးချုပ်ဟောင်း ဆီဗီ ယို ဘာလူစကိုနီ၏ ပါတီက အစိုးရ အပေါ် ထောက်ခံမှု ရုပ်သိမ်းခဲ့ပြီးနောက် လက်ရှိအီတလီဝန်ကြီးချုပ် မာရီယိုမွန်တီက ရာထူးမှ နုတ်ထွက်မည့် အစီအစဉ်ကို ကြေညာလိုက်သည်။


Photo - AFP

ရွေးကောက်ခံထားခြင်းမဟုတ်သော ပညာရှင်ဝန်ကြီးအဖွဲ့ကို ဦးဆောင်နေသူ မစ္စတာမွန်တီက ၎င်းအနေဖြင့် ရာထူးမှ ဆင်းမပေးမီ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး တည်ငြိမ်မှု ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းသွားမည်ဟု ပြောကြားသည်။

ယင်းမတိုင်မီ နာရီအနည်းငယ်ကပင် ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီက လာမည့်နှစ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ပြောသည်။ မစ္စတာမွန်တီ၏ ခြိုးခြံချွေတာရေး အစီအစဉ်များက အီတလီနိုင်ငံကို ထိခိုက်စေကြောင်းလည်း ၎င်းက ပြောသည်။

မစ္စတာ ဘာလူစကိုနီ၏ ပြည်သူ့လွတ်မြောက်ရေးပါတီက အီတလီအစိုးရအပေါ် ထောက်ခံမှုကို လွန်ခဲ့သော နှစ်ရက်က ရုပ်သိမ်းခဲ့သည်။

အီတလီ သမ္မတ ဂျီယာဂျီနိုနာပိုလီတာနို၏ ရုံးမှထုတ်ပြန်ချက်တွင် ၎င်းအပေါ် အပ်နှင်းထားသော တာဝန်ကို ဆက်လက်လုပ်ဆောင်ရန် မဖြစ်နိုင်ဟု မစ္စတာ မွန်တီက ယူဆပြီး ယင်းနှင့်တစ်ဆက်တည်း ၎င်း၏ နုတ်ထွက်စာတင်ရန် ရည်ရွယ်ချက်ကိုလည်း ရှင်းလင်းစွာ ပြောကြားသည်ဟု ဖော်ပြသည်။ လာမည့်နှစ်အတွက် ဘတ်ဂျက်ဥပဒေအား မြန်မြန်ဆန်ဆန်ပြဋ္ဌာန်းနိုင်ပါက ရာထူးမှ နုတ်ထွက်မည့်အကြောင်း အလျင်အမြန် ကြေညာသွားမည်ဟုလည်း မစ္စတာမွန်တီက ပြောကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

*—Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.11, No.40 • DECEMBER 13 , 2012

## ပါလက်စတိုင်း နိုင်ငံသစ် တည်ထောင်မည်ဟု ဟားမားစ်ခေါင်းဆောင် ကြုံးဝါး

**ဂါဇာ၊ ဒီဇင်ဘာ - ၁၀**

ပါလက်စတိုင်းဟားမားစ်အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင် ခါလစ်မီရှယ်က ဂါဇာကမ်းမြောင်ဒေသ၊ အနောက်ဘက်ကမ်းနှင့် အစ္စရေးနိုင်ငံ နယ်မြေအားလုံးပေါ်တွင် အစ္စလာမ်မစ်ပါလက်စတိုင်းနိုင်ငံကို တည်ထောင်သွားမည် ဖြစ်ကြောင်း ကြုံးဝါးပြောဆိုလိုက်သည်။ ဂါဇာ၌ ပြုလုပ်ခဲ့သည့် ဟားမားစ်အဖွဲ့တည်ထောင်ခြင်း (၂၅)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားတွင် မီရှယ်က ထောက်ခံသူထောင်ပေါင်းများစွာအား အစ္စရေးနိုင်ငံကို ခုခံတွန်းလှန်မှု (သို့မဟုတ်) စစ်ရေးဖြင့် ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ ပါလက်စတိုင်းနိုင်ငံသည် စေ့စပ်ညှိနှိုင်းမှုဖြင့်မရဘဲ ခုခံတွန်းလှန်မှုမှသာ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စာမျက်နှာ(၄၅)သို့ »**




Photo - AFP

*တိုင်ဖွန်း ဘိုဖာကြောင့် ဖိလစ်ပိုင်တောင်ပိုင်း ကွန်ပိုစတယ်လာတောင်ကြားပြည်နယ် အိုစမီနာမြို့တွင် ပျက်စီးမှုများဖြစ်ပေါ်အပြီး ငါးရက်အကြာ ဒီဇင်ဘာ ၉ ရက်က လမ်းဘေးတွင် အစားအစာရိက္ခာထုပ်များတောင်းခံနေသော ကလေးငယ်များ။ မုန်တိုင်းပြီးနောက် ဒီဇင်ဘာ ၉ ရက်က ဖိလစ်ပိုင်တောင်ပိုင်း ကျွန်းတစ်ခု၏ အစိတ်အပိုင်းများ ပျက်စီးခဲ့ပြီး လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ကာ မုန်တိုင်းဒဏ်ခံခဲ့ရသော မိသားစုများမှာ အစားအစာလျှော့ချနိုင်ငံမှုများကို တောင်းခံနေခဲ့ရသည်။*

## ဖိလစ်ပိုင် တိုင်ဖွန်းမုန်တိုင်းအတွက် တစ်ကမ္ဘာလုံး ကူညီကြရန် ကုလနှိုးဆော်

**မနီလာ၊ ဒီဇင်ဘာ - ၁၀**

ဖိလစ်ပိုင်နိုင်ငံတွင်လူ ၆၀၀ ခန့်သေဆုံးပြီး ၈၀၀ ခန့်ပျောက်ဆုံးနေဆဲဖြစ်သော တိုင်ဖွန်းမုန်တိုင်းကြောင့် ဒုက္ခရောက်သူ လူသန်းပေါင်းများစွာအတွက် ကမ္ဘာလုံးဆိုင်ရာ ကူညီထောက်ပံ့မှုများ ပြုလုပ်ကြရန် ကုလသမဂ္ဂအဖွဲ့ကြီးက နှိုးဆော်လိုက်သည်။

**စာမျက်နှာ(၄၅)သို့ »**

## အမေရိကန်နှင့် တရုတ်တွင် အခြေအနေကောင်းများ ပေါ်ထွက်လာပြီးနောက် အာရှစတော့ရှယ်ယာ ဈေးနှုန်းများ မြင့်တက်


**ဟောင်ကောင်၊ ဒီဇင်ဘာ - ၁၀**

အမေရိကန်နိုင်ငံ၌ အလုပ်လက်မဲ့အခြေအနေတိုးတက်လာပြီး တရုတ်နိုင်ငံတွင်လည်း စီးပွားရေးနေးကွေးမှုမှ ရုန်းထွက်လာသော ကိန်းဂဏန်းများ ထွက်ပေါ်လာပြီးနောက် အာရှစတော့ရှယ်ယာ ဈေးကွက်များ မြင့်တက်လာကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ တတိယသုံးလပတ်စီးပွားရေးကျုံ့သွားခြင်းအတွက် ရင်းနှီးမြှုပ်နှံသူများက လှုပ်လှုပ် ရှားရှား ဖြစ်ပုံမရဘဲလာမည့်သီတင်းပတ်တွင်ပြုလုပ်မည့်

**စာမျက်နှာ(၄၅)သို့ »**

### NEWS ANALYSIS



ဆီးရီးယားအရေး အလေးထားလာရသည့် နိုင်ငံကြီးများ

**စာမျက်နှာ(၃၆)သို့ »**

## တာလီဘန်တို့၏ သေနတ်ဖြင့် အပစ်ခံရသော မိန်းကလေး လန်ဒန်တွင် ပါကစ္စတန်သမ္မတ သွားရောက်တွေ့ဆုံ

**လန်ဒန်၊ ဒီဇင်ဘာ - ၁၀**

မိန်းကလေးများ ပညာသင်ကြားခွင့်ရရှိရေး ထုတ်ဖော်ပြောဆိုသောကြောင့်တာလီဘန်များ၏ သေနတ်ဖြင့် ပစ်ခတ်ခံရပြီး ဗြိတိန်နိုင်ငံတွင် ဆေးကုသမှု ခံယူနေရသော ဆယ်ကျော်သက်အရွယ် ကျောင်းသူ မာလာလာယူဆွတ်ဇာအီအားပါကစ္စတန်သမ္မတ အဆစ်ယူဆွတ်ဇာဒါရီက Queen Elizabath ဆေးရုံ၌ သွားရောက်တွေ့ဆုံခဲ့သည်။

**စာမျက်နှာ(၄၅)သို့ »**



Photo - AFP

*ပါကစ္စတန်သမ္မတ အဆစ်ယူဆွတ်ဇာဒါရီနှင့် ဇနီးက မာလာလာအား Queen Elizabath ဆေးရုံတွင် တွေ့ဆုံစဉ်*

## အိုဘားမားနှင့် ကွန်ဂရက်ခေါင်းဆောင် ဂျွန်ဘိုးနာ ဘဏ္ဍာရေးအစွန်းထွက်ကိစ္စ ဆွေးနွေး

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၀**


အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုးနာတို့သည် ဘဏ္ဍာရေးအစွန်းထွက် ကိစ္စအတွက် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။ ယင်းမှာ ရွေးကောက်ပွဲပြီးနောက် ခေါင်းဆောင်နှစ်ဦးကြား ပထမဆုံးတွေ့ဆုံဆွေးနွေးမှုလည်း ဖြစ်သည်။

မစ္စတာအိုဘားမားနှင့်မစ္စတာ ဂျွန်ဘိုးနာတို့၏ ပြောရေးဆိုခွင့်ရှိသူများက ပြောဆိုဆွေးနွေးမှုများ၏ အသေးစိတ် အချက်အလက်များကို မထုတ်ပြန်ရန်ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့ပြီး ခေါင်းဆောင် နှစ်ဦးကြား ဆက်သွယ်မှုများ ဆက်လက်ပြုလုပ်ရန် လမ်းဖွင့်ထားကြောင်း ပြောသည်။

လာမည့်နှစ်မှစ၍ အခွန်အကောက်များ အလိုအလျောက်ပြန်လည်မြင့်တက်သွားခြင်းနှင့် အသုံးစရိတ် လျှော့ချရေး နှစ်ခုပေါင်းတစ်ပြိုင်နက် ဖြစ်ပေါ်မည့် လိပ်ခဲတည်းလည်း အခြေအနေ

**စာမျက်နှာ(၄၅)သို့ »**

### INTERVIEW



**ကျွန်တော်နောက်ဆုတ်လိုက်ရင် ငြိမ်းချမ်းရေးက ဒီတိုင်းပြည်ကို ပြန်လာမှာ မဟုတ်တော့ဘူး**

အာဖဂန်လက်ဝှေ့သမား ဟမ်မစ်ရာဟီမီနှင့် တွေ့ဆုံခြင်း

**စာမျက်နှာ(၄၆)သို့ »**



၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL အချပ်ပို

Vol.11, No.40 • DECEMBER 13 , 2012


# တရုတ်မှ မှောင်ခိုဝင်နေသော ကြက်သွန်ဖြူများ တရားဝင်တင်သွင်းရန် ညှိနှိုင်း

**ရဲနောင်၊ ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၀**

တရုတ်နယ်စပ်မှ တရားမဝင် တင်သွင်းနေသော ကြက်သွန်ဖြူများကို သွင်းကုန်လိုင်စင်ဖြင့် တရားဝင် တင်သွင်းရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း ကြက်သွန် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သတင်းရရှိသည်။

မှောင်ခိုဝင်ရောက်နေသည့် တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူ (ကြူကုတ်)များကို တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းနိုင်ရန် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အထက်ပါအသင်းဒုဥက္ကဌ ဦးခင်ဟန်ကပြောသည်။

"တရားဝင်သွင်းရင် တိုင်းပြည်ဝင်ငွေပိုရမယ်"ဟု ဦးခင်ဟန်ကပြောသည်။


ထိုသို့ တင်သွင်းရာတွင် အခွန်ကောက်ခံရန်၊ အရေအတွက် အကန့်အသတ်ဖြင့်သာ တင်သွင်းခွင့်ပြုရန်နှင့် FDA (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန)ထောက်ခံချက်ပါ ရှိသင့်ကြောင်း မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ အကြံပြုထားသည်။

တရုတ်ကြက်သွန်ဖြူ (ကြူကုတ်) မှာ ဈေးမြင့်သော်လည်း ပြည်တွင်းဈေးကွက်၌ ရောင်းပန်းလှ၍ လူကြိုက်များပြီး ပြည်တွင်းကြက်သွန်ဖြူစိုက်ပျိုးသူများမှ ယှဉ်ပြိုင်နိုင်စွမ်းမရှိသောကြောင့် ဈေးကွက်၏ ၆၅ ရာခိုင်နှုန်း၎င်းတို့ ရထားသည်ဟု ဆိုသည်။

ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာလျှင် ၁၇၀၀ ကျပ်အထိရှိပြီး ပြည်တွင်း ကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် အမြင့်ဆုံး ၁၂၀၀ ကျပ်သာရရှိကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

"ပြည်တွင်းဈေးကွက်ပျောက်သွားမှာကြောက်တယ်"ဟု ဦးခင်ဟန်က ဆက်လက် ပြောကြားသည်။

"တောင်သူတွေဘက်ကြည့်ပြီး ချင့်ချိန်ဆောင်ရွက်ရမယ်။ တန်ချိန်အကန့်အသတ်နဲ့တင်သွင်းခွင့်ပြုမယ်"ဟု ကြက်သွန်အသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။



**တရုတ်မှဝင်သည့်ကြက်သွန်ဖြူအမွှာကြီးများကိုသာ တွင်တွင်ကျယ်ကျယ် သုံးကြသဖြင့် တောင်သူများအခက်တွေ့လျက်ရှိသည်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သုံးရလွယ်ကူသည့် တရုတ်ကြက်သွန်ဖြူ(ကြူကုတ်) များကို အသုံးများခြင်းကြောင့် နယ်မြို့များတွင် ပြည်တွင်း ကြက်သွန်ဖြူမှာ ရောင်းမကုန်ဘဲ လက်ကျန်အများအပြားရှိနေကြောင်း ပခုက္ကူမြို့ရှိ ကြက်သွန်ကုန်သည် တစ်ဦးက ပြောသည်။

"အနီကလက်ခံလို့ရတယ်။ အဖြူကတော့ မသွင်းသင့်ဘူးလို့ ထင်တယ်"ဟု အဆိုပါကုန်သည်က ပြောသည်။

# ဦးဂမ္ဘီရအား ဒီဇင်ဘာ ၁၄ တွင် ရုံးထုတ်ဖွယ်ရှိ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၆**

ဦးဂမ္ဘီရ(ခ)ကိုညီညီလွင်အား အင်းစိန်အကျဉ်းထောင် တိုက်အခန်းအမှတ်(၅)တွင် ဖမ်းဆီးချုပ်နှောင်ထားပြီး ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု၊ ဝင်ရောက်နေထိုင်မှုများဖြင့် အရေးယူထားကာ ဒီဇင်ဘာ ၁၄ရက်တွင် ရုံးထုတ်နိုင်ခြေရှိကြောင်း အစ်ကိုဖြစ်သူ ဦးအောင်ကျော်ကျော်က ပြောသည်။

"ကျွန်တော်ရယ်၊ ကျွန်တော့်ညီမရယ် ဦးဂမ္ဘီရကို အင်းစိန်ထောင်မှာ မနေ့ (ဒီဇင်ဘာ ၅ ရက်) နေ့လယ် သုံးနာရီလောက်မှာ တွေ့ခွင့်ရတယ်။ သွားတွေ့ချိန်မှာ သူတော်တော်ခေါင်းကိုက်နေတယ်တဲ့။ သူ စိတ်ရောဂါဖြစ်နေလို့ သောက်နေကျဆေးတွေကို သန်လျင်ရဲစခန်းက သိမ်းထားလိုက်လို့တဲ့" ဟုဦးဂမ္ဘီရ၏ အစ်ကိုအကြီးဆုံးက ပြောသည်။

၂၀၀၇ ခုနှစ်ရွှေဝါရောင်တော်လှန်ရေးတွင် သံဃာတော်များအား ဦးဆောင်သူအဖြစ် ထင်ရှားခဲ့သော ဦးဂမ္ဘီရသည် ထိုကာလအတွင်း အဖမ်းခံခဲ့ရပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် ထောင်မှ လွတ်မြောက်လာစဉ် သံဃာတော်များ သီတင်းသုံးရန် နေရာမရှိသောကြောင့် ချိတ်ပိတ်ခံထားရသည့် ဘုန်းတော်ကြီးကျောင်းတိုက်သုံးခုကို ဖွင့်လှစ်နေထိုင်ခဲ့သောကြောင့် အထက်ပါအတိုင်း အမှုသုံးခုဖြင့် တရားစွဲဆိုခံထားရခြင်းဖြစ်သည်။

# အာဆီယံ ဆန်ရောင်းနိုင်ငံများအဖွဲ့ ၂ နှစ်အတွင်း ဖွဲ့စည်းမည်

**မောင်တာ**

**မန္တလေး၊ ဒီဇင်ဘာ - ၁၀**

ပြည်ပသို့ဆန်တင်ပို့ရောင်းချသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများစုပေါင်း၍ အာဆီယံဆန်ရောင်းနိုင်ငံများအဖွဲ့ (E-5) ကို လာမည့် တစ်နှစ်ခွဲမှ ၂ နှစ်အတွင်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများစုပေါင်း၍ အဆိုပါအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

"မူအားဖြင့်တော့ သဘောတူညီမှုရပြီးပြီ။ ထိုင်းကဦးဆောင်ပြီး အလျင်အမြန်ဖွဲ့ချင်တာ။ အချိန်ယူထားတယ်။ ဈေးကွက်ထိခိုက်မှုရှိ၊ မရှိ၊ ကမ္ဘာ့ဘဏ်၊ အခြားဆန်နဲ့သက်ဆိုင်တဲ့အသင်းအဖွဲ့တွေနဲ့ချိတ်ဆက်ပြီး ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေကောင်းကျိုး၊ ဆိုးကျိုးရှိမလဲတွက်နေတယ်" ဟု ဦးဝင်းမြင့်က ပြောသည်။

ရှေ့နေချုပ်ရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆန်စပါးအသင်းနှင့်ညှိနှိုင်းနေပြီဖြစ်ပြီး အဆိုပါအဖွဲ့ဖွဲ့စည်းလျှင် မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိကပိုင်းမှ အဓိကလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲကတည်းက အစိုးရချင်း MOU ထိုးနိုင်ရန် စီစဉ်ခဲ့သော်လည်း မြန်မာအပါအဝင် ကမ္ဘောဒီးယားကဲ့သို့နိုင်ငံများနှင့် အသေးစိတ် ဆက်လက်ညှိနှိုင်းရန် အချိန်ယူရဦးမည်ဖြစ်၍ မထိုးနိုင်ခဲ့ကြောင်း ဝန်ကြီးကဆိုသည်။

အာဆီယံ ဆန်ရောင်းနိုင်ငံများအဖွဲ့ ဖွဲ့စည်းမည့် ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဒေါက်တာစိုးထွန်းကစီးပွား/ကူးသန်းတွင် အစည်းအဝေးလုပ်ပြီးကြောင်း၊ ၎င်းအဖွဲ့ကို ထိုင်းနိုင်ငံမှ အဓိကဦးဆောင်မည်ဖြစ်ကာ အဓိကရည်ရွယ်ချက်အနေဖြင့် ဆန်တင်ပို့မှုလုပ်သော အာဆီယံငါးနိုင်ငံ ညှိနှိုင်းပြီး ဈေးနှုန်းသတ်မှတ်ဖို့နဲ့ အာဆီယံ ဆန်အရည်အသွေး သတ်မှတ်ဖို့ဖြစ်ကြောင်း၊ ပထမဦးဆုံးကော်မတီဖွဲ့ပြီး အစည်းအဝေးပုံမှန်လုပ်ကြမည်ဖြစ်ကြောင်းပြောသည်။

"ဒီရည်ရွယ်ချက်အတိုင်းဆို အခုဖွဲ့မယ့်အဖွဲ့က မြန်မာပြည်အတွက် တိုက်ရိုက်အကျိုးရှိမှု အားနည်းမယ်။ ကဏ္ဍတိုးချဲ့ဖွဲ့မှ အဆင်ပြေမယ်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်တာတွေ ပံ့ပိုးပေးဖို့လိုတယ်။ အသေးစိတ်ပြန်ညှိနှိုင်းပြီးမှ လက်မှတ်ထိုးသင့်တယ်" ဟု ဒေါက်တာစိုးထွန်းက ဆိုသည်။

အာဆီယံဆန်အရည်အသွေးသတ်မှတ်မည်ဆိုလျှင်မြန်မာဆန်မှာ ထိုင်းဆန်နှင့် ဗီယက်နမ်ဆန်ကို ယှဉ်ဖို့ ခက်ခဲမည်ဖြစ်ကြောင်း၊ ယခုဖွဲ့မည့်အဖွဲ့၏ အဓိကရည်ရွယ်ချက်တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် မပါဘဲ တင်ပို့မှုအတွက်သာ အဓိကဖြစ်နေကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက်ပါ ထပ်မံဆွေးနွေးညှိနှိုင်းဖွဲ့သင့်ကြောင်း ဒေါက်တာစိုးထွန်းက ပြောသည်။

## စာ- ၂၀၊ စီမံကိန်းများကို နိုင်ငံရေးတည်ငြိမ်မှ ဆောင်ရွက်ရန် ရှမ်းပါတီကြီးနှစ်ခု ကြေညာချက်ထုတ် မှ

ထိုသို့ အားလုံးပူးပေါင်းဆောင်ရွက်မှုသာ ပဋိပက္ခများဖြစ်ပွားခြင်းကို လျော့ကျစေနိုင်မည်ဖြစ်၍ ပြည်သူလူထုဆန္ဒ ပိုမိုပါဝင်စေနိုင်သော နည်းလမ်းတစ်ခုလည်း ဖြစ်သည်ဟု အဆိုပါပုဂ္ဂိုလ်တို့ကပြောကြားသည်။

နိုင်ငံရေးပါတီများဘက်ကလည်း စီမံကိန်းများနှင့် ပတ်သက်သည့် မူဝါဒများချမှတ်ရာတွင် စီမံကိန်းများ လုပ်ဆောင်သင့်မလုပ်ဆောင်သင့်ကိုပြည်တွင်းနှင့်ပြည်ပ အခြေအနေများ အားလုံးကို လေ့လာပြီးမှသာ ပါတီ၏ ရပ်တည်မှု မူဝါဒကို ချမှတ်သင့်သည်ဟုလည်းဒေါက်တာအေးမောင်က ပြောကြားသည်။

ပြည်သူလူထုကို စီမံကိန်းများနှင့် ပတ်သက်၍ အသိပေးရာတွင်လည်း ကောင်းကျိုးဆိုးကျိုးများအားလုံးကို ရှင်းပြ၍ စီမံကိန်းမှန်သမျှကို ကန့်ကွက်စေသည့်ပုံစံမျိုးမဖြစ်ရန်နှင့် တိုင်းပြည်အတွက် အကျိုးရှိမည့် စီမံကိန်းများဆိုပါက လက်ခံနိုင်စေရန် ပြောကြားရမည်ဟုလည်းလွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

ရခိုင်လူမှုအဖွဲ့အစည်းအနေဖြင့် ကျောက်ဖြူရှိ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်ပတ်သက်၍ ဆိုးကျိုးကောင်းကျိုးများကို ပြည်သူများနှင့် ဆွေးနွေးမှုများ ပညာပေးမှုများ ပြုလုပ်ပြီး ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ဒေသခံများအတွက် အကျိုးအပြစ်များကို သေချာစွာသိနိုင်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌဦးအေးသာအောင်ကပြောကြားသည်။

ဒီလိုစီမံကိန်းတွေ လုပ်တယ်ဆိုရင် ပါတီတွေကို အသိပေးသင့်သလို အားလုံးမြင်သာအောင်လည်း လုပ်သင့်တယ်။ ဘာတွေလုပ်တယ်၊ ဘယ်လိုအမြတ်အစွန်းတွေ ယူတယ်ဆိုတာ ပြည်သူတွေသိအောင် ကြေညာသင့်တာပေါ့" ဟုလည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါ်ဘောက်ဂျာကပြောကြားသည်။

စီမံကိန်းများသည် ဒေသအစိုးရနှင့် ကုမ္ပဏီအတွက် မည်သို့အကျိုးရှိသည်ကို ချပြရမည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိကိုပါ ပြည်သူလူထုကို အသိပေးပြောကြားသင့်သည်ဟု ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကဆိုသည်။

မြန်မာနိုင်ငံတွင်း လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများတွင် စီမံကိန်းကြီးများ၏ နောက်ဆက်တွဲပြဿနာများသာဖြစ်ပြီး ယင်းတို့သည်လည်း ယခင်အစိုးရလက်ထက်က ချုပ်ဆိုခဲ့သော စီမံကိန်းများကိုပြည်သူက သိရှိခဲ့ခြင်းမရှိ၍သာဖြစ်သည်ဟုလည်း နိုင်ငံရေးသမားများကသုံးသပ်သည်။

ယခင်အစိုးရခေတ်တွင် စာချုပ်များ ချုပ်ဆိုခဲ့ပြီး၍ ချုပ်ဆိုပြီးစာချုပ်များအားလုံးကို ပြည်သူကလက်ခံရမည်ဆိုသည်မှာ မျှတမှုမရှိဘဲ ပြည်သူများအနေဖြင့် စာချုပ်များကို ပြန်သုံးသပ်ခွင့်ရှိသင့်သည်ဟုလည်း နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များက ပြောကြားသည်။

အစိုးရသစ်ပြောင်းလဲပြီးချိန်မှစတင်၍ ယခင်က စာချုပ်ချုပ်ဆိုပြီးဖြစ်ခဲ့သော စီမံကိန်းအများအပြားတွင် ပြည်သူလူထု၏ မကျေနပ်မှုများကြောင့် ဆန္ဒပြမှုများစွာရှိခဲ့သည်။

ကန့်ကွက်မှု အများဆုံးဖြစ်ခဲ့သော မြစ်ဆုံဆည် စီမံကိန်းကို ယခု အစိုးရလက်ထက်တွင် ရပ်ဆိုင်းလိုက်သော်လည်း လက်ပံတောင်းတောင်စီမံကိန်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း စသည်တို့တွင် ဒေသခံပြည်သူများ၏ ကန့်ကွက်မှုများ ရှိနေဆဲဖြစ်သည်။

# ချို့တဲ့သူများအတွက် ဆေးဝါး၊ ပစ္စည်းအခမဲ့ပေးနိုင်ရန် အစိုးရဆေးရုံများ ကျန်းမာရေးအသုံးစရိတ်ရပြီ

**ဝတ်ရည်အောင်၊ သီရိထိုက်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၁**

မြန်မာတစ်နိုင်ငံလုံးရှိခုတင် ၂၀၀ နှင့်အထက် ဆေးရုံများနှင့် အထူးကုဆေးရုံကြီးများတွင် အရေးပေါ် ခွဲစိတ်ကုသမှုများနှင့် ငွေကြေးချို့တဲ့သူများအား ဆေးဝါးပစ္စည်း အခမဲ့ပေးနိုင်ရန် ကျန်းမာရေး အသုံး စရိတ်ချပေးလိုက်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယခုနှစ် ဒီဇင်ဘာမှ ၂၀၁၂ ဘတ်ဂျက်ကုန် မတ်လအထိ လေးလအတွင်း ဆေးရုံများတွင် မရှိမဖြစ် အသုံးပြုရသည့် ဆေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လူနာများ ဆေးဝါးကုသစရိတ် ကာမိစေရန် ရည်ရွယ်ထားကာ ဆေးရုံအချို့တွင် ဆေးဝါးတင်ဒါများ စတင်ခေါ်ယူနေပြီဖြစ်သည်။

"အခု ဌာနတိုင်းကို လိုအပ်တာတွေ စာရင်းလုပ်ပြီး တင်ဒါခေါ်မယ်။ နောက်အကျဆုံး ဒီဇင်ဘာလကုန်မှာစတင်လုပ်နိုင်မယ်။ အခမဲ့အားလုံး မလုပ်ပေးနိုင်ပေမယ့် အရင်ကထက်တော့ပိုအကျိုးရှိလာမှာသေချာတယ်"ဟုရန်ကုန်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ပြောသည်။

ဆေးဝါးများနှင့် ဆေးကုသမှုအားလုံး အခမဲ့မရနိုင်သေးသော်လည်း အရေးပေါ်ဌာနမှ အရေးပေါ် ဆေးဝါးကုသမှုများ၊ အရေးပေါ် ခွဲစိတ်ကုသမှုများ၊ မွေးဖွားမှုများတွင် ဦးစားပေးအသုံးပြုရမည်ဖြစ်ပြီး လူနာများ ကြုံတွေ့နေရသည့် လက်အိတ်၊ ပတ်တီးစသည့်ဆေးဝါးပစ္စည်းများဝယ်ယူရသည့် အခက်အခဲမှာလည်း ပြေလည်သွားနိုင်တော့မည် ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောသည်။

"ထားဝယ်ဆေးရုံမှာ ဇန်နဝါရီကနေ မတ်လအထိ သုံးလစာ ဆေးဝါးအခမဲ့ကုသမှု ဘတ်ဂျက်သိန်း ၅၀၀ ချပေးတယ်။ ကုသမှုမှာ အခမဲ့ဆေးကုသမှု၊ ခွဲစိတ်မှု၊ ဆီးဝမ်းသွေးစစ်ဆေးမှုနှင့် ဓာတ်မှန်အာထရာဆောင်း ရိုက်ခွင့်တွေ ပါဝင်ပေမယ့် လောက်မယ်လို့တော့ မထင်ဘူး။ တစ်လလောက်သုံးကြည့်ပြီးမှ အဖြေသိမယ်" ဟု ထားဝယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် သားဖွားမီးယပ်အထူးကုဆရာဝန်တစ်ဦးက ပြောသည်။

ခုတင် ၁၃၅၀ ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ဘတ်ဂျက် ကျပ်သိန်း ၁၅၀၀ ရရှိထားပြီး ရန်ကုန်မြို့ရှိ တီဘီရောဂါအထူးကုဆေးရုံကြီး၊ နား၊ နှာခေါင်း လည်ချောင်း အထူးကုဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး၊ မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ဆေးရုံကြီး၊ တောင်ကြီးစပ်စံထွန်းဆေးရုံကြီး၊ ပြင်ဦးလွင် အထွေထွေရောဂါကု ဆေးရုံကြီး၊ ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေးတိုင်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကု ဆေးရုံကြီးများ အပြင် အခြားဆေးရုံများမှ ယခုလအတွင်းတင်ဒါများခေါ်ယူထားကြသည်။

"အရင်ကတော့ ဗဟိုက ဆေးကုသစရိတ် နှစ်စဉ်ချပေးတယ်။ ဒီလို ပမာဏများများကတော့ ပထမဆုံးပဲ" ဟု ရန်ကုန်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးက ပြောသည်။



ရခိုင်ပြည်နယ်ရှိပြည်သူ့ဆေးရုံအရှေ့တွင် စောင့်ဆိုင်းနေသည့် လူနာများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မိုးရွာခရိုင်လုံးဆိုင်ရာ ရွှေကျင်နိကာယဝိနည်း စာတော်ပြန်ပွဲ ယခုနှစ်တွင် မကျင်းပဖြစ်

**မျိုးမင်းဦး**

**မုံရွာ၊ဒီဇင်ဘာ-၁၁**

မုံရွာခရိုင်ရွှေကျင်နိကာယ၏(၃၁)ကြိမ်မြောက် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကို ယခုနှစ်တွင် ရပ်ဆိုင်းထားရန် ဆုံးဖြတ်ကြောင်း ရွှေကျင်နိကာယသာသနာပိုင် ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်များက မိန့်ကြားသည်။

ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကြီးကို ကျင်းပရေး၊ မကျင်းပရေးအတွက် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့ အလယ်ရပ် ရွှေကျင်နိကာယ သန္ဒိပါတအစည်းအဝေးခန်းမတွင် ကျင်းပသော ဆရာ၊ ဒါယိကာ စုံညီအစည်းအဝေးမှ စာတော်ပြန်ပွဲအား ယခုနှစ်တွင် ရပ်ဆိုင်းထားရန် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဝိနည်းငါးကျမ်း၊ ဝိနယဓရ ရေးဖြေစာမေးပွဲများက ကျင်းပပြီးစီးပြီဖြစ်လို့ သင့်လျော်တဲ့ရက်မှာ စာအောင်သံဃာများ ဆုနှင်းသဘင်နဲ့ ဘွဲ့လက်မှတ် ဆက်ကပ်ပွဲ ကျင်းပသွားမှာဖြစ်ပါတယ်။ ရေးဖြေစာမေးပွဲတော့အောင်မြင်သွားပြီ။ စာတော်ပြန်ပွဲ(နှုတ်ဖြေ)စာမေးပွဲတော့ အခြေအနေအရပ်ရပ်ကြောင့် ဒီနှစ်ရပ်နားမှာဖြစ်ပါတယ်။ ရေးဖြေစာမေးပွဲမှာ စာရင်းအရ ၂၀၀ ကျော်ရှိတယ်။ အမှန်တကယ် ဝင်ရောက်ဖြေဆိုတာ ၈၄ ပါး အောင်မြင်တာ ၄၃ ပါး၊ ဝိနည်းငါးကျမ်းပြီး အောင်မြင်တာ ၄ ပါး ရှိပါတယ်"ဟု ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်ဆရာတော် အရှင်ဉာဏိဿရ(မုံရွာမြို့၊ဘုရားလှကျောင်းတိုက်ဆရာတော်)က မိန့်ကြားခဲ့သည်။

ရေးဖြေစာမေးပွဲ (ဝိနည်းငါးကျမ်း၊ ဝိနယဓရ)အား တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်မှ ၁၀ ရက်အထိ ရွှေကျင်ဓမ္မာရုံကျောင်းတိုက် ဓမ္မရုံသီကျောင်းဆောင်ကြီးတွင် ရွှေကျင်နိကာယနာယကဆရာတော်ကြီးများ ကြီးမှူးကျင်းပခဲ့ကြောင်း သိရှိရသည်။

စာပြန်တော်ပွဲ ကျင်းပရန် အလှူခံဌာနဖွင့်လှစ်ထားခြင်းကို ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ ရပ်ဆိုင်းမည်ဖြစ်ပြီး အလှူခံရရှိထားသော သံဃိကဝတ္ထုငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ့စီးပွားရေးဘဏ် ငွေစုဌာနတွင် အပ်နှံထားရှိကာ စာတော်ပြန်ပွဲအတွက်သာ အသုံးပြုမည်ဖြစ်ပြီး လာမည့်နှစ်တွင် စာတော်ပြန်ပွဲကျင်းပမည်ဖြစ်ကြောင်း ရွှေကျင်နိကာယဝိနယာ နုဂ္ဂဟ အသင်းက နှိုးဆော်ထားသည်။

# မီတာယူနစ် မသမာမှုအများဆုံးဖြစ်သည့် တောင်ပိုင်းခရိုင်တွင် ဒစ်ဂျစ်တယ်မီတာများ တပ်ဆင်မည်

**သီရိထိုက်အောင်**

**ရန်ကုန်၊ဒီဇင်ဘာ-၁၂**

ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်လေးခုအနက်မီတာယူနစ်မသမာမှုအများဆုံးဖြစ်ပွားသည့် တောင်ပိုင်းခရိုင်အား ဒစ်ဂျစ်တယ်မီတာပြောင်းလဲတပ်ဆင်တော့မည်ဖြစ်ကြောင်း လျှပ်စစ်အင်ဂျင်နီယာချုပ်ဦးညိုဝင်းကပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင်တွင် တစ်မြို့နှင့်တစ်မြို့ အလှမ်းကွာဝေးခြင်း၊ ထရန်စဖော်မာများနည်းပါးခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်နေသည်ဟု သိရသည်။

ယင်းခရိုင်အတွင်းရှိဒလနှင့် တွံတေးမြို့နယ်များ၌ အိမ်သုံးမီတာမှ ဒစ်ဂျစ်တယ်မီတာပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ပြီး တွံတေးမြို့တွင် မီတာငါးလုံး စတင်တပ်ဆင်နေပြီဖြစ်သည်။

"ဒလနှင့် တွံတေးကို ပစ္စည်းရောက်ပြီ။ အမြန်ဆုံးလုပ်ဆောင်တော့မယ်"ဟု ဦးညိုဝင်းကပြောသည်။

လက်ရှိအသုံးပြုနေသော အိမ်သုံးမီတာများ၏ လုပ်ဆောင်ချက် ကျဆင်းနေခြင်း၊ မသမာသူတို့၏ ခိုးယူသုံးစွဲမှုများမှ ကင်းဝေးစေရန် ဒစ်ဂျစ်တယ်မီတာစနစ်သို့ ပြောင်းလဲရခြင်းဖြစ်သည်ဟုသိရသည်။

ဝန်အားအသုံးများဆုံး ရေခဲစက်များ၊ ဒုတိယဦးစားပေးအဖြစ် စက်မှုဇုန်များကို ဒီဂျစ်တယ်စနစ်ပြောင်းလဲတပ်ဆင်ပြီးလျှင် အိမ်သုံးမီတာများ ဆက်လက်လုပ်ဆောင်ရန်ရှိသည်ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့တွင် လက်ရှိ ဒစ်ဂျစ်တယ်မီတာ ၁၂၈ လုံး အခမဲ့လဲလှယ်တပ်ဆင်ပြီးဖြစ်သည်။

# လူ့အခွင့်အရေး ကော်မရှင်က တိုင်ကြားမှုအားလုံးနီးပါး ဖြေရှင်းထားဟုဆို

**မင်းဟိန်းကျော်၊ အောင်နိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်စာပေါင်း ၃၀၀၀ ကျော် ရောက်ရှိနေပြီး ကော်မရှင်ဘက်က အားလုံးနီးပါး ဖြေရှင်းပေးထားသော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်ရှိနေသည့် ကိစ္စရပ်များလည်း ရှိနေကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးလှမြင့်က ပြောသည်။

မိမိတို့ထံသို့ ရောက်ရှိသည့် တိုင်စာများတွင် လယ်ယာမြေ သိမ်းဆည်းခံရမှုနှင့် ပတ်သက်သည့် ကိစ္စရပ်မှာ အများဆုံးဖြစ်ကြောင်း ဦးလှမြင့်က ပြောသည်။

"ကျွန်တော်တို့ဘက်က တိုင်စာမှန်သမျှကို မစိစစ်ရသေးတဲ့ ကိစ္စမရှိဘူး။ အခုဆိုမနက်ရောညပါ ကျွန်တော်တို့ စစ်ဆေးတယ်။ ပြဿနာကိုကြည့်ပြီး သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေကို ပို့ပြီးပြီ။ သက်ဆိုင်ရာက ဆက်လုပ်ဖို့ပဲ ကျန်တော့တယ်"ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

တိုင်ကြားသော ကိစ္စရပ်အချို့သည် အစိုးရနှင့် သက်ဆိုင်ခြင်းမရှိဘဲ ပုဂ္ဂလိက အချင်းချင်းဖြစ်ပွားသည့် ပြဿနာများကို တိုင်ကြားလာခြင်းမျိုး ရှိကြောင်း ထိုသို့သော ပြဿနာများတွင် အစိုးရအနေဖြင့် တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေပါက ဖြေရှင်းပေးကြောင်း ၎င်းက ဆိုသည်။

ကော်မရှင်အနေဖြင့် ၂၀၁၁ စက်တင်ဘာမှ ၂၀၁၂ နိုဝင်ဘာအထိ လက်ခံရရှိခဲ့သော တိုင်တန်းချက်ပေါင်း ၃၀၀၀ ကျော်အနက် အများစုကို စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ဒီဇင်ဘာ ၁၀ ရက်တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ထုတ်ပြန်သည်။

ထို့ပြင် ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေတစ်ခုကို ရေးဆွဲနေပြီး ဥပဒေမူကြမ်းကို သမ္မတထံ တင်ပြထားပြီဖြစ်ကြောင်း၊ ၎င်းမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဖြစ်ပြီး ဥပဒေအဖြစ်ပေါ်ထွက်လာပါက ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# ကိုသီဟအောင် ကျပ်သိန်း ၃၀ တန် ခံဝန်ဖြင့် အာမခံရ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၇**

အမျိုးသမီးတစ်ဦးအား လူပျိုလူလွတ်၊ အိမ်ထောင်မရှိဟု ပြောကြားကာ လက်ထပ်ခဲ့ပြီး စွန့်ပစ်သွားခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၁၇) ဖြင့် တရားစွဲဆိုခံထားရသည့် ကိုသီဟအောင်မှာ ဒီဇင်ဘာလ ၇ ရက်တွင် ကျောက်တံတားတရားရုံးက ကျပ်သိန်း၃၀တန် ခံဝန်ဖြင့် အာမခံပေးလိုက်ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာလ၇ရက်ရုံးချိန်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲဝင်းနှင့် ဦးဌေးဝင်း နှစ်ဦးပေါင်း၍ ကျပ်သိန်း ၃၀ ဖြင့် အာမခံပေးခဲ့ကြကြောင်း သိရသည်။

ယင်းအမှုကို တရားလိုဖြစ်သူ မမြနန္ဒာညွန့်က နိုဝင်ဘာလ ၈ ရက်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၄၁၇)ဖြင့် ကျောက်တံတားတရားရုံး၌ တရားစွဲဆိုခွင့် ရရှိခဲ့ပြီးနောက် တစ်လနီးပါးအကြာ ကိုသီဟအောင်က ယခုကဲ့သို့ တရားရုံးတွင် တရားစွဲဆိုခွင့် အာမခံလျှောက်ထားခဲ့ခြင်းဖြစ်သည်။

မမြနန္ဒာညွန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ သားဖြစ်သူ ကိုသီဟအောင်တို့သည် ၂၀၁၀ပြည့်နှစ်ဇွန်လ ၁၉ ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်သီတာဝမ်း၏ ရှေ့၌ အသိသက်သေနှစ်ဦးနှင့်အတူ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြောင်း သိရသည်။

# အချပ်ပို

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

## အစိုးရနှင့် လက်နက်ကိုင်ကြား ဆွေးနွေးမှုများအတွက် မူဘောင်တစ်ရပ် တိုင်းရင်းသားအဖွဲ့က ရေးဆွဲမည်

ရန်မျိုးနိုင်၊ အောင်ခိုင်

**ရန်ကုန်၊ဒီဇင်ဘာ-၁၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် နိုင်ငံရေးဆွေးနွေးရာတွင် ကိုင်စွဲနိုင်မည့် မူဘောင်တစ်ရပ် ရေးဆွဲမည်ဖြစ်ကြောင်း ချင်းအမျိုးသားတပ်ဦး (CNF)အထွေထွေအတွင်းရေးမှူးကပြောသည်။

အဆိုပါမူဘောင်ကို တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) မှ အဖွဲ့ဝင်ငါးဦးနှင့် ဇန်နဝါရီလတွင် စတင်ရေးဆွဲသွားမည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူး(၂) ဒေါက်တာရွှေခါးက ဆိုသည်။

တိုင်းရင်းသားပူးပေါင်းဆောင်ရွက်ရေးအလုပ်အဖွဲ့က မူကြမ်းရေးဆွဲပြီးပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်တွင်းရှိ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ချပြမည်ဖြစ်ပြီး သဘောတူလက်ခံပါကပြည်ထောင်စုအစိုးရနှင့်နိုင်ငံရေးဆွေးနွေးရာတွင် ယင်းမူဘောင်အတိုင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဒေါက်တာ ရွှေခါးကပြောသည်။

မူဘောင်ရေးဆွဲရာတွင် နိုင်ဟံသာ၊ ဗိုလ်မှူးကြီးထူးထူးလေး၊ ခွန်ဦးရယ်၊ ဗိုလ်မှူးကြီးဆင်ဟွာနှင့် ဒေါက်တာရွှေခါးတို့ ပါဝင်ရေးဆွဲမည်ဖြစ်သည်။ WGEC ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ညီညွတ်သောတိုင်းရင်းသားလူမျိုးများကောင်စီမှ အဖွဲ့ဝင်များ ပါဝင်သည်။

## စာ(၃၁) စေတုတ္တရာ၌ မုန်းစကားဆိုခြင်း မှ

(လေး)

မုန်းချောင်းက စေတုတ္တရာနားမှာ တမံတုတ်လိုက်သဖြင့် တန့်သွားပြီးနောက် ရေအားလျှပ်စစ်က ဆက်လက်စီးဆင်းပေးလိုက်ရာ ပွင့်ဖြူမြို့နားအရောက်၌ ကြီးအုံကြီးဝ တမံကို ထပ်၍ ဆည်လိုက်ပြန်ပါသည်။ သည်မှာတွင် စေတုတ္တရာနှင့် ပွင့်ဖြူကြားက လယ်ယာမြေ အများအပြား ရေမြုပ်သွားကြပြန်ပါသည်။ ရွာတွေ၊ လယ်တွေမြုပ်ကြပြန်ပေါ့။

သို့ဖြစ်ရာ စေတုတ္တရာ အဝင်၌လည်း ရေတွေဖွေးကာ မုန်းချောင်းကရေပြင်ကျယ်ကြီးနှင့်ရောထွေးသွားခဲ့ခြင်းဖြစ်ပါသည်။ ကံပြားကနေ စေတုတ္တရာ အသွား တောင်ပေါ်လမ်းတစ်လျှောက်ဟိုနားမှာ ရေတွေဖွေးဖွေးလှုပ်လှုပ် သည်နားမှာရေတွေဖွေးဖွေး လှုပ်လှုပ် တွေ့နေရခြင်းမှာ တမံတို့၏ ဂယက်များပင်ဖြစ်ပါသည်။

"အခုလည်း စေတုတ္တရာ အထက် ဘူးရွာနားမှာ အထက် ဘူးဆည်းနဲ့ အောက် ဘူးဆည်ဆိုပြီး လုပ်ဦးမတဲ့ ဆရာရဲ့။ ရေအားလျှပ်စစ်လို့ ဆိုတာပါပဲ။ လျှပ်စစ်ကလည်း စေတုတ္တရာပဲရတာပါဗျာ။ ရွာတွေ မရပါဘူး။ ရွာတွေ လျှပ်စစ်ရတော့လည်း လျှပ်စစ်က ချက်စားလို့ရတာမှတ်လို့"

ဒေသခံတွေကတော့ သူတို့ မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်စားရတာကို စွန့်လွှတ်ချင်ပုံ မရကြ။ အိုးအိမ်လယ်ယာတို့ကို စွန့်ခွာခဲ့ရသဖြင့် ပေးအပ်သော နစ်နာကြေးတွေကလည်း ကျပ် ၅,၀၀၀ တို့၊ ကျပ် ၁၀,၀၀၀ တို့၊ ကျပ် ၁၅,၀၀၀ တို့ဆိုတာက မတန်တဆ "နှိမ်"ထားရာများ ကျနေလေမလားဟု အတွေးဝင်မိပါသည်။

"မုန်းဆည်ကြီးထဲမှာ ငါးရှာခွင့်တော့ ပေးထားပါတယ် ဆရာရယ်။ ဘာအခွန်အခမှတော့ မကောက်ပါဘူး။ ဒါပေမဲ့ ကျုပ်တို့ အညာသားတွေက ငါးမရှာတတ်ဘူးဆရာရဲ့။ စိုက်ပျိုးရေးပဲ တတ်တာ"

မှန်ပါ၏။ မုန်းဆည်ကတော့ ငါး အလွန်ပေါပါသည်။ ကျောက်ကြို ကျောက်ကြားကနေ စီးဆင်းနေသည့် မုန်းရေကြည်ကြည်မှာ ပင်လျှင် ငါးသလဲထိုးတွေက ပေါ လိုက်တာ။ စေတုတ္တရာ တစ်မြို့လုံးငါးသလဲထိုးတွေချည်း။

ကျွန်တော်ကတော့ ဆည်မြောင်းတာတမံများတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ပညာရှင်မဟုတ်သဖြင့် ပညာရှင်စကား ကို မဆိုတတ်ပါ။ သို့သော် ဒေသခံတို့၏ လူမှုဘဝများ ဖရိုဖရဲနှင့် ပြိုလဲကာ ကူကယ်သူမဲ့ဘဝဖြင့် အကွဲကွဲ အကြေကြေ ဖြစ်ကုန်ကြမှာကိုဖြင့် စိုးရိမ်မိသည်မှာ အမှန်ပဲဖြစ်ပါသည်။ သူတို့၏ စားဝတ်နေမှုဘဝကို အာမခံနိုင်သည့်စီမံကိန်းကြီးများဖြစ်လျှင် ဘယ်လောက်ကောင်းလိုက်လေမလဲ။

အခုတော့ မုန်းချောင်းက မုန်းချောင်း မဟုတ်တော့ဘဲ ရေပြင်ကျယ်ကြီးဖြစ်၍ နေရာ မုန်းချောင်းတံတားကနေ စေတုတ္တရာကို သွား၍မရတော့။ မနုနုရည်(အင်းဝ) ရော၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်) ပါ စက်လှေထဲသို့ ဆင်းခဲ့ကြရပါလေပြီ။

အော် . . . စေတုတ္တရာ၊ စေတုတ္တရာ။ မုန်းရေ စေတုတ္တရာ ခရီးသွားတွေကို ရေပြင်ကျယ်ကြီးတွေနဲ့ မတားထားပါနဲ့လား ။ ။

## စာ - ၂၉၊ MTV Exit မှ ကမ်ပိန်းဒါရိုက်တာ မတ်ဒ်လဗ်နှင့် တွေ့ဆုံခြင်း မှ

**အဲဒါနဲ့ ပတ်သက်ပြီး ဘာများမှတ်ချက်ပေးချင်သလဲ။**

ဟုတ်ပါတယ်။ အခြေခံအားဖြင့် ဆိုရရင် ကျွန်တော်တို့က ဂီတကျော်ကြားတဲ့ အနုပညာရှင်တွေနဲ့ ဂီတဖျော်ဖြေပွဲတွေကို ကျွန်တော်တို့ပေးချင်တဲ့ သတင်းစကားတွေ ရောက်အောင် ကြားခံအနေနဲ့ သုံးလေ့ရှိပါတယ်။ ဂျေဆင်မရက်ဇ်နဲ့ ပြည်တွင်းအဆိုတော်တွေနဲ့ ပတ်သက်ပြီး ပရိသတ်တွေရဲ့ စိတ်လှုပ်ရှား ပျော်ရွှင်မှုတွေနဲ့အတူ ဂီတဖျော်ဖြေပွဲကို ခံစားနိုင်မှာဖြစ်သလို တစ်ဖက်ကလည်း လူကုန်ကူးမှု၊ ကျွန်ပြုခံရမှုတွေနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ရရှိအောင် ကျွန်တော်တို့ စီစဉ်ထားတယ်ဗျ။ ကျွန်တော်တို့ ရိုက်ကူးထားတဲ့ လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့ သတင်းမှတ်တမ်းတွေကို ဂီတဖျော်ဖြေပွဲမှာ ပြသွားဖို့ရှိသလို၊ ဖျော်ဖြေမယ့် အနုပညာရှင်တွေကိုယ်တိုင်ကလည်း ဒီအကြောင်းအရာနဲ့ ပတ်သက်တာတွေကို ပရိသတ်ကို ပြောသွားမယ့် အစီအစဉ်တွေပါတယ်။ ပြီးတော့ကျွန်တော်တို့ရဲ့ စေတနာ့ဝန်ထမ်းတွေကလည်းပရိသတ်ကြားကိုသွားပြီး လူကုန်ကူးမှုအကြောင်းသတင်းအချက်အလက်ပါတဲ့ ကတ်တွေလိုက်ပြီး ဖြန့်ဝေဖို့လည်း ရှိပါတယ်။ ဂီတပွဲကို လာမယ့်လူတွေအားလုံးကို နည်းမျိုးစုံနဲ့ လူကုန်ကူးမှုနဲ့ ပတ်သက်ပြီး ဗဟုသုတတွေ ရသွားအောင်လုပ်ဖို့ စီစဉ်ထားတယ်။ အားလုံးကတော့ ဂီတရဲ့ အစွမ်းနဲ့ပေါ့။

**ဘာအကြောင်းကြောင့် ဂျေဆင်မရက်ဇ်ကို ရန်ကုန်မှာ ဖျော်ဖြေဖို့ ရွေးချယ်ဖြစ်ခဲ့တာလဲ။**

နိုင်ငံတကာအနုပညာရှင်အနေနဲ့ ပြည်တွင်းမှာ ဖျော်ဖြေခွင့်ရရချင်း ကျွန်တော်တို့ ဘယ်သူ့ကို ရွေးချယ်ရမလဲဆိုတဲ့ လေ့လာမှုတွေလုပ်ပါတယ်။ ဘယ်အနုပညာရှင်က အသင့်တော်ဆုံးဖြစ်မယ်၊ ဘယ်သူက မြန်မာပရိသတ်ကြားမှာ ရေပန်းစားတဲ့သူဖြစ်မလဲဆိုတာ စဉ်းစားကြတယ်။ ဒီလိုအချိန်အခါကောင်းမှာ အချိန်ကိုက်ဂီတအမျိုးအစားဖြစ်ဖို့လိုသလို နာမည်ကျော်နေရုံနဲ့ မပြီးဘဲ ပရိသတ်နဲ့ ထိတွေ့ပြီး သတင်းစကားကို အထိရောက်ဆုံးပေးနိုင်တဲ့ အနုပညာရှင်လည်းဖြစ်ဖို့ အရေးကြီးပါတယ်။ စင်ပေါ်ကနေ သီချင်းတွေနဲ့ ဖျော်ဖြေရုံမကဘဲ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ပရိသတ်ရင်ထဲရောက်အောင် စွမ်းဆောင်နိုင်ဖို့ ဂျေဆင်ကို ရွေးချယ်ခြင်းဟာ အမှန်ကန်ဆုံးလို့ ထင်ပါတယ်။ ဂျေဆင်က အာဖရိကမှာ၊ ဖိလစ်ပိုင်မှာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်ဖူးတော့ သူ့မှာ ဗဟုသုတအတွေ့အကြုံတွေ အများကြီး ရှိထားတဲ့သူပါ။

**ဂျေဆင်နဲ့ လူကုန်ကူးခံခဲ့ရဖူးတဲ့သူတွေကိုရော အခြားနိုင်ငံတွေမှာ တုန်းကလို တွေ့ပေးဖို့အစီအစဉ် ရှိလား။**

ရှိပါတယ်။ ကျွန်တော်တို့ UNIAP နဲ့ နီးနီးကပ်ကပ်အလုပ်တွဲလုပ်နေတော့ သူတို့အကူအညီနဲ့ လူကုန်ကူးခံရတာကနေ လွတ်မြောက်လာသူတွေနဲ့ ဂျေဆင်ကို တွေ့ဆုံပေးဖို့ရှိပါတယ်။ ဒီတော့ ဂျေဆင်အနေနဲ့ သူတို့နဲ့တွေ့ပြီး သူတို့အတွေ့အကြုံတွေ မျှဝေခံစားနိုင်တာပေါ့။ ဂျေဆင်က သူ့ရဲ့ ပရိသတ်တွေနဲ့တွေ့တဲ့အခါတိုင်း သူကြားခဲ့၊ သိခဲ့ရတဲ့ လူကုန်ကူးခံရသူတွေအကြောင်းကိုပြန်ဝေမျှချင်တဲ့ဆန္ဒ အမြဲရှိသူပါ။

**မြန်မာပရိသတ်တွေအနေနဲ့ ဂျေဆင်မရ ပြီးရင် စိတ်အဝင်စားဆုံးအရာက မြန်မာအဆိုတော်တွေ သီဆိုဖျော်ဖြေမယ့် သီချင်းတွေပါ။ သိတဲ့အတိုင်း ဒီမှာက သီချင်းတော်တော်များများက မှီငြမ်းထားတာဆိုတော့ ဂီတပွဲမှာ ဖျော်ဖြေမယ့် သီချင်းတွေကို MTV Exit က ရွေးပေးတာလား။ သူတို့ဘာသာရွေးတာလား။**

နှစ်ခုလုံးပါပဲ (ရယ်လျက်)။ ပြည်တွင်းက အဆိုတော်တွေဖျော်ဖြေမယ့်အခါပြည်တွင်းဂီတနဲ့နိုင်ငံတကာဂီတ နှစ်မျိုးရောစပ် ဖျော်ဖြေနိုင်ဖို့ ကျွန်တော်တို့ ဆန္ဒရှိပါတယ်။ ဥပမာ ချမ်းချမ်းဆိုရင် မြန်မာ့ရိုးရာသီချင်းတွေကို ဆိုမှာဖြစ်သလို အင်္ဂလိပ်သီချင်းတွေကို ပါဆိုသွားမှာပါ။ ကျွန်တော်တို့ တကယ်ကိုပဲ မြန်မာမှု သီချင်းနဲ့ အင်္ဂလိပ်သီချင်း ပေါင်းစပ်ဖျော်ဖြေတဲ့ပုံစံကို လိုချင်ပါတယ်။

**ဒီဂီတဖျော်ဖြေပွဲကနေ ရလဒ်အနေနဲ့ ဘာပြန်ရဖို့ မျှော်မှန်းထားပါလဲ။**

လူငယ်တွေရဲ့သိရှိထားမှုဗဟုသုတကို သိရှိနိုင်ဖို့ သက်ရောက်မှုစစ်တမ်းလေးတစ်ခု လုပ်ပါမယ်။ ကျွန်တော်တို့ ပရိသတ်တွေထဲကို ဆင်းပြီး စစ်တမ်းကောက်ဖို့ ရှိတယ်။ ဂီတပွဲမစခင် တစ်ပတ်အလိုမှာ ဒီအကြောင်းအရာ (လူကုန်ကူးမှု)နဲ့ပတ်သက်ပြီးဘယ်လောက်အထိ သိထားတယ်၊ ဘယ်လောက် ဗဟုသုတ ရှိထားလဲဆိုတာကို သိချင်လို့ပါ။ ဂီတပွဲပြီးတာနဲ့ ဘယ်လောက် အသိပညာတိုးလာလဲ၊ ဗဟုသုတ တိုးလာသလဲဆိုတာကို ထပ်ပြီး စစ်တမ်းကောက်သွားမယ်။ အဓိက ရည်မှန်းချက်ကတော့ သူတို့အနေနဲ့ ရွေးချယ်မှုတွေ လုပ်ကြတဲ့အခါ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုတွေဆိုတာ ဘယ်လိုမျိုးလဲ၊ သတင်းအချက်အလက်တွေသုံးပြီး မှန်ကန်တဲ့နည်းလမ်းနဲ့ ဒေသပြောင်းအလုပ်လုပ်ကိုင်မှုတွေ ပြုလုပ်လာနိုင်သလဲဆိုတာတွေကို သိရှိထားပြီလားဆိုတာ သိရအောင်ပါ။

**MTV Exit အနေနဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား စတဲ့အာရှနိုင်ငံတွေမှာ ဒီလိုမျိုး ဂီတဖျော်ဖြေပွဲတွေ လုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံရှိတော့ အဲဒီနိုင်ငံတွေမှာလိုပဲ လူကုန်ကူးခံရမှုတွေ၊ ခေတ်သစ်ကျေးကျွန်ပြုခံရတဲ့ အလားတူပြဿနာတွေလည်းရှိတဲ့ မြန်မာနိုင်ငံအနေနဲ့ သူတို့ဆီကနေ ဘာတွေသင်ယူနိုင်မလဲ။**

ဒီမှာ ဘာသင်ယူနိုင်မလဲဆိုတဲ့နေရာမှာ အရေးအကြီးဆုံးကတော့ မတူညီတဲ့ ကဏ္ဍတွေအားလုံးနဲ့ လူမှု အသိုင်းအဝိုင်းအားလုံးလက်တွဲလုပ်ဆောင်ဖို့က အရေးကြီးဆုံးပဲလို့ ကျွန်တော် ထင်တယ်။ ဒီလူကုန်ကူးမှုပြဿနာက အစိုးရတစ်ခုတည်းပဲ ကိုင်တွယ်ဖြေရှင်းလို့ရမယ့် ပြဿနာမဟုတ်ဘူး။ အစိုးရအနေနဲ့ လုပ်နိုင်တာက ဥပဒေတွေသုံးပြီး နိုင်ငံသားတွေကို ကာကွယ်ပြီး လူကုန်ကူးသူတွေနဲ့ လိင်ပိုင်းဆိုင်ရာ အသုံးချဖို့ကြားကနေ ရောင်းစားဖို့ ကြိုးပမ်းသူတွေကို အရေးယူဖို့ပဲ။ ကျွန်တော်တို့ ဂီတပွဲကနေတစ်ဆင့် လူမှုအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကဏ္ဍနဲ့ မီဒီယာတွေ စုပေါင်းပြီး မတူညီတဲ့ အလွှာပေါင်းစုံ၊ အသိုင်းအဝိုင်းစုံကနေ ပူးပေါင်းပြီး လူတိုင်းလူတိုင်းမှာ လူကုန်ကူးမှုနဲ့ ပတ်သက်ပြီး ပူးပေါင်းကာကွယ်ဖို့ တာဝန်ရှိတယ်ဆိုတာကို သိရှိသွားစေလိုတဲ့ ဆန္ဒနဲ့ ကြိုးပမ်းနေတာပါ။ ဒါဟာ အစိုးရတစ်ခုတည်းက တုံ့ပြန်ရမယ့် တာဝန်မဟုတ်ဘဲ အားလုံးလက်တွဲ ဖြေရှင်းရမယ့်ကိစ္စပါ။ လူကုန်ကူးမှုဆိုတာ လိင်ပိုင်းဆိုင်ရာ ရောင်းချမှုတွေ၊ အလုပ်ခိုင်းစေဖို့ ရောင်းချမှုတွေတင် သာမကပါဘူး။ အခြားအခြားသော ကွဲပြားတဲ့ ပုံစံမျိုးစုံရှိပါတယ်။ အဲဒါဟာ နိုင်ငံဖွံ့ဖြိုးပြီးမှ ဖြစ်နေတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံတွင်းမှာလည်း ဖြစ်နေပါတယ်။ လူကုန်ကူးမှုတိုက်ဖျက်ဖို့ဆိုရင် အတူတူ စကားပြောကြပြီး အတူတူ အလုပ်လုပ်ကြဖို့က အဓိကသော့ချက်ပါပဲ။

**ဂီတဖျော်ဖြေပွဲမှာ လူကုန်ကူးမှုဒဏ်ခံခဲ့ရသူတွေကိုယ်တိုင်ကိုရော ပါဝင်ဆင်နွှဲဖို့ စီစဉ်ထားတာ ရှိပါလား။**

ရှိပါတယ်။ ကျွန်တော်တို့အရင်ကတည်းက လူကုန်ကူးမှုရဲ့ သားကောင်ဖြစ်ပြီး လွတ်မြောက်လာတဲ့ သူတွေနဲ့ အတူလက်တွဲအလုပ်လုပ်ပြီး သတင်းမှတ်တမ်းကားတွေ ဖန်တီးခဲ့ဖူးတယ်။ ဒီနှစ်မှာဆို အဆိုတော် R ဇာနည်ပါဝင်တဲ့ Enslaved အမည်ရတဲ့မှတ်တမ်း ရုပ်ရှင်။ အရင်နှစ်တွေတုန်းကဆိုရင် 'Traffic'ဆိုတဲ့ မှတ်တမ်းရုပ်ရှင် ထုတ်လုပ်ခဲ့ဖူးတယ်။ ကျွန်တော်တို့နဲ့ အလုပ်တွဲလုပ်နေတဲ့ အင်န်ဂျီအိုတွေနဲ့ လူကုန်ကူးခံရဖူးတဲ့သူတွေကိုပါဝင်ဆင်နွှဲဖို့ဖိတ်ဖို့ရှိပါတယ်။ ကျွန်တော်တို့က လူကုန်ကူးခံရတာကနေ လွတ်မြောက်လာတဲ့သူတွေတင် မကဘူး။ လူကုန်ကူးခံရနိုင်ခြေရှိတဲ့ သာမန်အောက်ခြေလူ့အဖွဲ့အစည်းက လူတွေကိုလည်းဖိတ်ထားတယ်။ ကျွန်တော်တို့ဂီတပွဲရဲ့ အဓိကရည်ရွယ်ချက်က အလွှာပေါင်းစုံက လူမှုအသိုင်းအဝိုင်းအားလုံးဆီကို ရောက်သွားစေချင်တဲ့ ဆန္ဒပါ။

**ဂီတပွဲကိုလာမယ့်သူတွေ၊ ဂီတပွဲကို လာမကြည့်နိုင်တဲ့သူတွေ၊ ပြီးတော့ မြန်မာနိုင်ငံအနှံ့မှာနဲ့ လူကုန်ကူးမှုကိုခံခဲ့ရသူတွေ၊ အလွှာ အသီးသီးကမြန်မာနိုင်ငံသားတွေကို အမှာစကားပါးချင်တာများရှိသလား။**

သေချာကို ရှိတာပေါ့။ ကျွန်တော်တို့လုပ်နေတဲ့ လှုံ့ဆော်မှုတွေက လူကုန်ကူးမှုနဲ့ ပတ်သက်တဲ့ အသိပညာရအောင်အပြင် လုံခြုံတဲ့ ရွှေ့ပြောင်းအလုပ်လုပ်မှုတွေကို ရည်ရွယ်တာပါ။ ဆိုလိုတာက ကျွန်တော်တို့အနေနဲ့ လူငယ်တွေကို အလုပ်အကိုင်တွေ အခွင့်အလမ်းတွေအတွက် လုံးဝမရွှေ့ပြောင်းနဲ့လို့ ပြောမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ကြိုးပမ်းသွားမှာက နိုင်ငံဖွံ့ဖြိုးပြီး အလုပ်လုပ်တဲ့အခါ အခွင့်အလမ်းသစ်တွေရှာဖွေတဲ့အခါမှာ သတင်းအချက်အလက်တွေရှာဖွေပြီး မှန်ကန်တဲ့အခွင့်အလမ်းတွေကို ရွေးချယ်နိုင်အောင် လုပ်ဖို့ပါ။ တစ်ခါတလေမှာ စီးပွားရေးအခြေအနေတွေ၊ လူမှုရေးအခြေအနေတွေကနေ လူတွေကို ဆိုးရွားတဲ့ အခြေအနေတွေဆီကို တွန်းပို့ပေးတတ်ပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ အဲဒီအခွင့်အရေးတွေကိုအရမယူခင်မှာ အခြေအနေကို ကောင်းကောင်းနားလည်သဘောပေါက်ဖို့က အရေးကြီးပါတယ်။ ပြီးတော့ရနိုင်သမျှ သတင်းအချက်အလက်တွေနဲ့ အဲဒီအခွင့်အရေးတွေက စစ်မှန်လားမစစ်မှန်လားဆိုတာ ဝေဖန်ခွဲခြားပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှာပါ။ အဲဒါက ကျွန်တော်တို့ပါးချင်တဲ့ သတင်းစကားပါ။

**နောက်ဆက်လုပ်သွားမယ့် အစီအစဉ်တွေက။**

ကျွန်တော်တို့ နောက်နှစ်ပြန်လာခွင့်ရမယ်လို့ မျှော်လင့်ပါတယ်။ ဒီဂီတဖျော်ဖြေပွဲက ကျွန်တော်တို့ရဲ့ ကနဦးအစခြေလှမ်းပါ။

**ကျေးဇူးတင်ပါတယ်။**

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ယာဉ်တိုက်မှုများကြောင့် နိုဝင်ဘာလအတွင်း သေဆုံးသူ ၂၀ ကျော်တွင် အများစုမှာ အမျိုးသားများဖြစ်

**ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၉**

ယာဉ်မတော်တဆမှုများကြောင့် ရန်ကုန်မြို့၌ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း လူ ၂၀ ကျော် သေဆုံးခဲ့ပြီး ၁၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရန်ကုန်တိုင်းကြီးမှဲကြေးနန်းနှင့်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စာရင်းများအရ သိရသည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများထဲတွင် အမျိုးသားများက အမျိုးသမီးဦးရေထက် များပြားလျက်ရှိသည်။ နိုဝင်ဘာလအတွင်း ယာဉ်တိုက်မှု အကြိမ်ရေ၁၁၀ဖြစ်ပွားခဲ့၍ အမျိုးသား ၁၉ ဦး သေဆုံးကာ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

ယခုနှစ် ပထမခြောက်လအတွင်း ယာဉ်မတော်တဆမှု ၆၀၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၅၂ ဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

ဩဂုတ်လအတွင်း သာကေတ၊ ရှုခင်းသာမြို့ပတ်လမ်း၌ မထသ ၃၄ မိနီဘတ်စ်နှင့် အိမ်စီးကားနှစ်စီး တိုက်မိသည့် ယာဉ်တိုက်မှု၊ စက်တင်ဘာလအတွင်း ကမ္ဘာအေးဘုရားလမ်း၌ အမိပတိအဝါက အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးအားတိုက်၍ ထွက်ပြေးတိမ်းရှောင်မှု၊ နိုဝင်ဘာလအတွင်း အင်းစိန်လမ်းမပေါ်၌၄၈မီနီဘတ်စ်တိမ်းမှောက်မှု၊ ဗန္ဓုလတံတား အဆင်း ကားကိုးစီးဆင့်တိုက်မှုတို့မှာ ယခုရက်ပိုင်းများအတွင်း လူအများ သတိပြုမိခဲ့သည့် ယာဉ်မတော်တဆမှုများဖြစ်သည်။

"အန်တီ့ကလေးက ကျောင်းသွားရင် ကားလမ်းကူးပြီးသွားရတာ။ စိတ်မချဘူး" ဟု ကမာရွတ်မြို့နယ်နေ အစိုးရဝန်ထမ်းတစ်ဦးက ပြောကြားသည်။

လမ်းဖြတ်ကူးသူများ၏ ပေါ့ဆမှုကြောင့် ယခုနှစ်ဆန်းပိုင်းမှ ဇွန်လကုန်အထိ သေဆုံးသူ ၃၀ ကျော်ရှိကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက အသိပေးထုတ်ပြန်ခဲ့သည်။

"ကားသမားတွေချည်း မဟုတ်ဘူး။ လမ်းကူးတဲ့ သူတွေကလည်း စည်းကမ်းမရှိဘူး" ဟု အငှားယာဉ်မောင်းတစ်ဦးက ဆိုသည်။

ယာဉ်တိုက်မှုများ၏ ငါးပုံသုံးပုံမှာ မြို့တွင်း ခရီးသည်တင်ယာဉ်များ၏ မဆင်မခြင်မောင်းနှင်မှုများကြောင့် ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် စာရင်းများအရ သိရသည်။

၂၀၁၁ စာရင်းများအရ ဘုရင့်နောင်၊ သမိုင်း၊ ရှစ်မိုင်၊ လှည်းတန်း၊ ရွှေဂုံတိုင်၊ ပန်းဆိုးတန်း၊ ပြည်လမ်း၊ မင်္ဂလာဒုံဈေး၊ ခရေပင်လမ်းဆုံ၊ အင်းစိန်ပန်းခြံ၊ မြောက်ဥက္ကလာအဝိုင်း၊ တာမွေလမ်းဆုံ၊ ရွှေပြည်သာတံတား၊ ဗန္ဓုလတံတား၊ လှိုင်သာယာ ၁ ထိပ်၊ တာမွေသီတာ၊ သိမ်ဖြူ၊ မော်တင်၊ ကမ်းနားလမ်းတို့မှာ ယာဉ်မတော်တဆမှု အဖြစ်များဆုံး ၇၈ နေရာတွင် ပါဝင်ခဲ့သည်။

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအတွက် လုံခြုံစိတ်ချမှုမရှိသော ခရီးသည်တင်ယာဉ်များအစား အဆင့်မီ စီးတီးဘတ်စ်များ တင်သွင်းပြီး အမြန်ဆုံးပြေးဆွဲနိုင်ရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။



ဗန္ဓုလတံတားအဆင်း ကား ၉ စီးဆင့်တိုက်ခဲ့စဉ်က

ဓာတ်ပုံ-ကျော်ဇင်သန်း

## ANZ ဘဏ် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခွင့် လိုင်စင်ရသည့် ပထမဆုံး ဩစတြေးလျဘဏ်ဖြစ်လာ

**ဆစ်ဒနီ၊ ဒီဇင်ဘာ - ၁၀**

ဩစတြေးလျဘဏ်တစ်ခုဖြစ်သော ANZ ဘဏ်သည် မြန်မာနိုင်ငံတော်ဘဏ်ထံမှ လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်ရရှိသည့် ပထမဆုံးသော ဩစတြေးလျဘဏ် ဖြစ်လာသည်။

ANZသည် ယခုနှစ်အစောပိုင်းက မြန်မာအပေါ် ဩစတြေးလျ၏ ပိတ်ဆို့မှုများ ဖယ်ရှားပေးအပြီး ပထမဆုံး လုပ်ကိုင်ခွင့်ရသော ဩစတြေးလျဘဏ် ဖြစ်လာခြင်းဖြစ်သည်။ မြန်မာသည် မြေနေရာပေါများခြင်း၊ တွင်းထွက်သတ္တုများနှင့် စွမ်းအင်စသည့်ရင်းမြစ်များကြွယ်ဝခြင်းကြောင့် ကာလတစ်ခုအတွင်း စီးပွားရေးဖွံ့ဖြိုးမှုအလားအလာရှိကြောင်း သိရသည်။

ANZ ၏မြန်မာရုံးခွဲသည် မြို့တော်ရန်ကုန်တွင် အခြေစိုက်မည်ဖြစ်ပြီး ၂၀၁၃နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ မြန်မာရုံးခွဲကို ANZ Royalဘဏ်၏ ကမ္ဘောဒီးယား အမှုဆောင်အရာရှိချုပ်ဖြစ်ပြီးANZ လာအို၏ဥက္ကဋ္ဌလည်းဖြစ်သူဂရန့်ကနက်ကီက ကြီးကြပ်မည်ဟု သိရသည်။ ဩစတြေးလျအစိုးရသည် ယခုနှစ်ဧပြီလတွင်မြန်မာနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ ပုံမှန်အတိုင်း ပြုလုပ်သွားမည်ဟုကြေညာခဲ့ပြီးနောက် ဇွန်လတွင် နိုင်ငံခြားရေးဝန်ကြီးဘော့ဘ်ကားမြန်မာသို့လာရောက်လည်ပတ်ပြီးနောက်ကျန်ရှိနေသည့် ဘဏ္ဍာရေးအရ ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။

Ref: Financial Review



7DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# ဘတ်ဂျက်လေးဆတိုး ချထားပေးသည့်အတွက် ၆၀ ကျော် ဘိုးဘွားများ အခမဲ့ဆေးကုသခွင့် ပိုရရှိလာမည်ဟုဆို

**ဝတ်ရည်အောင်**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၆**

လာမည့်နှစ်အတွက်ကျန်းမာရေး ဘတ်ဂျက်လေးဆကျော်တိုးမြှင့် ခွင့်ပြုထားသည့်အတွက် အသက် ၆၀ ကျော် ဘိုးဘွားများ နိုင်ငံပိုင် ဆေးရုံများတွင် အခမဲ့ ဆေးကုသခွင့်နှင့် ကျန်းမာရေးစစ်ဆေးခွင့် များ ပိုမိုရရှိတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောသည်။

ယခုနှစ် နိုဝင်ဘာမှ ၂၀၁၃ မတ်လအထိ စုစုပေါင်း ငါးလအတွက် ဇဟိုအဆင့်ဆေးရုံ ၁၅ ရုံ၊ တိုင်းဒေသကြီးပြည်နယ်အဆင့် ဆေးရုံများအတွက် ဆေးဝယ်ယူရန် ခုတင်အလိုက် ဆေးရုံတစ်ရုံလျှင် ခွင့်ပြုငွေကျပ် သိန်းပေါင်း ၄၀၀မှ ၁၅၀၀ထိ ခွဲဝေချထားပေးပြီးပြီဟု သိရသည်။

လက်ရှိစီမံချက်ချပြုလုပ်နေသည့် မြို့နယ်များအပြင် ကျန်ရှိသည့်ခုတင် ၂၀၀ အောက်ဆေးရုံ၊ မြို့နယ်အဆင့် တိုက်နယ်အဆင့် ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေး ဌာနအဆင့်အထိ ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆေးများဝယ်ယူကာ မြို့ပြနှင့် ကျေးလက်ဒေသများရှိ အသက် ၆၀ ကျော် ဘိုးဘွားများအား နိုင်ငံပိုင်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်နှင့်ကျန်းမာရေးစစ်ဆေးခွင့်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အရေးပေါ်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့ရှိ အင်းစိန်ဆေးရုံကြီး၌ အသက်၆၀နှစ်အထက်ဘိုးဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်ကြောင်း သတင်းရရှိသည်။


"တစ်ပတ်ကိုတစ်ရက် သက်ကြီးဘိုးဘွားတွေကို ကြည့်ရှုကုသပေးတယ်။ တစ်ရက်ကိုလူနာ ၂၀၀ ဝန်းကျင်ရှိတယ်။ လူနာများတဲ့အတွက် လူတိုင်းကိုတော့ အခမဲ့ မလုပ်ပေးနိုင်သေးဘူး။ ဆေးဝါးလည်း မလောက်ဘူး။ ဒါတောင် ဒီမှာအဲဒီလို ကုပေးတာကို သိတဲ့သူတွေကတော့ ဆေးလာလှူကြတာတွေရှိလို့။ အဲဒီတော့ လူနာတစ်ဦးချင်းကို မေးမြန်းပြီး လိုအပ်တဲ့သူတွေလောက်ကိုပဲ အပြည့်ရအောင် လုပ်ပေးနိုင်တယ်။ ဆေးရုံတင်ရမယ့် လူနာဆိုလည်း ၁၀၀ လိုရင် ၃၀ လောက် ပေးနိုင်အောင်တော့ လုပ်တယ်"ဟု အင်းစိန်ဆေးရုံကြီးမှဆေးရုံအုပ်ကြီးပါမောက္ခဒေါ်မာမာကြည်ကပြောသည်။

ဘိုးဘွားများ အခမဲ့ဆေးဝါးများ ရရှိနိုင်ရန်အတွက် ဆေးဝါးလိုအပ်ချက်ရှိနေကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။ "အခမဲ့ဆေးဝါးကုသမှုပေးဖို့က လူနာတွေကရှိပြီးသား။ ဘတ်ဂျက်တကယ်လည်း ချပေးပြီး ဆေးဝါးတွေသာ တကယ်အပြည့်ရမယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေက မလုပ်နိုင်စရာမရှိပါဘူး" ဟု အဆိုပါ ပါမောက္ခက ပြောကြားသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းလက် ရှိဆောင်ရွက်နေသည့် စီမံချက် နေရာများအပြင် သန်လျင်၊ သုံးခွ၊ ခရမ်း၊ ဒေါပုံ၊ လှိုင်သာယာ၊ တွံတေး စသည့်မြို့နယ်များတွင်ပါ စီမံချက်များ ပြုလုပ်နေကြောင်း ဒေါက်တာမြင့်သိန်းက ဖြေကြားသည်။

ထိုအရေးပေါ် အစည်းအဝေးတွင် အသက် ၇၀ ကျော် ဘိုးဘွားများအား နိုင်ငံပိုင်ဆေးရုံဆေးခန်းများ၌ အခမဲ့ ဆေးကုသခွင့်နှင့် အခမဲ့ဆေးစစ်ဆေးခွင့်များ ပေးနေပါသလားဆိုသည့် ဒေါက်တာ ဒေါ်ညိုညိုသင်း၏ မေးခွန်းအား ယင်းကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

"အဆိုအနေနဲ့တင်သွင်းတာကို စီမံချက်တွေချပြီး လုပ်နေတာကို တရားဝင် ပြန်ဖြေကြားတာပေါ့။ ဒါပေမဲ့စီမံချက်တွေသာလုပ်နေသော်လည်းလူထုကိုထိရောက်မှု ရှိ၊ မရှိဆိုတာတော့ ထပ်ပြီးစောင့်ကြည့်မယ်။ တကယ်လို့ အကောင်အထည် မဖော်နိုင်ဘူး။ လက်တွေ့မှာ အကျိုးသက်ရောက်မှု နည်းနေတယ်ဆိုရင်တော့ ပြင်းထန်တဲ့ဖိအားပေးတဲ့ နောက်အဆိုကိုတင်သွင်းမယ်"ဟုထိုအဆိုအား တင်သွင်းခဲ့သူတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ညိုညိုသင်းက ပြောသည်။




## အမေရိကန်မှ အထည်အမှာများ ရှေ့နှစ်ဆန်းတွင် ရဖွယ်ရှိ

**ပြည်သိမ်း**
**ရန်ကုန်၊ဒီဇင်ဘာ-၁၀**

စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပြီးနောက် အမေရိကန်ဈေးကွက်မှ မြန်မာ့ချုပ်ထည်အမှာများ ၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလခန့်တွင်စတင် လက်ခံရရှိနိုင်ဖွယ်ရှိကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောကြားသည်။

အမေရိကန် ဈေးကွက်သို့ တင်ပို့နိုင်ပါက မြန်မာချုပ်ထည် ပြည်ပသို့ တင်ပို့မှု ၂၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းထိ တိုးတက်လာနိုင်သည်ဟု အထည်ချုပ်လုပ်ငန်းရှင်များ မျှော်လင့်နေကြသည်။

အပ်ထည်များ ရရှိပါက နိုင်ငံတကာအဆင့်မီ လုပ်ကိုင်နိုင်ရန် နည်းပညာနှင့် အတွေ့အကြုံအတွက် ပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဦးမြင့်စိုးက ပြောကြားသည်။

"အမေရိကန်ဈေးကွက်ကလူတွေက မြန်မာမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေကြတယ်။ လောလောဆယ်အပ်ထည်တွေကတော့ ဂျပန်နဲ့ တရုတ်က အဓိကလာဖို့ရှိတယ်"ဟု ဦးမြင့်စိုးကရှင်းပြသည်။

အမေရိကန်အမှာရရှိရန် အလုပ်သမားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသာမက အလုပ်သမားနှင့် အလုပ်ရှင်များ၏ တာဝန်အခွင့် အရေးပိုင်းများ အပါအဝင် တည်ငြိမ်သောလုပ်ငန်းခွင်ဖြစ်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အလုပ်ချိန်သတ်မှတ်ချက် အလုပ်သမားဥပဒေများရှိသော်လည်း နိုင်ငံတကာနှင့် မကိုက်ညီသည်များလည်း ရှိနိုင်သဖြင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဦးမြင့်စိုးက ပြောကြားသည်။

"အမေရိကန်အော်ဒါရဖို့ကတော့ ကြာနေတာပဲ။ တကယ်ရမယ်ဆိုရင်တော့ လစာပိုထွက်တာပေါ့"ဟု ရွှေပြည်သာစက်မှုဇုန်မှ အထည်ချုပ်အလုပ်သမားတစ်ဦးက သူ့အမြင်ကို ပြောသည်။

မြန်မာ့ချုပ်ထည်များ အမေရိကန်ဈေးကွက်သို့ တင်ပို့မှုသည် ၂၀၀၁ ခုနှစ်က ချုပ်ခဝင်ငွေ ဒေါ်လာ ၄၀၈ သန်းဝန်းကျင်ရရှိခဲ့သည်။ ယင်းနှစ်တွင် ချုပ်ထည်မှ ဝင်ငွေစုစုပေါင်း ရရှိသည့်ပမာဏမှာ ကန်ဒေါ်လာ ၈၂၉ သန်းရှိသဖြင့် အမေရိကန်ဈေးကွက်မှ ရရှိငွေမှာ ထက်ဝက်နီးပါးရှိခဲ့သည်။ ယင်းနောက် ၂၀၀၅ခုနှစ်မှစတင်၍ အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်မှုမရှိတော့ဘဲ ၂၀၁၀ပြည့်နှစ်တွင် မြန်မာ့ချုပ်ထည် ပြည်ပသို့ တင်ပို့မှု ချုပ်ခဝင်ငွေစုစုပေါင်းမှာ ၄၈၉ ဒသမ ၆ သန်းသာ ရှိတော့သည်။



bonia.com
BONIA
The Italian Inspiration
Blazon (Taw Win), Gamone Pwint (Kabaraye), Junction Square, Junction Centre (Nay Pyi Taw), Great Wall (Mdy)
Tel : 09 73190362 E-mail : bdtboniamgr@goldenland.com.mm


unlock
Delightful moments of life
COMING SOON!
NESCAFÉ


SWEETY HOME
Spring Mattress
ROYAL POCKET
100% NATURAL LATEX
PARADISE (3 in 1)
Yangon Tel:01-535694, 205224
Mandalay Tel:02-65938, 60810, 34021


GOOD BROTHERS' SERVICES CO., LTD
GBS
နိုင်ငံတော်မှ တရားဝင်တင်သွင်းခွင့်ပြုထားသော
Model မြင့် ကားအမျိုးမျိုးကို
ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
AUTOMOBILE SALES CENTER
အမှတ် (၈၅)၊ အေးရိပ်မွန်လမ်းထိပ်၊ ဘုရင့်နောင်လမ်းမကြီး (ချောင်းဝဘုန်းကြီးကျောင်းရှေ့)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၅၁၀၉၇၈၈၊ ၀၉-၄၉၇၀၆၃၈၆၊ ၀၉-၂၀၃၆၀၀၄၊ ၀၉-၄၉၃၂၇၁၇၀၊ ၀၉၄၉၃၂၃၈၁၅


လိုအပ်ချက်တွေအတွက် ဈေးဝယ်ရင်း...
30%
GSM ဖုန်းကဒ်နှင့် Handset
လိုချင်တာတွေ ရနိုင်မည်
အထူး
လက်ဆောင်
www.tharaphusoemyint.com


Cobra
ENERGY DRINK
သန်စွမ်းကြံ့ခိုင်ခြင်း
စိတ်ကြွလန်းဆန်းခြင်း
Taurine & Inositol
Cobra
ENERGY DRINK
CITRUS BLAST
Cobra
ENERGY DRINK
330 ml
MDG


သင့် နှလုံး ကိုဂရုစိုက်ပါ..
သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !
British Hypertension Society နှင့် German Hypertension Society
SWISS
microlife
DESIGN
pad
mam
Clinically Tested
BHS A/A-BHS Protocol
BHS
reddot



www.myanmar-expo.com/MTG/
MYANMAR INT'L
TEXTILE & GARMENT
INDUSTRY EXHIBITION
၂၀၁၂ အပြည်ပြည်ဆိုင်ရာ မြန်မာ့ချည်မျှင်နှင့်အထည်ချုပ်စက်ပစ္စည်းများပြပွဲကြီး
Visit the First Ever
Machinery Exhibition in Yangon
Exhibition space is Fully Occupied with more than 85 BRANDS of Textile & Garment Machineries manufacturers from 7 COUNTRIES.
*MUST Attend Event with the strong support from REPUBLIC OF THE UNION OF MYANMAR FEDERATION OF CHAMBERS OF COMMERCE & INDUSTRY – UMFCCI, Myanmar Garment Manufacturers Association – MGMA and other associations for the expansion and development of the industrial sector.
ကျင်းပမည့်နေ့ရက် - ၂၀၁၂၊ ဒီဇင်ဘာ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့ထိ
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၄း၃၀ အထိ
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ (ရန်ကုန်)
EXHIBIT PROFILE
• TEXTILE MACHINERY
• FIBERS, FILAMENTS, YARN
• APPAREL MACHINERY
• FABRICS
• ACCESSORIES
Organizer:
Co-organizer:
Supported by:
Sponsor:
FUSHENG
FOR FURTHER INQUIRIES PLEASE CONTACT:
Ms. MYO KYI PHYU TUN
Address:
Tel: (95-1) 373345 / Fax: (95-1) 373345
Mobile: 09420703426
Email: Myanmar@chanchao.com.tw




MIMIF 2012 MYANMAR INT'L
MACHINERY INDUSTRIAL FAIR
၂၀၁၂ အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲကြီး
MYANMARWOOD
Myanmar PLAS
MACHINE TOOL
AUTO MATION
Myanmar PACK
Myanmar PRINT
Myanmar FOODTECH
Organizer:
TAIWAN
TAIWAN PAVILION
YOUR BEST CHOICE
ကျင်းပမည့်နေ့ရက် - ၂၀၁၂၊ ဒီဇင်ဘာ ၂၁ရက်နေ့မှ ၂၄ရက်နေ့ထိ
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၄း၃၀ အထိ
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ (ရန်ကုန်)
Exhibitors from Taiwan
tend
LINT
DUKE
KuDos
OMAX
KWT.
www.myanmar-expo.com/MIMIF/

7 DAY NEWS JOURNAL
Vol.11, No.40 • DECEMBER 13 , 2012

# လူ ၁၇ ဦးသေဆုံးခဲ့သော တရုတ်ကျောက်မီးသွေးတွင်း မတော်တဆမှုအတွက် အရာရှိ ရှစ်ဦးအား ရာထူးမှ ထုတ်ပယ်

**ရှန်ဟိုင်း၊ ဒီဇင်ဘာ - ၁၀**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းယူနန်ပြည်နယ်ရှိကျောက်မီးသွေးမိုင်းတစ်ခု၌ မတော်တဆမှုဖြစ်ပွားရာတွင်လူ ၁၇ ဦး သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များက အစိုးရတာဝန်ရှိသူရှစ်ဦးအား ရာထူးမှရပ်စဲပြီး နှစ်ဦးအားဖမ်းဆီးလိုက်ကြောင်း သိရသည်။ တရုတ်နိုင်ငံပိုင်ဆင်ဟွာသတင်း ဖော်ပြချက်အရ ရာထူးမှရပ်စဲခံရသူဝန်ထမ်း ရှစ်ဦးတွင် ဖူယွမ်ခ ရိုင်ကျောက်မီးသွေးလုပ်ငန်းအကြီးအကဲနှင့်လက်ထောက်ညွှန်မှူးတို့လည်း ပါဝင်ကြောင်း သိရသည်။




*တရားဝင်စာရင်းများအရ တရုတ်နိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ကျောက်မီးသွေးမိုင်းမတော်တဆမှုများကြောင့် လူ ၂,၀၀၀ နီးပါး သေဆုံးခဲ့သည်*

တရုတ်နိုင်ငံရှိ မိုင်းတွင်းများသည်ကမ္ဘာပေါ်တွင် အန္တရာယ်အကြီးဆုံးသောမိုင်းတွင်းများအဖြစ် သတ်မှတ်ခံရပြီး လုံခြုံရေးစံချိန်စံညွှန်းများတိတိကျကျလိုက်နာမှုတွင်လည်း အားနည်းနေကြောင်း သိရသည်။ သို့သော်အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းများအရယခုမိုင်းလုပ်ငန်းမတော်တဆဖြစ်မှု၌ သေဆုံးသူဦးရေမှာ လျော့ကျလာကြောင်းဖော်ပြသည်။

အဆိုပါမိုင်းတွင်းပေါက်ကွဲမှုတွင် လူနှစ်ဦးကိုဖမ်းဆီးထားပြီး သေဆုံးသူ ၁၇ ဦးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကလျော်ကြေးယွမ် ၉၉၀,၀၀၀ (ကန်ဒေါ်လာ ၁၅၈,၉၀၀) ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လကလည်း စီချွမ်ပြည်နယ်တွင်ကျောက်မီးသွေးတွင်းတစ်ခု ပေါက်ကွဲခဲ့ရာ မိုင်းလုပ်သား ၂၆ ဦးသေဆုံးခဲ့ရပြီး ယင်းမှာ တစ်နှစ်အတွင်း အကြီးမားဆုံး မိုင်းမတော်တဆမှုဖြစ်သည်။

*—Ref: The Star*

# ဂါနာရွေးကောက်ပွဲ လက်ရှိသမ္မတအနိုင်ရ

**အက်ခရာ၊ ဒီဇင်ဘာ - ၁၀**

ဂါနာ သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျွန်မာဟာမာက အနိုင်ရရှိသွားကြောင်းရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ကြေညာသည်။

လက်ရှိသမ္မတ မစ္စတာမာဟာမာက မဲအရေအတွက် ၅၀ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ပြီး အတိုက်အခံခေါင်းဆောင် နာနီအကူဖိုအက်ဒိုက ၄၇ ဒသမ ၇၄ ရာခိုင်နှုန်းရရှိခဲ့သည်ဟု ကော်မရှင်က ပြောသည်။ သို့သော် ယင်းရလဒ်ကို စိန်ခေါ်သွားမည်ဟု အတိုက်အခံ NPP ပါတီက ပြောကြားပြီး NDC ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရန် ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများနှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲထားသည်။

သမ္မတမာဟာမာကမူ ပြည်သူလူထု၏ အသံကို နားထောင်ကြရန် နိုင်ငံရေးပါတီအားလုံးအားတိုက်တွန်းထားသည်။ "ပြည်သူတွေရဲ့ အသံဟာ ဘုရားသခင်ရဲ့အသံပါပဲ" ဟု သမ္မတက ပြောသည်။

ဂါနာနိုင်ငံမြို့တော် အက်ခရာရှိ ရွေးကောက်ပွဲ ကော်မရှင်ရုံးများအပြင်ဘက်၌ စုဝေးရောက်ရှိလာသော အတိုက်အခံ ကန့်ကွက်ဆန္ဒပြသူများအား လူစုခွဲရန် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့သည်။ ရွေးကောက်ပွဲရလဒ်များကြေညာချိန်တွင် ကော်မရှင်ရုံးအား တင့်ကားများနှင့် အကာအကွယ်ပေးထားခဲ့သည်။ ကော်မရှင်ရုံးသို့ သွားရာလမ်းများကိုလည်း ရဲတပ်ဖွဲ့များကစောင့်ကြပ်နေသည်။

ရွေးကောက်ပွဲတွင်မဲပေးခွင့်ရှိသူ ၈၀ ရာခိုင်နှုန်း မဲပေးခဲ့သည်။

ဂါနာနိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးအတိုးတက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဖရိကတိုက်တွင် တည်ငြိမ်မှုအရှိဆုံး ဒီမိုကရေစီနိုင်ငံဟု ယူဆခံရသည်။

*—Ref: BBC*











# နာမကရဏမင်္ဂလာအခမ်းအနား ကျေးဇူးတင်လွှာ

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် မြရိပ်ညိုရွိုင်ရယ်ဟိုတယ်၊ ဘုရင့်နောင်ခန်းမ၌ ကျင်းပခဲ့သော ကျွန်တော်၊ ကျွန်မတို့၏ ဒုတိယသားရတနာ မောင်အောင်စစ်ငြိမ်း၏ နာမကရဏ မင်္ဂလာအခမ်းအနားတွင် ဘယက်တန်ဆာဆင်မြန်းပေးကြပါသော ဘွားဘွား ဒေါ်စံယုံနှင့် ကြီးကြီး ဒေါ်စုငြိမ်းအေး၊ ဘိုးဘိုး ဦးစိုးညွန့်နှင့် ဘွားဘွား ဒေါ်ဝင်းမူ၊ ဘကြီး ဦးသက်နိုင်ဦးနှင့် ကြီးကြီး ဒေါ်မီမီစိုးညွန့်၊ သားငယ်ရတနာ ကျန်းမာစေရန်၊ ပညာရေးဗဟုသုတ အတွေ့အခေါ် ရင့်သန်ထက်မြက်စေရန်၊ စီးပွားလုပ်ငန်းတိုးတက် အောင်မြင်စေရန်နှင့် ဘုန်းကံကြီးမား လူတော်လူကောင်း ဖြစ်လာစေရန်အကျိုးပြုသော မင်္ဂလာအတိတ်ကို ရည်ညွှန်းသော နိမိတ်လက္ခဏာအဖြစ် ဆန္ဒပြုဆုတောင်းပေးကြသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့်ဇနီး ဒေါ်တင်တင်အေး၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့်ဇနီး ဒေါ်ဆွေဆွေသိန်း၊ မြန်မာ့ပြည်ဘာလုပ်ငန်းစု၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးသတိုးဟိန်းနှင့်ဇနီး ဒေါ်စိုးမာလာ၊ မြန်မာ့စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးအောင်စိုးသာနှင့်ဇနီး ဒေါ်နိုင်ငြည့်ရုံကြိုင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲ သမီးငယ် Glenda၊ ရွှေကလပ်များကိုင်ဆောင်ပေးကြပါသော သမီးငယ် ဆုရွှေပါ၊ သမီးငယ် April၊ ညီမငယ် ပိုးအိလီ၊ ပိုးအိမြွင်၊ အေးချမ်းမိုး၊ သဲနော်ဘာ၊ မင်္ဂလာအခါတော်ပေးနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသင်မြင့်သန်းနှင့် ဒေါ်တင်မိုးလွင်၊ မင်္ဂလာတေး၊ တေးသံသာများနှင့် ဖျော်ဖြေပေးပါသော ဒေါ်နင်းရည်သန့်နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးပါသော ဦးကိုကိုကြီးနှင့်ညီများ(သမီး မဟင်းစန္ဒာကြီး)၊ ပန်းအလှဆင် Eternal Flowers၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော လင်းလင်း (Makeup Artist)၊ ပန်းကြဲနှင့် ရွှေကလပ်ကိုင်ဆောင်သူများအတွက် ဝတ်စုံနှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မနန္ဒာ (သီတာဂူသစ်ရှိ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ ငှားရမ်း/ရောင်းချခြင်းလုပ်ငန်း)၊ ဓာတ်စာရိုက်နှိပ်ပေးပါသော မြရိပ်မှုန်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၊ ဓာတ်ပုံမှတ်တမ်းတင် ကိုရွှေမောင်မောင် (အမေရှုရ)နှင့် ကိုထက်ပိုင်ငြိမ်း (ဇဝန)၊ ဗီဒီယို မှတ်တမ်းတင် People Media အဖွဲ့၊ မြရိပ်ညိုရွိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူများအားလုံးနှင့် နာမကရဏမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား လှိုက်လှဲစွာ အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဦးသောင်းဇော်ငြိမ်း - ဒေါ်စုစုစိုးညွန့်
သားကြီး မောင်သင်စစ်ငြိမ်း နှင့် သားငယ် မောင်အောင်စစ်ငြိမ်း





WALK FREE.ORG
MINISTRY OF HOME AFFAIRS
UNIAP
မဲ့တေးဂီတဖျော်ဖြေပွဲ 16 DEC
PLE'S SQUARE GATES OPEN 4PM
ASON MRAZ
MACHINE•R ZARNI•PHYU PHYU KYAW THEIN
CHAN•CHIT THU WAI•LYNN LYNN•SAI SAI•PYO GYI
IT
WWW.MTVEXIT.ORG
AirAsia
4 DIGITAL
MRTV
MYASIA TICKET MYANMAR
7DAY NEWS JOURNAL




# အဂတိလိုက်စားမှုအများဆုံး ငါးနိုင်ငံတွင် မြန်မာပါဝင်

**ရန်မျိုးနိုင်၊ အောင်ခိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၀**

ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုအများဆုံး ငါးနိုင်ငံထဲ၌ မြန်မာနိုင်ငံပါဝင်နေကြောင်း ဂျာမနီနိုင်ငံအခြေစိုက် Transparency International အဖွဲ့က ၂၀၁၂ ခုနှစ်အတွက်ထုတ်ပြန်သောခြစားမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့သည် အဂတိလိုက်စားမှုများနှင့် ပတ်သက်ပြီး နိုင်ငံများ၏ အခြေအနေကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။ ယခုနှစ်အတွက် ထုတ်ပြန်ချက်၌ မြန်မာနိုင်ငံပြီးလျှင် ဆူဒန်၊ အာဖဂန်နစ္စတန်၊ မြောက်ကိုရီးယားနှင့် ဆိုမာလီယာနိုင်ငံတို့ အစဉ်လိုက် ရပ်တည်နေသည်။

"တစ်မျိုးသားလုံးအတွက် အကျင့်ပျက်ခြစားမှုဟာ အန္တရာယ်ပဲ။ အကျင့်ပျက်ခြစားမှုရှိရင် တရားဥပဒေစိုးမိုးမှုမရှိဘူး။ တရားဥပဒေစိုးမိုးမှုမရှိရင် တည်ငြိမ်အေးချမ်းမှုလည်း ရမှာမဟုတ်ဘူး။ တည်ငြိမ်အေးချမ်းမှုမရှိရင် တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်မှုလည်း ရလာမှာမဟုတ်ဘူး" ဟု ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

Transparency International ၏ ၂၀၁၀ပြည့်နှစ်အတွက် ထုတ်ပြန်ချက်တွင်မြန်မာနိုင်ငံကိုအကျင့်ပျက်ခြစားမှုအများဆုံး သုံးနိုင်ငံထဲတွင် ထည့်သွင်းထားပြီး ၂၀၁၁ ခုနှစ်အတွက် ထုတ်ပြန်ချက်တွင် အကျင့်ပျက်ခြစားမှုအများဆုံးလေးနိုင်ငံစာရင်းထဲ ထည့်သွင်းဖော်ပြထားသည်။

ယင်းအဖွဲ့က စာရင်းထုတ်ပြန်ရာတွင် အဂတိလိုက်စားမှု အနည်းဆုံးဟုသတ်မှတ်သည့် နိုင်ငံကို ဇယား၏ အပေါ်ဘက်တွင်ထားရှိပြီး အစဉ်လိုက်ဖော်ပြခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်အတွက် နိုင်ငံပေါင်း ၁၇၆ နိုင်ငံတွင် ဒိန်းမတ်၊ ဖင်လန်၊ နယူးဇီလန်တို့က ထိပ်ဆုံးမှ ပူးတွဲရပ်တည်နေပြီး အရှေ့တောင်အာရှမှ စင်ကာပူက အကျင့်ပျက်လာဘ်စားမှုအနည်းဆုံး နံပါတ်ငါးဖြစ် သတ်မှတ်ခြင်းခံရသည်။

မြန်မာနိုင်ငံသည် ယင်းအဖွဲ့၏ ဖော်ပြချက်တွင် ယခင်နှစ်များနှင့်ယှဉ်ပါက နှစ်အလိုက် ဖြည်းဖြည်းချင်း တက်လာနိုင်ခဲ့သည်။

# နွေစပါးပေါ်ချိန်တွင် မန္တလေးနှင့်စစ်ကိုင်းမှ အရန်ဆန် ဝယ်ယူမည်

**မောင်တာ**

**မန္တလေး၊**
**ဒီဇင်ဘာ - ၁၀**

နွေစပါးပေါ်ချိန်တွင် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သင့်တင့်သော ဈေးနှုန်းဖြင့် အရန်ဆန်ဝယ်ယူသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

ဒီဇင်ဘာ ၂ ရက်က မန္တလေးမြို့ခံ ကုန်သည်များနှင့် တွေ့ဆုံစဉ် ဝန်ကြီးဦးဝင်းမြင့်က ပြောကြားခဲ့သည်။ ဝယ်ယူမည့်ဆန်တန်ချိန် အတိအကျမပြောသော်လည်း အရန်ဆန်များ ဝယ်ယူပြီးသည့်အခါ လမ်းပန်းဆက်သွယ်ရေးအချက်အချာကျသည့် မန္တလေးမြို့တွင် ပင်ထားရှိမည်ဖြစ်ကြောင်း၊ အရန်ဆန်များထားရှိရန် မန္တလေးမြို့တွင်ဂိုဒေါင်အလုံအလောက်ရှိပြီးဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

ထပ်မံဆွေးနွေးတိုင်ပင်ရဦးမည်ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီးမှ ဆန်တန်ချိန် ၁၀၀၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်တန်ချိန် ၁၀၀၀ ဝယ်ယူဖွယ်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးဌေးလွင်က ပြောသည်။

ဧရာဝတီတိုင်း ဒေသကြီး အတွင်းမှ စိုက်ပျိုးထွက်ရှိသော ရွှေသွယ်မျိုးဆန်စပါးများမန္တလေးတိုင်းအတွင်း ပိုလျှံနေကြောင်း၊ ထိုဆန်များကိုသင့်တင့်သောဈေးဖြင့်ဝယ်ယူလျှင် တောင်သူများစပါးပိုစိုက်လာနိုင်သလို ဆန်စက်ပိုင်ရှင်များလည်း စိတ်ဝင်စားမည်ဖြစ်ကြောင်း ဦးဌေးလွင်ကဆိုသည်။

လက်ရှိအရန်ဆန်ဝယ်ယူမှုအဖြစ် ဆန်တန်ချိန် ၂၀,၀၀၀ ဝယ်ယူရန် လျာထားပြီး ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတို့မှ ဝယ်ယူလျက်ရှိကာ ဆန်တန်ချိန် ၁၅,၀၀၀ ခန့်ဝယ်ယူပြီးဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

စပါးစိုက်တောင်သူများ သင့်တင့်သည့်ဈေးရရှိစေရန်အတွက် အရန်ဆန်ဝယ်ယူခြင်းဖြစ်ပြီး ယခုအခါနိုင်ငံတော်မှကျပ်သုံးဘီလီယံ၊ ပုဂ္ဂလိကမှ ကျပ် ၃ ဒသမ ၅ ဘီလီယံ စုပေါင်းကာ အရန်ဆန် ဝယ်ယူနေကြောင်း၊ ပုဂ္ဂလိကမှ အရန်ဆန်ဝယ်ယူပေးသော နိုင်ငံမှာ မြန်မာတစ်နိုင်ငံသာရှိပြီး နိုင်ငံတော် အစိုးရအနေဖြင့် အရန်ဆန်ထပ်မံဝယ်ယူမည်ဆိုလျှင် ဘဏ္ဍာငွေထပ်မံစိုက်ထုတ်ရန်လိုကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ စိုးထွန်းက ပြောသည်။

မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့က အရန်ဆန်ဝယ်ယူရန် ညှိနှိုင်းစီစဉ်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ လက်ရှိပေါက်ဈေးအရ မြန်မာနိုင်ငံအောက်ပိုင်းဒေသများထက် ဆန်စပါးဈေးမြင့်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်း ဒု-ဥက္ကဋ္ဌ၊ အရန်ဆန်ဝယ်ယူရေး ဗဟိုအတွင်းရေးမှူး ဦးအောင်သန်းဦးက ဆိုသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့မှ ဆန်များကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုရှိနေသည်။




# ရွေးကောက်ပွဲပြီးပါက ဂျပန်ဒီမိုကရက်တစ်ပါတီနှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့မည်မဟုတ်ဟု ရှင်ဇိုအာဘေး ပြောကြား

**တိုကျို၊ ဒီဇင်ဘာ - ၁၀**

ဒီဇင်ဘာလ ၁၆ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲပြီးစီးချိန်တွင် လက်ရှိဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ ဦးဆောင်နေသော ဂျပန်ဒီမိုကရက်တစ်ပါတီ (DPJ) နှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့မည်မဟုတ်ကြောင်း လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)ခေါင်းဆောင် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

"ကူပေတိုပါတီသစ် အပါအဝင်တခြားအဖွဲ့တွေနဲ့ အစီအစဉ်တစ်ခုချင်းစီမှာ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားပါမယ်" ဟုမစ္စတာရှင်ဇိုအာဘေးကပြောကြားသည်။ မစ္စတာအာဘေးသည် အောက်လွှတ်တော် ရွေးကောက်ပွဲများအပြီး ဝန်ကြီးချုပ်နေရာ ပြန်လည်ရရှိရန် ရေပန်းစားနေသည်။



ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် လာမည့်ရွေးကောက်ပွဲ၌ လက်ရှိအာဏာရဂျပန်ဒီမိုကရက်ပါတီအပေါ် အပြတ်အသတ်အနိုင်ရရှိနိုင်သည်ဟု စစ်တမ်းများက ပြသနေသည်။ အမတ်နေရာ ၄၈၀ ရှိသောအောက်လွှတ်တော်တွင် လူများစုနေရာရရှိနိုင်သော်လည်း LDP ပါတီသည် အမှန်တကယ် မဲဆန္ဒရှင်ထောက်ခံမှု၌ များစွာသာလွန်ခြင်း မရှိဟု ဝေါလ်စထရိဂျာနယ်တွင် ဖော်ပြထားသည်။

DPJ ပါတီခေါင်းဆောင် မစ္စတာနိုဒါကလည်း ရွေးကောက်ပွဲအပြီးတွင် အောက်လွှတ်တော်အားဧင်း၏ပါတီကဆက်လက်စိုးမိုးထားနိုင်ပြီး DPJ ဦးဆောင်သောအစိုးရအဖွဲ့ကို ဆက်လက်ထိန်းထားနိုင်မည်ဟု အင်န်အိတ်ချ်ကေ ရုပ်သံအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။ ထို့အပြင် အခွန်တိုးမြှင့်မည့်အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်မည်ဟု မစ္စတာနိုဒါက အခိုင်အမာပြောသည်။ မစ္စတာရှင်ဇို အာဘေးကမူ ၂၀၁၃ ခုနှစ်ပထမနှစ်ဝက်နိုင်ငံ၏ စီးပွားရေးအခြေအနေကို စောင့်ကြည့်ပြီးမှသာ အခွန်တိုးမည်၊ မတိုးမည်ကို သုံးသပ်မည်ဟုပြောသည်။

—Ref: Japan Times/WSJ

# ဆီးရီးယားအရေး နိုင်ငံရေးအရ ဖြေရှင်းရန် အမေရိကန်နှင့်ရုရှား ထောက်ခံ



ရုရှားနိုင်ငံခြားရေးဝန်ကြီး

**ဘေရွှတ်၊ ဒီဇင်ဘာ - ၁၀**

ပိုမိုနက်ရှိုင်းလာသော ဆီးရီးယားပဋိပက္ခအားနိုင်ငံရေးအရဖြေရှင်းရေးကို ဆက်လက်စိတ်ပိုင်းဖြတ်ထားကြောင်း အမေရိကန်နှင့် ရုရှားနိုင်ငံတို့က ကတိပြုခဲ့ကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကပြောကြားသည်။ သို့သော် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ရာထူးမှစွန့်လွှတ်ရေးအတွက် ရုရှားအစိုးရက ပြင်ဆင်နေသည်ဆို ခြင်းကို မော်စကိုကငြင်းဆိုခဲ့ သည်။

သူပုန်များကဒမတ်စကတ်စ်မြို့အနီးတွင် တိုက်ပွဲများဆင်နွှဲနေပြီး အာဆတ်၏ တပ်ဖွဲ့များကလည်း မြို့တော်အရှေ့ဘက်ဆင်ခြေဖုံး ဒေသများနှင့် အနီးပတ်ဝန်းကျင်ရှိသူပုန်များ ထိန်းချုပ်ထားသော ခရိုင်များအားလက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ လေကြောင်းမှတိုက်ခိုက်ခြင်းများ ဆက်လက်ဆင်နွှဲနေစဉ်အတွင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ် လက်ဒါဘရာဟီမီသည် အမေရိကန်နှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ နှင့် တစ်ပတ်အတွင်း ဒုတိယအကြိမ်သုံးပွင့်ဆိုင်ဆွေးနွေးမှုအတွက် ဂျီနီဗာမြို့၌တွေ့ဆုံခဲ့သည်။

"ဆွေးနွေးပွဲမှာ ပါဝင်တဲ့ အဖွဲ့သုံးဖွဲ့စလုံးက ဆီးရီးယားအခြေအနေပိုမိုဆိုးရွားလာတယ်ဆိုတာ ထပ်မံတည်ပြုကြပါတယ်" ဟု ကြေညာချက်တစ်ရပ်တွင်မစ္စတာဘရာဟီမီက ပြောကြားသည်။ "ဆီးရီးယားအကျပ်တည်း အဆုံးသတ်ဖို့ နိုင်ငံရေးအရ အဖြေရှာဖို့လိုအပ်နေပြီး အဖြေရှာဖို့ ဖြစ်နိုင်ခြေရှိပါသေးတယ်လို့ အခိုင်အမာပြောကြားပါတယ်" ဟုဧင်းကဆက်လက်ပြောသည်။

ထိုအတောအတွင်းမှာပင် ဆီးရီးယားသမ္မတ အာဆတ်၏ အနာဂတ်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှု မရှိကြောင်း ရုရှားအစိုးရကပြောကြားသည်။

"မစ္စတာ အာဆတ်ရဲ့ ကံကြမ္မာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လိုဆွေးနွေးမှုများမှလုပ်ဆောင်မနေပါဘူး" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့အားကိုးကား၍ အင်တာတာ့စ် သတင်းအေဂျင်စီက ဖော်ပြသည်။

ယခုသုံးပွင့်ဆိုင်ဆွေးနွေးပွဲများမှာဇွန်လတွင်ထွက်ပေါ်ခဲ့သည့် ဂျီနီဗာကြေညာချက်ပေါ်အခြေခံ၍ အဖြေရှာရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဘရာဟီမီကပြောကြားသည်။ ယင်းကြေညာချက်တွင်ဆီးရီးယား၌ ကြားဖြတ်အစိုးရ တစ်ရပ်ဖွဲ့စည်းရေးတောင်းဆိုထားသည်။

—Ref: Reuters





USAID
FROM THE AMERICAN PEOPLE
Australian AID
MTV
EXIT
LIVE IN MYANMAR
END EXPLOITATION AND TRAFFICKING
SLOT
BEC TERO
Channel7
TRADERS